ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေး စီမံကိန်းအရ

စနစ်သစ် ပထမပြန် စာမေးပွဲ

ပထမလတ်တန်း အတွက်

ဗုဒ္ဓဘာသာ မြန်မာစာ

# လက်ခနှင့်စကားပြေ

# လက်ရွေးစင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

၁၇၈၀၈

၄/၇၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေး စီမံကိန်းအရ

စနစ်သစ် ပထမပြန် စာမေးပွဲ

## ပထမလတ်တန်း အတွက်

## ဗုဒ္ဓဘာသာ မြန်မာစာ

# လင်္ကာနှင့်စကားပြေ

# လက်ရွေးစင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၇ ၁၉၈၆

# ဆရာများအတွက် မှာထားချက်

၁။ ပထမလက်တန်းအတွက် ဗုဒ္ဓဘာသာမြန်မာစာ ပြဋ္ဌာန်းကျမ်းစာတွင် စာပေအမျိုးအစားအားဖြင့် လင်္ကာနှင့်စကားပြေ နှစ်မျိုးနှစ်စား ပါဝင်သည်။ လင်္ကာအမျိုးအစားတွင် ဆုံးမစာ၊ တေးထပ်၊ ပညာပေး လေးချိုး ဤစာအုပ်၌ ပါဝင်သည်။ စကားပြေ အမျိုးအစားတွင် ဇိနတ္ထပကာသနီ ဗုဒ္ဓဝင်ကောက်နုတ်ချက် ဓမ္မပဒအဋ္ဌကထာ မြန်မာပြန် ကောက်နုတ်ချက်များ ပါဝင်သည်။

၂။ ထို့ပြင် ကောက်နုတ်ချက်ပါ လင်္ကာစကားပြေတို့ကို ဖွဲ့ဆိုရေးသား ပြုစုပေးသွားကြသော စာပေကျေးဇူးရှင်များ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ် အချို့ကိုလည်း ဖော်ပြထားပါသည်။ ဤသို့ ဖော်ပြထားသဖြင့် စာပေကို လေ့လာရာတွင် အထောက်အကူပြုသည့်အပြင် စာသင်သားရဟန်း သာမဏေများအနေဖြင့် ရှေးဆရာမြတ်တို့၏ ကျေးဇူးဂုဏ်ကို သိရှိပြီး စာပေအလိမ္မာနယ်၌ ပျော်မွေ့လာစေနိုင်မည် ဖြစ်ပါသည်။

၃။ ဆရာများအနေဖြင့် လင်္ကာကို သင်သောအခါ ဤသို့ သင်အပ်သည်။ ပထမဦးစွာ လင်္ကာကို ကျကျနန ဖတ်တတ်အောင် ဆရာလုပ်သူက မှောက ကြောင်းပေးရမည်။ တပည့်တို့ကို လက်တွေ့ လိုက်ဆိုစေရမည်။ ဤသို့ ဖတ်ရှုလိုက်စေရာတွင် ဂီတသံပေါက်အောင် ဆိုရန် မဟုတ်၊ စာသံပီသ ကြည်မြအောင်သာ ဆိုစေရန် ဖြစ်သည်။

၄။ ကျကျနန ဖတ်တတ်ပြီဆိုလျှင် လင်္ကာစာပိုဒ်ထဲ၌ပါသော စကားလုံး ဝေါဟာရ ခက်နိုးရာရာကို ရွေးပြီး အဓိပ္ပာယ် ရှင်းပြရမည်။ ယင်းသို့ သင်ပြသော စကားလုံးခက်ဆစ် ရှင်းလင်းချက်ကို တပည့်တို့အား ရေးမှတ်စေရမည်။

၅။ စကားလုံးခက်ဆစ်များ ရှင်းလင်းပြောပြပြီးနောက် ယင်းလင်္ကာ (ကဗျာ)ကို စကားပြေပြန်ပေးရမည်၊ စကားပြေပြန်ကို တပည့်တို့အား ရေးမှတ်စေရမည်၊ ထို့ပြင် ဤလင်္ကာက ဘာ ဆိုလိုသည်၊ ဘာကို ရည်ရွယ်သည်၊ ဤလင်္ကာ(ကဗျာ)ကို သင်သဖြင့် မည်သို့သော ဗဟုသုတ များ ရရှိသည် စသည်ကို ဆရာလုပ်သူက ပြောပြပေးရမည်။

၆။ တပည့်တို့အနေဖြင့် သင်ပြသော လင်္ကာ (ကဗျာ)ကို ကျကျနန ပိုင်နိုင်စွာဖတ်တတ်ပြီ၊ စကားလုံး ခက်ဆစ်အဓိပ္ပာယ်များကိုလည်း သိရှိပြီ၊ စကားပြေလည်း ပြန်တတ်ပြီဆိုလျှင် ယင်း လင်္ကာ (ကဗျာ)ကို အာဂုံ ရအောင် ကျက်စေရမည်၊ ရ မရ အလွတ်ပြန်ဆိုခိုင်းရပါမည်။

၇။ စကားပြေကို ဤသို့ သင်အပ်သည်၊ ပထမဦးစွာ အဖြတ်အတောက် မှန်မှန်ကန်ကန် အသံထွက်မှန်မှန်ကန်ကန်ဖြစ်အောင် စာသင်သားတို့အား အဖတ်ခိုင်းရမည်။ စာ ဆိုသကဲ့သို့ ပဉ္စင်းတယောက်အားသာ ဖတ်ခိုင်း ခြင်းမျိုး မဟုတ်၊ အားလုံးကို ဖတ်ခိုင်းရမည်။ သို့မှ အားလုံး အလေ့ အကျင့် ရမည်ဖြစ်သည်။

၈။ ဖတ်တတ်ပြီးလျှင် စကားပြေထဲမှာပါသော ပေါရာဏ ဝေါဟာရ ခက်ဆစ်များကို ထုတ်၍ အဓိပ္ပာယ်ပြောပြမှတ်သားစေရမည်။ ထို့နောက် မိမိသင်ပြသော စကားပြေအကြောင်းအရာ၏အနှစ်ချုပ်ကိုဆရာလုပ်သူက ထုတ်နုတ်ပြောပြရမည်။ ပါဝင်သောအချက်အလက်များထဲက မည်သည့် အချက်က အရေးကြီးသည်။ မည်သည့်အချက်က အရေးမကြီး စသည် ဖြင့် ပိုင်းခြားနားလည်အောင် ဆရာက နည်းပေးလမ်းပြ ပြုလုပ်ရမည်။ သော့ချက်ကျသော စကားလုံးများကိုလည်း မှတ်သားစေရမည်။ ဤသို့ မှတ်သားစေပြီး သင်ပြသောစကားပြေကို ကျေညက်အောင် ဖတ်ရှုထား စေရမည်။

၉။ ထို့ပြင် လင်္ကာ စကားပြေ နှစ်ရပ်ထမှ ပေါရာဏ ဝေါဟာရစကားလုံးများ၏ အဓိပ္ပါယ်ကို ရေးသားစေခြင်း ထိုစကားလုံးများဖြင့် အဓိပ္ပါယ်ကောင်းသော ဝါကျများ ရေးသားစေခြင်းများကို သင်ပြပေးရမည်။ အထူးသဖြင့် ခုနစ်ရက်လျှင် တကြိမ်ကျ မြန်မာစာကို လေ့ကျင့်ရေးသားစေရမည်။ ဆရာလုပ်သူက မေးခွန်းများထုတ်ပေးပြီး တပည့်တို့အား ရေးဖြေစေရမည်၊ ထိုအဖြေလွှာများကို ဆရာက စစ်ဆေးပေးရမည်။ နောက်စာသင်ချိန်တချိန်၌ မည်သူက မည်သို့ရေးသည်၊ မှန်သည်၊ မှားသည်၊ မည်သို့ရေးမှ ကောင်းသည် စသည်တို့ကို ဆရာက နည်းပေးလမ်းပြ ပြုလုပ်ရမည်။ သတ်ပုံမှန်စေရန်လည်း အရေးယူဆောင်ရွက်ရမည်။

၁၀။ မိမိသင်ပြရသော ကောက်နုတ်ချက် လင်္ကာ စကားပြေကို ပြုစုသည့် စာရေးဆရာ၏ အတ္ထုပ္ပတ္တိကိုလည်း သင်ပြရမည်။ ယင်းသို့သင်ပြသောအခါ ထိုစာရေးဆရာ ပေါ်ထွန်းသောခေတ်၊ ထိုဆရာ၏ မိဘမျိုးရိုးဇာတိ၊ ထိုဆရာ၏ စာပေအရည်အချင်း ထိုဆရာ၏ ဆောင်ရွက်ချက်များကို စာသင်သားတို့ မှတ်မိသိရှိစေရန် ဆရာလုပ်သူက ဖော်ထုတ်ညွှန်ကြားပေးရမည်။ ယင်းသို့ သင်ပြပေးသောအခါ စာသင်သားတို့ သန္တာန်၌ ကျေးဇူးသိတတ်သောစိတ်၊ စာပေနှင့် သာသနာ စာပေနှင့် လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်များ ကိန်းအောင်းလာအောင် ဆရာလုပ်သူက ဆွဲဆောင်သင်ကြားပေးရမည်။

၁၁။ မြန်မာစာကို သင်ပြသောဆရာသည် မြန်မာစာကို များများဖတ်ရှု၍ ဗဟုသုတစုဆောင်းရမည်။ ယခုပြဋ္ဌာန်းကျမ်းစာများကို သင်ရာတွင် ပရိယတ္တိပညာရေးစီမံကိန်း စာမျက်နှာ(၂၈)မှစ၍ ဖော်ပြထားသော မြန်မာစာဆိုင်ရာ ရည်ညွှန်းချက်များကို လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများဆိုင်ရာ စီမံချက် စည်းမျဉ်းစာအုပ် စာမျက်နှာ (၃၁) ၌ မြန်မာစာပေ အရေးအသား ဟူသော ခေါင်းစဉ်ပါသင်ရိုးညွှန်းတမ်းကိုလည်းကောင်း ကျေညက်အောင် ဖတ်ရှုကျင့်သုံးသွားရန် အထူးလိုပေသည်။

၁၂။ ပထမလတ်တန်းတွင် အလင်္ကာကို မသင်ရသေးသည့်အတွက် ကဗျာလင်္ကာတို့၌ ပါသော အလင်္ကာဂုဏ်ရသစသည်တို့ကို သင်ပြရန် မလိုသေးချေ။ ထို့ပြင် လင်္ကာစပ်နည်း ဖွဲ့နည်း စသည်ကို သင်ပြရန်လည်း စောသေးသည်။

၁၃။ ပထမပြန်စာမေးပွဲ၌ ပြဋ္ဌာန်းထားသော ဗုဒ္ဓဘာသာမြန်မာစာ သည်လည်းကောင်း၊ ပရိယတ္တိပညာရေး စီမံကိန်း၌ပါသော မြန်မာစာပေ သဘောတရားသည်လည်းကောင်း ပြင်ပလူ့ဝတ်ကြောင်း အတန်းကျောင်း များ၌ ပြဋ္ဌာန်းသော မြန်မာစာနှင့် သင်ကြားသည့် သဘောထားချင်း ကွာခြားသည်။ ထို့ကြောင့် ပြင်ပလောကီကျောင်းများ၏ နည်းကိုလုံးဝ မတုမှီးမိမှန် သတိပြုရပေမည်။ ဤ၌ မြန်မာစာသင်ကြားခြင်းသည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ဦးတည်ချက်ထားသည်။ မြန်မာစာကို ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်အောင် လေ့လာပြီး သာ- သနာပြုရန် ဖြစ်သည်။ ဤအချက်ကို ဆရာတို့အနေဖြင့် ပြတ် သတိချပ် ထားရပေမည်။ ထို့ကြောင့်ပင် မြန်မာစာဆိုကများဖြင့် ရွေးချယ်ပြဋ္ဌာန်း ခြင်းမပြုပဲ (ဝါ) ခေတ်မြန်မာစာတို့ကို မပြဋ္ဌာန်းပဲ ဗုဒ္ဓဘာသာဆိုင်ရာ တည်တည်ခန့်ခန့် မြန်မာစာသန့်သန့်တို့ကိုသာ တမင်ရွေး၍ ပြဋ္ဌာန်းပေး ခြင်း ဖြစ်ပေသည်။

၁၄။ ပထမပြန်စာမေးပွဲ၌ မြန်မာစာဘာသာကို ထည့်သွင်းပြဋ္ဌာန်းခြင်း သည် မြန်မာစာလည်းတတ်စေ၊ သာသနာလည်း ပြန့်ပွါးစေ ဆိုသော အကျိုးနှစ်ရပ်ကို မျှော်ကိုးကြောင်း ဆရာလုပ်သူတို့ နားလည်သဘော ပေါက်ပြီး ထိုအကျိုးနှစ်ချပ် ရရှိအောင် ကြိုးစားသင်ကြားပေးသွားကြရန် ဖြစ်ပေသည်။

ပညာရေးအဖွဲ့ဝယ်

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

# မာတိကာ


–ဆရာများအတွက် မှာထားချက် [ က ]

လင်္ကာ

–ငါးအာရုံဆုံးမစာ (လယ်တီ) .... .... ၁
–မိုက်မလင်းနိုင်ဘု ဆုံးမစာ (လယ်တီ) .... ၂
–စိန္တကျော်သူ ဦးညြအတ္ထုပ္ပတ် .... .... ၁၈
–ညြဝါဒထူးလင်္ကာ .... .... ၂၁

စကားပြေ

ဗုဒ္ဓဝင်

–ညီတော်နန္ဒမင်းသား ရဟန်းပြုခြင်း .... ၄၇
–သားတော်ရာဟုလာမင်းသား ရဟန်းပြုခြင်း ၅၂
–ရှင်မဟာကဿပ၏ ရှေးအကြောင်းကိုပြခြင်း ၅၆
–သစ္စက ပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း .... ၇၂

ဓမ္မပဒ

–ဝိသာခါကျောင်းအမကြီး ဝတ္ထု .... .... ၉၂
–ကောကသုနခလုဒ္ဒက ခွေးမုဆိုးဝတ္ထု .... ၁၅၃
–ဥဂ္ဂသေနသင်္ဘေးသားဝတ္ထု .... .... ၁၅၈


စကားပြေ ၁—ပ-မ-သ-စ

# လယ်တီဆရာတော်၏ ထေရုပ္ပတ္တိ

(ပထမငယ်တန်း မြန်မာစာလက်ရွေးစင်စာအုပ်၌ ပါရှိပြီး ဖြစ်သည်။)

သာသနာရေးဦးစီးဌာနအတွက် ဒေါ်မြသန်း၊ သီတာဦးပုံနှိပ်တိုက်၊
၀၃၅၀၃—၂၄ ဒုတိယသော်မဆင်ရိပ်သာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်က
ပုံနှိပ်၍ ဦးမြင့်မောင် ဒုတိယညွှန်ကြားရေးမှူး ၀၅၂၇ က ထုတ်ဝေသည်။

အုပ်ရေ ၁၀၀၀၀

# ငါးအာရုံ ဆုံးမစာ

ငါးအာရုံဘင်အစု ခင်မှုနှင့်နေ့ကုန်။
နင်ယခုမေ့ပုံလို တွေ့မကြုံစခန်း။
ပါယ်လေးဝ သောကဘုံမှာ မြော်ရရုံရှိတော့ခမန်း။
အောက်ဝီစိသောင်းအငူမှာ ခေါင်းမပြူစတမ်း။
နှစ်အရှည်နှစ်မည်လမ်းကိုလ နင်မြှော်စမ်းနှင့်ကိုယ်။
ဒေသနာထင်အလင်းရယ်နှင့် နင်အာဖျင်းပိုထက်သာပို။
သည့်လောဘစရိုက်အိုကို မလိုက်လိုရှောင်ပစ်လို့။
နောင်အသစ်တကယ်ပြင်လျှင် ကောင်းဘို့အစဉ်။
ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာဆဲမှ မခဲချင်လျှင် အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာတုန်းမှ မရှုန်းချင်လျှင် အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား။

(လယ်တီဆရာတော်)

# မိုက်မလင်းနိုင်လို့ ဆုံးမစာ

၁။ မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ ခါတော်မှီ သည်မဝေ့နိုင်ဘု ဒီကွေ့တွင်-နေ့ကုန်မျှော်ပြန်ရ အတောဘယ်မသတ်နိုင်တဲ့ ရဟတ်ငွေ့။

၂။ ငါးရပ်ကယ်စုံညီ ဒုလ္လဘိငယ် ကြုံမှီခုခေတ် မြန်နင်းဇမ္ဗူ မှန်ကင်းငယ်ထူ လူ့ထက်လူ ဖြစ်ပါလျက် အနှစ်ကယ်မနှယ် အကာတောမှာ ဗျာမောကျယ်လို့ အကယ်ယောင်ယောင် အမြင်မဖြောင့် အညင်ထောင့် မှောင့်ထက်မှောင် သန်းခေါင်လမိုက် မိုဃ်းတိမ်မြှေးတဲ့ မီးသွေးတိုက်မှာ အလိုက်ကယ်ဘာသာ အမြင်မငွေ့ အထင်ရွှေနှင့်သာ အလေ့ရှာလျက် အခါနာရီ ရွှေရွှေငယ်ချို တိဘီဆန်းဆုတ် ရတုအစဉ် လုလုငယ်နှင့် အတွင်ချုပ်လို့ သုတ်သုတ်ကယ်ရက်ရေ ဇရာလက်မှာ အသက်သာ ကြွေတော့တယ် အသေသတ် ကာက်မရှိုက် အသက်ခွန်ပဏ္ဏာသွင်းရန်ဘို့ ထမင်း အစာစုံနှင့် ခန္ဓာရှုံ မြှုပြတ်းသိကာ အပြီးဖြေကာဖေစာင့်ရှာကြ စိုးနှောင့် သင်္ချေ။

၃။ သို့ပါမူလဲ ပူနှယ်ဆွေးနွယ် အရေးကျယ်တွေကို ဖေ့ဘွယ်ထင်မှတ် အစမမြင် ဘဝလျဉ်-အဘဉ်တော်ဟာမို့ မသတ်ကယ်အာသာ အာရုံမမွှ ပြာပုံမှမှာ ရသရှာလျက် ငါဟာလူလူ ပမာမူ ရှာသူတိုင်က် အစာများထူ အသားလူ သူလေ့လာခက်ပါလျက် ရမက်ကယ်မာန်ဝင် သူအသင်းမှာ သူမင်းပဲထင်လိုက်လို့ ရှင်နိုင်မှု ဝက်သဏ္ဍာန်ပုံ အချက်မှန်ပေါ်မလင်း စေဘို့ ဘော်သင်းရွှေ-မိတ်သင်ယုက်သည့်ပြင် ခင်မက်ဘွယ် အရုံစုံပ မာန်တဂုဏ် ဟန်ပုံနှင့် ဖုံးရှာကြ ရှုံးပလ-ထုံးမြေပြာစု မိတ်တွေမို့။

၄။ ငါတလုံးနှယ် အနှုံးငယ်ကျယ်သည် သုံးသွယ်မြုံသိုက် ဘုံဟာလိုက်မှာ တုန်ရိုက်ကယ်ဆူညံ မြူမချုန်-ပူလုံ့တောက်ညီး အမြဲစတေ မစဲခွေ့ အသေမီးတဲ့ အပြီးငယ်ကုန်စင် ဘုံတခွင်ကို အတွင်လောင်မြိုက် အပြောင်တိုက်လို့ အမှိုက်ကယ်ဝင့်နွယ် အဖြစ်မဲ့ သစ်သစ်လဲ သဲသဲကြွယ်လည်း အကယ်မလောက် သူကသာမောက်တော့တယ်၊ နောက်နောက်ကမှာ ဘန်ဘန်လာလဲ အစသူတွင် ကခုသာဝင်ကြွေရ သခ်တရုပ်နာမ်ငယ် အဟုတ်ဉာဏ်မတင်စီးနိုင်ရ သည့်မီးတာ-ဘယ်တကိန်းမှာမှ ငြိမ်းပါ့မယ်လို့။

မိုက်မလင်းနိုင်လို့ ဆုံးမစာ

# လေးချိုးကြီးအစဖြေ

၁။ မိုက်မလင်းဆိုသည်ကား—သစ္စာလေးတန် အမှန်လေးချက်ကို သက်သက်မမြင်အောင် ဖုံးပိတ်သော အဝိဇ္ဇာလေးပါးသည်ရှိ၏။ ထိုအဝိဇ္ဇာလေးပါးကို အမိုက်ဆိုပေသည်။ အမှန်လေးချက်ကိုသိသော သစ္စာဉာဏ်လေးပါးကို မရ၍ ထိုအဝိဇ္ဇာလေးပါး ထင်ရှားရှိနေသည်ကို မိုက်မလင်းဆိုသည်။

အမှန်လေးချက်ဟူသည်ကား—ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ဒုက္ခအမှန်ဖြစ်သည် တချက်။ လောဘသည် ဒုက္ခမျိုးစေ့သော အမှန်ဖြစ်သည် တချက်။ နိဗ္ဗာန်သည်သာ ငြိမ်းရာအမှန်ဖြစ်သည် တချက်။ သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်လမ်းကြောင်းမှန်ဖြစ်သည် တချက်။ ဤကား အမှန်လေးချက်တည်း။ ဤအမှန်လေးချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာ လေးချက်ရှိသည်။ ဖွင့်လစ်သောဝိဇ္ဇာလည်း လေးပါးရှိသည်။

မြိုက်ခင်းညာဘိုသည်ကား—နိဗ္ဗာန်သည် သေဘေးမှ ကင်းလွတ်ရာဖြစ်၍ အမြိုက်မည်၏။ ထိုအမြိုက်သည်ပင် သခါရမမွတ်နှင့် မရောယှက်ဟာကွက်တကွင် ဖြစ်၍ အမြိုက်ခင်းမည်၏။ ထိုအမြိုက်ခင်းသည်ပင် သံသရာရေယဉ်မှ ဆန့်တက်ရာဖြစ်၍ ခင်းညာမည်၏။

ခါတော်မှီဆိုသည်ကား—နိဗ္ဗာန်ဆိုက်ကြောင်း လမ်းကောင်း လမ်းမြတ် ပဋိပတ်ကို မကျင့်နိုင်ဆိုလိုသည်။

ဒီကွေ့ဆိုသည်ကား—သံသရာဝဲသြဃ ဆိုလိုသည်။

ရဟတ်မွှေဆိုသည်ကား—ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ဤ ဝဋ်သုံးပါးလည်၍နေသော သံသရာစက် ဝဲအချက်ဆိုလိုသည်။

အဝိဇ္ဇာအစရှိသော ကိလေသာရှိ၍ ဒါနစသော ကံဖြစ်သည်။ ဒါနစသော ကံဖြစ်၍ လူ့ ဘဝစသော ဝိပါက်ဖြစ်ရသည်။ လူ့ဘဝစသော ဝိပါက်ရှိပြန်၍ အဝိဇ္ဇာစသော ကိလေသာ ရှိပြန်ရသည်။ ကိလေသာရှိပြန်လျှင် ကံဖြစ်လာမြဲ။ ကံရှိပြန်လျှင် ဝိပါက်ဖြစ်လာမြဲ။ ဝိပါက်ရှိပြန်လျှင် ကိလေသာဖြစ်လာမြဲ။ ဤသို့အဆုံးမသတ် ချားရဟတ်ကဲ့သို့ တပတ်လည်လည် နေကြရသည်ကို ရဟတ်ဟုဆိုလိုသည်။

ပထမပိုဒ်ပြီး၏။

---

၂။ ဒုလ္လဘိအရ ဒုလ္လဘတရားငါးပါး ပြောရိုးဆိုရိုးထင်ရှားပြီ။

**အနှစ်မနွယ် အကာတောမှာ** ဗျာမောကျယ်ဆိုသည်ကား – လောကရေးလောကမှု မင်းရေး မင်းမှုများသည် သာသနာရေးသာသနာမှု။ သီလ, သမာဓိ, ပညာမှု မဟုတ်သောကြောင့် အနှစ်နှင့်မနှော အကာတော သက်သက်ဖြစ်၏။ဝန်ရှင်တော်ကင်းဝန်မင်းကြီးသည် ထိုအကာတောဝယ် အသက်အရွယ် ကြီးရင့်သည်တိုင်အောင် အချည်းနှီးသော ဗျာပါရ, မောဟ, ဥဒ္ဓစ္စတွေနှင့်သာ နှစ်ကာလ ကျယ်ပွား၍ လာခဲ့သည်ဆိုလိုသည်။

**အကယ်ယောင်ယောင်ဆိုသည်ကား** – အနှစ်မပါ အကာထီးထီး အချည်းနှီးသော ကိစ္စတွေကိုပင် အကယ်စင်စစ် အနှစ်သာရမှုတွေယောင်ယောင် စိတ်ထဲရာကိုယ်ပါ မဲမဲသဲသဲ အားထုတ်သည် ဆိုလိုသည်။

အမြင်မပြောင့် ညဉ်ထောင့်ဟူသည်ကား – ခန္ဓာငါးပါး ရုပ်နာမ်တရားသည် မိမိကိုယ်ပိုင် မဟုတ်ဟုမြင်လျှင် အပြောင့်။ မိမိကိုယ်ပိုင်ဟုတ်သည်ဟု မြင်လျှင် မပြောင့်။ မိမိဆိုင်ပိုင်သော ဥစ္စာမဟုတ်ဟု မြင်လျှင် အပြောင့်။ မိမိဆိုင်ပိုင်သော ဥစ္စာဟုမြင်လျှင် မပြောင့်။

အဖြောင့်မှာ-ယထာဘူတဉာဏ်တည်း။ မဖြောင့်မှာ သက္ကာယ-ဒိဋ္ဌိတည်း။ အမြင်မဖြောင့်သည်ကို အဖြောင့်မြင်ရအောင် မလိုက်စားပဲ မဖြောင့်သည်ထက် မဖြောင့်ဘက်၌သာ လိုက်စားစွဲမြဲကာ နေခြင်းကြောင့် ရှေးရှေး၌ ရှိခဲ့ဖူးသော ဝိဝဋ္ဋပါရမီဉာဏ် ဝသီ ဟောင်းတို့လည်း ပွင့်ခွင့်မရ ပေါ်ခွင့်မရ ရှိ စိုဖုံး၍ ထားအသော မီးကျီးကဲ့သို့မှိန်မှေးငုတ်မြုတ်၍သာ နေရကုန်ကောသည်။ ထိုသို့ နေသည်ကို'အမြင်မဖြောင့် အညင်ထောင့်' ဆိုသည်။

မှောင့်ထက်မှောင်–ဆိုသည်ကား–ငယ်ရွယ်စဉ်၌ ပလိဗောဓနည်းပါးသေး သည်နှင့် ဘုရားသံ, တရားသံကို ကြားခဲ့လျှင် သဒ္ဓါတရား ကြည် ကာကြည်ကာ တက်လာသည်။ ကြီးသောအခါ စည်းစိမ်ဥစ္စာ အခြေအနေ ကြီးလျှင် ကြီးလိုက် ငယ်လျှင်ငယ်လိုက် ပလိဗောဓ ကျယ်ပန်း၍လာသည်။ ဘုရားသံ, တရားသံသည်လည်း အထပ် ထပ်အခါခါ ကြားဘန်နာဘန်များလှ၍ ဟောင်း၍ ကုန်သည်နှင့် ဘုရားသံတရားသံကို ကြားနာရသော်လည်း သဒ္ဓါပြောင်ပြောင် မလာပြီ။ အများရှိသေးအောင် မှုရသော ဟန်မူသာရှိတော့သည်။ ကြီးလေကြီးလေ သဒ္ဓါအစွယ်တုံးသေလေ သဒ္ဓါအရောင်မှေးလေ လေဖြစ်၏။ ထို့ကြောင့်'မှောင်ထက်မှောင်'ဆိုသည်။

မီးသွေးတိုက် ဆိုသည်ကား–လောကီစီးပွါး သားမယား မှုတွေသည် မှောင့်ထက် မှောင်ဖို့သာ ဖြစ်သော မီးသွေး ဥမင်ကြီးတွေသာ တည်းဟုဆိုသည်။

အလိုက်ကယ်ဘာသာ အပြင်မငွေ့ အသင်ရွှေ့ နှင့်သာ အလေ့ ရှာ-ဆိုသည် ကား=ကြီး၍လ သောအခါ လောကီစီးပွား သားမယားမှုတွေ တည်းဟူသော မီးသွေးဥမင်တွင်း၌ အကျဉ်းအကြပ် လှောင်မိပြီး ဖြစ်၍ ငါ၏ ရှေးကံပါရမီကား ဤမျှသာဟု မိမိကိုယ်ကို အဆုံး ချကာ ဘာသာအလိုက် ဖြစ်ထိုက်သမျှသော သဒ္ဓါမွဲမွဲ ပညာမွဲမွဲ နှင့်သာ ရံခါအနိစ္စ, ရံခါဒုက္ခ, ရံခါအနတ္တ, ရံခါဘုရားဂုဏ်, ရံခါ တရားဂုဏ်, ရံခါသံဃာ့ဂုဏ် ယေ ပြုယမ်းမှု အတုအယ ရှုသေ့စိတ်

ပြေသာ ဖြစ်ရတော့သည်၊ အကြည်အလင် အမြင်အတွေ့ဆို၍ ငွေရုံမျှငွေဘူးသည်မရှိ စိတ်သင်ရာဆာနှင့်သာ ဝါသနာဘာဂီဖြစ်ရုံမျှ အလေ့အလာပြုရတော့သည်ဆိုလိုသည်။

အခါနာဂီ—စသည်ချီသော မရဏဿတိအခန်း၌ ဖွား၊မြင်စ အခါတွင် အနှစ်တရာ နေရမည့် သတ္တဝါ၏အသက်သည် နှစ်ပေါင်းတရာပြည့် ရှည်သေး၏။ ဥတုပေါင်း သုံးရာ၊ ရတုပေါင်းခြောက်ရာ၊ ပက္ခပေါင်း၊ နှစ်ထောင့်လေးရာ၊ ရက်ပေါင်းသုံးသောင်း ခြောက်ထောင်၊ နရီပေါင်းတသန်း၊ ကိုးသိန်း၊ ခြောက်သောင်းပြည့် ရှည်သေး၏။ မိ၊ရထားသွားရာလမ်းအနီးရှိ သစ်ပင်တောချုံတို့သည် ချာချာ ချာချာလည်၍ နေရစ်သကဲ့သို့ အဆုံးဖြစ်သော သေနေ့၊ သေရက်၊ သေနာရီသို့အဆိုက် အတွင်နှင့်၍ သွား၊သော အာယုသင်္ခါရ၏ သွား ရာလမ်းစဉ်၌ နာဒီအစဉ်၊ နေ့ရက်အစဉ်၊ ပက္ခအစဉ်၊ မာသအစဉ်၊ ရတုအစဉ် ဥတုအစဉ်၊ နှစ်အစဉ်တို့သည်လည်း ချာချာ ချာချာလည်၍ နေရစ်ကုန်၏။ သည်ကိုရည်၍ "အခါနာဂီ ရွှေရွှေငယ်ချီ တိထိဆန်းဆုတ် ရတုအစဉ် လုလုငယ်နှင့် အတွင်ချုပ်လို့ သုတ်သုတ်ကယ်ရက်ရေ ဇရာလက်မှာ အသက်သာကြွေတော့တယ်" ဟု ဆိုသည်။

အသေသတ် လက်မရွံ့—ဆိုသည်ကား—သူ့သဘ်ာသမင်းပေတည်း။ အနမတဂ္ဂ သံသရာနှင့် တခုသော စကြဝဠာ အနန္တတွင် ဘုံသုံးပါးအတွင်း၌ ကျင်လည်ကြသော သတ္တဝါ ခန္ဓာစုသည် ထိုသေမင်း၏ အစာ ထမင်းဟင်းလျာ စမဲစုသာဖြစ်၏။ ထိုကြောင့် သေမင်း အခွန်သိမ်းပိုက်လာလျှင် မိမိအသက်ခန္ဓာကို ဆူဆူ ပြုံးပြုံးနှင့် အရံသင့်၊ အခန့်သင့် ဆက်သွင်းပါရခြင်းအကျိုးငှာ အိမ်ယာဝင်းခြံဟူသော ပြတိုက်၌ လှောင်သွင်း၍ အစာရေစာ ကျွေးမွေးကာ နေကြရသည်။ သည်ကိုရည်၍ "အသေသတ် လက်မရွံ့ကို အသက်ခွန်ပဏ္ဏာသွင်းရန်ဘို့ ထမင်းအစာစုံနှင့် ခန္ဓာရုံ မြုပြ

တီးဆီက အပြီးဖြေကာ စောင့်ရှာကြ စိုးနှောင့်သခဲ့”ဟု ဆိုသည်။

[ဤစကား၌ “ပြဘီး”ဆိုသည်ကား—အိပ်ရာ တိုက်ခန်းကို ဆို သည်။ အိပ်ရာပလ္လင် ခုတင်သောင်စောင်းကိုလည်း ဆိုသည်။ “ပြတည်း”ဟူ၍လည်း ရေးကြ၏။ ရှေးဝေါဟာရတည်း။ ယခု ကာလ၌ကား “ပြတင်း”ဟူ၍ ခေါ်ကြ၏။]

အပြီးဖြေကာစောင့်ရှာကြဟူသည်မှာ—သေမင်းမရောက်လာမီ အတွင်း မှာ ကိလေသာစိုးမင်းတို့၏ ကံကျေးကူလီအလုပ်နှင့် နေရသည် ဖြစ်၍ ကိလေသာ အစိုးရကြီးတို့ မငြိုငြင်ရအောင် ကောင်း နိုးရာရာ အာရုံဝတ္ထုနှင့် ပြုစုလုပ်ကျွေး၍ ဖြေဖျော်ကာစောင့်စား ကြရသည်။ သေမင်း၏အမှုမှာ အသက်ခန္ဓာ မညှိုးမနွမ်းရှိနေလျှင် ပင် အခွင့်ကုန်ပါ၏။ ကိလေသာ မင်းမှုမှာ အကောင်းထက် အကောင်းလိုက်စားမှု ဖြစ်၍ အခွင့်ကြေကုန်သည် ဟူ၍မရှိ၊ အနှုပုထုဇဥ်တို့မှာ—ဤအမှုကြီးနှစ်မှုနှင့်သာ ဘဝ ဘဝ လာခဲ့ကြ ရသည် ကိုယ့်စီးပွားမှုပြု၍ မရှိပြီ။ ကလျာဏပုထုဇဥ်တို့မှာ ကိလေ- သာမင်းမှုကို အလွတ်ရှောင်၍ သေမင်းမှုကိုလည်း အခွင့်ကုန် ကာမျှ ဆောင်ရွက်၍ မိမိစီးပွားမှုကို အတွင်ခဲ့ကြလေသည်“မိမိ- စီးပွားမှု”ဟူသည်ကား—သေမင်းလက်မှ လွတ်ထည့်ရန် အမှုပေ ပေသည်း။

ဒုတိယပိုဒ်ပြီး၏။

---

(၃) ပုန္နယ်ဆွေးနွယ်၊ အရေးကျယ်ဆိုသည်ကား—လောကီမှု, စီးပွားမှု, သား, မယားမှုကိုမဆိုထားလင့်ဦး နောက်နောက်ဘဝတို့၌ ခံစံဖို့ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိများကို အာသာစွဲလမ်း၍ ပြုကြသော ဒါနမှု, သီလမှုများသည်လည်း‘ပုန္နယ်, ဆွေးနွယ် အရေးကျယ်’ ပင်တည်း။

ထိုဒါနမှု သီလမှုများသည် ကိလေသာ အစီးအပွားသာ ဖြစ်ချေ၍'ပူနွယ်'မည်၏၊ ဒေသက, ဒုက္ခကို၏ အစီးအပွားဖြစ်၍ 'သွေးနွယ်'မည်၏။ ဝိပတ္တိ အဆောက်အဦ ဖြစ်သော သမ္ပတ္တိ-အမျိုးမျိုးတို့ကို အဆင့်ဆင့်ပေးတတ်သည်ဖြစ်၍ 'သံသရာအရေးကျယ်'မည်၏။

တနည်း။ ။လိုချင်မှု, ဖြစ်ချင်မှုဟူသော သမုဒယသစ္စာသည်'ပူနွယ်'မည်၏။ ရှုံ့, ဖြစ်မှု ဟူသော ဒုက္ခသစ္စာသည် 'သွေး-နွယ်'မည်၏။ ဤသစ္စာနှစ်ပါးသည် သံသရာပင်ကိုယ်ရင်း ဖြစ်၍ 'အရေးကျယ်'မည်၏။

တနည်း။ ။အဝိဇ္ဇာ, တဏှာ, ဥပါဒါန်-ဟူသော ကိလေ-သာဝဋ်အစုသည် 'ပူနွယ်'မည်၏။ ထိုကိလေသာဝဋ်မှီ၍ ဖြစ်ပွားမှုသော သုစရိုက်ဆယ်ပါး, ဒုစရိုက်ဆယ်ပါးဟူသော ကမ္မဝဋ်သည်'အရေးကျယ်'မည်၏။ ထိုကမ္မဝဋ်ကြောင့် ဖြစ်ပေါ်ရသော လူအဖြစ်, နတ်အဖြစ် ဟူသော ဝိပါကဝဋ်သည် သွေးမြွေပျက် ပြုန်းဖို့သာဖြစ်ခဲ့၍'သွေးနွယ်'မည်၏။

တနည်း။ ။အတ္တဘော၌ အကျုံးဝင်သော စက္ခုဟူသော အမြင်ဓာတ်စုသည် ကိလေသာတို့၏ အစီးအပွားသာဖြစ်၍ 'ပူနွယ်' မည်၏။ ဇရာမီး, မရဏမီးတို့၏ လောင်ရာဖြစ်၍ 'သွေးနွယ်' မည်၏။ လောကီနယ်ကိုအကျယ်ချဲ့သမား ဖြစ်သော တဏှာပပဉ္စတရား, မာန-ပပဉ္စတရား, ဒိဋ္ဌိပပဉ္စတရားသုံးပါးတို့ အသိုက်အအုံသာ ဖြစ်၍ 'အရေးကျယ်' မည်၏။

အတ္တဘော၌ အကျုံးဝင်သော သောတဟူသော အကြားဓာတ်အစု, ဃာနဟူသော အနံ့ဓာတ်အစု, ဇိဝှါဟူသော အရသာယူဓာတ်အစု, ကာယ-ဟူသော အတွေ့အထိ အသိယူဓာတ်အစု, မနော ဟူသော အကြံအဖန်ဓာတ်အစုသည် ကိလေသာတို့၏ အစီးအပွားသာ ဖြစ်၍ 'ပူနွယ်' မည်၏။ ဇရာမီး, မရဏမီးတို့၏ လောင်

စာဖြစ်၍ 'ဆွေးနွယ်' မည်၏။ လောကီမှ, လောကီနယ်ကို အကျယ်ချဲ့သမားဖြစ်သော တဏှာ, မာန, ဒိဋ္ဌိဟူသော ပပဉ္စတရားသုံးပါးတို့၏ အသိုက်အအုံသာဖြစ်၍ 'အရေးကျယ်'မည်၏။

အစမမြင် ဘဝလျှဉ် ဟူသည်ကား—အနမတဂ္ဂ ဘဝအဆက်ဆက် ဆိုလိုသည်။

အစဉ်ငတ် ဆိုသည်ကား—လိုချင်သည်၊ရချင်သည်၊ ဖြစ်ချင်သည်၊ မြင်ချင်သည် ကြားချင်သည် စသော တဏှာအာသာ မပြေငြိမ်းသမျှသည် စကြာ မန္တတ်မင်း သိကြားမင်း နတ်မင်းပင်ဖြစ်သော်လည်း ငတ်မွတ်ခြင်းမှုက္ခ အမြဲနှိပ်စက်သော ပြိတ္တာနှင့်အလားတူ အစဉ်ထာဝရ အငတ်မျိုးသာတည်း။

မသတ်ကယ် အာသာ-ဆိုသည်ကား—ထိုအစဉ်ငတ်, အမြဲငတ်, ထာဝရငတ်ဖြစ်သော ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ ဟူသော တဏှာခြောက်ပါးသည် 'အာသာ' မည်၏။ ထိုအာသာကို မဖြတ်နိုင်, မသတ်နိုင် ဆိုလိုသည်။

ပြာပုံဝမှာ ရသရှာ-ဆိုသည်ကား—လူ့ခန္ဓာ, လူ့ဘောဂ, နတ်ခန္ဓာ, နတ်ဘောဂ, ဗြဟ္မာခန္ဓာ, ဗြဟ္မာဘောဂ-ဟူသမျှသည် တဆယ့်တပါးသော မီးတို့၏ မပြတ်မစဲ အမြဲလောင်ရာဖြစ်၍ ပြာပုံပြာစုဖြစ်၏။ အနှစ်သာရဟူ၍ အကျိုးမျှမရှိခြင်းကြောင့် အမှုအရှုလည်းမည်၏။

အရူးသည် ရွာတံခါးဝတွင် ရွာသူတို့ထာဝရ စွန့်ပစ်ထားသော အမှိုက်ပုံကြီးကို တွေ့လေရာ သူနှစ်သက်ရာများကို ရှာဖွေကောက်ယူလေ၏။ ထိုအမှိုက်ပုံကြီးမှာပင် များစွာသော အကောင်းအမွန် ခံစားဖွယ် စံစားဖွယ်များကို တွေ့ရှိသိမ်းယူရသကဲ့သို့ ထိုအတူ လူနတ်ဗြဟ္မာ စည်းစိမ်ချမ်းသာဟူသော အရိယာတို့ စွန့်ပစ်အပ်သော အမှိုက်ပြာပုံရှုတို့၌ အကောင်းအမွန်ခံစားဖွယ် စံစားဖွယ်ရသကို ရှာဖွေလိုက်စား၍ နေကြသည် ဟူလိုသည်။

ရှာဝက်ဥပမာ၌ ထိုဝက်သည် အစာရေစာ ပေါများ၍ တနေ့တခြား အသားအဆီ ထူထပ်ပွားတိုး၍ ဆူဖြိုးလေလေ ဝက်ထိုးသမား မြို့သူရှာသားတို့ မျက်စောင်း ထိုးလေလေသာ ဖြစ်၏။ သို့သော်လည်း နက်ဖြန် နက်စာဘမိ ဈေးရုံသို့ ထွက်၍ စားပွဲခုံ တက်ရမည်ကို မသိရှာ။ ယနေ့သက်တိုင်ပင် မိမိနိုင်ရာ အတူနေ ဝက်အသင်းမှာ ကမင်းတခိုးစိတ်ဝင်၍ ပျော်ရွှင်နိုင် သေးသည်။ ထိုအတူ ပစ္စည်းဥစ္စာ အသင်းအပင်းများသောသူ တို့သည်လည်း သမ္ပတ္တိများလေလေ သေမင်း၏အစိတ် ဝိပတ္တိ မျက်စောင်းသန်လေလေသာ ဖြစ်၏။ သို့သော်လည်း အနှစ်တရာ မပြည့်မီ နက်ဖြန်သဘက် ပရက်ရက်တွင် နက်စာဘမိ ညစာမိ သုသာန်ဈေးရုံကြီးသို့ ထွက်၍ သချိုင်းမြေပုံ စားပွဲခုံတက်ရ မည်ကို မမြင်ကြကုန်၍ ယနေ့ကိုင်ပင် မိမိနိုင်ရာ အသင်းမှာ ကမင်းတစိုး စိတ်ဝင်၍ ပျော်ရွှင်နိုင်ကြကုန်သည်။

ပျော်ရွှင်နိုင်သော အကြောင်းမှာလည်း၊ မြန်မာစစ်သူကြီး ဗန္ဓုလသည် အင်္ဂလိပ်စစ်ဗိုလ်တို့ တည့်ငင် (သနပ်ချင်) ဘက်က ချိန်ထားသော ဗုံးလက်နက်ကို မသိသကဲ့သို့၊ သေမင်းချိန်ထား သော ဝိပတ္တိသက်နက်ကိုမမြင်၍ ပျော်ရွှင်နိုင်ကြသည်။ မမြင် ကြောင်းမှာလည်း၊ အပေါင်းမပေါ် အသင်းအပင်းတို့လည်း၊ ထိုလက်နက် ချိန်ရွယ်ချက်ကို မမြင်နိုင်အောင် ဖုံးနိုင်ကုန်သည်။ ခင်ဘွယ်မက်ဘွယ် ဝတ္ထု၊ အာရုံ ပုံကဘာ အိမ်ယာ ဝင်ခြံ ... ဖုံးနိုင်သည်။ ဘေးတိုင်၌ ချည်၍ မဝေးမှုပဲသတ်မည် ရွယ်သည ကို မမြင်ဝံ့၍ မမြင်ပဲ သေရခြင်းသည်သာ ကောင်းသည်ဟု မျက်နှာကို လုံ့ဖွဲဖုံးရသကဲ့သို့ အသီးအသီး မိမိမိကို ချိန်ရွယ်၍ နေသော ဝိပတ္တိလက်နက်ကို မမြင်ဝံ့၍ မမြင်ရပဲ အမှတ်မဲ့ သေရခြင်းသည်သာ ကောင်း ... ၍ လုံ့ဖွဲဖုံးသည့် နည်းအားဖြင့် သတိသံဝေ ... အောင် မသေမီအတွင်း မိတ်သဟာယ ကာမဝတ္ထု အာရုံစုကို ... ကောင်းဆည်းပူးပြီးလျှင် ထိုအာရုံစုဖြင့် မိမိစိတ်ကို လုံ့ဖွဲဖုံးလွှမ်းကြသည်။

အပုံးလုံလှ၍လည်း နောက်နောက်အခါ များစွာသေရန် အမှု တင်းလင်းကြီးကို ငြိုးငွေ့နိုင်မည်ဖေးစု၊ ယခုဘဝ သေရမည် ကိုမျှလည်း ကြောက်ခြင်းတရား မပွါးများကြပဲ အများဓမ္မတာ ပေ-ဟု အဖြေတရားနှင့်ပင် ဖြေငြိမ်းနိုင်ကြလေသည်။ အကြင် မျှလောက် နောက်နောက်သေရန် အခွင့်စုကို ယခုသေရမည် နှင့်အတူ မကြောက်နိုင်သေး။ ထိုမျှလောက် ကာလပတ်လုံး သံသရာမှမထနိုင်သေး၊ လုံစွာဖုံးလွှမ်းမှုကို မလွတ်နိုင်သေးသမျှ လည်း ကြောက်ခြင်း မသန်နိုင်သေး။ ကြောက်ခြင်းမသန်လျှင် လည်း ထွက်မြောက်ရန်ကို လွှတ်လွှတ်ကျွတ်ကျွတ် မကြံသေး။ ဤအနက်ကိုရည်၍ "ငါတလူလူ ပမာမှူ။လ။ မာန်တဂုဏ် ဟန်ပုံ နှင့် ဖုံးရှာကြ" ဆိုသည်။

ဤစကား၌ 'အရျက်မှန်' ဟူသည်ကား– သေမြဲဓမ္မတာမှု, ပျက်မြဲ ဓမ္မတာမှုတည်း။

**မိတ်သင်းယှက်** ဆိုသည်ကား—ဉာတိ, မိတ္တ, သင်္ဂဟတို့နှင့် ရောယှက် သည်ကို ဆိုလိုသည်။

**အရံစုံ**- ဆိုသည်ကား– လယ်, ယာ, ဥယျာဉ်, ဝင်းခြံ, အိမ်ယာ, ဥစ္စာဘောဂကို ဆိုသည်။

**မာန်တဂုဏ်**- ဆိုသည်ကား– မာန်အမျိုးမျိုးလည်း ဖုံးမှုပင်၊ ဂုဏ် အမျိုးမျိုး, ကြက်သရေ အမျိုးမျိုးတို့လည်း ဖုံးမှုတို့ပင် ဖြစ်ကုန် ၏ဟု ဆိုလိုသည်။

**ဟန်ပုံ**ဆိုသည်ကား– လူအလယ်, ရှင်အလယ်၌ အကင်းသလေးကို ရှယ် ရာမှု ပြုပုံမူပုံ အလုံးစုံသည်လည်း ဖုံးမှုပင်ဖြစ်၏ ဟုယူသည်။ တန်ခိုးရှိနေသော နတ်တို့မှာ မစဆမိ (၇) ရက်ကပင် သေနိမိတ် ငါးပါး ထင်ရှားပေါ်သည်၊ ထိုအခါ လွန်စွာကြောက်လန့် ပူပန် ကုန်သည်။ ထိုအခါ တပါးသော နတ်တို့က ထိုနတ်သားကို ခေါ်၍ နန္ဒဝန်ဥယျာဉ်၏ ကြက်သရေဖုံး၍ အကြောက်အပူ ပျောက်လေ၏၊ နတ်ပြဿဟာထို၌ ဖုံးမှုသာ၍ အားကြီးသည်။

ရှုံးပလေ- ဆိုသည်ကား– အနမတဂ္ဂ သံသရာနှင့် တခုဖုံးမှုကိုသာ အားစိုက်၍ လာခဲ့ကြသည်၊ ဖုံးမှုသည် ကုသိုလ်တရား၌ မေ့လျော့ဖို့သာဖြစ်သည်။ ကုသိုလ်တရား၌ မေ့လျော့၍သာ လာခဲ့ကြသဖြင့် ယနေ့ထက်ထိ သေခြင်းမှ ကင်းလွတ်အောင် ကြံစည်သော စိတ်မရှိပဲ ဖုံးမြဲဖုံးကြသည်၊ ဖုံးမှုနှင့် ကုန်ရသော နှစ်, လ, ရက်, နာသက်, အရွယ်စုသည် တက်ခြေတုံးသော အရှုံးသက်သက်စုသာ ဖြစ်သည်ဟု ဆိုလိုသည်။

ထုံးမြေပြာစုမိတ် ဆိုသည်ကား– ကာမ ငါးဆယ့်တဘုံသားတို့၏ ကိုယ်ခန္ဓာ, ရူပ ၁၆ ဘုံသားတို့၏ ကိုယ်ခန္ဓာတို့သည် အညက်ကြိတ်လျှင်ရသော ထုံးမြေခဲမျိုးတွေသာလျှင် ဖြစ်ကုန်၏။ အထူးကား ကမ္ဘငမြေမှုန့် လွန်ကဲသော နတ်ခန္ဓာ, ဗြဟ္မာခန္ဓာစုသည် အလွန်သိမ်မွေ့သော ယမ်းမြေခဲစုမျိုးတည်း။ ကိုယ်စောင့်ခတ်မီးလည်း အလွန်ထက်သည်၊ စုတိစိတ်ကျ၍ စိတ္တဇမြေ, အာဟာရဇမြေ ကုန်ဆုံးလျှင် မီးတောက်ကြီး ကွယ်ပျောက်သကဲ့သို့ အကုန်ချုပ်ပျောက်လေသည်၊ အလောင်းကောင် ကောက်ယူဖို့မရပြီ၊ ထိုကြောင့် ဥပပတ်နတ်, ဗြဟ္မာတို့ သေခြင်းသည် ကျန်ရှိသောသူတို့ စိတ်ကြေ လက်ကြေရှိအောင် ပြုစုခွင့်မျှမရသော သေခြင်းဖြစ်ခဲ့၍ အစိမ်းသေသေခြင်း ဆိုသည်ဟု ဆိုခွင့်ရှိသည်။

လူစသော သတ္တဝါတို့၏ ကိုယ်ထည်ဖြစ်သော ထုံးမြေအစုမှာကား ကမ္ဘငမြေကုန်ဆုံး၍ သေသည်နောက် ချရာ သင်္ချိုင်းမြေ, သင်္ချိုင်းပြာတို့၌ ဓာတ်တူပေါင်းရလေ၏။ သင်္ချိုင်းမြေ, သင်္ချိုင်းပြာတို့နှင့် ဖြစ်အတူ ပျက်အတူ မိတ်သဟာယဖြစ်ကြလေ၏။ ထိုကြောင့် ယခုတိုင်တွတ်ရှိကြသော ကိုယ်ထည်အစု ဓာတ်မြေစုကို 'ထုံးမြေပြာစုမိတ်' ဆိုပေသည်။

တတိယပိုဒ် ပြီး၏။

၄။ ငါတလုံးနယ် ဆိုသည်ကား– ငါ·ဟူသော အက္ခရာတလုံး၏ ကျင်လည်ရာနယ် ဆိုလိုသည်။ ထို ငါ အက္ခရာ သည်ကား– သမုဒယသစ္စာ, တဏှာမှ ထွက်လာသော တဏှာ၏ တံခွန် ပေတည်း။ မီးမှထွက်သော မီးခိုးကို မီး၏ တံခွန်ဆိုသကဲ့သို့ တည်း။ ကာမ တဆယ့်တဘုံတွင်ရှိ ခန္ဓာစုသည် ကာမတဏှာ ဖန်ဆင်းအုပ်စိုးသော ခန္ဓာစုပေတည်း။ ရူပတဆယ့်ခြောက်ဘုံရှိ ခန္ဓာစုကို ရူပတဏှာ ဖန်ဆင်းအုပ်စိုးမှုပေတည်း။ အရူပလေးဘုံရှိ ခန္ဓာစုကို အရူပတဏှာ ဖန်ဆင်းအုပ်စိုးမှုပေတည်း။အုပ်စိုးကြောင်း ကိုလည်း မခံချင်တတ်သော သူတယောက်ကို ခြေနှင့်တို့၍စမ်း၊ ငါ့ကိုခြေနှင့်တို့ရာသလောဟု တိုရုတိုင်းက ငါအက္ခရာပေါ်လတ္တံ့၊ မင်းစိုးရာဇာတို့မှာ မိမိတို့အုပ်စိုးရာနိုင်ငံအတွင်းဝယ် ဘယ်နေရာကို မဆို နိုင်ငံခြားမင်းတပါးတို့က ထိပါးလာငြားအံ့ ရာဇမာန် ငါအက္ခရာပေါ်လတ္တံ့။ထိုကြောင့် သုံးဆယ့်တဘုံကို'ငါတလုံးနယ်' ဆိုပေသည်။

**သုံး**သွယ်မြုံ့သိုက်ဆိုသည်ကား–ကာမဘုံတသွယ်, ရူပဘုံတသွယ်, အရူပဘုံ တသွယ်ပေတည်း။

မြုံ့မချန်ဆိုသည်ကား–ဖြစ်တတ်, ပျက်တတ် စကြဝဠာ ကုဋေတသိန်းကို အစုစုထား၍ရှု။ တည်ဆဲကမ္ဘာမှ ရှေးအနမတဂ္ဂ အတိတ်ကမ္ဘာ စုတွင် တခုခုသောကမ္ဘာ၌ စကြဝဠာ ကုဋေတသိန်းရှိသော ရေမြေ တောတောင်စသော အဝိညာဏကခန္ဓာခဲစု လူကောင်,နတ်ကောင် နွားကောင်, ကျွဲကောင်, ဆင်ကောင်, မြင်းကောင် စသော သဝိညာဏကခန္ဓာခဲစုသည် ယခုမြုံ့မျှ မရှိပြီ။ ဤကမ္ဘာတွင်လည်း ဤအန္တရကပ်တွင်လည်း အာယုကပ်ဟူသော အသက်တမ်းချင်း ပိုင်း၍ရှု။ အသက်တမ်းတွင်လည်း တရာတမ်းဖြစ်လျှင် ရှေ့တရာ, နောက်တရာ ပိုင်း၍ရှု။ ရှေးရှေးတရာတွင် အစစ္စာရှိနေသော ခန္ဓာစုသည် နောက်နောက်တရာတို့၌ မြုံ့မျှအကြွင်းအကျန် မရှိပြီ။

အပြစ်တော မစဲချေဆိုသည်ကား–ဘယ်အချိန်မှာမဆို ဘယ်အရပ်မျက်နှာကိုမဆို လက်ညှိုးထိုးလိုက်လျှင် ထိုးရာတိုင်း ထိုးရာတိုင်းမှာပင် လက်ညှိုးထောက်ရာ အရပ်မျက်နှာသေဆဲသတ္တဝါ အနန္တ အနန္တ ထိုးမိသည်ချည်းမည်၏။

အပြောင်တိုက်ဆိုသည်ကား–'မြူမချန်' ၌ ဆိုခဲ့ပြီးသော အဘိုင်းဆိုလေ၏

အမှိုက်ကယ်ဝင့်နွယ် ဆိုသည်ကား–ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး ဟူသော တဆယ့်တပါးသော မီးတို့၏ လောင်စာ လောင်သင်း မြက်, ထင်း အမှိုက်တွေသာ ဖြစ်ချေ၍ သုံးဆယ့်တဘုံတွင် သက်ရှိသက်မဲ့ အလုံးစုံ အကုန်ကို အမှိုက်ရ အမှိုက်ခဲတွေ ဆိုပေသတည်း။

အသက်ရှိဖြင်သော အမှိုက်စုကို ကိလေသာတစု, ကံတစု, ဝိပါက်တစု, သုံးစုခွဲ။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဤသုံးပါးသည် "ကိလေသာစု"တည်း။ သင်္ခါရ, ကမ္မဘဝ ဤနှစ်ပါးသည်"ကံစု"တည်း။ ဝိညာဏ် နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ၊ မရဏ ဤရှစ်ပါးသည် "ဝိပါက်စု"တည်း။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ရှိလျှင် သင်္ခါရ, ကမ္မဘဝဟု ဆိုအပ်သော သုစရိုက်, ဒုစ္စရိုက် ဖြစ်ပေါ်မြဲ။ သုစရိုက်, ဒုစ္စရိုက် ကံမှုရှိလျှင် ဘဝသစ်ခေါ်ရသော ဝိပါက်အစု ဖြစ်ပြန်၍ လူကောင် နတ်ကောင် ဖြစ်ပြန်လျှင် ထိုလူကောင် နတ်ကောင်ကို အစွဲပြု၍ ကိလေသာအစု ဖြစ်ပေါ်မြဲ။ ငါငါဟူ၍လည်းကောင်း, ငါ့ဟာ ငါ့ဟာဟူ၍လည်းကောင်း, ငါ့အတ္တ, ငါ့အတ္တဟူ၍လည်းကောင်း, ငါ့မင်း, ငါ့ပုဏ္ဏား, ငါ့သဌေး, ငါ့သူကြွယ်ဟူ၍လည်းကောင်း, ငါ့နယ်, ငါ့သီကြား, ငါ့ဗြဟ္မာ, ငါ့ရှတ္တိ, ငါ့ပုရိသဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် စွဲလမ်းသော ကိလေသာတို့သည် ဗာလပုထုဇဉ်တို့မှာ ဇေယ် ဖြစ်မြဲမြဲ ဟူလိုသည်။

ကိလေသာ ရှိပြန်လျှင်လည်း ကံအစု ကေန် ဖြစ်ပွားမြဲ၊ ကံအစု ဖြစ်ပွား၍ ထင်ရှားရှိပြန်လျှင်လည်း ဘဝသစ်, ခန္ဓာသစ် ဟူသော ဝိပါက်ကောင် ကေန္တပေါ်မြဲ၊ ဝိပါက်ကောင် ပေါ်ပြန်လျှင်သည်း သာယာစွဲလမ်းသော ကိလေသာစု ကေန္တဖြစ်လာမြဲ၊ ဤသို့ အမှန်လေးချက်ကို အပိုင်သိသော ယထာဘူတဉာဏ်ကို မရသမျှ ကာလပတ်လုံး မရပ်မတည် ဟူးဟူးလည်၍ နေသော ကြောင့် အစုကြီးသုံးပါးကို "ဝဋ်နွယ်" ဆိုသည်။

**အပြစ်မစဲ** အသစ်လဲ သဲသဲကြွယ် ဟူသည်ကား–အသေမီးက မြူမျှမကျန်အောင် အတွင်လောင်၍ လိုက်ငြားသော်လည်း စကြဝဠာအနန္တနှင့် အပြည့်အပြည့်ပင် မစဲမပြတ် အသစ်အသစ် ဖြစ်ပေါ် ပြောင်းလဲ၍ စကြဝဠာအားလုံး အုံးအုံးသဲသဲ အမြဲစည်ပင် ပြည့်ကြွယ်သည်ဖြစ်၏- ဟူလိုသည်။

**အကယ်မလောက်** သူကသာ မောက်တော့ ဆိုသည်ကား–ထိုကဲ့သို့ စကြဝဠာ အနန္တလုံးပြည့်အောင် အသစ်အသစ် မစဲအောင်ဖြစ်ပွား၍ နေသော်လည်း သခါရတို့က ပိုမို၍ သွားနိုင်သည်မရှိ၊ အသေမီးကသာ ပိုမောက်လျက် ရှိတော့သည်- ဟူလို။ ဖြစ်သမျှသော သင်္ခါရတို့မည်သည် ပျက်ခြင်းလျှင် အဆုံးရှိကြကုန်၏။ ပျက်ခြင်းကို လွန်၍ အမြဲတည်နေနိုင်သော သင်္ခါရတရားဟူ၍ တစုံတခုမျှ မရှိ။

**နောက်နောက်ကမ္ဘာ ဖန်ဖန်လာလဲ အစာသူတွင် တခုသာ ဝင်ကြသည်** ဆိုသည်ကား– နောက်နောက် ကမ္ဘာသစ် ကမ္ဘာသစ် ဆက်၍ စကြဝဠာ အနန္တနှင့် အပြည့်အပြည့် ဖြစ်လာသော သင်္ခါရဓမ္မတို့သည် မရဏမီး၏ အစီးအပွားသာ ဖြစ်ကုန်၍ သူ့လက်တွင်း၌ မီးစာထင်းမှိုက်အဖြစ်သာ တခုမကျန် တလုံးတစုတည်း ဝင်ကြရကုန်၏ဟု ဆိုလိုသည်။

**အဟုတ်ဉာဏ်မတင်စီးနိုင်ရ** ဆိုသည်ကား– တယောက်သော ပြည့်ရှင်မင်းသည် အတုမရှိ လှပသော မင်းသမီးယောင်ဓဆောင်၍ နေသော

ဘီလူးမကို စောင့်ညာ တင်လေ ။ ထိုမင်းသည် ဘီလူး၏ ကြောက်ဖွယ် ဆိုးရွားသော ဇာတိရုပ်သွင်ကို မြင်နိုင်သော ဒိဗ္ဗစက္ခု နတ်ဆေးကို မရသေးသမျှ ကာလပတ်လုံး ထိုဘီလူးမ၏ နတ်သမီးအသွင် ထင်မြင်အောင် ဖန်ဆင်း၍ မာယာပရိယာယ် ဖြင့် ပြုသမျှသော အတင်စီးတို့ကို ခံရလေ၏။ ဒိဗ္ဗစက္ခုနတ်ဆေး ကိုရ၍ မျက်စိ၌ကွင်း၍ ကြည့်သောအခါမှ ဇာတိရုပ်သွင်ကို ဟုတ်တိုင်း မြင်ရသဖြင့် ချည်နှောင်ရိုက်ခတ် အသေသတ်၍ ထိုမင်းက တင်စီးနိုင်လေ၏။ ထို့အတူ ဤသတ္တဝါအပေါင်းတို့သည် ယထာဘူတဉာဏ်ကို မရကြသေးသမျှ ကာလပတ်လုံး သခ်ၤတ ရုပ်နာမ် တရားတို့၏ အတင်စီးကို ခံနေကြရကုန်၏။

တင်စီးပုံကား-ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ မဟုတ် ကြကုန်သော ရုပ်နာမ်တရားတို့သည် ပုထုဇဉ် သတ္တဝါတို့အား ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ ထင်အောင်ပြု၏။ ပုဂ္ဂိုလ် ငင်ကြရ၏။ သတ္တဝါ ထင်ကြရ၏။ ယောကျ်ားမိန်းမ ထင်ကြ၏။ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ အလှ အယဉ် ထင်မြင် စွဲလမ်းကြ၍ ချစ်ကြ ခင်ကြကုန်၏။ ချစ်မှု ခင်မှုသည် သံသရာ၌ မာရ်မင်း, ငရဲမင်းကြီးတို့၏ သံကြိုး သံလွန်ပေတည်း။ ထိုသံကြိုး သံလွန်တို့ဖြင့် အသဲနှလုံးတို့၌ အတင်းအကြပ် ချည်တုပ်မိလျက် ရှိနေကြကုန်သော အန္ဓပုထုဇဉ် သတ္တဝါတို့သည် မာရ်မင်း, ငရဲ မင်းတို့၏လက်မှ မလွတ်နိုင်ကြကုန်ပြီ။ ဤကား သခ်ၤတ ရုပ် နာမ် ၏ တင်စီးချက်တည်း။

အကြင်အခါ၌ သခ်ၤတရုပ်နာမ်တို့၏ ဇာတိအသွင်ကို ထင် မြင်နိုင်သော ယထာဘူတဉာဏ်ကိုရ၏။ ထိုအခါမှစ၍ ကလျာဏ ပုထုဇဉ် စူဠသောတာပန်အဖြစ်သို့ ရောက်ကြကုန်၍ ရုပ်နာမ် တရားတို့၏ တင်စီးချက်မှ လွတ်စပြု၏။ ရုပ်နာမ်တရားတို့ကို ဖိမိဘို့က အနိစ္စဟူ၍ တင်စီးနိုင်ကြကုန်၏။ ဒုက္ခဟူ၍, အနတ္တ ဟူ၍ ပုဂ္ဂိုလ်မဟုတ်ဟူ၍ သတ္တဝါမဟုတ်ဟူ၍ ယောကျ်ား

မိန်းမ မဟုတ်ဟူ၍ သူမဟုတ်ဟူ၍ ငါမဟုတ်ဟူ၍ တင်စီးနိုင်ကြကုန်၏။

အဟုတ်အမှန် အမြင်သန်သော ယထာဘူတ ဉာဏ်ဖြင့် နာမ်ရုပ်တရားတို့ကို အပြစ် ဒေါသ ဘေးဘယတို့နှင့် ရှု၍ချဖိစီးနိုင်ကုန်၏။ ဤကား ကလျာဏ ပုထုဇဉ် စူဠသောတာပန်တို့က ရုပ်နာမ်တရားတို့ကို တင်စီးပုံတည်း။

ဤကဲ့သို့ ယထာဘူတခေါ်သော အဟုတ်ဉာဏ်ဖြင့် ဆဲတ ရုပ်နာမ်တို့ကို မတင်စီးနိုင်ရ မဖိစီးနိုင်ရဆိုလိုသည်။

**သည်မိုးတာဘယ်တကိန်းမှာမ ငြိမ်းပမယ်လို့** ဆိုသည်ကား— **ဆိုတခွင်ကို** အတွင်လောင်မြိုက် အပြောင်တိုက်၍ အသေမီးနှင့်တကွ တဆယ့်တပါးသော မီးတို့၏ တာဝန်မှလွတ်ငြိမ်းခွင့်ကို **ဘယ်တကိန်းမှာ** ရပါအံ့နည်း ဆိုလိုသည်။

**တကိန်း** ဆိုသည်ကား—တဆူ တဆူသော မြတ်စွာဘုရား၏ ဖြစ်ပွင့်တော်မူရာ သာသနာကျွတ်ကိန်းကြီးကို သာသနာကျွတ်ပွဲကြီး ဟု ဆိုလိုသည်။

လေးချိုးကြီးအဖြေပြီး၏။

(ဂမ္ဘီရကဗျာကျမ်းမှ)

ရတနာပူရ အမည်ရှိသော အဝင်္ဘွဲ့ကြီး၌ သီရိသုဓမ္မရာဇာမိပတိ ဘွဲ့တံဆိပ်တော်ရှိသော ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီးလက်ထက် အလုံမြို့စီရင်စု အထက်တိုက် မောင်းထောင်ကြီးရွာ ဇာတိ အမိ ဒေါ်ပု၊ အဘ ဦးဇေယျတို့တွင် ၁၀၉၈-ခုဖွား၊ နံအင်္ဂါသား၊ ငယ်မည် မောင်ညြ အမည်ရှိသော ပညာရှိအလောင်း သားကောင်းရတနာကို ဖွားမြင်လေသည်၊ ၁၃-နှစ်သားရွယ် ရှင်သာမဏေဘွဲ့ဖြင့် သာမဏေ အဖြစ်မှ လူထွက်ပြီးလျှင် ဟံသာဝတီဆင်ဖြူ မင်းတရား၏ ဘထွေးတော် တောင်ငူရာဇာခေါ် မင်းရဲကျော်ခေါင်ထံမှာ ထမ်းရွက်သည်တွင် ရတု, ရကန်, အဲ့, အန်, လင်္ကာတို့ကို ရေးသားလေ့ရှိရာ ဘုရင်မင်းတရား အားရနှစ်သက်တော် မူသောကြောင့် 'ရွှေတောင်ရာဇကျော်သူ'ဟူသော ဘွဲ့နှင့် သံတော်ဆင့်အရာကို သနားတော်မြတ်ခံရသည်၊ ရွှေတောင် ရာဇကျော်ကား တွင်းသင်းတိုက်ဝန် မဟာစည်သူ၏ ကူအရင်းတည်း၊ တွင်းသင်းတိုက်ဝန် မဟာစည်သူသည် ဒေါ်ပု၏ မောင်အရင်း ဖြစ်သည်။ ဦးရီးဖြစ်သူ မဟာစည်သူကဲ့သို့ ရွှေတောင်ရာဇကျော်သည်း လောက, ဓမ္မနှစ်ဌာနတို့၌ ကျွမ်းကျင်လိမ္မာပေသည်။

ရှင်းရွှေတောင်ရာဇကျော်၏ အရှင်တော်ဖုရာဇာ စဥ့်ကိုင်အရပ် မြန်နန်းစံရာ နန်းတော်၌ နေတော်မူစဥ် ကပိလကျောက် သတ်ပုံထူးကို ရေးသားဆက်သွင်းရသည်၊ ကပိလကျောက် သတ်ပုံမှာ—

"စဥ့်ကိုင် တိနာမကော၊ ဝင်းကျော်သည် မှဆိုးစဥ့်ကို ဖမ်းရာဖြစ်၍ စဥ့်ကိုင်ဟု ဘာမည်အမည်သော။ ဇေယျ=ရန်တကာ တို့ကို အောင်မြင်ရာဖြစ်သောသော။ + + + ရာဇဌာနီ ပုရဂ္ဂေ=မင်း နေပြည်တော်မြတ်၌၊ + + + သာမိရာဇာ= ဘေယျာဝဂ္ဂနတိုင်း ရှင်မင်းမြတ်သည်။ အဘိဓေယျာ=အမြင်းမကျွန်း ကောင်း သည်ဖြစ်၍။ + + + =ဟောင်းတွေ ထောင်သော။ ပယ်

ကပ္ပ=ဤသတ်ပုံထူးသည်။ +++ဂယာပကေ= ၁၁၁၃-ခု ဟု ဆိုအပ်သော။ ဒီဃေ=သက္ကရာဇ်ရှည်သည်”–

ဟု တွေ့ရသည်။ ပြခဲ့ပြီးသော စိန္တကျော်သူ၏ သက္ကရာဇ်အတိုင်းဆိုလျှင် ကဝိလက္ခဏာသတ်ပုံထူးကို ၁၅-နှစ်သားအရွယ်က ရေးသည်ဟု မှတ်ရမည်၊ သီပေါမင်းတရားလက်ထက် နေမျိုးကျော်ခေါင်ဘွဲ့ခံ ဆရာကြီး ဦးဘ၏ အမှတ်အသား၌ (ကဝိလက္ခဏာသတ်ပုံထူးကို မင်းရဲကျော်ခေါင် စဉ့်ကိုင်တပ်မှာနေစဉ် အသက် ၂၀-ခန့်က ရေးသည်ဟု တွေ့ရသည်)။

သက္ကရာဇ် ၁၁၁၃-ခုနှစ် နှစ်နှောင်းတွင် ရတနာပူရ အဝရွှေပြည်ကြီးကို မွန်တို့ ဖျက်ဆီး၍ မင်းတရားကြီးနှင့် အောင်ပုရာဇာတို့ကိုပါ ဟံသာဝတီသို့ ဆောင်ယူသွားရာ စောင်ပုရာဇာမှာ လွတ်၍ ဗိုလ်ပါစုရုံးနေဆဲပင်ရှိတတ်သောကြောင့် ကျေးကျွန်တို့မှာ ဟံသာဝတီသို့ တချို့၊ ရွှေဘိုသို့ တချို့ ဝင်ရောက်ကြလေသည်၊ ရွှေတောင်ရာဇကျော်လည်း ရွှေဘိုမြို့တွင် ငယ်မည်တွင်ပြန်၍ ဆောင်းပါ ရေးရာတွင်မှ အလောင်းမင်းတရားကြီးက ‘စိန္တကျော်သူ’ ဘွဲ့ကို ပေးသည်၊ ၎င်းမင်းသားတော် ဗဒုံသတိုးစောသခင်မှာ စာဆိုအရာနှင့်ထမ်း၍ ရတနာသိင်္ခ မြို့တော်ဘွဲ့ ပြာသာဒ် ထီးချက်တော်ဘွဲ့၊ ဆင်ဖြူရှင်ဘုရား အိမ်တော်သိမ်းဘွဲ့၊ အနောက်အိမ်တော် အမြင့်မင်းနှင့် တူမတော် လက်ဆပ်ရာတွင် မင်္ဂလာရတု၊ သားတော်အငယ် ပင်းတလဲမင်းသား ချောင်း၊ အလောင်းမင်းတရားကြီး ယိုးဒယားချီလူးတား၊ ၎င်းပြင် “ဖောင္ဍာကာယ” ဟူသော ၁၁၂၂-ခုနှစ်၌ သြဝါဒထူးပျို့ကို ရေးသားသည်။

ဦးသြရေးခဲ့သော စာစုကား—

၁။ ရွှေထီးချက်မှာ—ချီ ရတနာသိင်္ခမြို့ ကန်တော်ဘွဲ့

၂။ ကုန်းဘောင်ရွှေပြည်=ချီ အိမ်တော်သိမ်းဘွဲ့

၃။ သပြေညွန့်ချင်–ချီ ဒု မြင့်မင်းနှင့် တူမတော် လက်ထပ် ရတု

၄။ မင်္ဂလာဘူးခေါင်—ချီ ပင်းတလဲ မင်းသား ချောင်း

၅။ ဘုန်းပဒေသာ–ချီ မင်းတရား ယိုးဒယားချီ လူးတား

၆။ မင်္ဂလာသရဘူ—၏ အိမ်ရှေ့မိဖုရား ခေါင်း

၇။ ထွေ့တလာလျှင်—၏ တောလား ရတုပိုဒ်စုံ

၈။ မင်္ဂလာဘူးခိုင်—၏ ဘိုးတော်ရှင် ခေါင်း

၉။ နမက္ကာရနိဿရည်း

၁၀။ ရတနာပြွတ်ခေါင်—၏ မင်းဆက်လင်္ကာ

၁၁။ ရောင်ခြည် ခြောက်သွယ်—၏ ကဝိလက္ခဏာ သတ်ပုံထူး

၁၂။ မင်္ဂလာညွန့်သွယ်—၏ ဩဝါဒထူးပျို့.

(၎င်းအပြင် ကဗျာလင်္ကာအချို့ကိုလည်း ရေးသားသည်၊ ဦးကျော်သူ၏ ကွယ်လွန်သော သက္ကရာဇ် အမှတ်အသားကား မတွေ့ရသေးချေ။)

စိန္တကျော်သူ ဦးသြ

# သြဝါဒထူးမျိုး-ဆုံးမစာ

## ပထမပိုင်း

၁။ မင်္ဂလာညွန့်သွယ် အံ့ချီးဖွယ်တိ အနန္တရာယ်ပျောက်ကင်း ကျမ်းပြီး ခြင်းကို လက်ငင်းမကြာ ဖြည့်နိုင်စွာသား ရတနာသုံး မုတ္တာကုံးကို ရွဲလုံး ဝေဆာ ဆင်ပြီးစွာမှ၊ မင်္ဂလာပွဲ ရွှေနန်းထဲဝယ် မြဲစွဲခစား မှူးသား မတ်မြေး မင်းသွေးစိုးရည် ဆောက်တည်ပိုင်နင်း မင်း့ မိဖုရား ဝန်းလျား ခြွေရံ မိဿံမောင်းမ ပျိုတော်စသား နန်းမဘာယ်ညာ အိမ်တော်မှာလည်း မှူးရှာပိုင်စား သခင်များ၏ ထံပါးနေ့ည မြဲစွဲရသည် မိန်းမ့ ယောကျ်ား မင်းခစားတို့ ဖတ်ကြားနာခံ သင်အံလေ့လာ မှတ်သားရာတည့် သြဝါဒထူး စာယဉ်ကျူးကို ပုံ့ပျူးသာရှင် ဖွဲ့စီရင်ပိမ့်။ ။အောင်မြင်လွယ်မှု- ပြီးလွယ်ဆု။

၂။ မှတ်နားစိပ်လော့ မအိပ်ရာချေ မဒေနဆာအပ် မရပ်ရာငြား မသွား ရာမှတ် မဝတ်ရာကျင် မဆင်ရာများ မစားရာမြောက် မသောက်ရာမှု အစုစုကို ယခုရှေ့ဖျား ပြန်လျှောက်ကြားပိမ့်၊

### မအိပ်ရာချေ

"သုံးပါးရတနာ ဆရာသမား ဘိုးဘွားမိဘ စိုးရသခင် ဂုဏ်အင်ကြီးထူ ကိုယ်တူရင်းရှည့် ဖြစ်သည့်သူအား မခြေရင်းထားရှဲ့ ပေါ့စားလွယ်ကာ မအိပ် ပါနှင့်၊ ဆည်းဆာနေဝင် ဆဲဆဲတွင်၌ အိပ်ချင်သော်လည်း စိတ်ကိုတည်းရှဲ့ နည်းစေအိပ်မှောင် နေထွက်အောင်လျှင် မရှောင်လေလျှဉ်လျှဉ် တညဉ့်သုံးခါ နိုးကြားရာ၏၊ လက်ယာလက်ဝဲ အိပ်နေမြဲလော့၊ ကဲ့လွဲငုံ့တုံ မှောက်စုံ ပက်လက် မအိပ်စက်နှင့်၊ ကိုယ့်ထက်မှုယူ မြတ်သည့်သူကို အတူနှဲ့ယှက် အိပ်ဖက်မပေါင်း၊ ဟောင်ဖောင်းအနောက် မြောက်သို့တူရှု ခေါင်းမပြုရာ ရှေ့ချက်နှာနှင့် ဘောင်ညာမင်းစင်း ခြေရင်းမပြု၊ ခုလုထစ်ခွင့် နိမ့်မြင့်

စောင်းထောင် မာခေါင်ကျောလွန်း ကြမ်းစွန်းဖျားနား မိုးတားရံကာ လွတ်ရာမှာလည်း။ ။ရှောင်ပါအိပ်ခင်း-လွတ်ရှင်းရှင်း”။

## မနေရာအပ်

၃။ “အသက်အရှယ် အနွယ်အမျိုး အရိုးအရာ ကိုယ်ထက်သာသား ဂုဏ်ဝါစိုးမြောက် သူ့ကို့မှောက်ဝယ် ရှေ့နောက်စူးဘူး မြင့်ဖြူးလေညာ နီးစွာဝေးလွန်း မစွန်းချောက်ပြက်၊ ချုပ်ဆစ်နှင့် ကျစ်လစ်လှစေ၊ တင်ပျဉ် ခွေ၍ လက်ချိုးကားယား နံပါးရည်နဲ့ စောင်းလှဲနောက်ပိ အုံးမှီ လက်ထောက် ခြေထောက်ဆောင့်ကြောင့် ဒူးထောင်လက်ပွေ့ မထိမဲ့လျှင် မနဲ့မကိုင်း ခိုင်းဘိုင်းကျားဘား မပြားမောပ် မနေအပ်ရှင့်၊”

## မရပ်ရာခြား

“မရပ်သင့်ရာ ရှောင်ခွင့်မှာမူ လောကာမိပ္ပ ပြည့်မသခင် ရှင်မိဖုရား သားတော်သမီး ဝန်ကြီး, ဝန်ငယ် မင်းနွယ်စိုးဆွေ ယှဉ်နေနီးစပ် ဆက်ကပ် ပွဲလမ်း မင်းခမ်း ဆောင်ရှက် စားခွက်စားယောက် အပါးရောက်က မလျောက်မပေ မျက်သက်ဦးစိုင်း မကိုင်းမပျပ် မတွားဝပ်ပဲ မရပ်သင့်ချေ ရပ်မိလေက မင်းဒဏ်ကြ၏၊ မိဘဆရာ ပညာဂုဏ်ဖြိုး သက်ကြီးရွယ်လွန် ကျင့်မှန်မဖောက် ရဟန်းမှောက်ဝယ် ချစ်ကြောက်ကြည်ညို အရှိအသေ အချေအငံ ညွတ်ကျိုးနွံမှု အာသံမှက်ကြိုး ဆုပြည့်ပြိုးအံ့၊ မိုးတိုးမားတား မပြားမပျပ် မ ပ်မကိုင်း ခိုင်းတိုင်းကြမ်းတမ်း အမှန်းမသိ ဒိဋ္ဌိမှုကျင့် မရပ်သင့်သည်၊ ။ဖြစ်လွင့်လွတ်ကင်း-ကြဉ်ရှောင်ကွင်း”။

## မသွားရာအပ်

၄။ “စိုးမင်းသခင် အရှင်ပိဘာ ရွှေသို့ကျသော် ကုန်းကွတုပ်ပျပ် နိပ်ဝပ် ညွတ်ထိုင် နောက်ယိုင်ရှောင်ရှား သွားမူလာမူ ယဉ်နုလှစေ အခြေကြမ်း တမ်း ရှေ့မသန်းနှင့်၊ ရိုးနန်းမင်းအိမ် ဆိပ်ငြိမ်ဂက်ဓတာ် ခေါ်သည့်အခိုက် တိုက်ရိုက်သွားနား မကြားစေလို ထိမ်ဝှက်သို့၍ ပြောဆိုသည့်ခိုက် ထိုက်သိုက်

ချီးမြှောက် စားသောက်ဖွယ်ရေး တည်ကျွေးသည့်ခိုက် မွှားမိုက်ကျေးကျွန် အပြစ်ဝန်နှင့် ဒဏ်ရှိသူအား ထားသည်ရပ်မြေ ဖုတ်တစ္ဆေနှင့် ကင်းမြွေ ထူထဲကျားရဲသစ်ရွှးဘီလူးရှိရပ် ပေါ်လျှပ်ကောက်ကျစ်မှုညစ်သူမ်းဆိုးသူခိုး ဖမ်းရာ ကန္တာရတော မြစ်ကြောနက်ကျယ် ပင်လယ်သမုဒ် သတ်ပုတ်တွန်း လှန် ခိုက်ရန်တွေ့ပွဲ ငြင်းခုံဆဲနှင့် သောင်းသဲစည်ပင် ပွဲသဘင်သို့ သွား ချင်မှုသာ မသွားရာတည့် ကြမ်းမှာခြေနင်း မပြင်းညံ့သက် လွန်ဖြည်း ညက်စေ ညဥ့်နက်မှောင်မည်း ကယောက်ထည်းလည်း တင့်ရည်းမေ့သွပ် မသွားအပ်သည်။ ။ကြပ်ကြပ်ဝမ်းတွင်း — မှတ်သွတ်သွင်း။"

## မဝတ်ရာကျင်

၅။ ရှောင်ပါစေချင် အဝတ်တွင်လည်း မစင်မကြယ် ရှုံဖွယ်စက်ဆုပ် မည်းပုပ်မွဲပြာ စာမခြေသေး ဖွပ်ဆေးမလျှော် ညှီစော်မြွေးသမ်း ဟောင်းနွမ်းစုတ်ပြတ် ညှိုးညစ်ပတ်က ဖဝတ်လေရာ ဥစ္စာရွှေငွေ ဆန်ရေ စပါး ကျွဲနွား ယာလယ် လိုမယ်မတာ စိတ်တိုင်းကျလုက် ကြွယ်ဝပြည့်စုံ ကုံလင့်ကစား စိုးမင်းလားသို့ သောက်စားသမှု ဝတ်တုမမူ၊ ရှေ့ရှုနောက် ချင့် ကိုယ်နှင့်အင်တန် သင့်အောင်ဖန်၍ ခန့်ရန်တော်ရာ ကောင်းမြတ် ပါလည်း စိတ်မှာချင်ချင် မရှိလျှင်မူ မဆင်ဝတ်သင့် မိုးမြင့်ကဲကျူး ဝတ် ထူးစားဆန်း ပွင့်လန်းရောင်ဝါ ယဉ်ကျေးစွာကို ချိန်ခါမဲ့ပဲ မဝတ်လဲနှင့် တွဲလွဲများလျား ဖားရားမြေထိ ရှေ့ငြိနောက်ကျ ခြေချဖဝါး နင်းသွား မသာ ဝါဝါကားကား ကြွားကြွားဝင့်ဝင့် ဝတ်သဖြင့်လည်း မတင့်တယ်ရာ ဓမ္မတာလျှင် လမ်းသာကြွလွယ် ညာဘယ်နောက်ရှေ့ ညီစေ့လျှဥ်လျှဥ် မယဥ့်မတောင်း ဆင်ဝတ်ကောင်းသည်။ ။ကျိုးကြောင်းပြစ်ကင်း—မြွော် ရှုတင်း။

## မဆင်ရာများ

၆။ တန်ဆာပလာ ဆင်ဖွယ်မှာလည်း ရတနာရွှေငွေ လွန်မြတ် စေလော့ အနေဆုတ်ယုတ် ခါမဟုတ်က ဖော်ထုတ်ပြုပြင် မဆင်ယင်နှင့်

ဆံကျင်ဆံထိုး ခါးကြိုးဦးစောက် လယ်ကောက်ယက်ကြပ် ယက်စွပ်နားပန် ပန်းမောက်ခြေကျင်း ရွှေဖိကွင်းလည်မှာ ဆင်တန်ဆာလည်း ကာလာ ဒေသ နေ့ညမှတ်ကြိုး အမျိုးအနွယ် အရွယ်အသက် ချင့်တွက်ယုတ်မြတ် ဆင်ယင်တတ်မှ ဆင်ဝတ်သ၍ သူ့စိတ်တွေ့၏။”

မစားရာမြောက်

ညဉ့်နေ့မခြား မစားရာမြောက် စားခင်းမှာတုံ ရသာ်ထွေပြား မြိန် မြတ်ငြားသည်း စားမကြူး ရာ ပူဆာစပ်ငန် ချဉ်ဖန်ချိုခါး ထွေထွေစား လည်း သုံးပါးဥတု မြှော်ရမ်းရှုလော့ မှီခုတစောင်း အိပ်လျောင်းဝပ်စင်း ခြေဆင်းပေါင်ထောင် ဆောင့်ကြောင်မတ်စောက် တောင်မြောက်ကြည့် ကွက် ရယ်လျက်သွားလျက် နှစ်ဘက်ပါးနား အံစောင်ဝါး၍ မစားလေသင့်၊ ကော်လွှင့်ခဝုံ့လှန် ကျောက်ကန်ပုက်ခတ် ကိုက်ခဲတတ်သည် သတ္တဝါ သား မသွားမဆူ သိုးအူသုပ်လောင် ညှီဟောင်သမျှ မစားရသည်။ ။ နေ့ညမကောင်း–ကြဉ်ရှောင်မင်း”။

မသောက်ရာမှု

၇။ “မသောက်အပ်ထွေ ရှောင်ပါလေလော့၊ မေရယငါး သုရာငါး နှင့် ပိုးမွှားလောက်ကျိ မြူတိနောက်ထင် သန့်စင်မကြည် ရေကိုသည်လည်း ချုပ်ဆည်အာသာ မသောက်ရာတည့်၊ ဘယ်ညာလွှဲလက် ရေခွက်ဖလား လက်ဝါးပြောင်းပြန် ကိုင်ဟန်လှန်မှောက် မသောက်ပြန်ရာ ဟင်းမှာရေ ထုတ် ဟင်းချွတ်ရေကို မပျိုလေထိုက် မကျိုက်လေအပ် သတိကြပ်လော့၊ ရှစ်ရပ်ဓမ္မာချည် ဆိုကြည်ထောပတ် မြုံနှမ့်မြတ်လည်း ကြိုက်တတ်သော အသား လျှာကိုဟာ၍ မချားစေရ သင့်ရုံမျှသာ သောက်လေရာ၏၊ စာနာ ခန့်ချိ မျက်စိအချင့် ဝမ်းအချင့်ဟု ယခင့်ဝေါဟာ ထင်ရှားစွာနှင့် ဤသုရာ သောက်ဝယ် ပြစ်ခြောက်သွယ်ကား လိုမယ်မရ ရှိမျှဥစ္စာ ပျောက်တတ် စွာ၏၊ နူက်သာလက်လွန် ရန်လည်းနိုက်ထိ ပွားတတ်ဘိ၏၊ မျက်စိသီဝေ လက်ခြေဟုန်ယင် မဝင်ဝမ်းတွင်း ယမင်းမစား ရောဂါများ၏၊ ပြစ်သား ဝင်ဝင် လူရှင်ကဲ့ရဲ့ သတင်းမဲ့၏၊ ရှက်ပွဲအရာ ကျောက်ခင်းမှာလည်း အင်္ဂါ ကိုယ်လုံး မပုံးလှမ်းနိုင် စုံကိုင်ကျူးပြစ် စိစစ်မမြင် ဆင်ခြင်မရှိ သတိပညာ လျော့ညံ့မှုသည်။ ။မကြာလက်ငင်း–မျက်မှောက်တွင်း”။

## သက်သေအညွှန်းများ

၇။ "စေ့ရေစေ့ရေ ဖြစ်ဘူးထွေကို သက်သေတံဆိပ် ပုံတော်နှိပ်အံ့၊ မအိပ်သီးစောက် တောဆင်ပေါက်နှင့် မိုးသောက်ကြက်တင် နေဝင်ကောက်လှန်း ဥဒါန်းဖြစ်လေ ဆရာစေသား ထင်းခွေတပည့် အိပ်ကြူးသည့်ကြောင့် မပြည့်လိုအင် မျက်စိပင်တည့် မမြင်မှဲ့တေ ဆုံးဘူးချေ၏။ တထွေစံတည် လှည်းကုန်သည်ဝယ် ရွေးတည်သမား အအိပ်များ၍ လှည်းသားအားလုံး ရှေ့ငတ်ထုံးလည်း ယူကျုံးဖွယ်သာ အနေမှာကား ရတနာစိခက် နေရာထက်ဝယ် တကဲသက်နေမိ ပညာရှိလျက် သတိယွင်းလပ်မင်းဒဏ်ကြပ်၏။ မရပ်ရာဘိ ရပ်မှားမိသည် ဘူရိဒတ်ဝယ် ဒ-လမှာယ်သည် ဆိပ်စွယ်ထိလွှမ်း လူရည်နွမ်း၏။ ထုတ်သမ်းခရီး မသွားဆီ၍ ပျက်စီးတိမ်မြုပ် ခန္ဓာချုပ်သည် တရုပ်ခြေးမင်း တိမ်နင်းပျံသန်း ရှင်ကန်းမလှင် ပုံပြင်ထူရှည့် ပြည့်တန်ဆာထံ ဆွမ်းရပ်ခံသည် ရှင်ပျံတို့မှ ဈာန်လျှောကျ၏။ စံပအဝတ် ယွင်းမှားချတ်သည် ဒွတ္တပေါင်မင်း ဆင်ခြင်းမရုံ နန္တာသူရိယ ပျောက်ပဆုံးပါး စားစရာမှာ မန္ဒဟာနှင့် ဇူဇကာပုဏ္ဏား ဆင်သားစားဆွေး သောက်မှားရေးမူ သဒွေးကြီးသား သားစားပြည့်ရှင် တပင်ရွှေထီး ထုံးစံမှီး၍ ပျက်စီးသည့်ဘေး ဝေးကမြော်မြင်ရှောင်စေချင်သည်။ ။ဆံမြှင်မှူညွှင်း—မလစ်ဟင်း။"

---

## ဒုတိယပိုင်း

၉။ ပြည်ကြီးအရှင် ထွဋ်သခင်ကား လူတင့်ခေါင်ထိ သမုတိဟု မည်ရှိနတ်စစ် မြတ်ဆုံးဖြစ်ရှင့် ကြောက်ချစ်မပြု မင်းကိုတု၍ အမှုအလှည့်အကြည့်အကြံ အသံအသက် အလက်အခြေ အနေအသွား အစားအဝတ်အမှတ်အဆင် အရှင်အရယ် အခြယ်အဆင် အသွင်အမာန် အဖန်အလိမ်းရာခပ်သိမ်းကို ကြောက်ကြိမ်းရန်သွယ် စိုးမင်းနှယ်လျှင် ရည်ရွယ်ဖက်ထွေမပြုပေနှင့် တွေဝေမိုက်မှား နာဖျားညည်းဆဲ ဆင်းရဲပူပင် ကြွေးတင်မြီများ မင်းခစားဟု သည်ငါးယောက်လျှင် မသေခင်က အပင်မတည်သူသေမည်ဟု စဉ်ရှည်ရွေးက ဗျာသပုဂ္ဂိုလ် ဟောခဲ့ဆိုရှင့် မင်းလိုလိုက်

ညွှတ် ခစားတတ်မှ မှူးမတ်ဖြစ်ရာ သည်ကိုစာ၍ မျက်နှာမူနည် ရိပ်ခြည် ခွင့်လမ်း မင်းရိပ်ဖမ်းလျက် အကြမ်းသည်မူ အနုသည်မှာ အသာသည့်ဝင် အတင်သည်ကို သည့်နှယ်လိုဟု စွဲဆိုသတ္တိ မှတ်သိကျွမ်းကျင် ပြုစီရင်မှ ကုံထွင်သပ္ပ အရာကျသည်။ ။မင်းခစားရေး–မျက်ချစ်ဆေး။

၁၀။ ပတ္တမြားနှင့် ဂုဏ်ဉာဏ်ကိုယ်နှုတ် ကိုယ်အေးသက်ယုတ်နှင့် ပြေးဆုတ်နောက်လံ ကြောက်ရွံတတ်လှ အနည်းမျှကို ကိုယ်ကအမျှား အောင်ပါ ငြားသည်း ယောက်ျားဗာနည် ဘယ်မှာမည်ချိမ့်။ အရည်သာငြား အများကိုပင် အောင်ပါမှုလည်း အရှင်ကျေးဇူး ပျောက်ထိမ်မြူးက ညစ်ညူး မည်ပင် ဘယ်ဂုဏ်ဝင်အံ့။ အောင်မြင်ပြီးလျက် စုံမက်ပဲ နှိပ်စက်တောက်ဆတ် ညှဉ်းပန်းတတ်က သူမြတ်မှုနည် သုံ့ဖြစ်သည်ကြောင့် မည်ရည်နေရာ ကိုယ်ထက်သာနှင့် ဗိုလ်ပါစစ်သည် ရှေတည်နောက်သွား ကိုယ်ထက်များကို ထိပါးပူးဆိုင် သူ့ကပြိုင်ယည်း အောင်နိုင်တတ်ပေ ပလေလက်ခြား အရှင်အားလည်း ဝံ့စားမရှိ ကျေးဇူးသိလျက် သတ္တိခိုင်ပြီး အောင်နိုင်ပြီးလည်း နှိပ်စက်ညှဉ်းဆဲ မောင်းမဲမဆို ချစ်ကြည်ညိုအောင် သင်္ဂြိုဟ်လေးသွယ် ယောက်ပံ့ဖွယ်သည်။ ။မှတ်ရှာနောင်ရေး–ပိုက်သိမ်းမွေး။

၁၁။ ကိုယ်ကျိုးပြောပါ လူလိမ်မာတို့ ပညာလိုလျှင် မဆန်ငြင်းနှင့် အငြင်းကြီးလစ် ခုက်ရန်ဖြစ်၏။ အနှစ်ဘဏ္ဍာ ဥစ္စာလိုလျှင် မပုံပျင်းနှင့် အပျင်းကြီးလစ် သူ့ကျွန်မြဲ၏။ ရေးပြစ်နောက်ထား စကားဆိုလျှင် မမာတင်းနှင့် အတင်းကြီးလစ် ပြတ်သည်ဖြစ်၏။ စီစဉ်ဆင်ခြင် အသွားတွင်လည်း နှေးလျှင်နောက်ကျ မြန်ကရှေ့ရောက် ကြံတိုင်းမြောက်၏။ စားသောက်ရှယ်တွင် မနေးလျှင်နောက်ကျန် မြန်လျှင်လမ်းထောက် ရေးရောက်၏။ သေးပျောက်ရန်ထိမ် ယာယီအိမ်ကို ချမ်းငြိမ်မြဲသ မခိုင်စေနှင့်၊ သက်ဝေကြည်ညို မယားကိုလည်း မမြဲမသော မနိုင်စေနှင့်။ ပျော်ပြေစိတ်ငြိမ်း အသိမ်းကိုလည်း မှုံးစည်းအုပ်တွေ မပိုင်စေနှင့်။ အိမ်နေမယ်ညီ မယားကိုလည်း မြဲသိမှတ်ကုံ မယုံသင့်ဘူး။ သွေ့ထူးမြန်းပုံ သူ့ကိုတုံလည်း

မဆုံသင့်ဘူး။ စိတ်ဆူးမှုန်ဆန် သူရန်တွေ့ပွဲ ငြင်းခုံဆဲ၌ စုသဲဝန်းရုံ မအုံသင့်ဘူး။ ဆန်းထူးပုံရှာ ဥစ္စာလိုက မင်းမိန်းမတို့ ညွတ်ခဦးတင် မိမိလင်ကို ချစ်ခင်မြတ်လေး—သိမ်းလုပ်ကျေး။

၁၂။ ရတနာသုံးပါး ဘိုးဘွားမိဘ ဆရာသခား လောကအမှတ်ကိုးရာနတ်ကို မမြတ်လေးဘဲ မဖြစ်လေနှင့်၊ ရပ်နေဝေးနီး ခရီးသွားရာ ဥစ္စာရှာလည်း သစ္စာလွဲချော် သူမတော်ကို မခေါ်လေနှင့်၊ ရေမြေစိုးခြင်း မင်းတို့ရှေ့မှာ ဇာတ်ပညာကို အခါမဲ့တွေ မဖော်လေနှင့်၊ သားရေညစ်ငြိမ်း ပွဲလမ်းသဘင် ကြည့်ရှုရှင်၍ စိတ်လှင်ပျံ့ပျော မပျော်လေနှင့်၊ နှုတ်ခြေကြော့ကြမ်း လူယုတ်သွမ်းကို ကြင်ကျွမ်းမိတ်ဆွေ မတော်လေနှင့်၊ ကျည်းသေနက်သတ် ထိတ်လျှိုခတ်ထား မိန်းမအားကို ပြစ်မှားကြူးထွေ မချော်လေနှင့်၊ ပုံသေမှတ်ဖွယ် အကျဉ်းသွယ်သည်။ ။အကျယ်စိစစ်—သိမည်ရေး။

၁၃။ ထမင်းစိမ့်ဆပ် မနပ်သောခါ အစာမကြေ ရေမအောင်မျိုး ခေါင်ပျိုးမပေါက် ရှေ့နောက်မမြင် ဉာဏ်အင်နည်းပါး စကားမတတ် မျိုးဇာတ်နွယ်မြစ် မစစ်သည့်သား ကျင့်သောကား၏။ ထောင်ထားမှီတင် ငြိမ်းကောက်လျှင်လည်း ဝါးပင်ဖြောင့်ခဲ ကောက်လေမြဲတည့်။ တွင်းထဲရေထွက် ငန်ပေါ့ပျက်က ခပ်ခွက်ရေညှိ မချိုသောက်တုတ် ငန်မြဲဟုတ်၏။ ချက်ပြုတ်သြဇာ အိုးရသာနှင့် ခွက်မှာဆူးထား မထူးခြားတည့် သင်ကြွားကျန် နည်းပြဆရာ ပညာမင်း မကုံထံက နည်းခံတပည့် ပေါ့သွား၏ရှင့်။ မတည့်မတ်စောက် ရှေ့နွားကောက်က နွားနောက်ပါကျန် လမ်းမမှန်တည့်။ မှုန်စိုးပိုင် ချုပ်ကိုင်ကြီးမား မတည့်ဌားက ခေါင်းသွားမြီးပါ ပွဲခွါဦးမျှော ငှက်ပျောပင်စိုက် နောက်လိုက်ယ်သား ချွတ်ယွင်းပါးသည်။ ။တရားကျင့်ရေး—မယဉ်ကျေး။

၁၄။ မတင့်တယ်ရာ လူတို့ရှာတွင် လဝါမဲ့ညဉ့် လျှဉ့်လျှဉ့်ရှက်ဖြာ ရွှေကြာမဲ့ရေ ဝဲခဝသိုက်ဆိုး တံပိုးမဲ့မြစ် လညီရက်နဲ့ကာ ဟင်းဆားမဲ့ကန် တံခွန်မဲ့ဌား စက်ရသားနှင့် ခိုးပွားမဲ့ခါး ဖျက်ဆီးဖြတ်ပယ် အစွယ်မဲ့ဆင် လင်မဲ့မယား တရားမရ လုံ့လမဲ့လူ အယူခစောင်းရွဲ့ ကျင့်မဲ့ရဟန်း ထီးနန်း

ကျိုးပဲ့ မင်းမဲ့ပြည်ရွာ ကုန်ခြောက်ရှပ်ဖွဲ့ ထိန်းမဲ့ချည်ခင် အရှင်မဲ့ကျွန် ဖျားစွန်
နုံနဲ့ ကွပ်မဲ့ငါးကြမ်း ပရမ်းပတာ မဖွယ်ရာသို့ ရှေလာနောက်တိုး အကျိုး
အကြောင်း ဆိုးကောင်းမြတ်ယုတ် ဟုတ်မဟုတ်ကို ရွေးနုတ်တိုင်းတာ
စိတ်ပြာခဲ့ခြမ်း စုံစမ်းရှင့်ငဲ့ ဆင်ခြင်မဲ့က ပြည်ထဲ့သနင်း ထိုသည်မင်းလည်း
ပေါ့ပျင်းယုတ်မာ မကောင်းစွာရှင့် ပညာရှိများ မင်းခစားတို့ ဆန်းပြား
လိမ္မာ အရာရာကို။ ။ရွှေပါနောက်တွေး–ကြံဆွေးနွေး။

၁၅။ သုံးပါးတသီး ရယ်ငြင်းကြီးကား ဇနီးအိမ်ရှင် မိမိလင်လည်း
ချစ်ခင်သောအား သမီးသားကို ပိုက်ဖြားအားရမ်း ချီရှုတ်နမ်းသော်
မယ့်ဝမ်းဂမ္ဘီး သူမျိုးသေးကို အလေးတမြတ် သင့်သားမှတ်၍
လှည့်ပတ်ဖက်ချီ နမ်းလေ ပြီဟု မသိမလေး အသွမ်းသေး၍ အဝေးမျက်ကွယ်
မယားရယ်၏၊ ငါ့လယ်ငါ့ယာ ငါ့ မြတာဟု ဥစ္စာခင်မင် ဆိုပြန်လျှင်လည်း
အရှင်မဲ့ပါ ငါတို့မှာကား ကမ္ဘာမကြေ မချင်းနေ၏၊ အောက်သွေယွင်းယို
ထင်တို့ကိုယ်မှ လိုမပိုင်ပဲ ဖွယ်သရဲဟု ကျိန်ဆဲသောနှယ် မြေကရယ်၏၊
ငါ့ဝယ် ငါ့ရွှေ ငါ့ကြေးငွေဟု စိတ်စေကြည်သာ ဆိုပြန်ပါလည်း ကြမ္မာ
ဆော်တိုက် ကောင်းတော်ခိုက်ကို ညှော်ဆိုက်မျှသာ တဲခိုပါရှင့်၊ ငါးပြာ
ရန်သူ ယူလှည့်တို့ပါ သေမင်းခါလည်း သင့်ရာအလျောက် တို့ရောက်
သည်ပင် တို့အရှင်လျှင် ဖြစ်ချင်လွန်းလှ လွန်မင်းစွဟု ဒေါသချီချယ်
ရွှေ,ငွေ ရယ်သည်။ ။ သုံးသွယ်ရယ်ဆေး–ပျက်သွမ်းသွေး။

၁၆။ ဆယ်ပါးရယ်ဖွယ် မှတ်ကြောင်းသွယ်ပိမ့် ဉာဏ်ကျယ်ပါလျက်
ပဲ့လယ်ချက်ဝယ် နှုတ်ထွက်သွင်းပါး ဆိုဖွင့်မှားအံ့ ခစားသူမှာ သူလိုရာသို့
လိုက်နာရလျက် မာနတက်အံ့၊ လက္ခဏာမဲ့ ချိုတဲ့ဥစ္စာ ဆင်းရဲစွာလျက်
ဏာမဂုဏ်မှ ဂုဏ်လုပ်အံ့၊ ဖြိုးထူထပ်ပွား ဥစ္စာများလျက် မိုက်အားပုံးလွှမ်း
ပေးကမ်းအံ့၊ ငြိမ်းချမ်းသာယာ နေရပါလျက် သူမှာမှီနေ စားလေအံ့၊
သားရေလျော့ပါး အိုလှည့်ငြားလျက် မြစ်နားကမ်းလျှို မှီနေခိုအံ့၊ ရန်ပြို
ပယ်လစ် ပြည်ရှင်ဖြစ်လျက် မှုညစ်ဆိုးနွမ်း မှုးမတ်သွမ်းနှင့် ချစ်ကျွမ်း
ဝင်စင် ရေးတိုင်ပင်အံ့၊ သနင်းစင်နှယ်ဇာတ် မျိုးရိုးမြတ်လျက် ဧတတ်မသင်
နားဝင်မကျွမ်း လော်လီသွမ်းအံ့၊ မနွမ်းဂုဏ်အင် ယောကျ်ားစင်လျက်

ချစ်ခင်စိုးပိုင် မယားနိုင်အံ့၊ သုံးဆိုင်ဗေဒင် ကုန်စင်မြောက်များ ထုံးနှယ်ထွားသည် ပုဏ္ဏားဖြစ်လျက် အကျင့်ပျက်အံ့၊ကန့်ကွက်ခြားနား ဤဆယ်ပါးကို အမှားလူတွင် ရယ်ဖွယ်ဆင်သည်။ ။သည့်ပြင်ရယ်ဆေး – ရမည်ဝေး။

---

## တတိယပိုင်း

၁၇။ မကြီးရာသည် ဆယ်ပါးမည်ကား ချုပ်ဆည်မဲ့သီး မာန်စောင်ကြီးက ဝေးနီးလူသူ မကြည်ဖြူ၍ တူ မခေါင်းဖော် အိုအောင်သော်လည်း ညှိုးလျော်ညစ်ပတ် ဆင်းရဲတတ်၏၊ ငတ်မွတ်စသီး အစားကြီးက ဝမ်းနှိုးလေခတ် ပျက်စီးတတ်၏၊ ကတ်သတ်ခဲသတ် ရမွက်ပိတ်ဆီး အလိုကြီးက ကိုယ်ထီးသာတည်း အရနည်း၍ လက်ချည်းဆတ်ဆတ် ဖြစ်တတ်တတ်၏၊ ဝန်းပတ်ရံဆီး အဆောင်ကြီးက ချည်းနှီးဥစ္စာ ရှင်းကွာပြတ်သတ် နည်းပါးတတ်၏၊ ရေရွတ်တိုးတီး နှုတ်ခွန်းကြီးက အနီးအဝေး လူဗိုလ်လေးစုံ မလေးမမြတ် မုန်းထားတတ်၏၊ မညွတ်မစင်း မာပြင်းခိုင်ဖြီး နှလုံးကြီးက ဝမ်းမီးလောင်ဆာ အနာဥပါဒ် ဘေးတွေ့တတ်၏၊ ဟောက်ဆတ်စိတ်စက် စဉ်းမျှထွက်လည်း ရင်လက်ခတ်ဘီး စဉ်းလဲကြီးက ဖိုစီးနာကျင် ကိုင်ငင်ရိုက်ပုတ် သားစုတ်ရေပြတ် ရန်တွေ့တတ်၏၊ ယုတ်မြတ်မဆီ ကိုယ်ကိုမြှောက်ချီး လင်္ကာခြေကြီးက ဖမ်းဆီးချည်နှောင် ခြံလှောင်ထိတ်ခတ် ခံရတတ်၏၊ လှည့်ပတ်ပိုက်ဆီး စကားကြီးက ရင်းနှီးပစ္စည်း လျော့နည်းကုန်ပြုတ် ရှေပါးတတ်၏၊ စိတ်လွတ်လျော့ရမေ့ ညဉ့်နေ့မသိ အအိပ်ကြီးက ခရီးမတ်လတ် ရန်တွေ့တတ်သည်။ ။မချွတ်မှန်လှ – ကေန္တ။

၁၈။ မငယ်ရာသည် ဆယ်ပါးမည်ကား ရှင်ရည်နွမ်းနယ် မျက်နှာငယ်သော် ပွဲလယ်မဆံ့ မန္တံညာဘယ် အကြံငယ်သော် ရေးကျယ်မဆံ့၊ များနှံ့ပေါ်ယယ် အရေးငယ်သော် ကြံကျယ်မဆံ့၊ လောက်ငံ့မကြွယ် ပညာငယ်သော် နည်းကျယ်မဆံ့၊ မဖွံ့မကြွယ် အမျိုးငယ်သော် ဆွေနွယ်ရုံးပေါင်း သူကောင်းမဆံ့၊ ခုတ်အံ့ရှယ်ငှယ် ဓားသွားငယ်သော် တောသွယ်မဆံ့၊ ကူးအံ့သွယ်လှယ် လှေတက်ငယ်သော် မြစ်ကျယ်မဆံ့၊ မပျံ့ပျူးဖွယ် မြစ်ဝှမ်းငယ်သော် လှေကျယ်မဆံ့၊ လောက်ငံ့မကြွယ်

ပညာငယ်သော် ပွဲကျယ်မဆံ့၊ တည်အုံမှတ်ရွယ် မြို့ပြငယ်သော် လေးသွယ် အင်္ဂါ ဗိုလ်ပါမဆံ့၊ အလံများကြွယ် ဗိုလ်ပါငယ်သော် မြို့ကျယ်မဆံ့၊ ဖြစ်လေအံ့သည်။ စေ့နှံ့စိတ်က–ကြံဆုံးဆ။

၁၉။ မယုံရာသည် ဆယ်ပါးမည်ကား မြိုင်စိုရဂုံ တောကိုယုံသော် ဘေးကြုံသော့အား ထိပါးရှု့နှ သေတတ်လှ၏၊ ငါပမှတ်တုံ ကိုယ်ကို ယုံသော် မစုံမစေ့ အကြံမေ့၏၊ ပျော်မွေ့ရောင်းရင်း ကစားချင်းကို စင်းစင်းမှတ်တည် မြဲယုံကြည်သော် ကြိုးချည်ထိတ်ခတ် ခံရတတ်၏၊ လှည့်ပတ်လာကုံ ကုန်းကိုယုံသော် ငြင်းခုံခိုက်စစ် တရားဖြစ်၏၊ အချစ် အခင် ယုံချေသျှင်သော်း လောင်လင်မျက်ငွေ့ ခိုက်ချန်တွေ့၏၊ ဓလေ့ မပြတ် ကိုယ်အတ[illegible]ကို ယုံမှတ်လျှင်လည်း ပူပင်လှိုက်ဝေ့ ချမ်းသာ ရွေ့၏၊ ရေမြေ့သနင်း မင်းကိုယုံသော် ပည်းပုံဖြိုးလွေ့ မင်းမျက် တွေ့၏၊ ညဥ့်နေ့မြော်ရမ်း သူပေးကမ်းကို အငမ်းချချ ယုံလွန်းကလည်း ဒုက္ခလွေ့လော့ ဆင်းရဲတွေ့၏၊ ညဥ့်နေ့လှည့်လည် ခိုးစားသည်ကို ယုံကြည်လျှင်လည်း ကံနည်းသက်စေ့ ဓားလှံ့တွေ့၏၊ ဆိုလေ့တည်ကြား သူစကားကို ပြတ်သားမှုချ ယုံလွန်းကလည်း တရားသခင် ဖြစ်တင် မောင်အဲ ဆိုဆဲရွှေရှုတ် ခံရတတ်သည်။ ။ပြတ်ပြက်မှုချ–မယုံရ။

၂၀။ ချစ်ကြင်ရာသည် ဆယ်ပါးမည်ကား သွေးချည်ခင်နှစ် သားကို ချစ်က ကျိုးပြစ်ပြသ သုံးမနိုင်စေ အိမ်နေမယား ခင်ပွန်းအားကို ရှုစား ကြင်ကျမ်း ချစ်ရည်လွှမ်းက စုံစမ်းမြော်တင်း စိုင်းပြင်းနိုင်စေ၊ ရှိသေ အပ်လှ မိနှင့်ဘကို ဒေါသပြစ်ငေး ချစ်မြှတ်လေးက ပျော်ကျေးတမှု မွေးမြူကြည့်ရှု ပြုစုနိုင်စေ၊ ရှင်ကျောင် မင်းကိုချစ်က ပုဆစ်တုပ်ပျပ် မြဲကြပ်ထံပါး ခစားနိုင်စေ၊ တွက်ရေရှည်ကြာ သံသရာကို မေတ္တာ ပျောက်ပုံ ချစ်ပန်းပျံ့က နှုးညွှံ့နိုင်စေ၊ ကျွန်ခြွေရှေကို အသေအချာ ချစ်ကြင်နာက ဥစ္စာပေးကမ်း မုံးလွှမ်းနိုင်စေ၊ ပေါ်ရွှေသင်းပင်း အိမ်နီး ချင်းကို မရောင်းရင်းဆွဲလုံ မေတ္တာကျုံက သည်းခံနိုင်စေ၊ ဆွေခင်ပွန်းကို ချစ်ကြည်ညိုမှ ယွင်းယိုမရှိ သဘိပြစေ၊ မျိုးဆွေဘွိုအား ချစ်ကြည် ငြားက သွားလာတက်သက် ပေါင်းဖက်နိုင်စေ၊ ရေမြေကွဲပြား ရပ်ဝေး

သားကို ဆွေဝါးအရှည့် ချစ်အားပြည့်က ကြည့်ရှုမြှော်ငန်း ဆက်နှုတ်ခွန်းနှင့် မေးမြန်းနိုစ်စေ ခွဲဝေမှာထား သည်ဆယ်ပါးသည်။ ။ချစ်အားရှိက-မြလုံ့လ။

၂၁။ မရှိမသေ မထေလေးစား စော်ကားသမှု မပြုရာသည် ဆယ်ပါးမည်ကား လေးခြည်ဝါမြူး မြင်းမိုရ်ဦးသို့ ကျေးဇူးဆဆ ကြီးမြတ်လှသား မိဘတိုးဘွား သက်ကြီးအားလျှင် ပြစ်မှားကျူးထွေ မရှိသေက သရေမတက် ဂုဏ်ရည်ပျက်၏။ ငေါ်ငက်မချို အဆိုအမြည် နှုတ်ခြည်ဆိုးယုတ် ကြမ်းကြုတ်သောထွေ မရှိသေက ဗိုလ်ခြေဝန်းလျား သူတပါးသို့ စိတ်ပြားခွဲခြမ်း နှလုံးဝမ်း၌ ညှိုးနွမ်းသဖြင့် ပျက်လေနှင့်၏။ နိမ့်မြင့်စီလျှဉ် မြစ်ရေယဉ်ကို ပဲကြဉ်မသေ့ မရှိသေက လေ့လည်းပျက်စီး လေလည်းဆီး၍ ကမ်းကြီးမှလွတ် ဆုံးရှုံးတတ်၏။ အထွတ်သနင်း ရှင်စိုးမင်းကို ကြပ်တင်းစိတ်နေ မရှိသေက ပျက်ကြေခန္ဓာ ဆုံးတတ်စွာ၏။ အလာအသွား ကြိမ်များခေါက်ရေ မရှိသေက တစ္ဆေ ဘီလူး ကျားရှူး သစ်မျိုး သူခိုးဥပါဒ် တွေ့ကြုံတတ်၏။ အဝတ်အစား ပလွှားထိုင်နေ မရှိသေသော် အခြေလေးချောင်း ညောင်စောင်းအင်းပျဉ် သလွန်ယဉ်တို့ အစဉ်ကင်းပြတ် ဆိတ်ညံတတ်၏။ လှည့်ပတ်မြိုင်ခွင် သစ်ပင်သစ်ခက် ခုန်တက်ကျူးထွေ မရှိသေက လက်ခြေလျော့လွတ် ကျနတတ်၏။ ပြင်းခတ်ဝှန်လှိုင်း လေမုန်တိုင်းကို ရပ်ဆိုင်းတင်းနေ မရှိသေက အိမ်ခြေယိုရွှတ် ပြိုပျက်တတ်၏။ အမှတ်တင်တင် မီးကိုမြင်လည်း လှုံချင်သောထွေ မရှိသေက ဖြည်းလေလှုပ်ခတ် လောင်တောက်တတ်၏။ အားစွတ်စိုက်စိုဆင်မုန်ယိုကို မရှိမသေ ကျင့်မိချေက စိတ်နေကျုတ်ဆတ် ငှေ့နင်းတတ်သည်။ ။ဥပါဒ်တွေ့က—မရေဏ။

၂၂။ မသွားရာသည် ဆယ်ပါးမည်ကား လျားရှည့် မြင့်ခြင်း သွားလျှင်ပြင်းသား မြင်းကိုအားကိုး လွှားသော်ကျိုး၏။ မြတ်နိုးသောအား သားကိုချီပိုး လွှားသော်ဆိုး၏။ ချစ်ကြိုးရှည်လျား ကိုယ့်မယားကို လွှားသော်မတိုး ဥစ္စာညှိုး၏။ အကျိုးမများ ကျွန်ကိုလွှားသော် မြောက်မြားမာန်တိုး အပြစ်ပျိုး၏။ ဝပ်လျိုးထံပါး တပည့်သားကို လွှားသော်

ရွှေရိုး စားဦးခိုး၏။ လေမိုးဆီးတား အိမ်ကို လွှားသော် မုန်းထားမျက်ကိုး အိမ်နတ်ငြိုး၏။ ကျင့်ဆိုးရမ်းကား ဥစ္စာလွှားသော် ရင်းပွါးထမ်းပိုး ကြွေးမြီတိုး၏။ အန်ထိုးအန်ပစ် ကျားတံကျစ်နှင့် ကြွေပစ်ကြက်ဆ သေသ စိတ္တာ သုံးစားရာချွတ် ကျောက်မက်တိမ်မြုပ် ပဲဆုပဲဆီစား အလောင်း လွှားသော် ရှုံးများဖန်ဖန် အားအန်ဆတိုး နိုင်အားကြိုး၏။ သုမ်းဆိုး ညစ်ကျူ မကောင်းမှုကို မပြုသင့်ငြား ချီမြှင့်လွှားသော် လေးပါးပါယ်ဆိုး မျက်စောင်းထိုး၏။ မျိုးရိုးဂုဏ်အား ကိုယ်ကိုလွှားသော် သူများချစ်ဖွဲ့ ကဲ့ရဲ့မျက်ငြိုး ဒေါသပြိုးသည်။ ။ကောင်းကျိုးမရ—ဖျင်းပြောပ။

၂၃။ ရန်မပြုရာ ဆယ်ပါးမှာကား အာဏာထန်ပြင်း စိုးမင်းတို့အား ရန်ပြုမှားသော် နှောင်ထားပုတ်ခတ် ဘေးတွေ့တတ်၏။ မှူးမတ်စစ်ကဲ သူရဲဗိုလ်မှူး တပ်မှူး စစ်ကွပ် စစ်ကြပ်မှူထမ်း ရာထမ်းတို့အား ရန်ပြုမှားသော် ကြေထွားရိုပ္ပယ် ကွပ်ညှပ်ပြင်း၍ ချည်နှောင်တွေ့၏။ နောက်ရွှေ မြင်သီး သူကြီးကြေးကိုင် မြေတိုင်စခို အစိုးအရင် ရွာရှင်တို့အား ရန်ပြုမှားသော် ရပ်ခြားမြေရွှေ့ နှင်ထုတ်တွေ့၏။ညဥ့်နေ့ခတ်လည် မောင်းသည် တို့အား ရန်ပြုမှားသော် ထိပါးမျက်ငွေ့ ဆဲရေးတွေ့၏။ သိမ်းမွေ့ အာစာ ခေမာရည်မှန်း ဧဟန်းတို့အား ရန်ပြုမှားသော် လေးပါးပါယ်ငွေ့ ဆင်းရဲ တွေ့၏။အလေ့ဘာသာ ယုတ်မာကျင့်ရိုးကျွန်ဆိုးတို့အား ရန်ပြုမှားသော် လေးစားမထေ မရှိသေလျှင် ပြုလေတုံ့ရှ ကြံစည်မေ့၏။ ရေမြေ့တံခွန် မင်းကျွန်တို့အား ရန်ပြုမှားသော် လှည့်ပြားပတ်ကွေ့ ကုန်းတိုက်တွေ့၏။ ကြီးလေ့ဂုဏ မိဘတို့အား ရန်ပြုမှားသော် စကားလောင်ဝေ့ မှုရာတွေ့ ၏။ ရွှေငွေအတိ နက်ကိပြင့်ဧ သဌေးတို့အား ရန်ပြုမှားသော် တရားပြု၍ အလျော်တွေ့၏။ ကောင်းလေ့မဟုတ် သူယုတ်တို့အား ရန်ပြုမှားသော် စကားစမည် အရှည်အတို မရှိမသေ အထွေထွေလျှင် ပလေလွင့်၍ ကဲ့ရဲ့ တွေ့၏။ ချမ်းမြေ့ယှဉ်မှီး အိမ်နီးချင်းအား ရန်ပြုမှားသော် ရွာသား ရွာသူ ဦးမည်းပြုတို့ ငြူစူစောင်းမဲ ငြိုးငွေ့မြဲသည်။ ဆိုဆဲခံရ—မှန်မုချ။

၂၄။ အမျက်ကြီးရာ ခါယ့်လေးပြာကား ချမ်းသာရိပ်ငြိမ် နန်းစည်းစိမ်နှင့် ရန်နှိမ်ကိုးပါး မိုယ်းကြွီးသွားကြောင့် သိကြားအမျက် ဟူးဟူး

ထွက်၏။ အောက်ထက်ဆန်စုန် တောင်သံဟုန်ကြောင့် ဂဠုန်အမျက် ဟူးဟူးထွက်၏။ စက်ယန္တရား ခိုးလျှိမျှားကြောင့် နဂါးအမျက် ဟူးဟူး ထွက်၏။ ရန်ဘက်ဖျောက်ဝှေ့ ဟောက်တတ်လေ့ကြောင့် ခြင်္သေ့အမျက် ဟူးဟူးထွက်၏။ လက်နက်ဆင်မြင်း ဗိုလ်သင်းပင်းကြောင့် မင်းတို့အမျက် ဟူးဟူးထွက်၏။ အောက်ထက်ကျွန်ကျေး ရွှေငွေကြေးကြောင့် သဌေး အမျက် ဟူးဟူးထွက်၏။ မောင်းလက်ခတ်တီး အားအန်ကြီး၍ ထိုးက ပဏာ ဆင်းရဲသားတို့ မာန်အားအမျက် ဟူးဟူးထွက်၏။ မခက်ခဲထွန် အမှုပွန်၍ ကျေးကျွန်အမျက် ဟူးဟူးထွက်၏။ ဉာဏ်စက်နှံ့ဝန်း ကျမ်းဂန် မှန်း၍ ရဟန်းအမျက် ဟူးဟူးထွက်၏။ ရမ္မက်ကြီးမား လောဘအား ကြောင့် မင်းသားအမျက် ဟူးဟူးထွက်၏။ မစက်ဒေါသ ဆင်းရူပကြောင့် မိန်းမအမျက် ဟူးဟူးထွက်၏။ ဘုန်လက်ရုံးအား ကောင်းမြတ်များ၍ ယောကျ်ားအမျက် ဟူးဟူးထွက်၏။ လိုက်ဖက်ဆေးဝါး မန္တရားကြောင့် သမားအမျက် ဟူးဟူးထွက်၏။ လေ့ကျက်နှံ့ပြား ဗေဒင်အားကြောင့် ပုဏ္ဏားအမျက် ဟူးဟူးထွက်၏၊ စဉ်ဆက်မှတ်သား ဆဲ့လေးပါးသည်။ ။ တရားမရ–မျက်ဒေါသ။

---

## ●တုတ္ထပိုင်း

၂၅။ လုံ့လပြု၍ ညဉ့်နှင့်နေ့လျှင် မမေ့လျော့ရာ ဆယ်ပါးမှာကား ဒေဝါမိုးလ မကျမီခင် ပုံယင်များစွာ လူ့ဘာသာဖြင့် အိမ်ရာတဲအုံ အလုံးစုံကို လုံခြုံသေချာ ပြုလုပ်ရာ၏၊ ပြည်ရွာနဂိုရ် မပြိုမကွဲ ကရဲကသီ မဖြစ်မီက ပညာသီးများစွာ လျှုဒါန်းရာ၏၊ စိတ်ဖြာခန့်ထွက် အချက် ချက်လျှင် သူ့လက်ခြေဆီ မဝင်မီက ရှုအိုရှင်ဖြိုး အမှုမျိုးကို အားကြိုး ပြင်းစွာ ဆောင်ရွက်ရာ၏၊ မိုဃ်းခါနှင်နှင် မတိုင်ခင်က လုပ်ခွင်ယာလယ် ဟောင်းထက်ကျယ်အောင် ချဲ့နှယ်ဖြတ်ကာ တိထွင်ရာ၏၊ အူချားသည်း ကြား မိမိသားနှင့် ထိမ်းမြားအိမ်ကျ နှင်းလိုကမူ ချေးမပိပီ မဖြစ်မီက ချစ်ညီပြဲ့ပြ မိတ်ဆွေဖွဲ့၍ ရှင်ခဲ့စာနာ စုံစမ်းရာ၏၊ ဩဇာကြိုင်သင်း ထမင်းဟင်းတို့ ပွဲချင်းပြင်ဆင် မစားခင်လည်း အလျှင်ရွေးခါ ရေသောက် ရာ၏။ ပြစ်ဆာစွန်းငြိ စိုးတစိမျှ မရှိခင်ကြား သမီးသားကို ထိမ်းမြား

မင်္ဂလာ ပြုအပ်ရာ၏၊ အခါရာသီ မကြူးမိက ကြေးမြီသူငါ ပေးဆပ်ရာ၏၊ ရုပ်ဝါ၍အိ မကြီးမိက ဘယ်ဆီမချွတ် ကျင်းမလွတ်အောင် အတတ်ပညာ သင်အပ်ရာ၏၊ အုံးဖျာခေါင်းချ ဆံစလက်တင် မအိပ်ခင်က သုံးအင်ရတနာ ကိုးကွယ်ရာ၏၊ မျှားစွာလေ၁လဲ ကိုးကွယ်ပဲလျှင် ပျင်းစွဲပျင်းမူ အိပ်သသူ- အား လူမရှိညွတ် နတ်မနှစ်သက် ပြာပုံထက်ဝယ်။ ။သုနက္ခနှင့်·ပုံတူချင့်။

၂၆။ မပြုအပ်ရာ ဆယ်ပါးမှာကား၊ အင်္ဂါယွင်းချွတ် ကျွဲချိုပြတ်ကို ငိုက်ခတ်နှင်ကာ မထွန်ရာတည့်၊ မမှာအရင်း စပါးဖျင်းကို တောင်းတင်းချင်ကာ မရောင်းရာတည့်၊ ဥစ္စာကြွယ်ကို ငွေကြမ်းကိုလည်း လူဗိုလ်တကာ မသုံးရာ တည့်၊ တန်ဆာလက်နက် အသက်ရှိသူ သားဆူဟင်းလျာ ဆိပ်, သူရာဟု မိစ္ဆာမှောက်မှား ကုန်ငါးပါးကို စီးပွားလိုစွာ မသွယ်ရာတည့်၊ ဘယ်ညာ ယိမ်းယို မြင်းကြမ်းကိုလည်း စိတ်လိုလိုက်ကာ မစီးရာတည့်၊ မှန်အာစီးယို ဆင်ကြမ်းကိုလည်း အလိုလိုက်နာ မချစ်ရာတည့်၊ ခြောက်ပြာပြစ်ရှား ပဉ္စမြားကို စွန့်ထားမြေမှာ မပစ်ရာတည့်၊ ယစ်စွာလွန်ကျူး သေသောက် ကြူးကို ယှဉ်ပူးမိတ်တူ ချစ်သောသူဟု စိတ်ယူစိတ်မှာ မယုံရာတည့်၊ မဟာ ဒုက္ခ ဆင်းရဲလှလည်း ဒေါသမာန်ပြင်း ကြီးသည့်မင်းဝယ် မိုတင်းခိုကာ မခ—ရာတည့်၊ မာယာလှည့်ပတ် ချောပစ်တတ်သား သူမြတ်မဟုတ် ယုတ် ရာအားလည်း မှတ်သားစိတ်မှာ မပေါင်းရာတည့်။ ။ရွှောင်ခွါသဖြင့်–ဝေး စေအောင်လှင့် ။

၂၇။ အချင်းသိရာ ဆယ်ပါးမှာကား နေဇာသွတ်သွင်း ခရှသင်းတို့ အချင်းမှာမူ လက်ျာရစ်မှ သိသာရ၏၊ တောက်ပလျှံဝင်း ရွှေအချင်းကား ကျောက်ခင်းစံတင် သွေးရာတင်မှ သိသာရ၏၊ အဇာနည် တိမ်ခြည် ပျံနှင်း မြင်းအချင်းကား ပြေးချင်းတွင်မှ သိသာရ၏၊ သီလသန့်ရှင်း သူကောင်းချင်းကား ရပ်ထင်းထိုင်နေ ဆိုခြေမိန့်မြွက် ငြိမ်သက်ပြောင့်ဝမ်း အကမ်းအပေး အရေးတွင်မှ သိသာရ၏၊ မိန်းမမှုနည်း အချင်း သည်ကား တည်ကြည်သိပ်သည်း စောင့်စည်းမှေ့သိမ် ငြိမ်ဆိမ်ဆေးလေး အရေးတွင်မှ သိသာရ၏၊ ဥသဘနွား အချင်းအားမူ အသွားမပျက်

ခြေလေးဘက်ကို ပြက်ပြက်မြင်မှ သိသာရ၏၊ ကြီးလှအားအန် ဆဒ္ဒန်မြတ်မင်း ဆင်အချင်းကား ဦးကင်းတင့်တယ် အမြီးဝယ်နှင့် အစွယ်မြင်မှ သိသာရ၏၊ ဆုံးဆကျယ်မြင် ပညာရှင်တို့ မှတ်ထင်ဖွယ်ရာ အချင်းမှာကား လင်္ကာရတု ဝတ္ထုပုံပြင် ရာဇဝင်နှင့် ဗေဒင်အပြော အဟောတွင်မှ သိသာရ၏၊ သီလဖြောင့်စင်း ရဟန်းချင်းကား စောင့်ခြင်းမူတင် သိမ်မွေ့အင်ကို မြင်သောခါမှ သိသာရ၏၊ ဓမ္မကထိက် ရဲစိတ်တည်မော တရားဟောတို့ သဘောသကန် အချင်းမှန်ကား ကျမ်းဂန်ဖွေရှာ ရုံးဖွဲ့ရာတွင် စာနာလျှင်းမှ သိသာရာသည်။ ။မြှော်ဆထောက်ချင့်—အင်နိမ့်မြင့်။

၂၀။ သိအောင်ပြုရာ ဆယ်ပါးမှာကား ရာဇမင်းတွင် ခစားချင်မှု ပြည်ရှင်ရန်နှင်း ထိုသည်မင်း၏ အချင်းအရာ ပညာလက်ရုံး နှလုံးစိတ်ဝမ်း အကြမ်းအနု ပြုစုပေးကမ်း သဘောတမ်းကို ခွဲခြမ်းရုံးစု သိအောင်ပြုလော့၊ ပြည်သူသင်းကျစ် ကေရာဇ်လည်း ကျွန်သစ်ကျွန်ဟောင်း ကျွန်ကောင်းကျွန်ယုတ် ကျွန်ဟုက်ကျွန်ဟုတ် ဗိုလ်မှူးမတ်တို့ ဆုံးဖြတ်စီမံ တိုက်လံလုပ်ရည် ကြံစည်ကိုလည်း ထိုထိုသာမှု သိအောင်ပြုလော့၊ လူသူဘာဝ ပြုလိုကလည်း မိန်းမမူနည် အရည်အချပ် အလုပ်အဆောင် အိမ်ထောင်သိမ်းဆည်း စောင့်စည်းကိုယ်နှုက် မြတ်ယုတ်ကြမ်းနု သိအောင်ပြုလော့၊ လုပ်မှုဆောင်တာ ပြုရာကာလ ဒေသကိုလည်း ခွဲဖို့ပုံစု သိအောင်ပြုလော့၊ ရောင်းမှုဝယ်မှု ပြုစုအရာ ဖြစ်အပ်အခါ ဖြစ်ရာအကြောင်း ရှေးနှောင်းဘောက်ယက် တက်သက်ချိန်ဆုန်း ဈေးနှုန်းကိုလည်း မယိုမယွင်း မဟင်းစေမှု သိအောင်ပြုလော့၊ မိတ်တုမိတ်စစ် ဖြစ်မဖြစ်လည်း ဟောင်းသစ်ထဲပြင် ဆိုးကောင်းတင်အောင် ဆင်ခြင်သမှု သိအောင်ပြုလော့၊ မျှော်ရှုထောက်လား ခရီးသွားလည်း အပါးအနီး အကြီးအငယ် အလွယ်အခဲ အကဲအစ သိအောင်ပြုလော့၊ စားမှုဝတ်ရာ ကိုယ့်အိမ်မှာလည်း အချို့အလို့ အထဲအပ အစအဆုံး အသုံးအစွဲ အခွဲအမဝ အနေအထား အများအနည်း အစည်းအထပ် အလုပ်အဆောင် အိမ်ထောင်အိမ်မှု သိအောင်ပြုလော့၊ ရာဟုအင်္ဂါ ရှိန်ဝါပူပြင်း တနင်္ဂနွေ စနေပါပ လင်္ဂကျ၊ စန်းဒေါက် ရွှေနောက်စီးနင်း ယိုယွင်းဇာတာ

ကြွိုဟ်သက်မှာလည်း ပညာဆေးကု သိအောင်ပြုလော့၊ တခုကိုမျှ နေနှင့် ညသည်။ ။လုံ့လပြုခွင့်–မမေ့သင့်။

၂၉။ တဆဲ့လေးပြာ ဆင်တန်ဆာကား ရာဇာဘုန်းရှိ ပြည်လုံးမိကို နိတိကျမ်းလျှင် တန်ဆာဆင်၏၊ ဂုဏ်အင်အထူး ကျေးဇူးရှိသူ ထိုထိုလူကို မပြုဒေါသ မာန်မထပဲ နှိမ့်ချခြင်းလျှင် တန်ဆာဆင်၏၊ ရုပ်သွင်ပျိုထွား မိန်းမအားမူ တည်ကြားစောင့်ရှောက် ယွင်းမဖောက်ပဲ ရှက်ကြောက်ခြင်းလျှင် တန်ဆာဆင်၏၊ လင်နှင့်မယား သူတို့အားမူ မုန်းထားမလို ချစ်ကြည်ညိုရှိ လှူဗိုလ်တကာ ရှိသေရာသည် သစ္စာခိုင်ကြည် တည်ကြည်ခြင်းလျှင် တန်ဆာဆင်၏၊ ဝန်းကျင်သာကျယ် အိမ်မှာဝယ်ကား သူငယ်သာလျှင် တန်ဆာဆင်၏၊ ကျယ်မြင်နှံ့သိ ပညာရှိမူ ကဝိပျူငှာ ဆန်းဂါထာနှင့် ကဗျာသံချို ဖွဲ့ဆိုခြင်းလျှင် တန်ဆာဆင်၏၊ နှုတ်မဂ်လာ စကားမှာကား အသာအချို သူနာလိုအောင် မိန့်ဆိုခြင်းလျှင် တန်ဆာဆင်၏၊ သန့်စင်ကြည်ပြူ ကိုယ်ကိုမူလည်း ဆုံးပြုချမ်းမျှ ဒေါသမသင့် အကျင့်သီတင်း ကောင်းခြင်းသည်လျှင် တန်ဆာဆင်၏၊ ရွယ်အင်လွန်သူ မိန်းမမူကား မူရှုငြိမ်ဆိမ် မွေ့သိမ်ခြင်းလျှင် တန်ဆာဆင်၏၊ ပျော်ရှင်စေလို နှလုံးကိုမူ ကုသိုလ်ကောင်းမှု မကောင်းမှုဟု နှစ်စုရောရာ အသာစုံမက် နှစ်သက်မူးမော် မွေ့လျော်ခြင်းလျှင် တန်ဆာဆင်၏၊ ဂုဏ်အင်မချို ရဟန်းတို့မူ နောင်ဖို့မျှယ်ရည်း သည်းညည်းခံချုပ် ကြည်မွယ် လုပ်သား သာရုပ်လျှင် တန်ဆာဆင်၏၊ အားအင်တက်ပြန် စွမ်းသန်သာသူ ထိုထိုလူကို မယူရန်တုံ့ မလှုံ့ရန်ကြွင်း သည်းခံခြင်းနှင့် မပျင်းကြိုးကုတ် အားစုတ်စုတ်တည် ထုတ်ဝံ့ခြင်းလျှင် တန်ဆာဆင်၏၊ လူတွင်အိမ်ရာ ဝထောင်သူမှာကား ဥစ္စာရွှေငွေ ဆန်ရေစပါး ကွဲနွားကျွန်ကျေး သားမြေး ကျွန်ယုံ ပြည့်စုံခြင်းလျှင် တန်ဆာဆင်၏၊ ကျယ်မြင်ပညာ သူကောင်းမှာကား ပါယ်ရှာကြောက်ရှက် ရမှက်ဆုံရှား စကားမယွင်း မှန်ခြင်းသည်လျှင် တန်ဆာဆင်သည်။ ။လူတွင်နိုင့်မြင့်–သို့မှတင့်။

၃၀။ ပျက်စီးလေရာ ဆယ့်သုံးပြာကား ဥစ္စာလက်ထုတ် ပေးကမ်း ယုတ်က လဆုတ်နေ့ာက်သိမ် လေတိုက်တိမ်သို့ စည်းစိမ်ခြေရုံ ကင်းဝေး

လံ၍ ကျော်သံမတက် သတင်းပျက်၏၊ အမျက်ဒေါသ ကြီးလွန်းကမူ သီပွထဲနက် ကျေးငှက်ပျက်၏၊ ကျိတ်ခက်စဉ်းလဲ ပျားစွဲလျှာနူတ် ဆိပ်သုတ်နှလုံး ပေါ်ဖုံးလေးမြား ငါးများဝမ်းထဲ ကောက်ကျစ်စွဲက ဖောက်လဲယှဉ်းကွက် စကားပျက်၏၊ ရမ္မက်ဆွံနည်း ဝန်တိုသည်း၍ ချုပ်တည်းသည်းညံ မခံနိုင်လျှင်း ငတ်မွတ်ခြင်းကား သီတင်းတည်ခက် တရားပျက်၏၊ ဆိတ်ကြွက်မကျန် ကြွေအန်မကြွင်း လောင်းတမ်းခြင်းကား ရှိရင်းထဲနက် ဥစ္စာပျက်၏၊ ဆုတ်တက်ခါရံ လောကဓံကို မခံနိုင်လျှင်း ပျက်စီးခြင်းကား ခပင်းများစွာ လူတကာတို့ စိတ်မှာနှောက်ရှက် ရိုသေပျက်၏၊ ခဲခက်စွာဘိ ဘေးရန်ရှိမူ မိတ်ယှဉ်းကွက် တည်ကြည်ပျက်၏၊ လျှပ်ပျက်ခန္ဓမျှ မလစ်ရလျက် သီလလွတ်ကွာ ဘာဝနာနှင့် မေတ္တာမဆင့် မေ့သဖြင့်လျှင် တဖျင့်တပါး တရားလွဲလက် ရဟန်းပျက်၏၊ ပြက်ပြက်ထင်စွာ လူတကာကို ပြစ်ရှာယုတ်ပတ် ချောပစ်တတ်က သန့်မြတ်ပါလျက် အမျိုးပျက်၏၊ သူထက်မြတ်လို ငါ၏ကိုယ်ဟု မောက်မိုမြင့်မားမာန်စောင်လွှားက သူအားနှိပ်နင်း ဆုံးမခြင်းလျှင် မယှဉ်းမကွက် ရှင်းရှင်းပျက်၏၊ မှားကွက်သဖြင့် မကောင်းကျင့်မူ မြတ်မြင့်ပါလျက် ကိုယ်ရည်ပျက်၏၊ ဉာဏ်စက်လျှံညီ ပညာရှိဟု မိမိကိုယ်ကို မြင်းမိုရ်မာန ယုံလွန်းကလည်း မုချဆက်ဆက် ပညာပျက်၏၊ ရောက်ရက်ပေ်ငါး တောမျောက်လဒ်းသို့ မသွားသင့်လေ မနေသင့်မူ မပြုသင့်ပဲ ကျင့်ရည်လွဲက ဂုဏ်ခဲလေးနက် ပုဏ္ဏားပျက်သည်။ ။ဟုတ်ပက်လေသင့်–ဆီမီးပွင့်။

၁၁။ **မကောင်းရောက်ရာ** ဆယ့်သုံးဖြာကား ငါသာငါ့ပြင် ငါမမြင်ဟုဘုရင်တဆူ မြင့်လိုမူကား ထိုသူသူအောက် နိမ့်ခြင်းရောက်၏၊ ဝမ်းမြောက်ဝမ်းသာ သူဥစ္စာကို လိုရာကိုင်ယူ ထောင်းတတ်မူကား ဗိုင်းဦးလဲပေါက်ပေါ့ခြင်းရောက်၏၊ မွှေနှောက်လှုပ်ခတ် ထောင်းစားတတ်မူ ပဋိဃာဏ်လွန်မင်း ချုပ်ချယ်ခြင်းသို့ လက်ငင်းရောက်၏၊ ကဲ မော်ကထွန်ထူး ကာမကြူး၍ ဉာဏ်ဦးမနိမ့် တင်းမာဘိမ်မူ စည်းစိမ်ပျက်ခြင်း စွပ်စွဲခြင်းနှင့် ရှက်ခြင်းရောက်၏၊ ယှဉ်းဖောက်မိစ္ဆာ ဥစ္စာလိုလွန်း ခင်ပွန်းဖြတ်ဖျက် ရမ္မက်

ပြင်းဟုန် ခက်ထန်ကြမ်းကြုတ် စိတ်ယုတ်ဖျင်းသောင်း မပြောင့်စောင်းက မကောင်းသတင်း ကျော်စေ ခြင်းသို့ လက်ငင်းရောက်၏၊ ထိတ်ကြောက် သဖြင့် မငဲ့ရင့်မူ ပျောက်လွင့်ကြေညက် ရန်သူလက်သို့ ဆက်ဆက်ရောက် ၏၊ သူမှောက်နေလို သူကိုပြစ်မှား သူအားပြစ်ရှာ သူမှာငြူစူ မျက်လိုမူ ကားနှုတ်ပူလက်ကြမ်း ညှင်းပန်းပြင်းထန် ခိုက်ရန်ဖြစ်ကြလျောကျယိုယွင်း ပျက်စီးခြင်းသို့ လက်ငင်းရောက်၏၊ ရှက်ကြောက်မရှု မကောင်းမှုကို ပြုသ သူမှာ လူတကာတို့ မနှစ်သို့၍ ပြစ်ဖို့ထပ်လော့က် ဆင်းရဲရောက်၏၊ ရွှေ ထောက်နောက်ထွက် နှောင့်ယှက်ပူပန် စိုးရိမ်လွန်မူ မမှန်ချွတ်ယွင်း ယုံမှား ခြင်းသို့ လက်ငင်းရောက်၏၊ တောင်မှောက်မြောက်လှန် မမှန်ဇကား မတရားသီး အမျက်ကြီးမူ ပျက်စီးရောက်၏၊ မှားကောက်တိမ်းစောင်း ကျင့်မကောင်းမူ ယှဉ်ပေါင်းကြိုက်ချစ် သူအပြစ်ဝယ် ဗစ်ဗစ်ထွင်းထွင်း မှေ့လျော်ခြင်းသို့ လက်ငင်းရောက်၏၊ မှားရှောက်မှုးမော် ကျင့်တော်မူ အုပ်အော်များစွာ လူတကာတို့ မေတ္တာကင်းပျောက် မုန်းခြင်းရောက်၏၊ တောင်မြောက်လည်လား သွားငါးလိုက်ဖမ်း လောင်းကန်းကြွေအန် ဖန် တလဲလဲ ပျက်စီးမြဲသည်။ ။မလွဲအသင့်-မှန်အချင့်။

၃၂။ ဘာသာစရိုက် ကိုယ့်ဇိတ်ကြိုက်သို့ လိုလိုက်စေရာ ဆယ့်သုံးဖြာ ကား မေတ္တာနှုန်းမှန်း ဆောင်ပွန်းကို ပြောင့်တန်းတည့်မတ် နှလုံးမြတ်က ဆွတ်လွတ်ကြင်နာ ကိုယ့်လိုပါ၏၊ မေတ္တာပျက်ပြယ် ရန်သူငယ်ကား ဥပါယ် တမျဉ် သင့်ရာယှဉ်က စိတ်ယဉ်သားယာ ကိုယ့်လိုပါ၏၊ ဥစ္စာပြုံးထူ လိုသ သူကို ကြည်ဖြူမြတ်လေး ဝေငှပေးက မနေးလွယ်ကာ ကိုယ့်လိုပါ၏၊ အာဏာပြင်းပြ ပိုင်စိုးရမူ ကိစ္စဥဿုံ မှုခွင့်ကုန်အောင် စေ့စုံကျူယ်နှံ့ လုပ် ဆောင်ဝံ့က နူးညွှံ့ချိုသာ ကိုယ့်လိုပါ၏၊ မြတ်စွာပုဏ္ဏား ရဟန်းအားမူ ပြစ်မှားမရှိ ရှိသေဘိက ဖြန့်ချိမေတ္တာ ကိုယ့်လိုပါ၏၊ ဆရာကိုကား ရှိငါးပါး ဖြင့် ကြိမ်များပန်လဲ ရှိညွတ်မြဲက ဖယ်လွဲမခါ ကိုယ့်လိုပါ၏၊ မေတ္တာရှင်းစို မယားကိုမူ စိတ်လိုအသင့် ချစ်ပန်းပွင့်က နှဲ့ဖင့်မကြာ ကိုယ့်လိုပါ၏၊ မိစ္ဆာ လွမ်းထား သူမိုက်အားမူ စကားသာကြည် အလည်အဝိုက် အလိုလိုက်က စိတ်ကြိုက်ဆု ကိုယ့်လိုပါ၏၊ ပညာရှိငြား သူတို့အားမူ ခစားမြတ်လေ

ပညာပေးက အရေးလျင်စွာ ကိုယ့်လိုပါ၏၊ ရသာလိုမူ စားကြူးသူကို ယူရှကျေးမွေး စားဖွယ်ပေးက မနှေးလွယ်စွာ ကိုယ့်လိုပါ၏၊ ဝါစာဖရုသ် ကြမ်းကြုတ်ခက်ထန် မျက်မာန်ဖြိုးထူ ကြီးသသူကို ငြူစူမဆို အထိုလိုတ်မူ ချီးမွမ်းပြုက ရုံးစုညီညာ ကိုယ့်လိုပါ၏၊ ဆွေညာမျိုးပြား သူတို့အားမူ စီးပွားဝေငှ နှုတ်လက်မရှ လုံ့လကြီးထု ကျေးဇူးပြုက လွယ်လွယ်မကြာ ကိုယ့်လိုပါ၏၊ လေးဖြာမျိုးပြား သူတို့အားမူ ကိုးစားနေ့ရေ မေတ္တာစေကာ အုတ်ထွေပုံရာ ကိုယ့်လိုပါသည်။ ။မှာစာကျဉ်နှင့်–မှန်အောင်ကျင့်။

ပဥ္စမပိုင်း

၃၃။ တဆယ့်နှစ်ဖြာ အားမည်ရကား ကြမ္မာနည်း၊ရှား မိမ္မအားမူ ပျိုထွားရှယ်ဆင်း လုပခြင်းတည့်၊မပျင်းကြိုးပမ်း တောင်းရမ်းသသူ လူတို့ အားမူ ကြိမ်မျှားခေါက်ပြန် ဖန်ဖန်တက်ဆင်း သွားလာခြင်းတည့် ရန်နင်းထွတ်ဖျား မင်းတို့အားမူ ပွားများဝှန်ဖြိုး တန်ခိုးလွှန်မင်း ကြီးမြတ် ခြင်းတည့်၊ မယှဉ်းမမှား သူတော်အားမူ စကားဖြောင့်စင်း တော်မှန်ခြင်း တည့်၊ အရင်းမပါ ဥစ္စာနည်းရှား သူတို့အားမူ ပျား, ခြ, တံစက် နှိုင်းဆက် ပုံခင်း ဆည်းပူးခြင်းတည့်၊ သိတင်းမဲ့ငြား သူယုတ်အားမူ စကားစမည် အရှည်အတို အဆိုအပြော ရက်ရောကြုပ်တင်း ကြီးမားခြင်းတည့်၊ သိတင်း ဖြူထွား သူကောင်းအားမူ စကားစောင့်ရပ် တည်းကြပ်ဏ္ဍန္ဓေ ပြစ်ပြေ သန့်ရှင်း ယဉ်ကျေးခြင်းတည့်၊ ထံရင်းမြဲကြပ် ဆည်းကပ်သသူ လူတို့အားမူ စိတ်ပြားလိမ္မာ ပညာအတတ် ယုတ်မြတ်ချင်းနင်း သင်ကြားခြင်းတည့်၊ လေးကွင်းနွယ်ပြား အမျိုးသားတို့ အန်အားတမူ စင်ဖြူသန့်ရှင်း မျိုးမြတ် ခြင်းတည့်၊ ဝပ်စင်းကော်ရော် ပူဇော်ထိုက်သူ လူတို့အားမူ ဘက်ရှားလွှတ် ကင်း ဂုဏ်များခြင်းတည့်၊ မယှဉ်းမကွက် သံမှုန့်နက်သို့ ငြိမ်သက်သသူ လူတို့ အားမူ မြောက်မြားပုံရာ ပညာအရင်း ခိုင်ဖြိုးခြင်းတည့်၊ သန့်ရှင်းနွယ်ဇာတ် မျိုးမြတ်သသူ လူတို့အားမူ စကားနာသာ ဝါစာပိယ မြွက်ဟာဖြည်းညှင်း ပြောဆိုခြင်းသည်။ ။အရင်းကြီးမား–လူတို့အား။

၃၄။ ကဲ့ရဲ့ဖွယ်ရာ ဆဲ့တဖြာကား ပညာအလွှန် သီလဝန်ဟု တံခွန်တဆူ စိုက်သသူလျှက် အယူမကျ မတည်ပပဲ ထကြွလောက်လက် မငြိမ်သက်အံ့၊

ရန်ဘက်ပယ်လှစ် မင်းစင်ဖြစ်လျက် မူးယစ်ရမ္မက် ပြင်သို့ထွက်အံ့၊ သန့်သက်
ဖြူစင် သီလရှင်လျက် ကိုယ်တွင်ကျူးလို သူများကိုမူ ဝန်တိုစိတ်လက်
စီးပွားဖျက်အံ့၊ ချစ်ဘက်မြဲနှောင် အိမ်ရာထောင်သား လူ့ဆောင်တဇောစ်
အကြီးဖြစ်လျက် နှုတ်လစ်ကြိမ်းပ မာန်ပပနှင့် ဒေါသဆမျက် မာန်စောင်
တက်အံ့၊ ဉာဏ်စက်ရဟတ် ကျမ်းဂန်တတ်လျက် မမတ်လှဲ့လက် တရားဖျက်
အံ့၊ ပင်ထွက်မျိုးနွယ် သန့်စင်ကြွယ်လျက် ရှုံ့ဖွယ်အကြွင်း သူ့ထမင်းနှင့်
သူ့ဟင်းစားစက် ကြိုက်စုံမက်အံ့၊ လူထက်ရာဇာ မင်းဖြစ်ပါလျက် ဗိုလ်ပါ
သင်းပင်း ဆင်မြင်းလက်နက် မရှိပျက်အံ့၊ အောက်ထက်ပိုင်သိး မင်းဖြင့်ပြီး
လျက် မူးကြီးထမ်းနိုင် ဆင်ခိုင်မြင်းမာ စစ်ဆန်ဆာကို စိတ်မှာလှဲ့လက်
မနှစ်သက်အံ့၊ လက်နက်မဲ့ပဲ လူမိုက်မဲသည် ဆင်းရဲဝတီ အိုမင်းပြီလျက်
ကုမ္ဘာရီအောက် ကညာပေါက်နှင့် မှားမှောက်လှဲ့လျက် အိမ်ထောင်ဘက်အံ့၊
အောက်ထက်ပေါ်ယယ် ဥစ္စာကြွယ်လျက် ငြီတွယ်ရမ္မက် မရှုရက်အံ့၊ ကနက်
ဖြူနွဲဆင် မင်းတုံစင်လျက် ပယ်စင်ဆိပ်ခွါ မြေပမာလျှင် ဘုန်းအာဏာစက်
မထက်မျက်အံ့၊ ပြက်ပြက်ပြယ်ပြယ် ကဲ့ရဲ့ဖွယ်သည်။ ။လူဝယ်ထင်ရှား
ဆယ့်တပါး။

၃၅။ မည်မည္ဒတ် ကရှုတ်ကရော် ထော်လော်စောင်းထောင် ချောက်
မြောင်ကျဉ်းကျပ် ထူထပ်တွင်းကျင်း ဆည်ကန်သင်းနှင့် နိမ့်နင်းဖလာ
ခဲစွာကတ်သတ် ကမ်းပြတ်မြင့်မား ချောင်းမြစ်နားဝယ် သွားလာသည်သူ
မတောင်ဝေ့ကူလျက် ရှေးရှူစူးစမ်း ပြေးမပြေးလှမ်းမှ ဘေးဘျမ်း လွတ်
မြောက် လိုရာရောက်၏၊ ကဗောက်ကဘောက် မှုပ်တရက်ကြီး စုံးစမ်း
သွားချေလျှင်လည်း နာကျင်ပြင်းပြ ချောက်တွင်းကျ၍ ထိရှမုတ်ပြတ်
သေဟို့တတ်၏၊ လတ်ဆတ်ခန္ဓာ မငြောပ်လည်း ဝေဒနာလွန်မင်း ညှိုးယွင်း
အင်္ဂါ ဒုက္ခာမပျောက်ပျက် အရှက်လည်းကျ ကဲ့ရဲ့ရသို လုံ့လကြီးမား
မင်းခစားလည်း မင်းနားနီးကပ် မင်းနှင့်ပေါ်ကာ မလျှပ်မပေါ် မလော်
မလည် တည်ကြည်မြဲသိပ် မလည်းလိပ်တည့် မင်းရိပ်မင်းခြည် ပေနည်
စေ့ငှ သတိပြု၍ ကြည့်ရှုစုံစမ်း ဘင်နိုင်စမ်းမျ ခွင့်လမ်းလှလှ အရာကျအံ့၊
ပေါ့ဆစိတ်ချတ် ဆတိလွတ်၍ အန်မတ်ကြက်တိုက် သောက်ကျိုက်သေစာ

ဥစ္စာပျောက်ပျက် ရမှက်ထူထပ် ကာမတပ်လျက် ပေါ့လျှပ်းပေါ်လီမတည် ကြည့်က မဆီဘီးပုံနီး မင်းဘုန်းခံစား ရမည်ထားဘိ ရှုံးပါးလေမြဲ မချွတ် လွဲသည်။ ။မင်းပွဲဝင်ငြား–အမှားမှား။

၃၆။ ပီတိနှစ်လို့ တပ်ပျို့ဖွယ်ပုံ ခြောက်အာရုံနှင့် ကြုံသော်လည်း ကောင်း မျှားထောင်းသွယ်သွယ် ကြောက်ဖွယ်လန့်စု ခြောက်ခုအာရုံ ကြုံသော်လည်းကောင်း၊ ခြောင်းခြောင်းအမျက် ထွက်ဖွယ်အကြောင်း ပူပျောင်းညှိုးလိမ် စိုးရိမ်ဖွယ်တိ ရှိသော်လည်းကောင်း ဆိုးကောင်း လွန်ကြူး မတွေ့ဘူးသား မိန်းမူးပြောင်းချွေ ဆင်းရဲငွေကို တွေ့သော် လည်းကောင်း၊ မရတောင်းသား ဆင့်လောင်းလာဘ စည်းစိမ်မကို ရသော်လည်းကောင်း မင်းအပေါင်းတို့ အဟောင်းအသစ် အပြစ်အကျိုး အတိုးအယုတ် အဆုတ်အတက် အချက်ချက်ကို ဆဝက်မရှိ ချိန်ဖြင့်ညှိသို့ သတိယှဉ်ယှဉ် သမ္ပဇဉ်နှင့် ဖြေဖျဉ်သိမ်းရုပ် ဉာဏ်လက်ဆုပ်၍ တည်းချုပ် နိုင်မှ လိုရာကျအံ့၊ သုခဒုက္ခ လောကဓံကို မလွန်နိုင်ဘိ ဉာဏ်မရှိနှင့် သတိသမ္ပဇည်း မချုပ်တည်းက နှိပ်လည်းချုရှုတ် စည်းစိမ်ယုတ်သည်။ နောက်ဆုတ်ရွှေရှား–လန့်ယ်သွား။

၃၇။ နှစ်သက်ဖွယ်ပင် အာရုံမြင်က မဆင်ခြင်စောက် ကျွန်ငါး ယောက်တို့ မှားရောက်သော့အား သက်ဆုံးပါးလည်း မင်းသားဘုန်းခိုင် ဆင်ခြင်နိုင်ရ် မဆိုင်ရာဝယ် ပြည့်ကြီးလယ်ထက် စမ္ပာယ်မြောက်ချီး ထွက်ဝင်တီး၍ ရွှေသီးရတနာ ဆောင်းဘူးပါ၏၊ ပြည်ဗာရာဂယ် သရွေး ကြွယ်နှင့် ကုံကယ်မြောက်မြား သကြွယ်သားတို့ သိကြားစံသီး နတ် သမီးနှင့် ပင်ကြီးသဖြေ သီးမှည့်ကြွေကို ရှာဖွေလော်လမ်း မစုံစမ်းပဲ တောင်းရမ်းသောအား အမှားမားလုပ် ရှုံးပါးခန္ဓာ သေဘူးရာ၏၊ ဥမ္မာဒန္တီ ဆင်းသိင်္ဂီကို ရွှေဆီတသ္တွင် ရတ်ချသ်မြင်က ဗေဒင်ဟတ်ခြင်း အခေါင်းချင်းလျက် ထမင်းခွန့်စား မတည်ကြားရ် လှေကားထက်က ကိုင်ရ်ခါသည် မင်းမှာဆရာ ရှက်ဘူးရှာ၏၊ တခါထိုမင်း မြင်လက်ငင်းဝယ် မှားယွင်းစွန်း၍ ရှုံး၍ရှိလည်း သတိနောက်အုပ် စိတ်ကိုချုပ်၍ တုန်လှုပ် မှုလျှင်း စီရင်ခြင်းဖြင့် ပွင့်လင်းပြည်ရွာ ရွှေးထက်သာ၏၊ သို့ဖွင့်မယွင်း

ထုမျှားမင်းဟု အဆင်းနှင့်သာ သက်မွေးရှာလည်း ဆရာတ္တိလ စောင်းသံချကြဖွဲ့ပါငမှတ်မြောက် လေသာပေါက်က ဖွင့်ဖောက်ပြေးဆင်း မြေမနင်းခင် မြွတ်ကင်းသန္ဓာ ကိုယ်ကကာ၏၊ ကျမ်းလာလားလား သည်ထုံးများကို မှတ်သားချင့်တွက် ဉာဏ်ရေးချက်၍ နှစ်သက်ဖွယ်မျှ အာရုံပြုလည်း မခုသာချေ ကျိုးနေမဲ့ဘိ သူသိပြစ်တင် ငယ်ခွင်လာရေး ရန်နှင့်ဘေးကို ဆွေးနွေးတိုင်းထွာ မြမကွာလျှင်။ ။ပညာစက်သွား–ရွှေကထား။

၃၈။ ကြောက်လန့်ဖွယ်လျှင် အာရုံမြင်က သက်ခင်လိုက်ပူ ကြောက်ထတ်သူကား စွယ်ပြူပြူးပြူး မာန်ဟူးဟူးနှင့် ဘီလူးဥပါ ပြိတ္တာတစ္ဆေ ဏင်းမြွေနွားကျဲ သားရဲမြင်းဆင် သမင်တိုးအောင်း မိကျောင်းခွေးရူး ပြင်းဟူးမာန်ဟုန် ဂဠုန် နဂါး သင်းကျား ခြင်္သေ့ တော့သေ ၁်လည်းကောင်း၊ သောင်းသောင်းကြိုးကျဲ အသံနီးနား ကြားသော်လည်းကောင်း စိတ်ဟချောင်းကို ထိန်းကျောင်းချုပ်ကိုင် မအုပ်နိုင်၍ ယိမ်းယိုင်ပျက်စီး ကြောက်အားကြီး၏၊ ခရီးရှည်လျား စစ်မြေသွားလည်း လံခါးမှေးမှေး အသွေးချင်းချင်း မြင်လတ်လျှင်းက မဟာင်းရပ်နိုင် နေထိုင်ပြောင်းရွှေ့ ကြောက်တုံဆွေ့၏၊ မင်းရွှေစိုးမှောက် ပွဲလမ်းရောက်လည်း အလျောက်အလဲ မရဲမရောင် ရိုးရောင်ဝိုးဝါး ရယ်ဖွယ်များ၏၊ ယောကျ်ားပီလှ စိမ္မရ ကို ... ကဘီလူး မာန်ရှူးရှူးဖြင့် လေရူးခတ်နိုပ် တောင်ထိပ်တင်ထား လန့်ကြ ်းဟစ်နှင့် ကျားသွင်ကိုင်ဆုပ် ဆင်ရုပ်ဝှေ့နင်း မြေပင်းရစ်ပတ် ... မ်းပြက်ဘောင်မှ လေးကြိမ် ... ည်း ... ဘိ တုမရှိသား သတိတရား ... ၍ သူအားချမ်းသာ ကိုယ်ဘော်မှာလည်း လိုရာပြီး ... င် ... ျိုးကြီးဆောင်သည်။ မြန်ဘောင်ထင်ရှား–တံခွန်လွှား။

၃၉။ စိုးရိမ်ပူပြင်း ငြိကြေးခြင်းကား ကိုယ်ဆင်းမဲ့ကာ ကျိုးမလာခဲ့ မျက် ... သစ်ပုပ် ... ကြောက်လန့်ရုပ်ကို ညှိုး ... ချုပ်မရှင် ရန်သူမြင်လည်း အားဆင်ကဲဆင့် ဝမ်းမြောက်နှင့်၏၊ လျော်ခွင့်သေပျောက် ဘေးဒဏ်ရောက်လည်း မကြောက်လန့်ရာ မျက်နှာသတ္တာသန် လပြည့်ဟန်သို့ ဖောက်ပြန်မဖျ ကြုပတေ့ကို နောက်ရွှေတင်တင် ရန်သူမြင်က ဆင်ခြင်ထောက်ချင့် ကြောက်ကြိမ်းနှင့်၏၊ အခွင့်မြော်ကြည့် ...ဖြစ်သည့်ကြောင့် တည့်တည့်

ဘေးရန် ရောက်မည်မှန်မူ မန္တာန်ဆေးဝါး မန္တရားဖြင့် သမားရှုံးစု နှုတ်ပိတ်ပြု၍ လွတ်မှုထင်လျှင် လွတ်ကြောင်းရင့်လော့၊ လွတ်ဆင်မရှိ ခက်ပြန်ဘိမူ ကဝိဇာနည် ပညာသည်နှင့် ကြံစည်မျှော်ရှု တိုင်ပင်ပြု၍ လွတ်မှုထင်လျှင် လွတ်ကြောင်းရင်လော့၊ လွတ်ဆင်မရှိ ခက်ပြန်ဘိမူ ပြောင်းအိချိုသာ ပိယဝါဖြင့် ကြင်နာဖွယ်မူ ချစ်အောင်ပြု၍ လွတ်မှုထင်လျှင် လွတ်ကြောင်းရင်လော့၊ လွတ်ဆင်မရှိ ခက်ပြန်ဘိမူ ဖြန့်ချီငွေကြေး တံစိုးပေး၍ လွတ်ရေးတင်လျှင် လွတ်ကြောင်းရင်းလော့၊ လွတ်ဆင်မရှိ ခက်ပြန်ဘိမူ အမိအဘ ဘိုးဘွားကသည် မျိုးစဆွေလျှင် အစဉ်မပျက် စပ်ယှက်သဖြင့် သို့မှသင့်ဟု လွတ်ခွင့်ထင်လျှင် လွတ်ကြောင်းရင်လော့။ ။သည်တွင်ပိုင်းခြား- စုပါယ်ငါး။

၄၀။ ယင်းသို့ငါးသွယ် ကြံဉပါယ်ဖြင့် နှိုးနှယ်ကြိုးစား မတတ်အားမူ တရားသံဝေ ကံသာပေဟု ဖျော်ဖြေငြိမ်ဆိမ် စိတ်ကိုနှိမ်၍ စိုးရိမ်မဲ့ရာ ရွေးသောခါက ပစ္စာမဲ့ပဲ မင်းဒဏ်စွဲလည်း ဝံရဲတဲ့စား ခိုင်တည်ကြား၍ ပျိုထွားရွယ်လှ သူငယ်မျှလျက် ဘေးမှလွတ်ပြီး တောင်ထိပ်မီးသို့ ဝန်ကြီးအရာ မြောက်ဖူးပါ၏။ မာန်ပါဆူးရား ဒေါသအားလည်း ဆီးတားဖျော်ဖြေ ချုပ်နိုင်စေလော့၊ ရွှေရင်းသည်းပွတ် သားကိုသတ်လည်း ပဋိဃာတ်ဆီးတား နိုင်သောအားဖြင့် ဘုရားရှင်မှ ချီးမွမ်းရလျက် ပေးချနေရာ နတ်တကာလည်း မေတ္တာပို့ပေ ညွတ်ရှိသေ၏၊ ကိလေသာငယ် မြစ်နှစ်သွယ်လည်း အလွယ်မကြာ ပယ်ဖြတ်ခဲ့၏၊ နရာလူများ မင်းတို့အားမူ ဖိတားမဖျဉ် မျက်ရှိစဉ်လျှင် မယဉ်ချေးရာ ရှောင်ခွါဝေးစေ ရှေးလွန်လေခါ ပစ္စေကာအား လေးထိမှား၍ ထောက်ထားဆင်ခြင် ပညာအင်နှင့် သုမင်္ဂလ ဒေသခွါပြောင်း သုံးနှစ်အောင်းလျက် စောလောင်းနတ်ဆွေ မျက်ရှိန်ပြေက စက်ခြေရင်းမှာ ဝင်ဖူးလာ၏၊ ပညာနေလမဒဟာ်မှလည်း ဒေသရိပ်ငြိမ် အိုးထိန်းအိမ်ဝယ် စိုးရိမ်ပြေဖြေ မင်းမျက်ပြေအောင် နေရဖူးကြောင်း ရှေးထုံးဟောင်းကို ဆင့်လောင်းယခု အမှီပြု၍ ပြည်သူ့တမွတ် လောကနတ်နှင့် အထွတ်ညာတင် ရှင်မိဖုရား ဆီခြားရုံရုံ ကိုယ်သုပ်မောင်းမ မည်ရထင်မေါ် မျိုးတော်ပည်းတီ

မင်းညီမင်းသား ထူးခြားရာသီး မွှးကြီးမတ်ရာ သေနာပတိ၊ အကျိအခဲ အတွင်းမြဲနှင့် သီးကွဲတသူ ဗိုလ်မှူး စစ်ကွပ် စစ်ကြပ်စစ်ကဲ ရွေးရဲမကျန် ကောင်ဟန်အာဏာ မြို့ရွာသူကြီး ဦးစီးချုပ်ကိုင် မြေတိုင်ငယ်သား ယောကျ်ားမိန်းမ ရှိသမျှတို့ ချက်ကျသေချာ မှတ်သားရသည်။ ။ ချမ်းသာစီးပွား-ကြီးမြောက်မြား။

## နိဂုံး

၄၁။ ကြားပိမ့်မင်္ဂလာ နိဂုံးမှာပိမ့် ရတနာပုရ အဝပြည်ကြီး ဟံသာမီးကြောင့် ပျက်စီးသည့်နောင် ထွန်းတန်ဆောင်သို့ ကုန်းဘောင်သမိုက် ထီးနန်းစိုက်က အတိုက်တိုက်သား သတင်းနားမျှ မကြားပုံကြ ဦးညွတ်ခသည် သိယ်ရတနာ အာဒိသမိုက် ဗျာဒိတ်သိုက်ဝင် ဆင်ဖြူရှင်၏ ရွှေရင်တော်ပေါက် သားခြောက်ယောက်တွင် ထက်အောက်လွှမ်းမိုး ပဒုံစိုးသား သတိုးမင်းစော မုနော့မြောက်တင် သခင်ကျွန်ရင်း စိုးမင်းသုံးရ ယုံထိုက်လှသား စိန္တကျော်သူ ဟူသည်အမည် ကျွန်ုပ်သည်လျှင် ဝန်းလည်ယှက်ယုံ ကလိန်ချုံဝယ် ခုံခုံမင်မင် လက်ယှက်ဝင်၍ စိတ်ထင်လိုရာ မကသာသို့ ပြည်ရွာမင်းရေး မှုရှုပ်ထွေးလည်း ဆေးတအုံးကျွမ်းကွမ်းတရာညက် စိတ်စက်ပျော်ပိုက် လစ်လပ်နိုက်တွင် နှစ်ခြိုက်သာယာ စီကုံးပါသည် သာသနာတောက်ပ ဝါနဂေရာ နှစ်ကောဇာမှ ဖေဘွာကယဝါဿအာသန် ဂိမှာန်ပြောင်းလို ဝါဆိုဆန်း၍ လေးရက်စေ့သား နေ့တနင်းလာ ပြီးသရာ၌ သေ ကြာဗုဒ္ဓ မေထုနဝယ် ရှည်ထထပ်ရှိ ရဝိသူရိန် သိဟ်ဝယ်သိဟ ကုမ္ဘဂုရု သောရိစုလျက် အောင်ဆုပေးလတ် တာသမတ်လျှင် ကခုကဋ္ဌစန်း မကာရ်းလက္ခဏာ ဗာဝီသထက် နှစ်ပြန်တက်၍ စီးလျက်နှင်းကာ ဧယောတိထိ သွာဒိနက္ခတ် မွန်းတည့်မတ်တွင် သုရသာတိဝန်းအုံညီ၍ ရှင့်ရောရှ ဆယ်ဥပစာ နည်းနာလေးဆယ် ကျဉ်းကျယ်ဖော်ထုတ် ဂင်္ဂါဝုတ်ဖြင့် ကုက်ကုတ်ကတ်ကတ် လှနတ်နားလည် ပိုက်ရှည်ပိုက်တို ဖတ်သည်းချိအောင် ပွဲဆိုစမြဲ မဆိုပဲလျှင် နက်နဲပေါ့လေး ယှက်ချေးရောရာ ရူပမယက် ပင်ထုက်စစ်စစ် ပင့်ရစ်သတ်လတ် ညီညွတ်ကာရန် ကျွမ်းဂန်လောက စုဆပ္ပိုးပြွမ်း ပျူငှာဆန်းလျက် အကြွမ်းအန

နှစ်ခုမျှတ သိသာရအောင် ဖော်ပြလင်းလင်း ဆယ်ရှုကျင်းသို့ သံညွှင်း နှာအိ ရှစ်ပိုက်ဝီလျှင် ပီပီသသ ငါးထပ်ချသား [illegible] သုဋ္ဌာလီသ မဒပြည့်စုံ အပြီးကုန်၏၊ ထူးပုံမှတ်ဖွယ် ဓိပ္ပါယ်ဆက် အနက်မလျှို အောင်မည်တို့ကို အောင်မျိုးငင်ငင် အောင်ပွဲခင်၍ အောင်မက်လာ အောင်ညွှန့်ဖြာသည်။ ။သြဝါဒထူး–စာယဉ်ကျေး။

သြဝါဒထူးပျို့–ဆုံးမတော်ပြီး၏။

# ကျီးသဲလေးထပ်ဆရာတော်

# ထေရုပ္ပတ္တိ

( ပထမငယ်တန်း မြန်မာစာ လက်ရွေးစင် စာအုပ်၌ပါရှိပြီး ဖြစ်သည်)

# မုန္ဒဝင်

## ညီတော်နန္ဒမင်းသား ရဟန်းပြုခြင်း

သုဒ္ဓေါဒနမင်းတရားလည်း "ငါ့သားတော်အကြီးလည်း ရွှေထီးရွှေနန်း တိုင်းခန်းပြည်ထောင်ကို စိုးဆောင်အုပ်ချုပ်၍ လေးမြတ်စံပယ်ခြင်း တည်း ဟူသော လူမင်းတို့၏ စည်းစိမ်ချမ်းသာကို ငြီးငွေ့သည် မှန်ချေပြီ၊ နောင် သော အခါ ငါ့ရိုက်ရာကို အုပ်ချုပ်၍ မင်းလုပ်စိမ့်သောငှာ သားတော်နန္ဒ မင်းသားကို နှမတော်ဇနပဒကလျာဏီနှင့် စုံဖက်၍ အိမ်ရွှေနှင်းမည်"ဟု ကြံ၍ စီမံခင်းကျင်းရှိသည်နှင့် ဘုရားသခင်ရောက်၍ သုံးရက်မြောက်သော နေ့၌ ညီတော်နန္ဒမင်းသား၏ အိမ်တက်မင်္ဂလာ, ဥဿျှောင်ထုံးမင်္ဂလာ, သင်းကျစ်ဆောင်းမင်္ဂလာ, ထီးမြှောက်မင်္ဂလာ, အိမ်ရွှေသီးဆောင်မင်္ဂလာ ကျင်းပြသော မင်္ဂလာသဘင်သည် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားလည်း ဆွမ်းခံဝင်တော်မူ၍ မင်္ဂလာမဏ္ဍပ်တော်၌ ထူးမြတ်သောမင်္ဂလာတရားကို ဟောကြားပြီးသော် ညီတော်နန္ဒမင်းသား အား သပိတ်တော်ကို ကမ်း၏၊ နန္ဒမင်းသားလည်း ဘုရား၌ ရိုသေခြင်း ပြင်းသဖြင့်သပိတ်တော်ကိုသူတပါးအားလည်းမပေးဝံ့၊ ဘုရားရှင်အားလည်း မကပ်ဝံ့ပဲ ပခုံးထက် ထမ်းကာသာ နောက်တော်ကလိုက်၍ ရွှေနန်းရင်ပြင် သို့ ရောက်လျှင် ဘုရားသခင် ယူတော်မူလိမ့်သတည်းဟု ကြံ၏။ ထိုသို့ ရောက်၍မှ မယူပြန်လျှင် ဥကင်ခစာင်းတန်းရင်းသို့ ရောက်သော် ယူလတ္တံ့ ဟု ကြံပြန်၏၊ ဤသို့ရောက်၍ မယူပြန်လျှင်မြင်ရတော်မမူဘိ၍ သတိမရ သောကြောင့်သာ မယူသည်ဟု အောက်မေ့၍ နောက်တော်မှ လမ်းစောင်း တက်ကာ သင်္ဃာတော်တို့အား စကားပြောဟောကာ ဤဌာနသို့ ရောက် သော်ယူလတ္တံ့, ဤဌာနသို့ရောက်သော် ယူလတ္တံ့စသည်ဖြင့် ကြံလျက် နောက်တော်ရံက သပိတ်ထမ်းပိုက်၍ တစိုက်စိုက် လိုက်ရလေ၏။

မင်းသမီးအား မောင်းမများက "သခင်မဖုရား မောင်တော်ကို ဘုရားသခင်ရဟန်းပြု သပိတ်ထမ်း ခေါ်ဆောင်သည်"ဟု လျှောက်ကြား

ကြလျှင် ဧနပဒကလျာဏီသည် လျှင်မြန်စွာထမျှော်၍ မောင်တော်၏ အမူအရာကို မြင်လျှင် ရင်အုံထဲ၌ ရေငဲ့သိုက်သကဲ့သို့ ရှိုက်ရှိုက်ကုံမျှ ဆွတ် မောလှ၍ စီးကျလာသောမျက်ရည် ဖြည်အပ်သောဆံတို့ဖြင့် ငယ်သော် ငယ်မှုကို ဖြစ်စေလျက် "အရှင့်သား ရှည်လျားစွာ မနေပါလင့်၊ လျင်စွာ ပြန်ခဲ့ပါ လော့"ဟု လျှောက်လိုက်၏၊ ထိုစကားသည် နန္ဒမင်းသား၏ သည်းကြား ဝမ်းပြင်၌ တကျကျချိုသကဲ့သို့ ပါ၏၊ မြတ်စွာဘုရားလည်း ကျောင်းတော် သို့ ရောက်လျှင် "ညီတော် နန္ဒ ရဟန်း ပြုနိုင်ပါမည်လော"ဟု မေး၏၊ နန္ဒ မင်းသားလည်း ဘုရားရှင်၌ ရိုသေကြောက်ရွံ့ခြင်းကြောင့် 'မပြုလိုပါ'ဟု မဆိုဝံ့ရကား "ပြုပါမည်"ဟု လျှောက်၏၊ ဘုရားရှင်လည်း ရှင်သာရိပုတ္တရာ ကို ခေါ်တော်မူ၍ ညီတော်ကိုရဟန်းပြုစေ၏။

မင်းသားလည်း ထိုနေ့မှစ၍ သာဝတ္ထိပြည်သို့ ရောက်သည့်တိုင်အောင် ထိုင်တိုင်း၊ နေတိုင်း၊ စက်မွေ့တိုင်းပင် နမ်တော် မှာလိုက်သောအသံကိုသာ ကြား၍ စားမဖြောင့်၊ စက်မပျော် ရှိ၏၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌နေသောအခါ "ငါသည် သာသနာ၌ ချမ်းသာမရနိုင်ပြီ၊ လူထွက်၍ ထီးဆက်နန်းရာကို ခံစံတော့မည်"ဟု သိတင်းသုံးဖော်တို့အား ပြောကြား လေသော် သံဃာတော်တို့လည်း ဘုရားသခင်အား နားတော်လျှောက် ကြ၏။ ကိုယ်တော်မြတ်လည်း ညီတော်မင်းနန်ကို ခေါ်တော်မူလျက် "လူ ထွက်လိုသည်ဟု ငါ ကြားတော်မူသည်၊ မှန်သလော"ဟု မေးတော်မူ၍ မှန်ကြောင်းကို လျှောက်လေလျှင် "ငါ့ညီခင် သင် အဘယ်အကြောင်း အရာကြောင့် သာသနာ၌ မမွေ့လျော်ဘိသနည်း"ဟု မေးတော်မူပြန်၏၊ နန္ဒမင်းသားလည်း နမတော်ငိုယိုကာနှင့် အမြန်ပြန်လာပါဟုမှာလိုက်သော စကားသည် အသည်းကြား၌ ချပ်လျက်ပါသကဲ့သို့ရှိ၍ နှမ်းရိုညီးချုံး နှလုံး မရွှင်နိုင်ပါသောကြောင့် လူထွက်လိုပါသည်"ဟု လျှောက်လျှင် ဘုရား သခင်လည်း "သင်ငြီးငွေ့လျှင် ဒေသစာရီချီတော်မူရာ ငါနှင့်လိုက်လှည့်"ဟု မိန့်တော်မူလျက် ညီတော်၏ လက်ရုံးကို ကိုင်ပြီးလျှင် မြင့်စခန်းသို့ခေါ်၍ ကြွတော်မူ၏။

တောခရီး၌ မီးလောင်ပြင်စု တခုသောသစ်ငုတ်တိုဝယ် အိုမင်းဆိုးရွား မေးပါးရှုံ့တွန့် နှာလှန်ပြူးပြူး အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနှင့် လူထိုင်း

စက်ဆုပ်ဖွယ်ရှိသော မျောက်မတစကောင်ကိုမြင်လျှင် ထိုတွင်ရပ်လျက် လက်ညှိုးညွှန်တော်မူပြီးသော် "ဤသူကား အဘယ်သူနည်း" ဟု မေးတော်မူ၍ မျောက်မဖြစ်ကြောင်းကို နားတော်လျှောက်လျှင် "ထိုမျောက်မနှင့် ငါ့ညီနှမ ဇနပဒကလျာဏီ ဤနှစ်ပြားသည် ဘယ်သူက သာသနည်း" ဟု မေးတော်မူ၏၊ ညီတော်လည်း အလွန်ဝမ်းနည်းရကား သည်းစွာငိုကြွေး မြည်တမ်းလျက် "ရဟန်းမင်းသည် ကိုယ်ချင်းမစာ မညှာမရှု ပြုတော်မူဘိသည်" ဟု လျှောက်သော် ကိုယ်တော်မြတ်က "ငါ့ညီသဘောကို သိလို၍သာငါကြိစယ်သည်၊စိတ်မငယ်နှင့်" ဟု မိန့်တော်မူပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ တက်ကြွတော်မူ၏။

နတ်လမ်းမသို့ ရောက်သောအခါ ဝေဇယန္တာ နန်းရာပြင်၌ အရှင်ဆိုကြီးမင်းအား စေးအုံ့သောငှာ တင့်တယ်စွာ တန်ဆာဆင်လျက် လာကုန်သော ခိုခြေအသွင် နီလွှင်တောက်ပ အလွန်လှသော အဆင်းအရောင်ရှိကုန်သော ငါးရာမျှလောက်ကုန်သော နတ်သမီးတို့ကို ခရီးရင်ဆိုင် တွေ့ကြသဖြင့် ပြတော်မူပြီးသော် 'ညီတော်နန္ဒ ငါးရာမျှသော ဓေဝစ္ဆရာနတ်ကညာတို့သည် မူရာသွင်ပြင် ကြန်အင်လက္ခဏာဖြင့် ရှုချင်စဖွယ် တင့်တယ်ပါ၏လော" ဟု မေးတော်မူ၏၊ "အလွန်တင့်တယ် ချစ်ဖွယ်ရှိကြောင်း" ကို လျှောက်လျှင် "ယခုမြင်သော ဤနတ် ၊ ညာ ဘို့နှင့် သာကီဝင်မင်းစစ် ညီချစ်နှမ ဇနပဒကလျာဏီသည် ဘယ်သူသာ၍ ဆင်းဝါလွန်ကျူး အထူးတင့်တယ်ဘိသနည်း" ဟု မေးတော်မူပြန်၏။

ညီတော်မြတ်လည်း "ရွှေဘုန်းတော်ရှင် သခင်ဘုရား........ငါးရာမျှလောက်သော ဤနတ်သမီးတို့နှင့် စာနာမူ သာကီဝင်နှမ ဇနပဒကလျာဏီသည် မီးလောင်ရာ မြေအပြင်တွင် ယခင်ပြတော်မူခဲ့သော မျောက်အိုမနှင့်သာ တူပါတော့သည်ဘုရား" ဟု လျှောက်ထ း၏၊ "ဘုရားသခင်လည်း ညီတော်နန္ဒ ငါ့သာသနာ၌ ကောင်းစွာကျင့်ဘိလော့၊ ဤနတ်သမီးများသည် သင့်ထံသို့ ခစားလာစေတတ်သော အဝ တ်ပညာကို ငါပေးတော်မူအံ့" ဟု ဆို၍ ထိုနတ်ပြည်မှ ပြန်လည်တော်မူ၍ ကျောင်းသို့

ရောက်သောအခါ လက္ခဏာရေး သုံးပါးနှင့်စပ်သော တရားဒေသနာကို ဂါထာဘွဲ့သီ၍ ပေးတော်မူသဖြင့် နေ့ညဥ့်မခြားထိုင်လျက်သာလျှင် နတ်ကလျာတို့ လာအောင် ရည်မှန်း၍ စီးဖြန်းသရရှာယ်၏။

ထိုအခါ များစွာသောရဟန်းတို့က ညီတော်မြတ်ဖြစ်၍ နတ်သမီးလာစေတတ်သော ဂါထာကို မြတ်စွာဘုရား သနားတော်မူပေသည်၊ မင်းနန္ဒလည်း နတ်သမီးကို ရစိမ့်သောငှာ သာသနာတော်၌ ရဟန်းပြုလေသည်၊ ဤအကျင့်ဖြင့် နတ်သမီးကို ဝယ်မည်ဟုကြံသည်၊ အံ့ဖွယ်ရှိစွ၊ ဤသို့စသည်ဖြင့် ပြက်ချယ်ပြု၍ ကျီစယ်ကြလေသော် ညီတော်ရဟန်းလည်း အဆွေခင်ပွန်းတို့ကို ရှက်ခုကား ကိုယ်ဝှက်နှာ၍ နေ၍ စီးဖြန်း၏၊ ထိုသို့ စီးဖြန်းပန်များသဖြင့် တရားတော်၏ အနက်အဓိပ္ပာယ်အညီ မျက်စိဝယ် မြင်သကဲ့သို့ ထင်ရကား များများမမြင့်မီပင် အရဟတ္တဖိုလ်သို့ရောက်၏။

ထိုအခါ တဦးသောနတ်သည် ဘုရားထံသို့ကပ်၍ "ဤ အရှင်မြတ်၏ညီတော်ဖြစ်သော နန္ဒမင်းသားသည် အာသဝေါတရား လေးပါးမှ လွတ်ပေပြီ၊ ဤလောက၏အဆုံးကို မြင်ပေပြီ" ဟု နားတော်လျှောက်၏၊ နန္ဒမင်းသားလည်း ထိုညဥ့်လွန်လျှင် ဘုရားသခင်ထံသို့ကပ်၍—

"နတ်သမီးများကို အကျွန်ုပ် မလိုပါပြီ၊ ဤမျှလောက်သော ကာလပတ်လုံး အဆုံးမရှိသောဒုက္ခကို ရခြင်း၏ အကြောင်း၌ သာလျှင် ပျော်ရွှင်နေများဘိ၍ ယခုမှသာ ဒေသနာပြမ့် မြောင့်စွာသောလမ်းကို မြင်ပေသည်၊ သံသရာ၏အဆုံးသို့ရောက်ပေသည်၊ မှောက်အပ်သောဝတ္ထုကို လှန်ဘိသကဲ့သို့ ရှိပေသည်"—

ဟု သစ္စာညှု၏ ကျေးဇူးတော်ကို ချီးမွမ်း၍ လျှောက်၏၊ ဘုရားသခင်လည်း "သင်သည် နတ်သမီးတို့ကို အလိုမရှိပါမူ ငါ၏ဝန်ခံခြင်း ငြိမ်းတော့သည်" ဟု မိန့်တော်မူ၍—

ယဿ ကာမပင်္ကော တိဏ္ဏော—

စသောဥဒါန်းကို ကျူးရင့်တော်မူ၏။

**အနက်ကား**။ ။ယသ္မာ၊ အကြင်ရဟန္တာသည်။ ကာမပကော်ာ၊ကာမဂုဏ် တည်းဟူသော ညွန်ပျောင်းကို။ တိဏ္ဏော၊ကူးမြောက်ပြီ။ကာမကဏကော၊ ကာမဂုဏ်အာရုံ တည်းဟူသော ဆူးငြောင့်ကို။ မဒ္ဒိတော၊ ချိုးနှိမ်အပ်ပြီ။ မောဟက္ခယံ၊ မောဟ၏ကုန်ရာဖြစ်သော နိဗ္ဗာန်သို့။ အနုပ္ပတ္တော၊ အစဉ် ရောက်ပြီ။ သော၊ ထိုရဟန္တာသည်။ သုခဒုက္ခေ၊ ချမ်းသာဆင်းရဲ၌။ န- ဝေဓတိ၊ မတုန်မလှုပ်။

ဤသို့အရှင်နန္ဒ ရဟန္တာဖြစ်၍ နှစ်ရက်သုံးရက်မြောက်လျှင် သံဃာ တော်တို့လည်း ဤသို့ မေးကြကုန်၏၊ "ငါ့ရှင်နန္ဒ သင်သည် သာသနာ၌ လွန်စွာဆန့်ကျင်၏ဟူသည့် ယခုမူကား အသို့နည်း " စသည်ဖြင့် မေးကြ ကုန်သော် " အဆွေသံဃာတော်တို့ အကျွန်ုပ်သည် လူ၏ဘဝကိုတောင့် တခြင်း ကင်းပါပြီ" ဟု ပြော၏၊ ထိုစကားကို မယုံစား၍ ဘုရားရှင်အား လျှောက်လေသော် ဘုရားရှင်လည်း " သင်ချစ်သားတို့ နန္ဒမင်းသားသည် ရှေးရှေးသော နေ့များက ပျက်ပြားသော အမိုးအကာရှိသော အိမ်နှင့် တူသည်၊ ယခုမူကား လှမ်းထားလုံခြုံစွာ မိုးကာပိတ်ဆို့ အပ်သော အိမ်- နှင့်တူပေပြီ၊ ကိလေသာဟူသော နေပူ လေပြင်း မိုးညှင်း မိုးပေါက် တို့သည် မဖောက်မထွင်းနိုင်ပြီ " ဟု ပြတော်မူခြင်းငှာ—

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ၊
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။ ၁။

ဟူသော ဒေသနာမြွက်ကို ဟောတော်မူ၏။

**အနက်ကား**။ ။ဒုစ္ဆန္နံ၊ ပျက်စီးဆိုးဟောင်း မကောင်းသော အမိုးရှိသော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးသည်။ သမတိဝိဇ္ဈတိ ယထာ၊ ထွင်းဖောက် လေသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အဘာဝိတံ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း မရှိသော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ သမတိဝိဇ္ဈတိ။ ထွင်းဖောက်နိုင်၏။ သုစ္ဆန္နံ၊ ကောင်းစွာမိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးသည်။ န သမတိဝိဇ္ဈတိ ယထာ၊ မထွင်းနိုင်သကဲ့သို့။ ဧဝံ တထာ၊

ထို့အတူ။ သုဘာဝိဘံ၊ ရုံခါမလပ် ပွါးစေအပ်သော ဝိပဿနာရှိသော။ စိတ္တံ၊ စိတ်ကို၊ ရာဂေါ၊ ရာဂသည်။ န သမတိဝိဇ္ဈတိ၊ မထွင်းဖောက်နိုင်။

( ဤဒေသနာတော်ကို ဟောတော်မူရာဝယ် များစွာသောသူတို့သည် အကျွတ်တရားကို ရကုန်သတည်း။ ( မှတ်လွယ်စိမ့်သောငှာ ရှေးမှာဝယ်၍ ဆိုလိုက်သည်။)

## သားတော်ရာဟုလာမင်းသား ရှင်ပြုခြင်း

ထိုနောက်မှ ခုနစ်ရက်မြောက်သောအခါ ရာဟုလာမယ်တော် ယသော-ဓရာမိဖုရားသည် သားတော်ကို တန်ဆာဆင်ယင်ပြီးသော် ဘုရားသခင် အထံတော်သို့ အမွေတောင်းစေလို၍—

"ချစ်သား သုံးပါးသောလောကဝယ် အတုမရှိ အသဒိသစစ် ဖြစ်တော်မူ၍ နတ်လူအလုံးတို့ ညွှတ်ချုံးဦးခိုက်ကြကာ ရဟန္တာ နှစ်သောင်းခြံရံလျက် စံပယ်တော်မူသော ဤပုဂ္ဂိုလ်မြတ်သည် ကား အချင်းမဟုတ်၊ သားမောင့်ဖခင် ကျေးဇူးရှင်တည်း။ မွေးသီခင်နှင့် ရွှေနန်းပြင်ဝယ် စံရှင်တော်မူသောကာလက တယူ-ဇနာ သုံးဂါဝုတ်မျှ ကြီးကျယ်လှသော ရွှေအိုးလေးလုံးတို့သည် ရှိကုန်၏၊ ထိုရွှေအိုးတို့သည် သားတော်ဖခင် တောဝင်သည်မှစ၍ မိခင်တို့ မမြင်ရကုန်၊ ဘယ်ရပ်ဘယ်ကွက် ဘယ်သူ့လက်၌ လျှို့ဝှက်ခဲ့သည်ဟု မသိရပါ၊ ငါ့သားမှာမူ ဆောင်ချာပြည်ကြီး ရွှေထီးရွှေနန်း သည်ကိုင် ခန်းကို သိမ်းမြန်းစိုးချုပ် ထီးမြှူအုပ်၍ မင်းလုပ်ရမည့်သူ ဖြစ်ချေသည်၊ ဘိုးတော်ဘွားတော် မယ်တော်တို့အား နှစ်လရှည်လျား သင်ချစ်သားပင် စောင့်စားကျွေးမွေးရလိမ့်မည်၊ သားဟူသမျှသည် အဘအမွေကို ခံရစမြဲဖြစ်သည်၊ သို့ဖြစ်သောကြောင့် မောင့်ဘဘုရား အထံသွား၍ အမွေ မောင်တောင်းချေလော့"—

ဟု စေလွှတ်လိုက်လေ၏။

ရာဟုလာမင်းသားလည်း ဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူရာအနီးသို့ ကပ်၍ ဖခင်၏ချစ်ခြင်းဖြင့် ရဲတင်းရွှင်လန်းစွာ မိမိနှင့်လျော်ရာ များစွာ

သော စကားတို့ကို ဆိုလျက် ရပ်၏။ ဘုရားသခင်လည်း ဆွမ်းဘုဉ်းပေး ပြီး၍ ကြွတော်မူလေသော် နောက်တော်က ကပ်၍ သက်န်းစကိုဆွဲလျက် "ဖခင်ရဟန်းမြတ်....အကျွန်ုပ်အား အမွေသနားတော်မူပါ၊ အဘဥစ္စာ ဟူက သားရမြဲဓမ္မတာ ဖြစ်ပါသည်"ဟု တောင်းကာ တောင်းကာ လိုက်၏၊ ကိုယ်တော်မြတ်လည်း သားတော်ကို ပြန်လေတော့လည်း အမိန့် တော် မရှိ၊ မိမိ၏ အခြွေအရံများကလည်း ပြန်ပါဟု မဆိုဝံ့ကြ၍ ကျောင်းတော်သို့တိုင်အောင် လိုက်ပါလေ၏၊ ထိုအခါ မြတ်စွာဘုရား လည်း—

"ငါ့သား ရာဟုလာသည် ဥစ္စာအမွေကို အလိုရှိ၏၊ ထိုဥစ္စာ တား ဝဋ်တရား၌ ရှည်လျားစွာ ကျင်လည်ရကြောင်း မကောင်း သော အဆောက်အဦသာ ဖြစ်သည်၊ မောင့်ဘမြတ်စွာ ငါဘုရား သည် ကြိုးစားကုတ်ကပ်၍ ရှာသဖြင့် မဟာဗောဓိပင် ပလ္လင် ရွှေ ဘုံ၌ အလုံးစုံရအပ်သော လောကုတ္တရ ဓမ္မအမွေကိုသာ ငါပေး တော်မူမည်"—

ဟု မိန့်တော်မူပြီးလျှင် အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ "ဤ ရာဟုလာမင်းသားကို ငါ့အမွေ သနားတော်မူလိုသည်၊ ရှင်ပြုဘိလော့"ဟု မိန့်တော်မူ၏၊ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် ဆံရိတ်၍ သင်္ကန်း ဝတ်ရ၏၊ အရှင်သာရိပုတ္တရာသည် သရဏဂုံပေး၏၊ အရှင်မဟာကဿပ သည် ဩဝါဒဆရာဖြစ်၏။

ထိုသို့ သားတော်မြေးတော်တို့ကို ရဟန်းပြုလေလျှင် ဖခင်သုဒ္ဓေါဒန မင်းတရားသည် နှလုံးမသာ ကြီးစွာသောဆင်းရဲခြင်းဖြစ်၍ ဘုရားသခင် အထံသို့ လာပြီးသော် ဤသို့နားတော်လျှောက်၏၊

"သားတော်ဘုရားသည် ယော်စဉ်ဏပင် လေးဝဓဿာနိမိတ်ကို မြင်၍ လူ့ခွင်၌ မပျော်မြိန်းပဲ ရဟန်းပြုလိမ့်မည်ဟု ပုဏ္ဏားတို့ ဘတ်သောနိမိတ်စကားကို ကြားသည်မှစ၍ ဖခင်နှလုံးမသာ လုံ့လကြီးစွာဖြင့် မခွါမထွက်နိုင်အောင် ဗိုလ်တထောင်ဖွင့်မှ ပွင့်

နိုင်သော တံခါး [illegible] သုံးပါးသေသူတို့နှင့် ရှောက်ပတ်သော ရွှေနန်း [illegible] ဆောင်း လေးဆောင်း မျှလောက်သော [illegible] အလှန်အကျူး ထူးမြတ်သော မင်းစည်းစိမ်ချမ်းသာ [illegible] ဖြင့် အားထုတ်ထားပါသော်လည်း သားအား [illegible] ထောထွက်၍ ရဟန်းပြုခြင်းကြောင့် ကြွမင်းသော မှုထွေနကို ကျွန်ုပ် သည်း မခံနိုင်အောင် ရှိရပါပြီ၊

သည်နှင့်မနေ နန်းတော်ဝယ်သော သား မင်းနန်းကို ထမ်းဆောင်ယူရ၍ ရဟန်းပြုခြင်းသော ကြောင့်လည်း ကြီးစွာသောစိတ်ဒုက္ခ ဖြစ်ရပါသည်၊ [illegible] သားယောင် ရဟန်းဖြင့်စောင်းမှုမြေးတော် [illegible] ကျွန်ုပ်၍ ကောင်းမင်းကောင်း ဘေးလောင်းတို့၏ [illegible] စိုးဆက်စံမြန်းကာ [illegible] ရပါမူ စိတ်ကစပြုနိုင်ပါ၏၊ သို့ [illegible] ဆောင်ယူ၍သော [illegible] အစုံ စံမည့်သူ လည်းမရှိ [illegible] ပါးကိုး အုပ်ဆောင်း စောင်မနိုင် [illegible] လူ့သစ်ပင်တို့ [illegible] အရေး တရား သံသာကို [illegible] ထောက်လှန် ပုပ်မ [illegible] အရေးတို့မှာ အသယ် [illegible] မိဘ၏ သားမြေး [illegible] ပါသည်၊"

ထို့ [illegible] မင်းကြီးအား တရား [illegible] ပန်ကြားတော်မူ၏၊ ထို့နောက် [illegible] လျှောက်ပြန်၏၊

"[illegible] ကြီးမားသော [illegible] သော်လည်း မသိမမြင်သော မိဘတို့သည် စိတ်ကို [illegible] ကျွန်ုပ်

တောင်းပန်ပါမည်၊ ယနေ့မှစ၍ မိဘတို့ အနှုးအညွတ် ခွင့်မလွှတ်သော သားသမီးကို အရှင်ဘုရား ယူ၍ ရဟန်း မပြုပါလင့်”—
ဟု လျှောက်၏၊ ဘုရားသခင်လည်း ခန့်ခံတော်မူ၍ ရဟန်းတို့ကို ခေါ်ပြီးသော်....

န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

**ဟူသော သိက္ခာပုဒ်ကို ပညတ်တော်မူ၏။**

**(ယသောဓရာ သားတောင်းလာသော အကြောင်းကို နောက်မှ ပြတော့အံ့)**

**တနေ့သ၌** ဘုရားသခင်သည် နန်းတော်တွင် ဆွမ်းဘုဉ်းပေး၍ အပြီးတွင် ဖခင်မင်းကြီးက“အရှင်ဘုရား ဒုက္ကရစရိယာကျင့်စဉ်က မထင်ရှားသော နတ်သားတယောက်သည် လာ၍ ‘ရှင်မင်းကြီးသား ဘုရားမဖြစ်နိုင်ပြီ၊ စကြံဦးတွင် ကမ္မဋ္ဌာန်းစီးဖြန်းစဉ် လဲ၍ အသည်းကွဲသဖြင့် သေရှာပြီ’ဟု သုံးကြိမ်, လေးကြိမ် ပြောဆိုလာသည်၊ ထိုစကားကို အကျွန်ုပ်မယုံပါ၊ ငါ၏သားသည် ဘုရားမဖြစ်ပဲကို မသေနိုင်ရာ”ဟု ဆိုလိုက်ပါသည်၊ ဆိုသည့်အတိုင်းပင် ယခုမှန်ပေသည်၊ထိုအကြောင်းကို အောက်မေ့၍ အလွန်ဝမ်းမြောက်ပါသည်”ဟု နားတော်လျှောက်၏၊ ဘုရားသခင်လည်း—

“ခမည်းတော်မင်းကြီး ...ယခုဘဝ၌ ပါရမီရင့်လှပြီကို အဘယ်မှာ ယုံပေအံ့နည်း၊ ပါရမီနုစဉ်သာဖြစ်သေးသော ရှေးလွန်လေပြီးသောဘဝက မဟာဓမ္မပါလသတို့သားဖြစ်သောအခါ ဒိသာပါမောက္ခဆရာသည် တူရာအရိုးကို ယူဆောင်၍ပြသဖြင့် အသင့်သား သေပြီဟုအလီလီပြောသော်လည်း မယုံကြည်ဖူးလေပြီ”—

ဟု အတ္ထုပ္ပတ္တိကိုပြ၍ မဟာဓမ္မပါလဇာတ်ကို ဟောတော်မူလေ၏၊ ထိုအခါ မင်းကြီး အနာဂါမ်တည်လေ၏၊ယင်းသို့ ခမည်းတော်မင်းကြီးအား သုံးပါး

သောပိုလ်၌ တည်စေပြီးမှ ဝါဆိုလတွင် ရာဇဂြိုလ်ပြည်သို့ ပြန်၍ ဝေဠုဝန် ကျောင်း၌ ဒုတိယ, တတိယ, စတုတ္ထ သုံးဝါကပ်တော်မူသည်။

### ရှင်မဟာကဿပ၏ ရှေးအကြောင်းကို ပြခြင်း

သမ္ဗုဒ္ဓအထွတ် သုံးလူ့နတ်သည် ကပိလဝတ်ပြည်မှပြန်၍ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ စံနေတော်မူသောအခါ အရှင်မဟာကဿပ အလောင်း ဖြစ်သော ပိပ္ပလိလုလင်သည်...သာသနာသို့ဝင်၍ ရဟန်းပြုလာသတည်း၊ ထိုအရှင်မဟာကဿပ၏ အကြောင်းကား ဤကမ္ဘာမှပြန်၍ရေသော် ကမ္ဘာတသိန်း၏ အထက်၌ ပဒုမုတ္တရဘုရား ထင်ရှားဖြစ်တော်မူ၏၊ ဟံသာဝတီပြည်ကို အမှီပြုလျက် သားငှက်အပေါင်းတို့ကို ဘေးမဲ့ပေးရာ ခေမာအမည်ရှိသောဥယျာဉ်တွင်း၌ သီတင်းသုံးတော်မူသောအခါ ထိုဟံသာဝတီမြို့တွင်းမှ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော "ဝေဒေဟ" အမည် ရှိသော သူကြွယ်တဦးသည် ဘုရားရှင်ထံ နိယံနို့ဘွတ် ဆည်းကပ်ကိုးကွယ် လေ့ရှိ၏၊ တရံသောအခါ ပန်းနံ့သာလက်စွဲလျက် ကျောင်းတော်သို့သွား ပြီးလျှင် အဂ္ဂါရှစ်ပါးရှိသော ဥပုသ်ကို ဆောက်တည်၍ ဘုရားရှင်၏ အနီး၌နေ၏၊ ထိုခဏ၌ တတိယသာဝကဖြစ်သော မဟာနိသဘအမည်ရှိ သော မထေရ်မြတ်သည် ဆည်းကပ်ခစား လာသည်ကို ပဒုမုတ္တရဘုရား အခင်သည်—

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုတဝါဒါနံ ယဒိဒံ နိသဘော—

ဟု၍ ဓုတင်ထေရသကို ဆောင်သော ထေဒဂ်အရာ၌ထား၍ ချီးမြှင့်တော် မူ၏။

ထိုသို့ချီးမြှင့်သည်ကို သူကြွယ်သိမြင်လျှင် ထိုအရှင်ကဲ့သို့ ဖြစ်ချင်သော ဆန္ဒသည် ဖြစ်လတ်၍ ပရိသတ်တို့သွားကြသောအခါ မြတ်စွာဘုရားအထံ သို့ကပ်၍ "နက်ဖြန် နံနက်သောအခါ သံဃာတော်အပေါင်းနှင့်တကွ အရှင်ဘုရားသည် တကာတော်အိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု ပင့်လျှောက်၏၊ ဘုရားသခင်လည်း "ဥပါသကာ...သံဃာတော်ကား အလွန် များ၏၊ ခြောက်သန်းမျှဝင် ရှိ၏၊ အဘယ်မျှလောက်သော

သံဃာဖြင့်ကြွလာရအံ့နည်း”ဟုမေးတော်မူလျှင်“အရှင်ဘုရား တပည့်သား သံဃာမှန်လျှင် ရှင်သာမဏေကိုမျှ မကြွင်းစေပဲသံဃာခြောက်သန်းနှင့်ပင် ကြွတော်မူပါ” ဟု လျှောက်၏၊ ဘုရားသခင်လည်း ဆိတ်ဆိတ် ဝန်ခံတော်မူ၏၊

ဥပါသကာလည်း မြတ်စွာဘုရား ဝန်ခံကြောင်းကိုသိလျှင် အိမ်သို့ အလျင် အမြန်လာ၍ လုပ်ကျွေးစရာ ဆွမ်းကွမ်း အချိုအချဉ် စီရင် ပြီးသော် သံဃာတော်တို့၏ နေရာကို ကောင်းစွာပြုလုပ်၏၊ နံနက်သော အခါ မြတ်စွာဘုရားအား ကြားလျှောက်ပင့်ဆောင်၍ ယာဂုဆွမ်းတို့ဖြင့် လုပ်ကျွေးပြီးသော် အထံတော်ပါး၌ နေ၏၊ ထိုအခါ တတိယသာဝကဖြစ် သော မဟာနိသဘထေရ်မြတ်သည် သပိတ်သက်န်းပြင်လျက် အိမ်စဉ် အတိုင်း ဆွမ်းခံ၍သာသည်ကို ဝေဒေဟ ဥပါသကာမြင်လျှင် လျင်စွာလိုက် ၍“အရှင်ဘုရား သပိတ်ကို သနားတော်မူပါ၊ ဤအိမ်သို့လည်း ကြွတော် မူပါ၊ ဘုရားမြတ်စွာလည်း ဤအိမ်၌ရှိပါသည်” ဟု လျှောက်၏၊ မဟာနိ- သဘထေရ်သည်လည်း မည်သည့်စကားကိုမျှ မပြန်ကြားပဲ သွားမြဲတိုင်း သွားလေလျှင် သပိတ်တွင်သာ ဘောဇဉ်ငါးပါးဖြင့် ပြည့်စေလျက် လိုက်၍ ကပ်ရ၏၊ ပြီးသောကာလ ဘုရားထံတော်သို့ကပ်၍—

အရှင်ဘုရား ဤမဟာနိသဘထေရ်ကား ဘုရားသခင် ဤတွင်ရှိပါသည့်၊ အိမ်သို့ကြွတော်မူပါဦးဟု ကျွန်ုပ် ပင့်ဖိတ်ပါ သော်လည်း မဝင်လိုပါ၊ဤပုဂ္ဂိုလ်၌ ကိုယ်တော်မြတ်ထက်သာလွန် သော ဂုဏ်ကျေးဇူးအထူး ရှိပါသလောဟု လျှောက်၏၊ ဘုရား သခင်တို့မည်သည်လည်း သူတထူးတို့၏ ကျေးဇူးဂုဏ်ကို တစုံတခု မျှကွယ်ဝှက်ဝန်တိုသည် မရှိရကား ထိုနိသဘထေရ်၏ ကျေးဇူး စကားကို မိန့်ကြားတော်မူခြင်းငှာ—

“ဥပါသကာ ဤမဟာ နိသဘသည် အဘယ်မှာ ငါတို့မျှ က ပါအံ့နည်း၊ ငါတို့ကား ပင့်ဖိတ်လာသော ဒါယကာတို့၏ ဆွမ်းကို သုံးဆောင်၏၊ ဤနိသဘမထေရ်ကား မသုံးဆောင်၊ ဆွမ်းခံ၍ သုံးဆောင်သည်၊ ငါတို့ကား ရွာ၏အနီးအပါးဖြစ်သော ကျောင်း၌ နေ၏၊ ဤနိသဘမထေရ်ကား မနေပေ၊ တော

ကျောင်း၌သာ မွေ့လျော်ပေသည်၊ ငါတို့ကား အမှုံးရှိသော ကျောင်းသို့ ဝင်သေး၏၊ ဤနိသဘာမထေရ်ကား မဝင်၊ ဟင်း လင်းအပြင်၌သာ နေသည်"။

ဤသို့စသည်ဖြင့် သန္တုဋ္ဌိသလ္လေခနှင့်တကွသော အရိယဝံသဓမ္မကျေးဇူး ကို ချီးကျူးမိန့်ကြားတော်မူလျှင် ဝေဒေဟဥပါသကာလည်း အလှူအဝါနှင့် တကွ တောက်ပသောဆီမီးဟောင်းတွင် ဆီထပ်၍လောင်းသကဲ့သို့ အတိုင်း ထက်အလွန် ကြည်ညို၍ "ဤပုဂ္ဂိုလ်ကဲ့သို့သာ နောက်နောက်သော ဘုရား ရှင်တို့၏သာသနာ၌ ဖြစ်ပါစေသောဟု ငါဆုပန်တော့အံ့"ဟု ကြံလျက် ခုနစ်ရက်ပတ်လုံး ဧည့်နည်းအဘူ အလှူကြီးကိုပေး၍ ခုနစ်ရက်မြောက် သောနေ့၌ သံဃာတော်ခြောက်သန်းတို့အား တပါးတပါးလျှင် အသပြာ တထောင်ထိုက်သော တိစီဝရိတ်သင်္ကန်းကို ကပ်လှူပြီးလျှင် ဘုရားရှင် ခြေတော်ရင်း၌ဝပ်၍—

"အရှင်ဘုရား အကျွန်ုပ်ကား သိကြားလိမ္မာသည့်မှစ၍ စွမ်း နိုင်သမျှ ပြည့်စုံသော ကုသိုလ်စေတနာ သံဃာတော် ခြောက် သန်းနှင့်တကွ ကိုယ်တော်မြတ်အား ခုနစ်ရက်ပတ်လုံး သွမ်း သင်္ကန်း ကပ်လှူရသော စေတနာ, ကာယကံ ဝစီကံ မနောကံတို့ ကို အလွန် ဆည်းဆည်းအပ်သော သီလပရိပုဏ္ဏ မေတ္တာသဟ- ဂတစေတနာ ဤစေတနာအပေါင်းတို့ကြောင့် လူကောင်း နတ် ကောင်းတို့၏အဖြစ်ကို မလိုပါ၊ နောင်ဘုရားရှင်တို့၏ သာသနာ၌ ဤမဟာနိသဘထေရ်ကဲ့သို့ အရာအထူးကိုရ၍ ဓုတင်တရားကို ဆောင်နိုင်သည်သာ ဖြစ်စေသော"—

ဟု ဆုတောင်း၏။

ထိုဘုရားမြတ်စွာလည်း အနာဂတံသဉာဏ်ဖြင့်ရှု၍ ဆုတောင်းဘိုင်း ပြည့်အံ့သည်ကို မြင်တော်မူလျှင် ရှင်လုသောဟာမြှကို ထားလျက် "ချစ်သားဝေဒေဟ ဤကမ္ဘာမှနောက် တသိန်းမြောက် ကျသော ဘဒ္ဒကမ္ဘာ၌ ဂေါတမအမည်ရှိသောဘုရား ပွင့်တော်မူလိမ့်မည်၊ ထိုအခါ သင်သည် မဟာကဿပအမည်ရလျက် ဓုတင်တရားကို ဆောင်နိုင်သော တတိယသာဝကကြီး ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကားကို ကြားတော်မူ၏၊

ထိုအခါမှစ၍ ဥပါသကာလည်း ဒါန သီလ ဘာဝနာကို လွန်စွာ အားထုတ်လျက် ခန္ဓာပျက်သောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်လေ၏၊ ထိုမှစ၍ လူ့ပြည်နတ်ပြည်လှည့်လည်ကာ ချမ်းသာကိုခံစားလျက် ဤကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီဘုရား ပွင့်တော်မူသောအခါ ဗန္ဓုမတီပြည်ဝယ် သိမ်ငယ်သော ပုဏ္ဏားဆင်းရဲအမျိုး၌ ဖြစ်လာ၏၊ ထိုဘဝကား တခုသော မကောင်းမှုကံကြောင့် အလွန်ဆင်းရဲ၍ ဟင်းရွက်ခူး ထင်းခွေဖြင့်သာ အသက်မွေးရ၏၊ မိမိ၌လည်းကောင်း, မယား၌လည်းကောင်း ကိုယ်ဝတ်တထည်စီ, အပေါ်ရုံစုလျားမှာ တထည်တည်းသာ ရှိ၏၊ ပုဏ္ဏားတို့အစည်းအဝေးရှိ၍ လင်သွားရလျှင် မယားအိမ်တွင်းက မထွက်ဝံ့၊ ပုဏ္ဏေးမတို့ အစည်းအဝေးရှိ၍ မယားသွားရလျှင် လင်အိမ်တွင်းက မထွက်ဝံ့ဖြစ်၍ 'ကေသာဋက'ဟု အမည်ရ၏၊

ဝိပဿီမြတ်စွာဘုရားလည်း သတ္တဝါအပေါင်းတို့အား ခုနစ်နှစ်တကြိမ် တရားဟောတော်မူ၏၊ ဟောချိန်နီးသောအခါ ပြည်ရွာတောတောင် စောင့်သောနတ်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်ပတ်၍ 'မြတ်စွာဘုရား တရားဟောချိန် သင့်ပြီ၊ စည်းဝေးကြကုန်'ဟု ဆော်ကြားလျက်ကြီးစွာသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏၊ ကေသာဋကပုဏ္ဏားလည်း ထိုသတင်းစကားကိုကြားလျှင် တရားနာလိုသော ဆန္ဒရှိ၍ မိမိပုဏ္ဏေးမအား ဤသို့ဆို၏၊ "အဆွေမ တရားတော်ကို နာခြင်းငှာ ငါသော်လည်းသွားအံ့၊ သင်သော်လည်း သွားချေ"ဟု ဆို၏၊ ပုဏ္ဏေးမကလည်း "အကျွန်ုပ်တို့ မိန်းမမည်သည်ကား ညဉ့်အခါသွား၍ မသင့်ချေ၊ နေ့အခါမှ ကျွန်ုပ်သွားပါအံ့၊ ယခုအမောင်သာ သွားပေလော့"ဟု ဆိုပေသော် ထိုကေသာဋကသည်လည်း ဝတ်စားပြင်ဆင်လျက် ဘုရားရှင် ကျောင်းတော်သို့သွား၍ တရားနာလေ၏၊ မြတ်စွာဘုရားလည်း မင်းနှင့်တကွသော ပရိသတ်လေးပါးတို့အား ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာဟူသော တရားစကားအစဉ်ဖြင့် ကောင်းကင်မြစ်ကြီးစီးဘိသကဲ့သို့ နှစ်မြို့လောက်စွာ အင်္ဂါရှစ်ပါးရှိသောအသံဖြင့် စိတ်ဖန်ကာ ဟောတော်မူ၏။

ပရိသတ်စွန်ကနေ၍သာ တရားတော်ကို နာရသော ကေသာငှက လည်း အဆအရာ ဝမ်းသာနှစ်မြို့ခြင်းရှိ၍ ပီတိငါးပါးဖြစ်လျက် ခုံးထက် ၌ပါသော စုလျားပုဆိုးကိုပုံစုလျက် ဤဝတ္ထုကို ဘုရားရှင်အား လှူတော့ အံ့ဟု ကြံ၏၊ တဖန်လည်း ဤစုလျားကိုပင် ငါလှူ၍သွားခဲ့သော် ပုဏ္ဏား တို့ အစည်းအဝေးရှိသောအခါ ငါလည်း မဝင်ဝံ့၊ ပုဏ္ဏေးမလည်း မဝင်ဝံ့ ရှိချိမ့်မည်၊ နောက်တထည်ရမှပင် လှူတော့အံ့ဟု ကြံပြန်၏၊ ဤသို့စသည် ဖြင့် သဒ္ဓါစိတ်တရံဖြစ်သည်ကို မစ္ဆေရစိတ် တထောင်မျှလောက်ဖျက်၍ ပခုံးထက်၌ တင်မြဲတင်ပြန်၏၊ တဖန် လှူဦးမည်ဟု ကြံစည်ပြန်လျှင်လည်း ယခင်နည်းကဲ့သို့ စေးနှဲစုံမက်သော မစ္ဆေရစိတ်သာ ကပ်ငြိ၍ မလှူမိပဲ ပဌမယာမ် မဇ္ဈိမယာမ်လွန်မြောက်၍ ပစ္ဆိမယာမ်သို့ ရောက်လေသော် ဝိပ်ကိုယ်ကို မိမိနှလုံးဖြင့် ဆိုဆုံးမသည်ကား—

“အချင်း ကေသာငှက သင်သည် ဤတထည်မျှလောက်သော ပုဆိုးကိုလျက် မလှူရက်ဘိသကဲ့သို့ အထက်အထက်သောဘဝက မစ္ဆေရနောက်သို့လိုက်လံကာ ဒါနကောင်းမှုကိုမပြုခဲ့သောကြောင့် ယခုဘဝ၌ ဆင်းရဲရသည် မဟုတ်လော၊ နောက်နောက်သောဘဝ တို့၌လည်း ဤကဲ့သို့ဆင်းရဲလိုသလော၊ အဆောတလျင် သင်လှူ မှသာ ဒါနဖြစ်တော့မည်”—

ဟု တိုက်တွန်းဆုံးမ၍ ပခုံးမှစုလျားကိုချပြီးလျှင် ဘုရားရှင်ခြေတော် ရင်း၌ထား၍ အားရဝမ်းသာစွာ လကျာလက်ဖြင့် လက်ပမ်းပေါက်တီး လျက် “အောင်ပြီ”ဟု သုံးကြိမ်ဆို၏၊

ထိုအသံကို ဗန္ဓုမမင်းကြီး ကြားလေလျှင် “သင်ကား အဘယ်သူကို အောင်သနည်း”ဟု မေး၏၊ ကေသာငှကလည်း—

ညဉ့်ဦးယာမ်၌ အကြံဖြစ်သည်မှစ၍ မစ္ဆေရနှင့်သဒ္ဓါသည် အခါခါစစ်ထိုးကြရာတွင် ယုတ်မာသောမစ္ဆေရသည် ပစ္ဆိမယာမ် မှ ရှုံးနစ်လျက် လှူနိုင်သည်ဖြစ်၍ ထိုမစ္ဆေရကို အောင်ပြီဆိုပါ သည်”—

ဟု လျှောက်၏၊ မင်းကြီးလည်း အားရဝမ်းသာ လွန်စွာချီးပ၍ တစုံမျှသောပုဆိုးကို ပေး၏၊ ကေသာဋ္ဌကလည်း "ဘုရားရှင်ကျေးဇူးတော်ကို မှီ၍သာရလာသော ဝတ္ထုဖြစ်ရကား ဘုရားနှင့်သာ ထိုက်ပေသည်"ဟု ကြံ၍ တဖန်လှူပြန်၏၊ ထိုသို့လှူသည်ကို မင်းကြီးသိပြန်လျှင် နှစ်စုံပင် ထပ်၍ ပေး၏၊ ကေသာဋ္ဌကလည်း ဘုရားရှင်အား လှူပြန်၏၊ တဖန် လေးစုံကိုလည်းကောင်း, ရှစ်စုံကိုလည်းကောင်း ပေးပြန်လျှင်လည်း ယခင်ကဲ့သို့ အကုန်ပင်လှူ၏၊ ထို့နောက် တဆယ့်ခြောက်စုံ ပေးလေသော်–

"ဤ ကေသာဋ္ဌကသည် တဆ တဆ ရမှန်းသိ၍သာ လှူသည်ဟု သူတထူးတို့ ကဲ့ရဲ့ရာဖြစ်ပေတော့မည်"–

ဟု ကြံ၍ မိမိအဖို့တစုံ, မယားအဖို့တစုံထား၍ အကြွင်းကို ဘုရားရှင်အား လှူ၏၊

ထိုအခါမှစ၍ ကေသာဋ္ဌကသည် ဘုရားသခင်နှင့် အကျွမ်းဝင်ကြ၍ သရဏဂုံသီလကိုခံလျက် ဘုရားရှင်ထံ နိယံမပြတ် ဆည်းကပ် ခစားသတည်း၊ တရံသောကာလ ဆောင်းလအခါ မဟာဗန္ဓုလမင်းကြီးသည် ဘုရားရှင်ထံ တရားနာခြင်းငှါ လာရာဝယ် အသပြာတသိန်းထိုက်သော ကမ္ဗလာတစုံကို ပန္နုဏ္ဏရာဇ်တိုင်းမှ ဆက်လာ၍ရသဖြင့် ဘုရားထံပါးတွင်နေသော ထိုကေသာဋ္ဌကအား "ဤကမ္ဗလာအစုံကို အမြဲဝတ်ရုံ၍ တရားတော်ကို နာပါ၊ ဘုရားရှင် အမှုကို ဆောင်ရွက်ပါ" ဟု ဆို၍ ပေး၏၊ ကေသာဋ္ဌကလည်း–

"ဤ ကောင်းမြတ်လှသော ကမ္ဗလာဖြင့် အပုပ်ကောင်သာဖြစ်သော ငါ၏ကိုယ်ကို ဆင်ယင်၍ အဘယ်အကျိုးရှိအံ့နည်း၊ ဘုရားအားလှူရမှု ဘဝဆက်တိုင်း ပါရာ၏"–

ဟု ကြံ၍ ဘုရားစံရာ ဂန္ဓကုဋီဝယ် တထည်ကို အခင်းပြုလျက် တထည်ကို ဗိတာန်ကြက်၍ လှူ၏။

တနေ့သ၌ မင်းကြီးကျောင်းတော်သို့ လာလတ်သော် ကိုယ်တော်မြတ်၏ ရောင်ခြည်ဟုန်သည် အစုံသောကမ္ဗလာရောင်ဖြင့် ကူးရှက်ရကား ပြုံးပြုံးပြက်ထွန်းသော ပဒ္မမြားတောင်ကို နေရောင်လရောင်ဖြင့် ဟပ်

သကဲ့သို့ တလျှပ်လျှပ်တညီးညီး အံ့ချီးဖွယ်ဖြစ်၍ နှစ်သက်ဝမ်းသာစွာ "ဤကမ္ဗလာကို ဘယ်ဒါယကာ လှူပါသနည်း" ဟု လျှောက်မေး၏၊ ကေသာဝရှက လှူကြောင်းကို ဘုရား မိန့်တော်မူသဖြင့် သိလေလျှင်—

> "အရှင်ဘုရား—ဤကမ္ဗလာကို ကေသာဝရှကအား အကျွန်ုပ် ပေးပေသည်၊ ကေသာဝရှကလည်း သင့်တင့်သော ဌာန၌ပင် ထားပေသည်"—

ဟု ဆို၍ ကြည်ညိုဝမ်းသာ ပြောဟောပြီးမှ ထိုကေသာဝရှကကိုခေါ်၍ သံဃာတော်တို့၏ အလုပ်အကျွေး ပြုစိမ့်သောငှါ အသပြာတသိန်းထိုက်သော ရွှာကြီးရှစ်ရွာ, ရထားစီးကညာ ရှစ်ယောက်, ဆင်ပေါက်ရှစ်စီး, ကျွန်သီးရှစ်အိမ်ထောင်, ရှစ်ဆောင်သော တိုက်ပြာအာသဒ်, ရှစ်ရပ်စီသာ ဖြစ်သော ဆင် မြင်း ကျွဲ နွားတို့ကို ပေးတော်မူ၏၊ ထေသာဝရှကလည်း ထိုနေ့မှစ၍ ဒါနသီလ ဘာဝနာကို လွန်စွာအားထုတ်လျက် အသက်ဆုံးလတ်သောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

ထိုမှသည် လူ့ပြည် နတ်ပြည် ကျင်လည်ကာ လာသဖြင့် ဤဘဒ္ဒကမ္ဘာ ဝယ်ကောဏာဂုံဘုရားနှင့် ကဿပဘုရားရှင်တို့၏အကြား၌ ဗာရာဏသီပြည်တွင် သူကြွယ်၏အမျိုး၌ ဖြစ်လာ၏၊ အရွယ်ရောက်သောအခါအိမ်ရာထောင်ခြင်းပြင့်နေ၍ တနေ့သ၌ တောကစားသွားလေသော် ရေနီးသော တောအုပ်တခု၌နေသော ပစ္စေကဗုဒ္ဓါတို့၏ ကျောင်းကိုမြင်၍ ကျောင်းသို့ ဝင်လေ၏၊ အရှင်ပစ္စေကဗုဒ္ဓါတို့လည်း သင်္ကန်းချုပ်လုပ်ရာ အနားပတ် မလောက်သဖြင့် ခေါက်ထားခြင်းငှါ ရုံးစုသည်ကိုမြင်လျှင် "အရှင်ဘုရားတို့ သင်္ကန်း မလောက်သလော" ဟု လျှောက်၏၊ အနားပတ် တင်ရန် လိုကြောင်း ပြောဆိုလျှင် ကိုယ်ဘွင်ဝတ်သော ပုဆိုးကိုဖြဲ၍ လိုအပ်သမျှ သုံးတော်မူပါဟု လှူ၍—

> "အကျွန်ုပ်သည် ဤကောင်းမှုကြောင့် ဖြစ်လေရာရာဘဝဝယ် တောင့်တတိုင်း ပြည့်စုံသည်သာ ဖြစ်ပါစေသော"—

ဟု ဆုတောင်း၏။

ထိုအခိုက်၌ သူကြွယ်အိမ်ဝယ် သူကြွယ်၏မယားနှင့် သူကြွယ်၏နှမသည် ငြင်းခုံခိုက်ရန်ဖြစ်၍ နေကြစဉ် ရှင်ပစ္စေကဗုဒ္ဓါတဦးသည် ဆွမ်းရပ်လာသတည်း၊ ထိုသို့ရပ်လာသည်ကိုမြင်က သူကြွယ်နှမသည်ရှိသမျှဆွမ်းကို ကပ်လှူပြီးလျှင်—

"အရှင်ဘုရား အကျွန်ုပ်သည် ဤကောင်းမှုကြောင့် ဖြစ်ဖြစ်သမျှသောဘဝတို့၌ ဤမိန်းမဆိုးကိုလည်းကောင်း, ဤကဲ့သို့ မိုက်သောသူကိုလည်းကောင်း, ယူဇနာ တရာကပင် ကြဉ်ရှောင်ရသည် ဖြစ်စေသော"—

ဟု ဆုတောင်း၏၊ ထိုစကားကို သူကြွယ်မယားသည် တံခါးဝ၌ရပ်ခိုက် ကြားသဖြင့် "ဤမိန်းမကား ငါ့အကြောင်းကြောင့် ဆုတောင်းလေသည်၊ ဤမိန်းမ၏ဆွမ်းကို အရှင်ကောင်းမသုံးဆောင်စေအံ့"ဟုကြံ၍ ပစ္စေကဗုဒ္ဓါထံသွား၍ သပိတ်ကိုတောင်းပြီးလျှင် ညွှန်ပျောင်းဖြင့် ပြည့်စေ၍ ကပ်၏။

ယောက်မကလည်း "ဟယ် အယုတ်မ ငါ့ကိုမူကား သင်ဆဲလိုမူလည်း ဆဲ, ရေရွတ်လိုမူလည်း ရေရွတ်လော့၊ နှစ်သင်္ချေပတ်လုံး ဖြည့်အပ်သော ပါရမီရှိသော အရှင်မြတ်၏ သပိတ်တော်ဝယ် အဘယ့်ကြောင့်ညွှန်ပျောင်းကို ထည့်ပါသနည်းဟု ဆို၏၊ ထိုစကားကိုကြားလျှင် သူကြွယ်မယားလည်း သတိရ၍ လက်တော်မှ သပိတ်ကို တောင်းယူပြီးလျှင် "အရှင်ဘုရားသည် သည်မှာရပ်တော်မူပါဦး"ဟု တောင်းပန်၍ အမြန်သွားပြီးသော် သပိတ်တော်ကိုပွတ်ဆေး၍ မွှေးလှစွာသော နံ့သာရေတို့ဖြင့် ပွတ်ပြီးလျှင် နီလွှင်ဝင်းဝါ မဟာလေကားမွှင့် အဆင်းနှင့်တူသောစတုမဓုအရသာဖြင့် ပြည့်စေလျက် သပိတ်တော်ကိုကပ်၍—

"အကျွန်ုပ် ဤကောင်းမှုကြောင့် ရှု၍ မရောင့်ရဲနိုင်သော အဆင်းနှင့် ဘဝတိုင်းပြည့်စုံသည် ဖြစ်စေသော"—

ဟု ဆုတောင်း၏၊ ပစ္စေကဗုဒ္ဓါလည်း အနုမောဒနာပြုပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏၊

တောကစားရာမှ သူကြွယ်ပြန်လာသော် အိမ်မှုပြုလင့်သော ဒါနကို ပြောကြား၍ လင်အားအမျှဝေ၏၊ သူကြွယ်ကလည်း သက်န်းအနားပတ် ဖြည့်ခဲ့ရသောဒါနကို အမျှဝေ၏၊ ထိုသူနှစ်ဦးတို့သည် အသက်အတိုင်း နေ၍ စုတေလေသော် အထက်နတ်ပြည်၌ဖြစ်၍ ကဿပဘုရား ပွင့်တော်မူသောအခါ လူ့ပြည်သို့လာ၍ ဗာရာဏသီပြည်ဝယ် ကုဋေရှစ်ဆယ် ဥစ္စာကြွယ်သော သူကြွယ်၏ အမျိုး၌ ဖြစ်လာ၏၊ ထိုသူ၏မယားလည်း ထိုနည်းကြွယ်ဝသော သဌေးသမီးပင်ဖြစ်၏။ အရွယ် ရောက်လာသော ကာလ မိဘနှစ်ပါးတို့သည် ထိမ်းမြားကုန်သဖြင့် လင့်အိမ်သို့ ရောက်လေသော် အဆင်းကိုမြင်သဖြင့် လင်ယောကျ်ားသည် သနားစုံမက်ခြင်းရှိ၍ ကိုယ်ထိလက်ပါး စားခြင်းငှာ အနီးသို့ချဉ်းလာသော် ပစ္စေကဗုဒ္ဓါအား ပြစ်မှားခဲ့ဖူးသော မကောင်းမှုကံကြောင့် အရုံအကာကို လှစ်ခွါ၍ ထားအပ်သော အင်ပုပ်စိုင်ကဲ့သို့ မကောင်းသော ရနံ့သည်လှိုင်၍ မကပ် နိုင်ရှိသဖြင့် မိဘတို့၏ အိမ်သို့သာ ပြန်၍ပို့ရ၏၊ ထိုအတူ သူကြွယ် ခြောက်ဦးတို့သည် အနူးအညွတ် တောင်းဆိုလာ၍ ထိမ်းမြားပါသော် ထည်း အနီးသို့ကပ်သောအခါ ရှုံ့ညှန်မခင်နိုင်သ လှိုင်၍ အတူမနေနိုင်ဘိ ထဖြင့် မိဘတို့အိမ်သို့သာ ပို့လာကြရလေသတည်း။

တရံသောအခါ ကဿပမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူ၍ တခဲ နက် ကျန်ရစ်သော သရီရဓာတ်တော်ကို တယူငနာမျှလောက်သော စေတီတည်ခြင်းငှာ များစွာသော ပြည်သူအပေါင်းတို့သည် ရွှေအုတ် ငွေအုတ် ပြုလုပ်ကြကုန်လျှင် ယခင်သဌေးသမီးသည်လည်း ဤသို့ကြံ၏-

ငါသည် ခုနစ်ကြိမ်ပင် လင်၏အိမ်သို့ ရောက်ပါလျက် ယုတ်မာသောအနံ့ဖြစ်၍ ပြန်ရချေသည်၊ အများနည်းတူ လှုမလှူ ရပြီတကား၊ ကိုယ်ကို ပြုပြင်သဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း-

ဟု ကြံ၍ ဆင်ဝတ်သမှုသောတန်ဆာကို ရောင်းချ၍ ရွှေအုတ်ဝယ် ပြီးသော် စေတီတော်တည်ရာသို့သွား၍ "အကျွန်ုပ်အား တခုသော နေရာကို ချပါ"ဟု တောင်းပန်၏၊ အထက် ထီးချက်ခံရာ၌ စီ၍

ဆင်းလာသော ယောကျ်ားလည်း "ဤအဖျား၌ပင် စီမံချလော့"ဟု ဆိုလျှင် ထိုသဌေးသမီးလည်း ဆေးဒန်းမြင်းသီလာကို နံ့သာရေတို့ဖြင့် ဆေးပြီးလျှင် လေးခိုင်သော ကြာလက်တို့ကိုယူ၍ ကိုယ်တိုင်ဝက်ပြီးမှ မြင်းသီလာညက်တို့ဖြင့် သရွတ်တင်၍ ယခင်ရွှေအုတ်တို့ကို စီပြီးသော် အပေါ်၌ ကြာလက်တို့ကိုစိုက်၍ ဆင်းသက်နဲ့ပြီးမှ လက်ယာရစ်သုံးပတ် လှည့်ကာ ရှိသေစွာပူဇော်ပြီး၍ "အကျွန်ုပ်သည် ယခုပြုရသော ကောင်းမှုကြောင့် ယခုဘဝမှစ၍ နိဗ္ဗာန်ရသောဘဝတိုင်အောင် လှိုင်လှသော စန္ဒကူးနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင်သော ကိုယ်၏ နံ့, ကြာဝတ်နံ့ကဲ့သို့ ပျံ့သော ခံတွင်း၏အနံ့ရှိသည်သာ ဖြစ်ပါစေသော"ဟု ဆုတောင်း၍ အိမ်သို့ ပြန်လာ၏။

ထိုခဏ၌ လက်ဦးစွာ ထိမ်းမြားသော သူကြွယ်သည် ထိုမိန်းမငယ်အား သတိရ၍ "ငါကပြန်ပို့သော သတို့သမီးငယ်သည် အဘယ် ၌ နေသနည်း"ဟု မေး၏၊ အချင်းအရင်းတို့ကသည်း "သူမိဘအိမ်၌ပင် နေပါသည်"ဟုပြောလျှင် "သင်တို့သွား၍ ဆောင်ကြချေ"ဟု စေလိုက်၏၊ တမန်တို့ ရောက်လာလျှင် "သင်တို့ အဘယ့်ကြောင့် လာသနည်း"ဟု မေး၍ သဌေး စေလွှတ်ကြောင်းကို ကြားပေသော် "အမောင်တို့ အကျွန်ုပ် ဆင်ယင်သော တန်ဆာကို မဓာတုစေတီ၌ ပူဇော်ပြီးဖြစ်၍ မရှိပါ၊ ထို့ကြောင့် မလိုက်လိုပါ" ဟု ဆို၏၊ ထိုအကြောင်းကို သဌေးအား ပြန်ကြားပေသော် "အိမ်သို့ရောက်သောအခါ တန်ဆာကိုရလတ္တံ့"ဆို၍ ဆောင်ခဲ့ဟု မှာလိုက်၏၊ အချင်းအရင်းတို့လည်း မှာသည့်အတိုင်း ရထားထက်၌ တင်ဆောင်ခဲ့၍ အိမ်တံခါးဝသို့ ရောက်လျှင် ထက်ဝန်းကျင်သော အိမ်အလုံးသည် စန္ဒကူးနံ့, ကြာဝတ်နံ့တို့ဖြင့် လှိုင်ပျံ့ဖုံးလွှမ်းလေ၏၊ သဌေးသားလည်း ထိုသတို့သမီးအား ဆီးကြို၍ ကြည်ညိုဝမ်းသာ ဟောပြောပြီးလျှင် "သင်သည် ရှေးသောအခါ လွန်စွာစက်ဆုပ်ဖွယ်သော ကိုယ်နံ့ရှိ၏၊ ယခုမူကား အဘယ့်ကြောင့် စန္ဒကူးနံ့, ကြာဝတ်နံ့တို့ဖြင့် လှိုင်ပျံ့သနည်း"ဟု မေး၏၊

"အရှင်သား အကျွန်ုပ်သည် ကဿပဘုရားမြတ်စွာ၏ ဘဏ္ဍာ
စေတီတော်ကို ပူဇော်ပြုလုပ်ခဲ့သော ကောင်းမှုကြောင့် မကောင်း
သောအနံ့ပျောက်၍ ကောင်းသောအနံ့ရောက်လာပေသည်"—

ဟု ပြောလေသော် သဒ္ဒေးသားလည်း–

"ဘုရား သာသနာမည်သည်ကား သတ္တဝါတို့၏ ကိုးကွယ်မှီခိုရာဖြစ်ပေသည်၊ အယုတ်မှသည် အမြတ်သို့ရောက်ကြောင်း ဖြစ်ပေသည်"

ဟု အလွန်ယုံကြည်ခြင်း သဒ္ဓါပသန္နဖြစ်၍ ထိုတယူဇနာ မျှလောက် သောစေတီကို ကမ္ဗလာနီအဆင်းရှိသော အုတ်တို့ဖြင့် ရံလျက် ကြာစာ ကြာလက်စိုက်အပ်သော ကြာသုပ်အိုး မင်ထုတ်တုရင်တို့ဖြင့် တင်လျှူ ပူဇော်၏၊ ထိုသူနှစ်ဦးကိုသည် အသက်အတိုင်းနေ၍ စုတေလေသော် နတ် ပြည်၌ ဖြစ်ကြကုန်၏။

ထိုမှတခါ စုတေလေသော် ဗာရာဏသီပြည်မှ တယူဇနာကွာသော အမတ်တို့၏ ရွာ၌ အမတ်ကြီးသား ဖြစ်လေ၏၊ ထိုသူ၏မယားကား ဗာရာ- ဏသီ မင်းကြီး၏သမီး ဖြစ်၏၊ သတို့သားသည် ဖွားစဉ်ပင် သန့်စင်လှပ ရကား လူအပေါင်းတို့ နှစ်သက်ဖွယ်ရှိလှ၍ 'နန္ဒိယ' ဟူသော အမည်ကို မှည့် ၏၊ မင်းသမီးလည်း ရွှေပြီး ဆိမ်းအဝါကဲ့သို့ တင့်တယ်စွာသော အဆင်း အရောင်ရှိလှ၍ 'ဘဒ္ဒကာ' ဟူသောအမည်ကို မှည့်၏၊ ထိုနန္ဒိယသတို့သား သည် အရွယ်သို့ရောက်သောအခါ ထိုမြို့ရွာ၌ ကြီးစွာသော နက္ခတ်သဘင် သည်ဖြစ်၍ ထိုသဘင်၌ ရှင်ပြူးပျော်ပါးခြင်းငှာ မိခင်အား ဝတ်စားတန်ဆာ ပုံ တောင်း၏၊ မိခင်လည်း အသပြာတထောင် ထိုက်သောပုဆိုးကို ပေးပေ ၏၊ ပုဆိုးကိုမြင်လျှင် "ဤပုဆိုးကား ကြမ်းတမ်းရှုံ့ရင်းလှသည်၊ ကျွန်ုပ် ကား မဝတ်လို" ဟု ပယ်၏၊ ဟယည်းသည်ကား အသပြာနှစ်ထောင်ထိုက် သော ပုဆိုးကို ပေးပြန်လျှင်လည်း ရှေးနည်းဆို၍ ပယ်၏၊ ထိုနောက် အသပြာတသောင်းထိုက်သော ပုဆိုးကို ပေးပြန်သော် "ဤခက်ချော် ကြမ်းပမ်းသော ပုဆိုးဖြင့် အဘယ်မှာအံ့နည်း" ဟုဆို၍ ပယ်ပြန်၏။ ထိုစကားကိုကြားသော် မယ်တော်က "အမောင်နန္ဒိယ သည့်ထက်သာ၍ နူးညံ့ကောင်းမွန်သော ပုဆိုးကား ငါတို့ထိပ်တွင် မဆိုထားဘိ၊ ငါတို့နေရာ ဗာရာဏသီပြည်တွင်မျှ မရှိပြီ၊ သင့်အနုံးနှင့်သာ ချ ကြံလေတော့" ဟု ဆို၏။

နန္ဒိယသတို့သားလည်း "ဘုရားလေးတို့အတွက်ပေးပါလျှင် ကျွန်ုပ်ရှာပါအံ့" ဟု ခွင့်တောင်း၏၊ မိခင်ကလည်း "ချစ်သားနန္ဒိယ ယနေ့ပင် သင်ဗာရာ-

ဏသီပြည်၌ မင်းအဖြစ်ကိုရ၍ ကြွယ်ဝသည်ကို ငါတို့မြင်လို၏၊ ကြွသာကြွ တော်မူ" ဟု ဆိုပေသော် ထိုနန္ဒိယသတ္တိုသားလည်း မိခင် ဖခင်တို့အားရှိခိုး၍ ထွက်သွားလေသဖြင့် ဗာရာဏသီမြို့၏အနီး မင်းကြီးဥယျာဉ်၏အလယ် ကျယ်သော မင်္ဂလာကျောက်ဖျာထက်၌ အိပ်လျက်နေလေ၏၊ မိဘနှစ်ပါးတို့ကလည်း "နန္ဒိယသတ္တိုသားသည် ထိုမှ ဤမှ သွားလာ၍ ဆွေမျိုးများအိမ်၌သာ နေလတ္တံ့" ဟူသော အမှတ်ဖြင့် ခပ်မဆိတ်နေ၏၊ ထိုအခါကား ဗာရာဏသီပြည်၌ ပြည့်ရှင်မင်းကြီးလွန်၍ ခုနစ်ရက်ရှိသဖြင့် သရီရကိစ္စပနက်ကို ပြုပြီးသော် မှူးမတ်ပုရောဟိတ် စသောသူတို့သည် မင်းရှင်ပြင်၌ တိုင်ပင်စည်းဝေးကြလျက်—

"ငါတို့မင်းကြီးအား သမီးနန်းနွယ်သာ ရှိသည်၊ ညီတော် သားတော်ဖြစ်သော နန်းမြစ်နန်းဆက် မရှိချေ၊ မင်းမဲ့သော ပြည်မည်သည်လည်း မတည်မတံ့ ရှိရာသည်၊ ထို့ကြောင့် ရှေးသူဟောင်းများကဲ့သို့ ဖုဿရထားကိုလွှတ်၍ မင်းဖြစ်ထိုက်သော သူကို ရှာကြအံ့"—

ဟု ကြံ၍ စီမံပြုပြင်ကြပြီးလျှင် မင်္ဂလာရထား၌ ကုမုဒြာကြာချပ် အဆင်းကဲ့သို့သော သိန္ဓောမြင်းလေးစီးကလျက် သန်လျက်, ခြေနင်း, သင်းကျစ်, ဆားမြီးယပ်, ထီးဖြူဟူသော မင်းမြောက်တန်ဆာ ငါးပါးကိုတင်လျက် စစ်အင်္ဂါလေးပါးခင်းကျင်း၍ ပြည်တွင်းပြည်ပရှိသော နတ်တို့ကို ပူဇော်ပသ၍ လွှတ်၏၊ ထိုဖုဿရထားသည် မြို့အရှေ့တံခါးမှ သည် ဥယျာဉ်သို့ ရှေ့ရှုသွား၍ နန္ဒိယသတ္တိုသားအိပ်နေရာ ကျောက်ဖျာကို လက်ယာရစ် သုံးပတ်လည်၍ တည်လေ၏။

ပုရောဟိတ်ပုဏ္ဏားလည်း လူပ်ရှားခြင်းမရှိ ပကတိဦးခေါင်းခြုံလျက် စက်နေသော သတ္တိုသား၏ ဖဝါးအစုံကို လှစ်၍ ရှုလေသော် ဘုန်းတော်ကြီးအံ့သော အကြောင်းကိုမြင်၍ ကျောက်ဖျာအပြင်မှ ဆင်းပြီးလျှင် "အချင်းအမတ်တို့ ဤမင်းမြတ်ကားငါတို့ဗာရာဏသီပြည်ကို မဆိုထားဘိ၊ ငါးရာစီသော ကျွန်းငယ်တို့ဖြင့် ခြံရံအပ်သော ကျွန်းကြီးလေးရပ်ကို အုပ်ချုပ် စိုးမိုးနိုင်လတ္တံ့" ဟု ဆို၏၊ ထိုအခါ များစွာသော မှူးမတ်

အပေါင်းတို့သည် စည်, စောင်း, တုရိယာတို့ကို တညီတညာတည်း တီးမှုတ်စေလျက် ဦးရှ ကတိုက်ကြကုန်၏၊ နန်းယမင်းသားလည်း လှမ်းထားသော မျက်နှာကိုဖွင့်၍ "ဘယ်အခွင့်ကြောင့် ရောက်လာသနည်း" ဟု မေးတော်မူသော် ခြေတော်ရင်းသို့ တာရာထိသိပြည်ရောက်ပါကြောင်းကို လျှောက်ထား၍ အလုံးစုံသော အကြောင်းကို ကြားပြီးလျှင် ထိုညချဉ်ဦးပင် မင်္ဂလာမဏ္ဍပ်ကိုပြု၍ မင်းဘာမိန်နှင့် ထိမ်းမြားလျက် သုံးပါးသော အဘိသိက်ကို သွန်းကုန်၏၊ ထိုအခါ များစွာသော မှူးမတ်မင်းဆွေမျိုးတို့သည် အပိုးတသိန်းတိုက်သော ဝတ်လဲပုဆိုးကို ဆက်လာ၏၊ နန်းယမင်းငြင်သော် "သင်တို့ပုဆိုးကား အလွန်နုနိုင်းစွ တကား" ဟု မိန့်တော်မူလျင် 'အရှင်မင်းကြီး ကျွတ်သားသော အထည်သည် အကျွန်ုပ်တို့ပြည်၌ မရှိပြီ" ဟု လျှောက်ကြ၏၊

"သင်တို့အရှင်မင်းကြီးသည် ကျွမ်းလောက်သော ဝတ်လဲကိုပင် ဝတ်ဆင်ရသလော" ဟု မေးပြန်၍ မှန်ပါကြောင်းကိုလျှောက်တင်သော် "သင်တို့ မင်းသည် ဘုန်းကံကောင်းမှုနည်း၍သာ ဤရှုံးရင်းစွာသော ဝတ်လဲကို ဝတ်ဆင်ရသည်၊ ငါမူကား မဆင်လို" ဟု ဆို၍ ရွှေကရားနှင့် ရေကို ဆောင်စေပြီးလျှင် နေရာမှထ၍ မျက်နှာခံတွင်းကို သန့်ရှင်းတော်မူလျက် လက်ယာလက်ဖြင့် ရွှေကရားကို ကိုင်ပြီးသော် သုံးဖော်သော လောက၌ ဝေနေယျ အပေါင်းတို့အား ကြွေးမြားသော ချမ်းသာကို ပေးနိုင်ခြင်းငှာ ငါကုသိုလ်ပြုခဲ့သည် မှတ်လော၊ ထိုအကျိုးသည် ယခုမျက်မှောက် ရောက်လာစေသော" ဟုဆို၍ အရှေ့အရပ်သို့ သွန်းဖျန်းတော်မူလျှင် မြေအပြင်ကို ဝက်ဝက်ခွဲ၍ ဝတ်လဲပဒေသာတို့သည် ပေါက်လာကုန်၏၊ ထိုအတူ တောင်, မြောက်, အနောက်အရပ်တို့လည်း သွန်းဖျန်းလေလျှင် လိုအင်ရှိသမျှ သီးသော ပဒေသာပင်ကြီးတို့သည် ရှစ်ပင်ရှစ်ပင်စီပေါက်၍ လေးမျက်နှာ၌ ပဒေသာသုံးဆယ့်နှစ်ပင်တို့သည် ပြက်ကန်ရှဲ တိုးဒဿဝတ်တို့မှ အသပြာအထိုင်းမသိ ထိုက်သောနတ်ဝတ်လဲကိုသာလျှင် ထုတ်ယူဆင်ယင်ကော်မူသတည်း။ ပြည်သူတို့ကိုလည်း

အလိုရှိသမျှ ဆွတ်လှည့်ကြကုန်ဟု စည်လည်စေ၍ နေပြည်တော် နိုင်ငံသားတို့သည် ဗိုင်းရက်ကန်းမျှ မဝင့်ရပဲ ပဒေသာပင်၌သာ ဆွတ်ကာသုံးဆောင်ရကုန်၏။

နန္ဒိယမင်းဖျားလည်းမိဖုရားနှင့်တကွ ဆောင်းအပ်သော ထီးဖြူရှိသော ဆင်ကျောက်ကုန်းထက်သို့ တက်ပြီးသော် မြို့နန်းတော်သို့ဝင်၍ မင်းစဥ်စံမြဲဖြစ်သော ပြာသာဒ်အပြင်ထက် ထက်ဝန်းကျင်ရံခသော မင်းမောင်းမ တသောင်းခြောက်ထောင်နှင့်တကွ သိကြားမင်း စည်းစိမ်ကဲ့သို့သော မင်း၏ စည်းစိမ်ကို ခံစား၍ အနှစ်တခသောင်းကျော်ရှိလတ်သော် တနေ့သ၌ ကြင်ဖော်ဖြစ်သော ဘဒ္ဒကာ မိဖုရားအား ဤသို့ဆို၏၊ "အချင်းမိဖုရား ငါတို့ကား ရှည်လျားသောဘဝက ပုညဝတ္ထုကို ပြုစု အားထုတ်ခဲ့ပူးသောကြောင့် ထူးမြတ်သော သုခကို ယခုဘဝ ရကြပေပြီ၊ နောင်သောအခါ သည်ကဲ့သို့ ချမ်းသာကို ခံစားရပါအောင် ယခုက လည်းပုညအထူးကို ဆည်းပူးမှသာ သင့်ချိမ့်မည်၊ လယ်မြေကောင်းသဖွယ်စင်ကြယ်သော သီလရှိသူ အလှူခံပုဂ္ဂိုလ်ကို စူးစမ်း၍ လှူဒါန်းပူဇော်လော့"ဟု ဆို၏၊

ထိုစကားကိုကြားလျှင် မိဖုရားလည်း မှူးမတ် မင်းချင်းတို့အားသတင်းစကားကိုနာ၍ အရပ်ရှစ်မျက်နှာ၌ ပေးလှူရာ ပုဂ္ဂိုလ်ကို ရှာကြကုန်ဟု စေလွှတ်၏၊ နှစ်လည်၍မျှ အလှူခံမတွေ့လျှင် ငါတို့ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီးမရှိလေရာ၊ ပူဇော်ထိုက်သော ရဟန္တာတို့လည်း ရှိတန့်ရာ၏ ဟုကြံ၍ လှူဒါန်းရန်ဖြစ်သော ဒါတဗ္ဗဝတ္ထုတို့ကို စီရင်ပြီးသော် မင်း မိဖုရားနှစ်ပါးတို့သည် ပြာသာဒ်သို့တက်၍ လေသာနန်းတံခါးကို ဖွင့်ပြီးလျှင် အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကိုဆောက်တည်၍ အရှေ့သို့ ငိုခိုးပူဇော်ကာ "ရဟန္တာ အရှင်မြတ်တို့သည်ဤအရပ်ဝယ် အကယ်၍ ရှိပါကုန်မူ အကျွန်ုပ်တို့အလှူကို ခံတော်မူလှည့်ပါ" ဟု လျှောက်၏၊ အချိန်ကုန်၍ မကြွလာသော် ခရီးသွားယာစကာတို့အား စွန့်ကြဲ၏၊ နောက်တနေ့သော အခါလည်း ဤနည်း အတူအလှူဝတ္ထုကို ပြင်ဆင်လျက် တောင်လေသာ နန်းတံခါးကို ဖွင့်၍

ပင့်ဗိတ် လျှောက်ထား၏။ နောက်တနေ့အခါလည်း အနောက်မျက်နှာ လေသာနန်းတံခါးကိုဖွင့်၍ ပင့်ဗိတ်လျှောက်ထား၏။ နောက်တနေ့သော အခါလည်း မြောက်အရပ်မျက်နှာ လေသာနန်းတံခါးကို ဖွင့်၍ ပင့်ဗိတ် လျှောက်ထား၏။

ထိုအခါ ဟိမဝန္တာ၌ နေကုန်သော ပဒုမဒေဝီ မိဖုရား၏ သားဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါငါးရာတို့၏ နောင်တော် အကြီးဖြစ်သော မဟာပဒုမပစ္စေကဗုဒ္ဓါသည် ဂါတော်လေးရာ ကိုးကျိပ် ကိုးယောက်တို့အား စည်းဝေးခေါ်ဆောင်၍ အနောတတ်အိုင်၌ မျက်နှာသစ်ပြီးသော် သပိတ် သင်္ကန်းကို ပြင်လျက် ကောင်းကင်ခရီးဖြင့် ကြွ၍ ဗာရာဏသီပြည် မြောက်တံခါး၌ သက်ကြလေကုန်၏၊ လူအပေါင်းမြင်လျှင် ပြည့်ရှင်မင်းကြီးအား ပစ္စေကဗုဒ္ဓါတို့ ကြွလာကြောင်းကို လျှောက်ကြ၏။

မင်း မိဖုရားနှင့်ပါးတို့သည် ခရီးဦးကြို၍ သပိတ်ကိုလှမ်းယူပြီးလျှင် ပြာသာဒ်ထက်ပင့်တင်၍ ကြည်ညိုဖွယ်ဝမ်းသာစွာ ယာဂုဆွမ်းအဖျော်တို့ဖြင့် လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ တရားတော်ကိုနာ၍ “အရှင်မြတ်တို့သည် အကျွန်ုပ်တို့အား သနားတော်မူပါသဖြင့် ဤပြည်၏ အနီး ဥယျာဉ်ကြီးအတွင်းဝယ် သီတင်းသုံးတော်မူပါ၊ အရှင်တို့အားလည်း လေးပါးသောပစ္စည်းဖြင့် ပြင်မယုန်းရအောင်၊ အကျွန်ုပ်တို့လည်း ဒါန သီလ ပွားများရအောင် အားထုတ်လျက် အခါကြက်ဆုံး ကိုးကွယ်ကြ ပါရစေ” ဟု လျှောက်၏။ ပစ္စေကဗုဒ္ဓါတို့လည်း ကောင်းပြီဟု ဝန်ခံညာဉ်ကို ပေးလေလျှင် ထိုဥယျာဉ်၌ ငါးရာမျှလောက်သော ကျောင်း သင်္ခမ်း ကမ္ဘဋ္ဌာန်း စီးဖြန်းထုငရပ်တို့ကိုလည်းကောင်း ငါးရာသောကြုံ ငါးရာ သော ကံကဲဖျွက်တို့ကိုလည်းကောင်း စီရင်လုပ်ပါနဲ့ ဆွမ်း သင်္ကန်း ပရိက္ခရာတို့ဖြင့် ရှိခိုးကြ လုပ်ကျွေး၏။

နေရက်ရှည်သွား၍ တရံသောအခါ ပစ္စန္တရစ်ရပ်မှာ မငြိမ်မဝပ်ရှိ၍ ထိုကိုငြိမ်းစိမ့်သောငှါ မင်းကြီးထွက်လိုသော် မိဖုရားကိုခေါ်၍ “သင် သည် အရှင်ပစ္စေကဗုဒ္ဓါတို့အား ယုတ်လျော့ခြင်း၌ မမေ့မလျော့စေလင့်”

ဟုမှာ၍ စစ်အင်္ဂါလေးပါး စီရင်လျက် ထွက်တော်မူ၏။ မိဖုရားလည်း ကျေးမြဲတိုင်းသောဝတ်ဖြင့် ကျေးမွေး၍ တနေ့သောအခါ ပစ္စေကဗုဒ္ဓါတို့၏ အာယုသင်္ခါရသည် ကုန်ခဲ့လေရကား မဟာပဒုမ ပစ္စေကဗုဒ္ဓါသည် ဈာန်သမာပတ်ကို ညဉ့်သုံးယာမ်ပတ်လုံး ဝင်စား၍ အရုဏ်တက်အချိန်တွင် ပရိနိဗ္ဗာန်ယူလေ၏၊ ကြွင်းသော ပစ္စေကဗုဒ္ဓါတို့လည်း ထိုနည်းအတူ ပရိနိဗ္ဗာန် ယူကြလေကုန်၏။ နံနက်ကာလကိုင်အိခေါ် မိဖုရားလည်း ဆွမ်းလုပ်ကျေးမြဲသောနေရာ၌ ကောင်းစွာသန့်ရှင်း၍ ပန်းမွှေ့ရာတို့ကို ခင်းပြီးလျှင် ဘောဇဉ်ငါးပါးဖြင့် ခင်းကျင်းလျက် စောင့်နေ၏။ အချိန်သင့်၍ မကြွလာလျှင် "အရှင်ကောင်းတို့အား သွားမျှော်ရှုချေ" ဟု မင်းချင်းတို့ကို စေလိုက်သော် ပစ္စေကဗုဒ္ဓါတို့၏ ကျောင်းသို့ ရောက်လျှင် ပရိနိဗ္ဗာန်ဝင်သောအဖြစ်ကိုသိ၍ မိဖုရားအား အကြောင်းကို ပြန်ကြား၏၊

မိဖုရားလည်း များစွာ ငိုကြွေးမြည်တမ်းလျက် နန်းမှထွက်၍ နှစ်သက်ဖွယ်သော ထင်းတလားတို့ကိုပြုလျက် သင်္ဂြိုဟ် ဖုတ်ကြည်းပြီးသော် ဓာတ်တော်တို့ကိုစေတီတည်လေ၏။ စေတီတည်ပြီးသော ကာလ နန္ဒယမင်းကြီးလည်း ပစ္စန္တရစ်ငြိမ်ဝပ်စေရာမှ ပြန်လာသော် ဘဒ္ဒကာမိဖုရားသည် ခရီးဦးကြိုဆိုရာ လျှောက်တင်၍ အရှင်ပစ္စေကဗုဒ္ဓါတို့ ပရိနိဗ္ဗာန်ယူကြောင်းကိုသိလျှင် မြို့တွင်းသို့မဝင်ပဲ ဥယျာဉ်သို့ရပ်၍ပြုအပ်သော ဓာတုစေတီတော်ကို ပူဇော်ဖူးမြင်၍ "ကောင်းကင်ပျံခြင်း, မြေလျှိုးခြင်းစသော ဣန္ဒြိယအဘိညာဉ်နှင့် ပြည့်စုံသော ဤအရှင်တို့မှသော်လည်း သေမင်းနိုင်ငံသို့ လိုက်ရချေသည်၊ ငါတို့ကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့" နည်းဟု သတိသံဝေဂရ၍ သားအကြီးအား ထီးနန်းဝိုင်းပြည်ကို အပ်ပြီးလျှင် ထိုဥယျာဉ်၌ ရဟန်းပြု၍နေလေ၏။ မိဖုရားလည်း ပင်းကြီ့ရဟန်းပြုခဲ့သော် "နန်းတော်၌ ငါနေသဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း" ဟု ဆင်ခြင်၍ ဥယျာဉ်တွင်ပင် ကျောင်းသခ်မ်းဘာ့မှုဖြင့် ရဟန်းပြု၍နေလေ၏။ ထိုရဟန်းနှစ်ပါးတို့သည် ဈာန်, ဝိပဿနာကို ပွားစေလျက် အသက်အတိုင်းနေ၍ စုတေသောအခါ ဗြဟ္မာ့ပြည်၌ ဖြစ်ကြကုန်၏။

ငါတို့ဘုရား ထင်ရှား ဖြစ်လတ္တံ့သောအခါ ထိုနန္ဒယမင်းသားသည် ဖြူဟုဒ္ဒပြည်မှ စုတေခဲ့၍ မာဃရစ်တိုင်း မဟာတိတ္ထမည်သော မုဏ္ဍားရွာ၌ ကပိလမည်သော ကဿပအနွယ်ဖြစ်သော မင်းပုဏ္ဏား၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေလေ၏။ အမည်မှည့်သောအခါ လွန်စွာချစ်ဖွယ်ရှိသောကြောင့် ပိပ္ပလိ ဟူသော အမည်ကိုမှည့်၏၊ ဘဒ္ဒကာမိဖုရားလည်း မဒ္ဒရစ်တိုင်း သာဂလမြို့၌ ကောသိယမည်သော မင်းပုဏ္ဏား၏ မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေနေ၏၊ အမည်မှည့်သောအခါ တင့်တယ်စွာသော အဆင်းအရောင်ရှိရကား 'ဘဒ္ဒကာပိလာနီ' ဟူသော အမည်ကိုမှည့်၏။

ထိုသူနှစ်ပါးတို့သည် အစဉ်သဖြင့် ကြီးပွား၍ ပိပ္ပလိသတို့သားသည် အသက်နှစ်ဆယ်, ဘဒ္ဒကာပိလာနီ တဆယ့်ခြောက်နှစ် အရွယ်သို့ရောက်သောအခါ သတို့သား၏မိဘတို့သည် ဤသို့ဆိုကြကုန်၏။ "ချစ်သားပိပ္ပလိ ကျက်သရေရှိသောအရွယ်သို့ သင်ရောက်ပေပြီ၊ ဤငါတို့အမျိုးအနွယ်ကို ဆက်သွယ်ပြန့်ပွားအောင် သင်ကား ဆောင်ရလတ္တံ့၊ သင်နှစ်မြို့သော သတို့သမီးကို ညွှန်ပြလော့၊ ငါတို့ဆောင်နှင်းမည်" ဟု ဆို၏။ ထိုစကားကိုကြားလျှင် ပိပ္ပလိလုလင်လည်း "မိခင် ဖခင်တို့ အကျွန်ုပ်အား ဤစကားကိုမဆိုပါလင့်၊ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းကို အလိုမရှိပါ၊ မိဘနှစ်ပါး အသက်ရှည်သမျှကို အကျွန်ုပ်လုပ်ကျွေး၍ မိဘတို့လွန်သော အခါ ရဟန်းပြုပါအံ့" ဟု ဆိုလေ၏။ ဝလေး, ငါးရက်ကြာ၍ ထပ်ကာ ထန် တိုက်တွန်းပြန်လျှင်လည်း ရွှေနည်းပင် ပယ်၍ နှစ်သွယ်သော နားတောင်းကိုပိတ်၏။

ဤနည်းတူသာ အကြိမ်များစွာ ခြင်းမှာပြဉ်နင်း၍ တိုက်တွန်းဝလသိသော် မွေးမိခင်အား နားလည်းသာယာ ရှာလည်းမရ ဤကိစ္စကို နောင်မဆိုအောင်ဟု နှလုံးပြု၍ ရွှေဝင်နိက္ခတာအောင်ကို မိန်းမဆောင် ထုလုပ်ပြီးလျှင် ငင်ကြယ်စွာမှတ်သပ်၍ ကောင်းမြတ်သော အဝတ်တန်ဆာတို့ကို ဆင်ယင်လျက် "ဤရွှေရုပ်၏ အဆင်းအပြင်နှင့် တူသော မိန်းမကိုရလျှင် အမျှားနည်းတူ လုပ်ပါတော့အံ့" ဟု ဆို၍ မိခင်အား ပြလေ၏။ မယ်တော်ကလည်း ငါ့သားသည် ဘုန်းကံရှိသော

ယောကျ်ားဖြစ်သည်၊ ဤရွှေရုပ်ကဲ့သို့လှသော မိန်းမကိုမရပဲ မရှိရာဟု ကြံ၍ ရှစ်ယောက်သော ပုဏ္ဏားတို့ကို ခေါ်၍ ပဏ္ဏာကာရပေးပြီးသော် ရွှေရုပ်ကိုရထားထက်၌ တင်၍ ရွှေစင်ရုပ်နှင့်တူသော မိန်းမကို ရှာကြလေကုန်ဟု စေလွှတ်လိုက်၏။ ပုဏ္ဏားတို့လည်း အမြို့မြို့အပြည်ပြည်သို့ လှည့်လည်ရှာဖွေသည်ဖြစ်၍ မဒ္ဒရစ်တိုင်း သာဂလမြို့သို့ရောက်သောအခါ လူတို့စုဝေးရာ ရေဆိပ်နား၌ ရွှေရုပ်ကိုထား၍ ပုဏ္ဏားတို့သင့်တင့်ရာက ရှုမြော်ကာ ငံ့နေကြ၏။

ညချမ်းသောအခါ ဘဒ္ဒကာပိလာနီ၏ အလုပ်အကျွေးဖြစ်သောမိန်းမသည်မိမိ၏အရှင်မဖြစ်သောဘဒ္ဒကာပိလာနီကိုနံ့သာရေတို့ဖြင့်ချိုးစေလျက် ဘယက်တန်ဆာ ပန်းနံ့သာတို့ကို ဆင်ယင်ခဲ့ပြီးလျှင် မိမိရေချိုးခြင်းငှါ ရေဆိပ်သို့လာသော် ကောင်းစွာထားလင့်သောထိုရွှေစင်ရုပ်ကိုမြင်လေက "အရှင်မ ဌာနမသင့်ရာသို့ အဘယ့်ကြောင့်လာသနည်း၊ ယနေ့အမြန်ပြန်လော့"ဟုဆိုလျက် လက်ဝါးဖြင့်ရိုက်၏၊ ရွှေရုပ်ကိုခတ်မိ၍ လက်နာသောအခါမှ ဘဒ္ဒကာ မဟုတ်မှန်းသိ၍ ရယ်ရွှင်၏။ ထိုအခြင်းအရာများကို ပုဏ္ဏားတို့မြင်လျှင် "သင်၏အရှင်မသည် ဤရွှေစင်ရုပ်ကဲ့သို့ လှသလော" ဟု မေး၏၊ အထိန်းခုဇ္ဇာလည်း "အကျွန်ုပ်၏သခင်မသည် အဘယ်မှာဤရွှေစင်ရုပ်မျှ ကအံ့နည်း၊ အဆအရာ အဆအထောင်ပင် ကဲလွန်၏၊ ရုပ်ချင်းပြင်သော်သာ ရိုးရိပ်တူပါသည်၊ အရှင်မကိုယ်ရောင်သည် တဆယ့်နှစ်တောင်ရှိသော တိုက်ခန်း၌ မီးထွန်းရခြင်းမရှိ၊ ပကတိသာထွန်းလင်း၏၊ အရွှေအဆင်းနောက် တောင်ပြောက်ခုနစ်အိမ်ပျံ့အောင် ကိုယ်ရနံ့မွှေးကြိုင်၏" ဟုဆိုပေသော် ရွှေရုပ်ကိုရထားထက်၌တင်ထားပြီးလျှင် ဤတွင်ငါတို့အလိုပြည့်လတ္တံ့ဆို၍ ထိုအထိန်းခုဇ္ဇာနှင့်အတူတကွ ကောသိယပုဏ္ဏား အိမ်သို့ဝင်လေ၏။

ကောသိယပုဏ္ဏားသည် "အဘယ်ဒေသမှ အဘယ်ကိစ္စကြောင့် လာသနည်း"ဟု မေး၏၊ ပုဏ္ဏားတို့လည်း "မဂဓတိုင်း မဟာတိတ္ထရွာ၌ ၈၀ ကုဋေရှစ်ဆယ်ရှိသော ကပိလပုဏ္ဏားသည် သားပညာ ရှိ ပွ လုလင်ကို ရှု၍ ဂုဏ်ရည်မျှသော အမျိုးသမီးနှင့် ထိမ်းမြားအံ့ဟု ကြံပါသော်လည်း

အခါခါ သယ်ပစ်၍ ဤဇမ္ဗူရစ်ရွှေချပ်နှင့်တူမျှသော မိန်းမကိုရမှ မိဘစကား ကို နားထောင်ပါမည်ဟုဆို၍ သားအလိုသို့လိုက်သဖြင့် လွှတ်လိုက်၍လာ ရပါသည်”ဟု လျှောက်၏။ ကောသိယပုဏ္ဏားလည်း “အမျိုးကောင်းသား ဘုန်းရှိသော ယောကျ်ားပင် ဖြစ်ပေသည်၊ စိတ်မဘူရှိရတော့မည်လော” ဆို၍ ရွှေချပ်နှင့်တကွသော ပဏ္ဏာကာရကိုသိမ်း၏။

ထိုအကြောင်းကို ဘဒ္ဒာကာပိလာနီ ကြားလျှင် ပိပ္ပလိသတို့သား အား တဝမ်းပွားကဲ့သို့ ချစ်ခြင်းမေတ္တာကား ရှိ၏၊ ကာမဂုဏ်ဖြင့်ရောပြွမ်း ခြင်းကိုကား အလိုမရှိလေ၊ ထိုစေလိုက်သော ပုဏ္ဏားတို့သည် မိမိတို့၏ အရှင်ဖြစ်သော ကပိလပုဏ္ဏားအား ရွှေရုပ်နှင့်တူသော သတို့သမီးရကြောင်း သတင်းစကားကို ကြားမှာလိုက်ဘိရ၏ ကပိလပုဏ္ဏားက သား ပိပ္ပလိလုလင် ကို ပြောဆိုလေလျှင် သို့စင်သောမိန်းမကိုကား မရနိုင်တန်ရာဟု ကြံစည်၍ ငါဆိုပါလျက် ယခုရ ပြန်လာခဲ့သည်ဟု နှလုံးမသာခြင်းရှိ၍ တနေ့သော အခါ၊ ဆိတ်ကွယ်ရာ၌နေပြီးလျှင် ရွှေပေဖြင့် သဝဏ်စာရေး၍မှာ၏။

“အချင်းဘဒ္ဒကာပိလာနီ-သင်တို့အမျိုးအနွယ်တူမျှသော ယောကျ်ား ပေါ်နှင့်သာလျှင် အိမ်ရာထောင်ခြင်းကို ပြုကြကုန်လော့၊ ငါတို့မှာကား လူ့ဘောင်တွင် ပျော်ရွှင်ခြင်းကို အလိုမရှိ၊ မိဘနှစ်ပါးတို့ အနိုင်အထက် ထိမ်းမြားသော်လည်း ထွက်သွား၍ ငါရဟန်းပြုလိမ့်သတည်း၊ ထိုအခါ သင် နှလုံးမသာရှိလတ္တံ့”ဟု မှာလိုက်၏။ ဘဒ္ဒကာပိလာနီလည်း ဤနည်းတူ ပင် ‘အရှင်သားသည် အကျွန်ုပ်မှတပါး ကောင်းမြတ်သောအမျိုးအနွယ် တင့်တယ်လျောက်ပတ်သော သတို့သမီးနှင့် သာလျှင် အိမ်ရာထောင်မှု ကို ပြုတော်မူလော့၊ ကျွန်ုပ်ကား လင်သားနေမှုကို အလိုမရှိပါ၊ ရဟန်း အဖြစ်ကိုသာ ကောင်းဘပါ၏”ဟု သဝဏ်စာရေး၍စေ၏။ သဝဏ်စာ ဆောင်ယူသော လူနှစ်ဦးတို့သည် ခရီးလမ်း၌ ဆုံမိ၍ “သင်ဘယ်ကိုသွားမြင့် လာခဲ့သနည်း” ဟုမေးလျှင် မင်းသားဘက်လုလင်က “ကျွန်ုပ်တို့အရှင်သား သည် ဘဒ္ဒကာပိလာနီအား ဤသဝဏ်စာခွေကို ပို့ချေစေ၍ လာရသည်”ဟု ဆိုဘိ၍ မိမိ၌ပါသော သဝဏ်ကိုပြ၏။ ဘဒ္ဒကာပိလာနီ၏ တမန်ကလည်း ဤ နည်းအတူပြောဆိုဘိ၍ မိမိဆောင်ခဲ့သော စာကိုပြ၏။ သဝဏ်စာနှစ်ခုကို

ဖတ်ပြီးလျှင် စေသူလုလင်တို့သည် ရင်ခတ်လက်တီး ချီးမွမ်းအံ့သြ၍ သူငယ်နှစ်ဦးတို့၏ဖြစ်အင်ကို သင်တို့ရှုကြပါကုန်ဟု ပြောဆိုကြပြီးသော် ပါလာရင်းကို တညီတညာတည်း ချစ်ခင် ပေါင်းသင်းလိုကြောင်းဟု ပြင်၍ အသစ်ကောင်းမွန်စွာရေးပြီးမှ ပေးကမ်းကြ၏။ ဤသို့သော နည်းအားဖြင့် မိဘနှစ်ဦးသားနှင့် အကြားစေ့ဆော်သူတို့သည် သူငယ်နှစ်ဦးကို အလိုမရှိပဲပင် ဖက်ယှဉ်ထိမ်းမြား၍ လင်မယား အဖြစ်သို့ရောက်စေ၏။

ဘဒ္ဒကာပိလာနီသည် ပိပ္ပလိသတို့သား၏ အိမ်သို့ ရောက်သောနေ့ ထမင်းညစာ စားပြီးသော် သတို့သားသည် တခုသောပန်းကုံးကိုကိုင်၍ ဘဒ္ဒကာပိလာနီလည်း တခုသောပန်းကုံးကိုကိုင်၍ တပ်ပိုင်နက် အိပ်ရာသို့ တက်ပြီးလျှင် နှစ်ယောက်၏အကြား၌ တခုသောနေရာကိုထား၍ ပန်းကုံး အသီးသီးသားပြီးလျှင်“သင်၏ပန်းကုံးညှိုးက သင်ရာဂစိတ် ဖြစ်သည်ကို သိရလတ္တံ့၊ငါ့ပန်းကုံးညှိုးခဲ့မူကားငါရာဂစိတ်ဖြစ်သည်ဟူ၍သိဘိလော့၊ရာဂ ကြူးသောသတ္တဝါကိုစွန့်ခွါပါတမ်း”ဟုဆို၍ပိပ္ပလိသတို့သားလည်းလက်ယာ နံတောင်းဖြင့်စောင်းလျက်, ဘဒ္ဒကာပိလာနီလည်း လက်ဝဲနံတောင်းဖြင့် စောင်းလျက် ကိုယ်လက်မထိပါးစေရပဲ ညဉ့်သုံးယာမ်ပတ်လုံး စက်မွေ့ကြ၏။ နေ့ကာလ၌လည်း ရယ်ရွှင်မြူးထူးခြင်းကိုမျှမပြု၊ စားမှုသောက်မှု စီမံမှုတို့၌သာ အတူတကွဖြစ်၏။ ဤသို့သောနည်းဖြင့် အဖ အမိရှိသမျှ ကာလပတ်လုံး ‘လောကာမိသ’ဖြင့် ရောယှက်လျက် နှမ်းသက်ခြင်းကိုမပြု၊ အမှုခပ်သိမ်းကိုသည်း မစီရင်၊ မိခင် ဖခင်တို့အား လုပ်ကျွေး၍သာနေ၏။

မိဘတို့လွန်လေသော် ရွှေ ငွေစသောစည်းစိမ်အလုံးစုံကို စုရုံး၍ သိမ်းပိုက်ရ၏။ ထိုသူတို့၏ ဘဏ္ဍာကား ရွှေ ငွေ အသပြာပေါင်း ရှစ်ဆယ့်ခုနစ်ကုဋေရှိ၏၊ တနေ့တနေ့၌ ကိုယ်ကိုချေးဘွန်း၍ ပစ်အပ်သောရွှေမှုန့်သည် မဂဓရေစ်ကွမ်းစားဖြင့် တဆယ့်နှစ်ကွမ်းစားရ၏၊ ယခုလူတို့ ခေါ်ဝေါ်ကြသော တင်းဖြင့်ကား တဆယ့်နှစ်ပြည်ရှိ၏၊ ကာသသုံးရန်၌ ရေကိုယူခြင်းငှာ ကောင်းစွာပြုအပ်သော တဘက်ဆည်ကန်ကြီး ခြောက်ဆယ်ရှိ၏။ အမှုလုပ်သောသူတို့သည် တဆယ့်နှစ်ယူဇနာမျှလောက်သော အရပ်၌ပြည့်၏။

သိဟိုဠ်ကျွန်း၌ အနုရာဓပြည်မှ ပဉ္စာခကရှိသော ဆင်ထိန်း တဆယ့်လေးရွာ, မြင်းထိန်းတဆယ့်လေးရွာ, ရထားထိန်းတဆယ့်လေးရွာတို့၏။

ဤသို့ကြီးကျယ်စွာသော ဥစ္စာစည်းစိမ်ကို သိမ်းပိုက်ရ၍လည်း တနေ့သောအခါ ပိဏ္ဍပါတ်သည် များစွာသော သူအပေါင်း ခြံရံလျက် ထန်ဆာဆင်အပ်သော မြင်းရထားသက်စီးပြီးသော် အမှုလုပ်တို့ကိုးဆောင်ခြင်းငှာ လယ်လုပ်ရာသို့သွားလေသော် ထွန်သွားခဲ့ရာမြေ၌ပေါ်၍နေသော ထိပ်ပိုး၌ သတ္တဝါတို့ကိုများစွာသော ကျီးငှက်တို့စားနေသည်ကိုမြင်လျှင် ဤလယ်မြေ၌ ငါ့နှင့်ဘိုးအဘယ်ကိုစားသနည်းဟု မေး၏၊ ထိပ်ပိုး၌ရှိသည်ကို ပေါ်၍စားပါသည်ဟု လျှောက်လျှင် ဤမကောင်းမှုသည် အဘယ်သူနှင့် စပ်သနည်းဟု မေးပြန်၏။ ဤလယ်မြေ၏ အရှင်နှင့်သာ စပ်ရာသည်ဟု ဆိုကြသော် ငါကိုမှီ၍ ဤသတ္တဝါတို့ကို စီးရှာလေသည်၊ လူ့ဘောင်တွင်နေသော ငါသည် အဘယ်မှာကောင်းမှုပွားနိုင်အံ့နည်း၊ ဤမျှလောက်သော စည်းစိမ်ချမ်းသာကို ဘုရားအား ဆောင်နှင်းခဲ့၍ ယနေ့ပင် ငါရဟန်းပြုတော့အံ့ဟု ကြံလျက် အိမ်သို့ပြန်ခဲ့၏။

ထိုသည့်နေ့၌ ဘုရားကာဠသိလာနီလည်း များစွာသော အင်္ဂါနီမိန်းမတို့နှင့်တကွ နမ်းလုပ်ခင်း၌ နမ်းကိုသိမ်ကြရာဝယ် ကျိုးဘိုသည်ကပ်တွယ်သော ပိုးဘိုကို စားကြသည်ကိုမြင်လျှင် ကြောင်းအင်ကြင်းရာကိုမေးပြန်း၍ ဤနမ်းခင်းအရှင်နှင့်သာ ဤမကောင်းမှုသည် ပေ်ါ်ဟုဆိုကြသဖြင့် စိတ်လန်ခြင်းသံဝေဂကိုရကား ကျသ့ကြံ၏။ ငါတို့မှာသည် အကျွန်းတလံ အနံနှစ်ထွာ ခုတထွာမျှသာ ဖြစ်ချသည်၊ ရိက္ခာကကွမ်းစား, အလွှားလေးဆောင်ဝိုက ကိုရှင်ပြီးသော်လျက် ဂမ္ဘီရပါးနှင့်အနန်းသော ပိုးပွားတဆူကိုရလျှင်မျှလည်း ခန္ဓာပြိမ်းနိုင်ကြသေးသောအခါလည်း တချင်ရွေးမျှ ပါသည်မဟုတ်၊ ဤသူယုတ်မများတို့ ငြိသော မကောင်းမှုအပေါင်းသည် ငါတို့ခေါင်း၌သာကျရောက်ချေလှင် သေတော်ဆောအဘယ်ဆေးကို ရှာဆောင်ပေး၍ ဝယ်သက်ကြံသိုလိုက်ကား၊ လူ့ဘောင်တွင်နေ၍ အဘယ်အကျိုးရှိအံ့နည်း၊ အမှုသားတော်း ငါးပွားတော်ကိုဟု အမျက်အပ်၍ ယနေ့ပင် ငါရဟန်းပြုတော့ဟု ကြံ၍ လျက် [illegible] ပါ၏။

ယင်းသို့ပြန်လာ၍ မောင်နှံနှစ်ပါးတို့သည် ပြာသာဒ်ထက်သို့ ရောက်လျှင် ထက်ဝန်းကျင်မှ စောင့်ရှောက်လာနေကြသော အလုပ်အကျွေးတို့သည် စကြဝတေးမင်းတို့နှင့်သာ ထိုက်သော ဘောဇဉ် ခဲဖွယ်တို့ကို ဆင်ပြင်၍ ဆက်သလာကြကုန်၏။ မောင်နှံနှစ်ပါးတို့သည် စားသောက်ခြင်းပြီးလတ်၍ ပရိသတ်တို့ရှင်းသောအခါ ဆိတ်ငြိမ်ရာသို့ဝင်ပြီးသော် "အချင်းဘဒ္ဒါ ငါ့အိမ်သို့ သင်လာသောကာလ အဘယ်မျှလောက် ရွှေ ငွေ ဥစ္စာ ပါသနည်း"ဟု မေး၏၊ ဘဒ္ဒကာပိလာနီလည်း "အကျွန်ုပ်မိဘ ပေးလိုက်သော ဥစ္စာကား အသပြာ ငါးသန်း ငါးသိန်း ပါပါ၏"ဟု ဆိုသော် ထိုမျှလောက်သော ဥစ္စာကိုလည်းကောင်း, ငါ၌ရှိသော ရှစ်ဆယ့်ခုနစ်ကုဋေသော ရွှေ ငွေ ဥစ္စာ, တဆယ့်နှစ်ယူဇနာပြည့်မျှလောက်သော အမှုလုပ်လူသူ, အဆူခြောက်ဆယ်သော တဖက်ဆည်ကန်, တဆယ့်လေးတန်သုံးလီသောရွာကြီး ဤအသီးသီးသော စီးပွားဥစ္စာတို့ကို သင်သာသိမ်းယူဘိလော့၊ ငါတမူကား လူ၏ဘောင်တွင် မရှင်နိုင်ပြီ၊ ဤယနေ့ပင် တောထွက်၍ ရဟန်းပြုတော့အံ့"ဟု ဆို၏၊

ထိုစကားကိုကြားရသော် ဘဒ္ဒကာပိလာနီကလည်း "အရှင့်သားသာ ဤချမ်းသာကို စွန့်ခွာလိုသည်မဟုတ်၊ အကျွန်ုပ်လည်း ဤလူ့ဘောင်ကို အလျှံပြောင်ပြောင် တောက်လောင်သော မီးကဲ့သို့ မှတ်ထင်၍ ရဟန်းပြုချင်လှသဖြင့် အရှင့်သားကိုမျှော်တ၍သာ နေပါသည်၊ နှစ်ဦးသဘောပင်ညီညာမူ အတူရဟန်းပြုကြကုန်အံ့"ဟု ဆို၍ ဒေခြံဒရံတို့ကို မသိစေပဲ ဖန်ရည်စွန်းသော အဝတ် မြေညက်သပိတ်, ပရိက္ခရာတို့ကို အိမ်ဈေးမှ ဆောင်စေ၍ ထိုနေ့ညဉ့်ပင်တယောက်၏ဆံပင်ကို တယောက်ပယ်ဖြတ်လျက် ဤလောကဓာတ်၌ ရဟန္တာအရှင်မြတ်တို့သည် အကယ်၍ ရှိကုန်အံ့ ထိုအရှင်မြတ်တို့ကိုဆရာဟုရည်မှန်း၍ ကျွန်ုပ်တို့ရဟန်းပြုပါသည်ဟုဆို၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ကြပြီးသော် ပြာသာဒ်ပေါ်မှသက်၍ အရှေ့သို့ ရှေးရှုထွက်လေ၏။ အိမ်နေရွာသားတို့သည် တစုံတယောက်မျှ မသိကုန်။

နံနက်သောအခါ ကျေးကျွန်တို့၏ရွာကို မလွန်သေးသဖြင့် ထိုကျေးကျွန်တို့မြင်လျှင် သွင်ပြင်နိမိတ်အရိပ်သံကို ဖမ်း၍ မိမိအရှင်မှန်းသိရကား

ခြေရင်း၌ဝပ်တွားလျက် "အကျွန်ုပ်ဘို့အား ကိုးကွယ်ရာမဲ့ဖြစ်အောင် ပြုလေဘိသည်" ဟု ငိုမြည်တမ်းလျက် ဝန်းရံမြစ်တားကြ၏။ မထေရ်နှစ်ပါးတို့သည်လည်း "သင်တို့အလျောက်အလျား စီးပွားဖွေရှာသော်လည်း အနှစ်တရာတိုင်အောင်မျှ ငါ့ကျွန်အဖြစ်မှ မတော်လွန်နိုင်ရာ၊ ငါတို့ယခု ခွင့်ပြုတော်အံ့၊ သင်တို့အသီးသီးသော ဦးခေါင်းဆေး၍ အသက်မွေးကြလေကုန်" ဟုဆို၍ ထိုကျေးကျွန်အပေါင်းတို့ သောင်းသောင်း ဖျဖျ ငိုကြွေးကြစဉ်ပင် အစဉ်အတိုင်းထွက်လေ၏။

တခုသော တောအုပ်သို့ ရောက်ဘိသော် ပိပ္ပလိမထေရ်သည် ပြန်၍ ရှုသဖြင့် နောက်မှလိုက်သော ဘဒ္ဒကာပိလာနီကိုမြင်လျှင် ဤအရှင်မဘဒ္ဒါသည် ငါတို့ငယ်စဉ်ကပ်ကျွန်းပြင်ဝယ် အဘယ်သူမျှ မတုနိုင်သော မိန်းမရတနာ ဖြစ်ချေသည်။ ရဟန်းပြု၍လာသော ငါ၏နောက်၌ လိုက်စေ၍ မသင့် မလျော်ချေ၊ ဖဲစုံတသယောက်သောသူ မြင်ခဲ့သော် ဤသူတို့ကား ရဟန်း ဖြစ်၍မျှ မပစ်ခွာနိုင်ချေသေးဟု တွေးတော၍ ကဲ့ရဲ့ရာသည်ဟု ကြံစည်လျက် များသဖြင့် နှစ်ခွါးသော ခရီးလမ်းကြောင်းကို တွေ့သော် ခရီးလမ်းထိပ်ပေါ်၌ ရပ်လင့်၏၊ ဘဒ္ဒကာပိလာနီလည်း ရှိခိုးကာဝပ်၏။ ထိုအခါ ပိပ္ပလိမထေရ်က ဤသို့ဆို၏။ "အချင်းဘဒ္ဒါ--သင်သို့သောမိန်းမ ဖြစ်သည် တကပ်ကပ် နောက်မှလိုက်သဖြင့် အခွင့်မလျော်ချေ၊ သူတ ထူးတို့မြင်ခဲ့မူ ဤသူတို့သည် ရဟန်းပြု၍မျှ လူမှုမကင်း၍ ကျောင်းခြင်းငှာ မတတ်နိုင်သေးဟု တွေးတောပြစ်မှား၍ အပါယ်သို့လားဘိရာ၏၊ ငါတို့ကို မှီ၍ ဘုတထူးတို့ အပါယ်လေးပါး မလားပါစေလင့်၊ သင့်တင့်သောခရီး ဖြင့်သာ သင်သွားလေ၊ ငါသည်လည်း ဤခရီးဖြင့် သွားတော့အံ့" ဟုဆို၏၊

ထိုအခါ ဘဒ္ဒကာပိလာနီလည်း ရပ်ကာနေသော ပိပ္ပလိမထေရ်၏ ခြေ ကိုပက်၍ လက်ယာရစ်သုံးပတ်လည်လျက် ငါးပါးသော ရှိခိုးခြင်းဖြင့် ရှိခိုးလျက် "[illegible]စုံမင်ငှာ ကမ္ဘာတသိန်း၏ အထက်ကတစုံ ဘက်၍ ငှက်ပင်ဖြစ်လည်း သစ်တကိုင်းများ နားပါရကြောင်းဖြင့် ဆုပန် တောင်းကာ ကြင်နာကျွမ်းဝင်ခဲ့ကြသော မိတ္တသန္ထဝအဖြစ်သည် [illegible] ယနေ့ပျက်ချေပြီ၊ ဤအရာတွင် အရှင်တို့ကား ယောက်ျားဖြစ်၍ လက်ယာ

အရပ်မည်ချေသည်၊ လက်ယာလမ်းမဖြင့် ကြွတော်မူ၊ ကျွန်ုပ်တို့မိန်းမသည် လက်ဝဲအရပ်မည်ရကား လက်ဝဲလမ်းဖြင့်သွားပါအံ့” ဟုဆို၍ မင်္ဂိုမယ်တို တကိုယ်တည်းသာ သွားကြ၏။

ထိုသူနှစ်ပါးတို့ ခရီးခြား၍ သွားသောကြောင့် စကြဝဠာတောင်နှင့်တကွသော ဤမြေကြီးသည် အသီးသီးရှိသော ဟိမဝန္တာ၊ သမုဒ္ဒရာ ရှစ်တန်၊ သတ္တရဘန်မြင်းမိုရ် ထိုထိုသော အစုအပုံကို မတုန်မလှုပ် ဆောင်ခြင်းငှာ ငါစွမ်းနိုင်၏၊ မထေရ်နှစ်ဦးတို့၏ ကျေးဇူးဂုဏ်ကို မတုန်မလှုပ် ဆောင်ခြင်းငှာ ငါမစွမ်းနိုင်ချေ-ဟု ဆိုလေဘိသကဲ့သို့ အတိုင်းမသိသောအသံကို ကြော်ညံသစ် ကြွေးလျက် အိုးထိန်းစက်ကဲ့သို့ သွက်သွက် ခါမျှ တုန်လှုပ်၏။ ကောင်းကင်ပြင် ထက်ဝန်းကျင်မှလည်း တော်ပဲ့တင်ရိုက်ကြိုးလျက် မိုးကြိုးပြင်းထန်စွာ ထစ်၏။ လျှပ်စစ်မီးဝါ ဥက္ကာကြယ်ပျံတို့လည်း အလျှံတပြောင်ပြောင် တောက်လောင်ဘနန်းဖြစ်၏။

ဘုရားသခင်လည်း ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၏ ဂန္ဓကုဋီတိုက်တွင်း၌ သီတင်းသုံးတော်မူလျက်ပင် မိုးရပ်ကောင်းကင် ပဲ့တင်တော်ဟည်းလျက် မြေကြီးတုန်လှုပ်သော အသံကိုကြားတော်မူ၍ အကြောင်းဘယ်သို့ရှိသနည်းဟု သမန္တစက္ခုဖြင့် ရှုတော်မူလေသော် ဤပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီတို့သည် အတိုင်းမသိသော စည်းစိမ်ချမ်းသာကို ပယ်ခွာ၍ ငါဘုရားကို ရည်မှန်းလျက် ရဟန်းပြုပြီးမှ လာလတ်ကြရာဝယ် မဟာမိတ် ဖျက်ကြလေသော အကြောင်းကြောင့် ဤမြေနှစ်သိန်းလေးသောင်းသည် ကောင်းချီးပေးချေသည်ဟု သိတော်မူ၍ ငါဘုရားသည် ထိုသူတို့ကို ကြို၍ ချီးမြှောက်တော်မူအံ့ဟု ကြံလျက် ခြွေရံသံဃာမခေါ် ကိုယ်တော်တည်းသာ သုံးဂါဝုတ်မျှသော အရပ်သို့ ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်နှင့်နာလန္ဒမြို့၏အကြား၌ “ဗဟုပုတ္တက”မည်သောပညောင်ပင်ရင်းဝယ် တင့်တယ် ဆန်းကြယ်လှသော အပရာဇိတပလ္လင်ထက်၌ တခဲနက်သော ရောင်ခြည်တော် ခြောက်သွယ်ကို အတောင်ရှစ်ဆယ် မျှလောက်သော အဝန်းဖြင့် ထောက်ထွန်း ကွန့်မြူးစေလျက် ထက်ဝယ်ဖွဲ့ခွေနေတော်မူလင့်၏၊ ထိုသို့နေလင့်သော ဘုရားသခင်ကို အစဉ်သဖြင့်လာသောပိပ္ပလိ-

မထေင်မြင်လျှင် ဤအရှင်ကား သုံးခွင်သော လောက၌ အတုမရှိသော ဘုရားသာလျှင် ဖြစ်ရာပလေ၏၊ ဤဘုရားအား ကိုးစားရည်မှန်း၍ ငါ ရဟန်းပြုလေသတည်းဟု ရွှင်ကြည်လှသောသဘောဖြင့် မြင်သောအရပ်မှ စ၍ တုပ်ကွရိုကျိုး ရှိခိုးပူဇော်ကာ -

သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကော ဟမသ္မိ–
ဟူသောစကားကို ဆို၍ ချဉ်းကပ်၏။

မြတ်စွာဘုရားလည်း ငယ်မည်အားဖြင့် ပိပ္ပလိတွင်သည်ကို သိတော်မူသော်လည်း မိစဉ်ဘရိုး အမျိုးတို့၏ဂုဏ်ဖြင့် ဖြစ်သော အမည်ဖြင့် ခေါ်တော်မူလိုရကား "ချစ်သားကဿပ သင်၏ရိုသေ တုပ်ဝပ်ခြင်း အမှုကို မြေအပြင်ဝယ် အကယ်၍ပြုမိအံ့၊ ဤမြေကြီးသည် ပကတိမတည်နိုင်လေရာ ယူဇနာ နှစ်သိန်းလေးသောင်း မြေအပေါင်းသည် ထောင်းထောင်းကွဲအက် မုန့်မုန့်ညက်၍ ပြိုပျက်ဘိရာ၏၊ သီလပညာသမာဓိဖြင့် နှိုင်းယှဉ်ဘက်ပြိုင် မတုနိုင်သော ငါဘုရားသာလျှင် သင်၏တုပ်ဝပ်ခြင်းကို ခံ၍ အန္တရာယ် မရှိ ဖြစ်လေသည်၊ ချစ်သားကဿပ ငါ့ရှေ့တော်တွင် နေလော့၊ လောကုတ္တရာတရားတည်းဟူသောအမွေကို ငါပေးအံ့"ဟုအမိန့်တော်ကြားလျက် သုံးပါးသော ဩဝါဒဂါထာဖြင့် ကောင်းစွာ သုံးမ၍ ဥပသမ္ပဒ အဖြစ်သို့ ရောက်စေ၏။

( ဤမဟာကဿပကား ဥပသမ္ပဒါ ရှစ်ပါးတွင် ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါတည်း။)

ယင်းသို့ ပဉ္စင်းဖြစ်ပြီးသော် နေတော်မူလင့်သော ဗဟုပုတ္တက ပညောင်ရိပ်မှ ထွက်သတ်၍ ထိုအရှင်မဟာကဿပကိုပင် ပစ္ဆာသမဏပြု ပြီးသော် ကြွတော်မူလေ၍ တာဂါဝုတ်မျှအိုင် ရောက်သောအခါ သွားရာ ခရီးမှ ဖဲ၍ တခုသောသစ်ပင်ရိပ်သို့ ဝင်လိုသော အခြင်းအရာကိုပြသော် အရှင်မဟာကဿပလည်း ပခုံးထက်မှ သပါသော အဆပြာထဘောင်ထိုက် သော ဒုကုဋ်ကို လေးထပ်ပြု၍ ခင်း၏၊ ဘုရားသခင်လည်း ထိုဒုကုဋ်ထက် ထိုင်ပြီးလျှင် "သင်၏ဒုကုဋ်သည် အလွန်နူးညံ့ပေစွ" ဟု ချီးမွမ်းလျက်

လက်တော်ဖြင့် သုံးသပ်၏၊ အရှင်မဟာကဿပလည်း ငါ့ဒုကုဋ်ကို ဘုရား သခင်လက်တော်တင်၍ သုံးသပ်ချီးမွမ်းဘိသည်၊ ဝတ်ရုံတော်မူလိုသည်ဖြစ် လတ္တံ့ဟု ကြံ၍ "အရှင်ဘုရား အကျွန်ုပ်အား သနားတော်မူပါသဖြင့် ဤ သင်္ကန်းကိုသုံးဆောင်တော်မူပါ၊ အကျွန်ုပ် ကပ်လှူပါအံ့"ဟု လျှောက်၏။ မြတ်စွာဘုရားလည်း "ချစ်သား ကဿပ ငါ့အား ဤဒုကုဋ်ကို လှူလျှင် သင် အဘယ်ကိုဆောင်အံ့နည်း" ဟု မေးတော်မူ၍ "အရှင်ဘုရား၏ သင်းပိုင်များကိုသနားတော်မူပါလျှင် ကျွန်ုပ်သုံးဆောင်ပါအံ့"ဟုလျှောက် လျှင် ဘုရားသခင်လည်း ပခုံးတော်ထက်တွင် ပါသော ပိုက်ဆံလျှော် ဒုကုဋ်ကိုပြလျက် "ချစ်သားကဿပ... ဝတ်ခုံ၍ နွမ်းပြီးသော ဤဒုကုဋ် ကို သင် ဆောင်နိုင်ပါအံ့လော၊ ဤ ပံ့သကူဒုကုဋ်ကို ကောက်သောအခါ မဟာပထဝီမြေကြီးသည် ရေအဆုံးရှိသည်ကိုပြုလျက် စက်ချဟတ်ကဲ့သို့ လည်သည်၊ နှစ်ဆယ့်ခြောက်ဘုံ ရှိနေကုန်သော နတ်ဗြဟ္မာတို့ လွန်စွာ ကောင်းချီးပေးကြသည်၊ ရှေးရှေးသော ဘုရားရှင်တို့ ဓမ္မတာ အရိယဝံသ တရားသို့ လိုက်သဖြင့် ငါကောက်ယူ သုံးဆောင်တော်မူသည်ဖြစ်၍ နုမျစ် သိမ်ငယ်သော သီလဂုဏ်, သမာဓိဂုဏ်ရှိသော သူဘို့နှင့်ကား မထိုက်ချေ" ဟု မိန့်တော်မူပြီးမှ ရှင်မဟာကဿပအား ဒုကုဋ်ကို ပေးတော်မူ၏။ ဘုရား သခင်လည်း ရှင်မဟာကဿပ၏ ဒုကုဋ်ကို တင်၏၊ ရှင်မဟာကဿပ လည်း ဘုရားဒုကုဋ်ကို ဆောင်၏။ ယင်းသို့ လဲလှယ်၍ သုံးဆောင်သော ခဏ၌ အစိတ္တကသာ ဖြစ်သော မဟာပထဝီမြေကြီးသည် ကောင်းချီး ကျူးသည့်ပမာ ဆဘ်ဆတ်ခါမျှ တုန်လှုပ်သတည်း။

ဘုရားသခင်လည်း အစဉ်အတိုင်း ကြွ၍ ဝေဠုဝန်ကျောင်းသို့ရောက် လျှင် ရှင်မဟာကဿပအား ခေါ်တော်မူ၍ ဓုတင် တေရသ ကျင့်ဝတ်ကို ဟော၏။ ရှင်မဟာကဿပလည်း ဥဿာဟပြု၍ ကျင့်လေလျှင် ပုထုဇဉ် အဖြစ်ဖြင့် ခုနစ်ရက်သာတည်၍ ရှစ်ရက်မြောက်သောနေ့ အရုဏ်တက်၌ အရဟတ္တမဂ်ကိုရ၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ဆဋ္ဌာဘိညရဟန္တာဖြစ်၏။ ဘုရားသခင်လည်း ရှင်မဟာကဿပကို အကြောင်းပြု၍ ကဿပသံယုတ် စသော ဒေသနာကို များစွာ ဟောတော်မူသည်၊ ကိုယ်တော်နှင့်အမျှ

ထား၍လည်း ချီးမြှောက်တော်မူသည်၊ နောက် ဇေတဝန်ကျောင်းတော်သို့ ဆောက်၍ သံဃာတော်ဘို့အား အဆုအသီးအသီး ထားတော်မူသော အခါ–

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ စိတ္တဝါဒါနံ ဘိက္ခူနံ[၁] ယဒိဒံ မဟာကဿပေါ–

ဟူ၍ စိတ္တဂ်ဖရေးတဒဂ်ဖြင့် တဘိယ မဟာသာဝကအရာ၌ ထားတော်မူသည်။ (အနက်ကား သိသာပြီ။)

(ဤ အရှင်မဟာကဿပကား ကုမာရကဿပ, ဥရုဝေလကဿပတို့နှင့် ခြားနားစိမ့်သောငှာ မဟာကဿပ ဟု ခေါ်တော်မူသည်။)

ဤကား အရှင်မဟာကဿပ၏ အကြောင်း အတ္တုပ္ပတ္တိအမြွက်တည်း။

## သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း

ဘုရားမြတ်စွာသည် ဤဝေသာလီပြည်၌ နေတော်မူသော အခါပင်· ပိဋ္ဌဒိဋ္ဌိ အယူရှိသော သစ္စက ပရိဗိုဇ်ကို အောင်တော်မူသော အကြောင်းကား ဘုရားပွင့်တော်မမူမီကပင် ဝေသာလီပြည်ဝယ် ကြွယ်ဝသော အမျိုးသား တယောက်သည် တပြည်ရပ်ခြား သွားလာဘိ၍ နိဂဏ္ဌအယူရှိသော သူတို့၏ထံ၌ ကပ်နေ၍ သင်ကြားသဖြင့် ငါးရာသော ဝါဒကိုတတ်မျှင် ငြှူးဒိသ်ကျွန်းပြင်၌ ထင်ရှားသမျှသော မြို့တို့သို့လှည့်ပတ်၍ မိမိသင်အပ်သောဝါဒကို ပြောပြချေတင်နိုင်သော သူကို မတွေ့သဖြင့် နေရင်းဝေသာလီပြည်သို့ ပြန်လာ၍ များစွာသော လိစ္ဆဝီ မင်းသားတို့အား သင်ကြားပြသကာ မင်းဆရာပြု၍ နေသတည်း။

တရံသောကာလ နိဂဏ္ဌအယူရှိသော ပရိဗိုဇ်မ တဦးသည်လည်း ဤနည်းတူ ငါးရာသော ဝါဒကိုတတ်၍ အရပ်ရပ်သော မြို့သို့ လှည့်လည်လာသဖြင့် ဝေသာလီပြည်သို့ ရောက်လတ်သော် လိစ္ဆဝီမင်းတို့က

---

[၁] စိတ္တဂ်ဖရေး (ကစ္ဆစ်)

"အဘယ်အလို့ငှါ လှည့်လည်လာသနည်း" ဟု မေး၍ "ငါနှင့်အတူ အယူဝါဒနှင့်စပ်သော ပြဿနာကို ပြောဆိုတင်ခြင်းငှာ စွမ်းနိုင်သောသူကို ရှာလာသည်" ဟု ဆိုလျှင် "ငါတို့ပြည်တွင်ရှိသော နိဂဏ္ဌဆရာနှင့် ဝါဒပြိုင်စိမ့်မည်" ဟု ဆို၍ မင်းရင်ပြင်၌ တွေ့မြင်ကြစေပြီးသော် နှီးနှော မေးဖြေစေသည်၊ တဦး၏ ပြဿနာကို တဦးမဖြေနိုင်ရှိ၏၊ ထိုအခါ လိစ္ဆဝီမင်းတို့က ဤသို့ ဆိုကုန်၏၊ ဆရာနှစ်ပါးပင် ပညာရှိချည်းဖြစ်ကြပေသည်၊ အတူနှစ်စုံ ပေါင်းဆုံနေငြားက ငါတို့ဝေသာလီပြည်အပါးသို့ တပါးမြို့ရွာမှ ပညာရှိတို့ မချဉ်းကပ်ငံ့ရာပြီ၊ ထို့ကြောင့် အတူတကွ နေကြပါလော့" ဟု တောင်းပန်၍ အထိုက်အတန် မြှောက်စားလျက် ထိမ်းမြားကုန်၏။

ထိုနိဂဏ္ဌ နှစ်ဦးတို့သည် ကာလမြင့်ရှည်လတ်သော် 'သစ္စာ' အမည်ရှိသော သမီးတယောက်, 'လောလာ' မည်သော သမီးတယောက်, 'အဝဒါရိကာ' မည်သော သမီးတယောက်, 'ပဋိစ္ဆာဒါ' မည်သော သမီးတယောက်, 'သစ္စက' မည်သော သားတယောက်အားဖြင့် ငါးယောက်သောသူတို့ကို ရ၏၊ ထိုငါးယောက်တို့တွင် သမီးလေးယောက်တို့သည် အမိမှလာသော ဝါဒငါးရာကို ကောင်းစွာသင်ယူ၍ အရွယ်သို့ ရောက်သောကာလ မိဘနှစ်ပါးတို့က ဤသို့ဆိုကုန်၏—

"ချစ်သမီးတို့ ငါတို့အမျိုး၌ ဖြစ်ကြသော မိန်းမတို့တွင် အကြင် တစုံတယောက်သော သူကိုမျှ မိဘတို့က ရွှေငွေဥစ္စာ သုံးဆောင်ရာစသည်ကို ပေး၍ လင်၏အိမ်သို့ ပို့ရဖူးသေးသော သူမည်သည် မရှိ၊ မိမိ၏ဝါဒ တည်းဟူသော အတတ်ဖြင့် အရပ်ထက်ဝန်းကျင်သို့ လှည့်လည်၍ အကြင်သူသည် ဤအယူဝါဒကို ပြောပြနှိပ်နင်းနိုင်သည် ဖြစ်အံ့၊ ထိုသူ့အား ကိုယ်ကိုဆောင်နှင်းလျက် ခြေရင်းအလုပ်အကျွေးပြု၍ နေရာ၏၊ အကြင်ရဟန်းသည် နှိပ်နင်းခြေဆိုနိုင်သည် ဖြစ်အံ့၊ ထိုရဟန်း၏ အထံ၌ နည်းခံ၍ ရဟန်းပြုရာ၏၊ ဤကား ငါတို့အနွယ်မှ လာသောအကျင့်တည်း"— ဟု ဆို၏။

ထိုစကားကိုကြားသော် သမီးလေးယောက်တို့ကလည်း "မိမိတို့ထုံးနည်းအတိုင်းသာ အကျွန်ုပ်တို့ ကျင့်ပါအံ့" ဟု ဝန်ခံ၍ ပရိဗိုဇ်သဏ္ဌာန်ကို ယူပြီးသော် ဤဇမ္ဗူကျွန်းမြေကား သပြေပင်တည်းဟူသော တံခွန်ဖြင့် အလွန်ထင်ရှားသတည်း" ဟု နှလုံးပြု၍ ဇမ္ဗူသပြေခက်ကို ကိုင်ပြီးလျှင် အသီးသီးသော မြို့ရွာနိဂုံးအရပ်သို့ လှည့်ပတ်ကြလေ၏၊ အကြင်မြို့ရွာသို့ ရောက်သောကာလ ရွာတံခါးဝ၌ မြေကိုလည်းကောင်း, သဲကိုလည်းကောင်း, ပုံလျက် သပြေခက်ကို စိုက်ပြီးလျှင် "အကြင်သူသည် အယူ ဝါဒဖြင့် ငါတို့ကို တင်ဆိုနိုင်ငြားအံ့၊ ထိုသူသည် ဤဇေဟ်ကို ဖျက်စေ သတည်း" ဟု ဆိုရှိထားခဲ့ပြီးမှ ရွာတွင်းသို့ ဝင်သတည်း၊ ဤသို့သော အကျင့်ကို ဆောက်တည်၍ လရှည်နှစ်ကြာ ရွာဖွေလှည့်လည်လေ၏။

(သာဝတ္ထိပြည်သို့ ဘုရားသခင် ရောက်သောအခါ ပရိဗိုဇ်မ လေးယောက်တို့ ရောက်လာ၍ အရှင်သာရိပုတ္တရာနှင့် တွေ့သဖြင့် ဘိက္ခုနီမ ဖြစ်ကြောင်းကို နောက်မှ ဆိုတော့အံ့။)

ထိုသူတို့၏ မောင်အငယ်ဖြစ်သော သစ္စကမူကား အဘမှလာသော ဝါဒငါးရာ, အမိမှလာသော ဝါဒငါးရာကို ကောင်းစွာ သင်ဆောင်၍ တထောင်မျှသော ဝါဒကို တတ်သဖြင့် လည်းကောင်း, ထိုမှ တပါး လောကီဗာဟိရကဖြစ်သော ဝတ္ထုပုံပြင် ဗေဒင်ဓမ္မသတ်ကို တတ်သဖြင့် လည်းကောင်း အရပ်ထက်နေကျင်၌ ပညာရှိဟု ထင်ရှားလျက် လိစ္ဆဝီ မင်းတို့အား သင်ကြားဆုံးမကာ ဤဝေသာလီပြည်၌ပင် နေသတည်း၊ ဤသစ္စကပရိဗိုဇ်သည် ငါ၏ဝမ်း၌ ရှိသောပညာကား အလွန်များ၏၊ ဆန့်ဝင်းထည့်သော အိတ်သည် ပြည့်သိပ်လွန်းသောကာလ ပေါက်ကျ သကဲ့သို့ ငါ့ဝမ်းလည်း ပညာအပြည့်လွန်ရကား မခံနိုင်ပဲ ကွဲပေါက်ဘိ ရာသည်ဟု ဝမ်းကွဲမည်ကို စိုးသောကြောင့် သံပြားဖြင့် ရစ်ပတ်၍သာ နေလေ့သွားလေ့ရှိ၏။

ထိုသစ္စကသည် ဘုရားသခင် ဝေသာလီပြည်သို့ ရောက်သည့်ဝယ် ရှင် ဂေါတမကို ဝါဒဖြင့် ငါတင်ဆိုမည်၊ သူ့ရာတွင် ထိုအရှင်၏ ဝါဒကို သိရမှ

သာလျှင် ငါတင်နိုင်ချိမ့်မည်၊ သို့ဖြစ်၍ အရှင်ဂေါတမ၏ ဝါဒကို သိရအောင် ပြုဦးအံ့ဟု ကြံ၍နေသည်နှင့် တရံသောအခါ ရှင်သာရိပုတ္တရာ၏ ဆရာဖြစ်သော အဿဇိမထေရ်သည် အိမ်စဉ်လည်လျက်ကြွသည်ကို သစ္စကပရိဗိုဇ် မြင်လေသော် ဤရဟန်းကား ဘုရားဂေါတမ၏ သာဝကကြီးပင်တည်း၊ မိမိဆရာ၏ ဝါဒ၌ လိမ္မာသည်ဖြစ်လတ္တံ့၊ ဤရဟန်းကို မေးရမူ ရှင်ဂေါတမ၏အယူကို ငါသိရာ၏ဟုကြံ၍ အမြန်လိုက်လာပြီးလျှင် "အရှင်ရဟန်း သင်တို့ဆရာ ဂေါတမသည် အဘယ်ဝါဒဖြင့် ဆုံးမပြောဆိုလေ့ရှိသနည်း" ဟု မေး၏၊ ဒံရှင်အဿဇိကလည်း ဤသစ္စကသည် မိစ္ဆာဝါဒ၌ တည်သောသူဖြစ်ချေသည်၊ ပရိယာယ်စကားဖြင့် မသင့်ရာ၊ နိပ္ပရိယာယ ဒေသနာဖြင့် လွန်စွာချောက်ချားစေအံ့ဟုကြံ၍– "ဒါယကာ ဤငါတို့ဆရာ မြတ်စွာဘုရားကား ဘုံသုံးပါး၌ဖြစ်ထိုက်သော သတ္တဝါတို့၏ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တရားကား အနိစ္စသဘော, အနတ္တသဘောသာတည်းဟူ၍အယူရှိ၏၊ တပည့်တို့အားလည်း ဤသို့ပင် ဟောကြား ဆုံးမလေ့ရှိ၏" ဟု ဆိုလျှင် ထိုသစ္စကလည်း ရှင်ဂေါတမ၏ အယူမကျသောအဖြစ်ကို ငါသိပြီ၊ ဤဝါဒကို အစပြု၍ပင် အပြစ်တင်ဘောအံ့ဟု ကြံ၍ အိမ်သို့ပြန်ပြီးသော် မိမိ၏ တပည့်ဖြစ်သော လိစ္ဆဝီမင်းသားငါးရာတို့၏ ထံသို့သွား၍ ဤသို့ ကြုံးဝါးပြောဆို၏။

"မင်းသားတို့ ဤလောက၌ ငါပညာရှိသောသနစ်ကို သင်တို့ အသိဖြစ်တော့သည်၊ ယခုအသီးသီး ပညာကြီးပညာကျယ် အသွယ်သွယ်ရောက်လာသမျှ ဆရာများသည် ငါ့စကားတခွန်းအမေးကိုမျှ ခံနိုင်ကုန်၊ ငါ၏ဝါဒအတင်ကို ပြေပြင်အောင် ချေဆိုနိုင်သောသူကား လူ့တို့ဘုံတွင် တစုံတယောက်မျှ ငါမမြင်၊ လူတွင်ကင်ရှား ဘုရားဆိုသောသူပင်လည်း ငါနှင့်ကြုံက တုန်ရမည်၊ ငါမေးရက ဖောချေးပြန်ရမည်၊ လူတို့မဆိုထားဘိ သစ်ပင်များမှ တုန်လှုပ်ရသေးသည်၊ မင်းသားအပေါင်းတို့ ယခုလောကတွင် ရှင်ဂေါတမသည် ဘုရားဟု မိမိပြုလျက် သုံးလူ့ဆရာ သူလုပ်သည်၊ ထိုဘုရားကား ဘုန်းတန်ခိုးသာကြီးမားသည်၊ အယူ

ဝါဒ၌ ကျနမည်ဟု ငါမထင်၊ ထိုအရှင်ဂေါတမကို ဝါဒဖြင့်တင်၍ ရယ်ချင်ဘွယ် အရှက်ရအောင် ငါမေး၍ပြမည်၊ ပရိသတ်အလယ်တွင် ရှုံးစေ၍ နှလုံးမသာ မျက်နှာမလှအောင် ဝါဒဖြင့် ငါကျိုးဖဲ့မည်၊ သင်တို့မင်းသား လူအများနှင့် ဘုရားဂေါတမထံသို့ ငါသွားရာ လိုက်လာကြကုန်” ဟုခေါ်၏။

ထိုအခါ အချို့သောလိစ္ဆဝီမင်းတို့က “သစ္စကဆရာပင်သာလွန်၍ တတ်သဖြင့် မြတ်စွာဘုရားကို ဝါဒဖြင့် နိပ်နင်းနိုင်မည်လော၊ ဂေါတမမြတ်စွာဘုရားကပင် ဆရာသစ္စကကို ဝါဒဖြင့်တင်နိုင်လိမ့်မည်လော”ဟု တွေးတောပြောဆိုကြ၏၊ အချို့သော မင်းတို့ကလည်း “ဘုရားဂေါတမကို ပြိုင်၍ နိုင်ရိုး မရှိချေ၊ သစ္စကဆရာဝယ် ဘယ်ပြဿနာ ဘယ်သိကြား ဘယ်နတ်များက စွဲကပ်၍ တတ်နိုင်ချေအံ့နည်း”ဟု ဆို၏၊ ထိုသို့ဖြစ်ငြားသော်လည်း ပြဿမှုနှစ်ပါး၏ တရားနှိုးနေသံကို နားခံရအောင် လိုက်ကြမည်ဟုဆို၍ လာကြ၏၊ သစ္စကဆရာလည်း နံနက်စာ ထမင်းစားပြီးသော် များစွာသော မင်း ဆင်းရဲသား ပုဏ္ဏားပရိသတ် ခြံရံလျက် ဝေသာလီမြို့မှထွက်၍ ဘုရားရှင်နေရာ မဟာဝုန်တော ကူဋာဂါရသို့ကပ်လာ၏။

မြတ်စွာဘုရားသည်လည်း ထိုနေ့နံနက် အမှတ်ဘက်သော အခါကပင် စမွတာဝင်စားပြီးဖြစ်သော မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ တသောင်းသော စကြဝဠာတိုက်၌ ကျွတ်ထိုက်သော ဝေနေယျတို့ကို သမန္တစက္ခုဖြင့် ရှုတော်မူလျှင် ယခင်သစ္စကပရိဗိုဇ်၏ အခြင်းအရာကို ကုန်စင်စွာ သိတော်မူလင့်၍ ပြုသင့်သမျှသော ပုဗ္ဗကိစ္စကို ပြည့်စုံစေပြီးသော် ကျောင်းတော်မှ မဝေးမနီး ကြီးစွာသော သစ်ပင်ရိပ်အတွင်း၌ သီတင်းသုံးနေတော်မူ၏၊ သစ္စကလည်း ပရိသတ်တို့နှင့်တကွ ကူဋာဂါရသို့ ရောက်မှ ဘုရားသခင်ကို မမြင်သေးသော် သံဃာတော်တို့အား “ဘုရားဂေါတမသည် အဘယ်ဌာန၌ ရှိသနည်း”ဟု မေးမြန်း၍ “နေ့သန့်ရာ သစ်ပင်ရင်း၌ သီတင်းသုံးတော်မူသည်ဟု ပြောလျှင် ထိုသစ်ပင်သို့ ကပ်လေ၏၊ အထံတော်သို့ ရောက်သောကာလ ချမ်းမြေ့သာယာသော [illegible]ကို လျှောက်ကြားပြောဆို၍ နေကြ၏။

ထိုသို့နေပြီးမှ သစ္စကဆရာသည် မြတ်စွာဘုရားအား "အရှင်ဂေါတမ အကျွန်ုပ်အား အခွင့်သနားပါလျှင် ပြဿနာတခုကို မေးလိုပါသည်။ ထိုပြဿနာကို ဖြေတော်မူအံ့လော"ဟု လျှောက်၏၊ ဘုရားသခင်ကလည်း "အချင်းအဂ္ဂိဝေဿန ပြဿနာဖြေရသောအရာဝယ် ငါ၌ ဝန်လေးသော မည်သည်မရှိ၊ အလိုရှိသမျှကိုပင် မေးလော"ဟု ခွင့်ပေးတော်မူ၏၊ထိုသို့ အခွင့်ရသောအခါ ဆရာသစ္စကလည်း အထက်က အရှင်အဿဇိဖြေသော ပြဿနာ၌ ဝါဒကိုတင်လိုရကား "အရှင်ဂေါတမ တပည့်သာဝကတို့ကို အဘယ်သို့ ဆုံးမတော်မူသနည်း၊ တပည့်သားတို့အား မှတ်သားသိစေခြင်းငှာ အဘယ်ဒေသနာဖြင့် အနုသာသနီကိုပြုပါသနည်း"ဟုလျှောက်၏၊ ဘုရားသခင်လည်း အရှင်အဿဇိ ဖြေသောအတိုင်းပင် ဖြေတော်မူ၏။

> ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါ-ရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အန-တ္တာ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ"— (မ၊၁။၂၉၂။)

ဟူသော ဒေသနာတော်ကို ဟောတော်မူ၏။

**အဓိပ္ပာယ်ကား။** ။အချင်း အဂ္ဂိဝေဿန တပည့်သာဝကတို့အား ငါဘုရား ဆုံးမလေ့ပြုသော အနုသာသနီမူကား "ချစ်သားရဟန်းတို့ လောက၌ လူနတ်ပြဟ္မာသတ္တဝါဟု သမုတ်ကြသည်ကား ခန္ဓာငါးပါး၏အစုသာ ဖြစ်သည်၊ ထိုငါးပါးတို့တွင် အကြင်နှစ်ဆယ့်ရှစ်ပါး ရုပ်တရားတို့၏ အပေါင်းဖြစ်သော ရူပက္ခန္ဓာသည်လည်း မြဲစွာတည်သော သဘောမရှိ၊ မိမိကိုယ်လည်း မဟုတ်ချေ၊ ဝေဒနာသုံးပါး, ဝေဒနာငါးပါး ဝေဒနာခြောက်ပါး တရားအစုဖြစ်သော ဝေဒနာက္ခန္ဓာသည်လည်း မြဲစွာ တည်တတ်သော သဘောမရှိ၊ မိမိကိုယ်လည်း မဟုတ်၊ သညာနှစ်ပါး, သညာခြောက်ပါး တရားအစုဖြစ်သော သညာက္ခန္ဓာသည်လည်းကောင်း, ဖဿစေတနာ စသည်ဖြင့်ပြားသော ငါးဆယ်သော စေတသိက်ဟုဆိုအပ်

သော သင်္ခါရက္ခန္ဓာသည်လည်းကောင်း၊ စိတ်တခုယုတ်ကိုးဆယ်၊ အကျယ်တရာ့နှစ်ဆယ်တပါးဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာသည်လည်းကောင်း မြဲစွာတည်တတ်သောသဘော မရှိ၊ မိမိ၏ကိုယ်လည်းမဟုတ်၊ ဒုက္ခရှစ်ပါး ဒုက္ခတဆယ့်နှစ်ပါးတို့သာ သက်ဝင်ရာ ရှိချေသည်၊ ထို့ကြောင့် ဤခန္ဓာ၌ အာသာငမ်းငမ်း စွဲလမ်းတပ်မက်ခြင်းကို မဖြစ်စေလင့်၊ ဤသို့သော နည်းအားဖြင့် ငါဘုရား ဆုံးမလေ့ရှိသတည်း”ဟု ပြောတော်မူသော် အယူတိမ်းလှသော သစ္စကလည်း သမ္မာသမ္ဗုဒ္ဓ၏ ဒေသနာကို ပုံဆောင်ကာ ပယ်လိုရကား —

“ဘုရားဂေါတမအရှင်ကဲ့သို့ ယောက်ပေါက်ပြန်ပြန် ကြံ၍ဆုံးမသော် ဤလောက၌ ဝိပဿနာချည်း ဖြစ်ရာသည်တကား၊ မြေမှ ပွားစီးသော သစ်ပင်သည် မြေကြီးသာလျှင် တည်ရာမှီရာ ဖြစ်သကဲ့သို့ ထို့အတူ သတ္တဝါတို့သည်လည်း ခန္ဓာငါးပါး၌ တည်၍သာလျှင် ချမ်းသာဆင်းရဲကို ခံစားရသည်၊ ကုသိုလ် အကုသိုလ်တရားကို အားထုတ်ရသည်၊ မဂ်ဖိုလ်ချမ်းသာကို ရှာကြရသည် မဟုတ်လော၊ မပျက်စီးသေးသောကာလ၌ အတ္တဟု ထင်ရှားရှိပါလျက် သဗ္ဗေ ဓမ္မာ အနတ္တာ ဟု ပြောပြခြင်းသည် အဘယ်သို့ သင့်ချေတော့အံ့နည်း” —

ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားသခင်ကလည်း “အချင်း အဂ္ဂိဝေဿန ဤငါးဝသော ရုပ်နာမ်ခန္ဓာကို ငါ၏ကိုယ်ဟူ၍ဖြင့် သင် အယူရှိသလော”ဟု မေး၏၊ သစ္စကလည်း “အရှင်ဂေါတမ အကျွန်ုပ်သည် ငါ၏ကိုယ်ဟူ၍ အယူရှိသည်မဟုတ်၊ ဤပရိသတ်လေးပါး လူအများဖြင့် မှ... ခေါ်ဆိုကြပါ၏”ဟု ဆိုသော် “သူတပါးအပေါ်၌ သင်ပဏ်ရ မကင်လင့်၊ သင်၏အယူကို သာ ထင်စွာပြောဆိုလော့”ဟု တိုက်တွန်းတော်မူပြန်၏၊ သစ္စကလည်း လွှဲချွင်းငှာ မတတ်သာရကား “ဘုရားဂေါတမ အကျွန်ုပ်လည်း ဤရုပ်နာမ်ခန္ဓာကို ငါ၏ကိုယ်ဟု အယူရှိပေသတည်း”ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားသခင်လည်း ရှင်လှသောမျက်နှာဖြင့် အဂ္ဂိဝေဿန ဤငါးဝသောခန္ဓာကို ငါ၏ကိုယ်ပင်ဟု သင်ဝန်ခံသော် တဖန်သင့်ကို ငါမေးဦးအံ့၊ အကြင်ပြည့်ရှင်မင်းတို့သည် မိမိပိုင်သော နိုင်ငံအတွင်း၌ နှိပ်နင်းကွပ်ညှပ်ထိုက်သူကိုလည်း နှိပ်နင်းကွက်ညှပ်ခြင်းငှာ, နှင်ထုတ်ထိုက်သောသူကိုလည်း နှင်ထုတ်ခြင်းငှာ, ချီးမြှောက်ထိုက်သောသူကိုလည်း ချီးမြှောက်ခြင်းငှာ အစိုးရ၏ မဟုတ်လော"ဟု မေး၏၊ "အစိုးရသည် မှန်၏"ဟု ဝန်ခံလျှင်—

> သင်၏ ရုပ်တရားသည် မတင့်တယ်သောအားဖြင့် ငါမဖြစ်လို၊ ကြည်ညိုနှစ်သက်စဖွယ် တင့်တယ်လှပသည် ဖြစ်လို၏ဟူ၍လည်းကောင်း၊ ဆံပွင့်သွားကြွေ သားရေတွန့်တို အိုခြင်းသို့ မရောက်ပဲ တဆယ့်ခြောက်နှစ်ရွယ်သာ တည်ပါလို၏ ဟူ၍လည်းကောင်း သင်၏အလိုသည် ဖြစ်၏၊ ထိုအလိုအတိုင်း သင်၏ရုပ်ကို လိုက်စေခြင်းငှာ အစိုးရပါ၏လော"—

ဟု မေး၏။ ထိုအမေးကို ကြားသောအခါ ဆရာသစ္စကလည်း အကယ်၍ ငါ၏ရုပ်သည် ငါ၏အလိုသို့လိုက်၏ဟု ဖြေချေသော် ဝေသာလီမင်းအပေါင်းထဲ၌ "ဆရာ့ရုပ်သည် ငါတို့ကဲ့သို့ လှပတင့်တယ် ပါစေတော့လော"ဟု ဆိုရာ၏၊ အလိုသို့မလိုက်ပေဟု ဆိုချေလျှင်လည်း အရှင်ဂေါတမ၏ အနတ္တဟူသောစကားသည် ဆိုပိုင်၍ ငါ့ကိုနိုင်ဘိလေသည်ဟု စဉ်းစားလျက် မည်သည့်စကားကိုမျှ မဆိုပဲ ဆိတ်ဆိတ်သာ နေလေ၏။

ထိုအခါမြတ်စွာဘုရားကလည်း "သစ္စက ဤဝါဒကို သင်ချေဆိုဦးလော့" ဟု နှစ်ကြိမ်မြောက် တိုက်တွန်းတော်မူ၏၊ ထိုအခါ နတ်ရွာနှစ်ထပ်ကို အစိုးရသော သိကြားမင်းသည် ဘီ လူးအသွင်ဖန်ဆင်းလျက် သံတင်းပုတ်တို့ဖြင့် နက်အံ့သကဲ့သို့ ရွယ်လျက်—

> "ဟယ်........သစ္စက အဘယ်ကြောင့် မေးတော်မူသည်ကို မလျှောက်ဆိုသနည်း"—

ဟု ခြိမ်းခြောက်၏၊ ထိုသို့ ခြိမ်းခြောက်လာသော သီကြားကို ဘုရားသခင်နှင့် သစ္စကတို့သာ မြင်ကြရသည်။ ထိုအခါ ဆရာသစ္စကလည်း ဆိတ်ဆိတ်မနေဝံ့ရကား–

"အရှင်ဘုရား၊ အကျွန်ုပ်ကား မှားခြင်းကြီး မှားပေပြီ၊ အရှင်၏ဝါဒကို အသက်ရှည်သမျှ ယုံမှတ်ကိုးကွယ်ပါတော့မည်"–

ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားကလည်း ငါးပါးသော ခန္ဓာတို့၌ မှန်စွာပြထားသော လေးပါးသော နက်နဲခြင်းနှင့် ပြည့်စုံသော ဝမ္မဒေသနာကို ကောင်းစွာဟောတော်မူ၏၊ တရားတော်၏အဆုံး၌ အလုံးစုံသော ပရိသတ်တို့သည် အကျိုးတရားကို ရကြကုန်သတည်း။

# မဟာအောင်မြေဘုံစံဆရာတော်၏

# စာဥ္စုပုဒ်ကြီး

(ပထမငယ်တန်း မြန်မာစာလက်ရွေးစဉ်၌ ပါရှိပြီးဖြစ်သည်။)

# ဓမ္မပဒ

## ပုပ္ဖဝဂ် ၈-ပုဗ္ဗာရုံကျောင်းအမ ဝိသာခါဒါယိကာမကြီးအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

ယထာပိ ပုပ္ဖရာသိမှာ အစရှိသော ဤဓမ္မဒေသနာ ပါဠိဂါထာကို သံသရာရေယာဉ်၌ ကျင်လည်ပြေးသွား မနားမရပ် အထပ်ထပ်သော သတ္တဝါတို့ကို ထုံသံသရာတည်းဟူသော ရေယာဉ်မှ အလျင်ထွက်ပေါက် လွတ်ကျွတ်မြောက်အောင် ကျွတ်သောက်ကြိမ်သင့် အချိန်လင့်၍ အခွင့်အလျှော် ဆုံးမတော်မူတတ်သော လူနတ်တို့ဆရာ မြတ်စွာဘို့ထွတ်ထား ရှင်တော်ဘုရားသခင်သည် ပြည်ရွှင်ဘုံမို့ သာဝတ္ထိကို ဗောဓိဉာဏ်ကျူး နေခင်တော်ဘုန်းတဲ့ ဝံလုံးတစ္ဆု အမှီပြု၍ ယဉ်နဆန်းကြွ ပန်းပေါင်း စုံလှက် ညို့ညို့မှိုင်းဆင် ပန်းဥယျာဉ်တည်လုပ်သော အရှေ့အရပ်၌ သတ်မှတ်တည်တုံ အမည်ထုံသော ပုဗ္ဗာရုံကျောင်းကြီး၌ မျှမှီးရွှင်ပြုံး သီတင်းသုံးတော်မူလျက် ကြည်ပြုံးသဒ္ဓါ ရှိလှစွာသော ကျောင်းအမ ဝိသာခါ ဒါယိကာမကြီးကို အကြောင်းတခု ရည်ညွှန်းပြုလျက် အတုလ မြတ်များ စောဘုရားသည် ဟောကြားမိန့်မြွက်တော်မူခဲ့ပေသတည်း။

အကြောင်း၊ အကျယ်ပြဆိုကျော်ကား ဤသို့တည်း—

ထိုဝိသာခါ ဒါယိကာမသည်ကား အင်္ဂတိုင်းဘဒ္ဒိယမြို့၌ မေဏ္ဍက သဌေးကြီး၏ သားဖြစ်သော ဓနဉ္စယသဌေး၏ အဂ္ဂမဟေသီဖြစ်သော သုမနသဌေးမ၏ ဝမ်းဝိုက်၌ ကိန်းပိုက်သန္ဓေတည်နေ၍ ဆယ်လစေ့ မြောက် ဖွားမြင်ခြင်းသို့ ရောက်ပြီးမှ ထိုဝိသာခါသည် ခုနစ်နှစ်သမီး အရွယ်သို့ ကျသောကာလ၌ မြတ်စွာဘုရားသခင်သည် သေလပုဏ္ဏားစ ရှိကုန်သော ကျွတ်ထိုက်ကုန်သော သတ္တဝါတို့၏ အကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူသောကြောင့် များစွာသော ရဟန်းသံဃာတော် အပေါင်း ခြံရံလျက် ဒေသစာရီလှည့်လည် ကြွမြန်းတော်မူသည်ရှိသော် ထိုဘဒ္ဒိယမြို့သို့ ရောက်တော်မူလေ၏

## ဆုထူးပန်ဆင်ခဲ့ကြသူ ငါးယောက်

ထိုအခါကာလ ဘဒ္ဒိယမြို့၌ မေဏ္ဍကသဌေးကြီးသည် ငါးဦးကုန်သော ဘုန်းကံကောင်းမှုရှိကုန်သော သူတို့၏အကြီးအမှူးသည်ဖြစ်၍ သဌေး၏ အရာကို ပြု၏၊ ငါးဦးကုန်သော ကောင်းမှုဘုန်းကံရှိသော သူတို့မည်သည် ကား—

၁။ မေဏ္ဍကသဌေးကြီးတဦး

၂။ စန္ဒပဒုမာမည်သော ထိုမေဏ္ဍကသဌေးကြီး၏ သဌေးကတော် တဦး

၃။ ထိုမေဏ္ဍက သဌေးကြီး၏သားဖြစ်သော ဓနဉ္စယမည်သော သူ တဦး

၄။ ထိုဓနဉ္စယ၏ မယားဖြစ်သော သုမနဒေဝီမည်သော ချွေးမတဦး

၅။ မေဏ္ဍက သဌေးကြီး၏ ကျွန်ဖြစ်သော ပုဏ္ဏမည်သော သူတဦး အားဖြင့် ငါးဦးတို့ပေတည်း။

ဤမေဏ္ဍကသဌေးကြီး တဦးသည်သာ မဟုတ်၊ ဗိမ္ဗိသာရ မင်းကြီး၏ တိုင်းပြည် နိုင်ငံတော်အတွင်း၌ အတိုင်းမသိသော စည်းစိမ်ချမ်းသာ ရှိကုန် သော ငါးဦးကုန်သော သဌေးကြီးတို့သည် ရှိကုန်၏။ ငါးဦးကုန်သော သဌေးကြီးတို့ဟူသည်ကား ဇောတိကသဌေး ဇဋိလသဌေး မေဏ္ဍကသဌေး ပုဏ္ဏကသဌေး ကာကဝလိယသဌေး အားဖြင့် ငါးဦးတို့ပေတည်း။

### ဝိသာခါသည် ခုနစ်နှစ်အရွယ်က သောတာပန်တည်ခြင်း

ထိုငါးဦးကုန်သော သဌေးကြီးတို့တွင် ဤမေဏ္ဍကသဌေးကြီးသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ မိမိ၏နေရာဖြစ်သော ဘဒ္ဒိယမြို့သို့ ကြွရောက်တော်မူလာသည်ကို ကြားသိ၍ သားဖြစ်သော ဓနဉ္စယသဌေး၏ သမီးဖြစ်သော ဝိသာခါသတို့သမီးငယ်ကို ခေါ်စေ၍ "ချစ်မြေး အသင့် အားလည်း ကောင်းမြတ်သော မင်္ဂလာသည် ဖြစ်ပါလတ္တံ့၊ ငါတို့အားလ...

ကောင်းမြတ်သော မင်္ဂလာသည် ဖြစ်ပါလတ္တံ့၊ အသင်ချစ်မြေးသည် အခြံအရံ ဖြစ်ကုန်သော ငါးရာကုန်သော သတို့သမီးတို့နှင့် အတူတကွ ငါးရာသော ရထားတို့သို့ ကားစီးသွား ရောက်ပြီးသည့်ကာလ ငါးရာကုန်သော သတို့သမီးငယ်တို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားသခင်အား ခရီးဦး ကြိုဆိုခြင်းကို ပြုပါဘိလော့”ဟု ဆို၏၊ ဝိသာခါသတို့သမီးသည်လည်း ‘ကောင်းလှပါပြီ’ဟု ဝန်ခံ၍ ဘိုးတော်ဖြစ်သော သဌေးကြီး မိန့်ဆိုတိုင်းကို လိုက်နာ၍ ပြုပေ၏၊ အကြောင်းဟုတ်သည် မဟုတ်သည်တို့၌ သိမြင် လိမ္မာ ပညာအဆင်အခြင်နှင့် ပြည့်စုံသော အကြောင်းအကြင်မျှလောက်ယာဉ်ဖြင့် သွားနိုင်းရာ လောက်အောင် ပတ်သော မြေပြင်၌ ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ဆင်း၍ သွားခြင်းငှာ လျောက်ပတ်သော အရပ်ဒေသသို့ ကျရောက်သည့်ကာလ ယာဉ်မှ သက်ဆင်း၍ ခြေကျင်လာပြီးသော် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ချဉ်းကပ်၍ ရှိခိုးပြီးသည့်ကာလ တင့်အပ်လျောက်ပတ်သောအရပ်၌ နေ၏။ ထိုအခါ ဝိသာခါအား ရှေးရှေးသော ကာလ အတိတ်ဘဝက ဖြည့်ဆည်းပွားခဲ့သော ကောင်းမှုထူးစနိုက် အလိုက်အလျောက် ဆောက်မြော်တော်မူသည် ဖြစ်ခြင်းဖြင့် မြတ်စွာဘုရားသခင်သည် တရားဒေသနာတော်ကို ကောင်းစွာ ဟောကြားတော်မူပေ၏။

ထိုဝိသာခါ သတို့သမီးသည် ဒေသနာတော်၏ အဆုံး၌ ငါးရာကုန်သော သတို့သမီးငယ်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ မေဏ္ဍက သဌေးကြီးသည်လည်း မြတ်စွာဘုရား သခင်ကို ကြည်လင်သွတ်လျှ ရှိခိုး ချဉ်းကပ်၍ တရားတော်ကို ကြားနာရသောကြောင့် သောတာပတ္တိဖိုလ်၌ တည်ပြီး၍ နက်ဖြန်အလို့ငှါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ပင့်ဖိတ်၍ ဝ နက်မိုးသောက်သောနေ့၌ မိမိ၏နေအိမ်ဝယ် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းကို လုပ်ကျွေး၍ လှူဒါန်းပြီးသည့်ကာလ ဤသို့သော အမှတ်ဖြင့်သာလျှင် မပျက်မစဲ လဝက်တိုင်တိုင် ကြီးစွာသော အလှူကြီးကို ပေးလှူ၏။ မြတ်စွာဘုရားသခင်သည် ဘဒ္ဒိယမြို့၌ မွေ့လျော်သမျှကာလပတ်လုံး သီတင်းသုံး မူတော်မူပြီး၍ ဖဲကြွတော်မူ၏၊ ထိုအခါ ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရ

တော်မူသော ဗိမ္ဗိသာရမင်းကြီးနှင့် ပသေနဒီကောသလမင်းတို့သည် အချင်းချင်းအတူဘက္ခ နှမနှင့်လက်ထပ်ကြသော ယောက်ဖတော်တို့ဖြစ်ကုန်၏။

## ကောသလမင်းကြီး၏ ယောက်ဖ ဗိမ္ဗိသာရမင်းကြီးထံ သဌေးကြီးတဦးကို သွားရောက်တောင်းဆိုခြင်း

ထိုအခါ တနေ့သ၌ ကောသလမင်းကြီးသည် ကြံဆင်ခြင်တော်မူ၏။ "ငါ၏ ယောက်ဖတော်ဖြစ်သော ဗိမ္ဗိသာရမင်း၏ နိုင်ငံတော်အတွင်း၌ အတိုင်းမသိသော ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာကုန်သော ငါးဦးကုန်သော သဌေးကြီးတို့သည် အထင်အရှား နေထိုင်၍ ရှိပေကုန်၏။ ငါ၏နိုင်ငံတော် အတွင်း၌ ထိုသို့သော သဘောရှိကုန်သော သဌေးကြီးတို့သည် တဦး တယောက်မျှ မရှိချေ။ ငါသည် ယောက်ဖတော် ဗိမ္ဗိသာရမင်းကြီး၏ ထံသို့ သွားပြီးသည်ကာလ ထိုသို့သဘောရှိသော ကောင်းမှုဘုန်းကံရှိသော သဌေးကြီးတဦးကို တောင်းယူခေါ်ဆောင်အံ့" ဟု ကြံတော်မူ၏။ ထိုသို့ ကြံဆင်ခြင်ပြီးမှ ကောသလမင်းကြီးသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏အထံသို့ သွားရောက်၍ ဗိမ္ဗိသာရမင်းကြီးက ပဋိသန္ထာရစသည် မလွတ်၊ ဝတ်ကြီးဝတ်ငယ် ပူဖွယ်ကိစ္စတို့ကို တဝတည်း ပြည့်စုံစေပြီးမှ "အသင်မင်းကြီးသည် အဘယ်အကြောင်းကြောင့် ကြွလာတော် မူပါသနည်း" ဟု မေးသည်ရှိသော် "အသင် ယောက်ဖတော်၏ တိုင်းပြည်နိုင်ငံ၏ အတွင်း၌ ပြည့်ဘင်းကြွယ်ဝ ပေါများလှသော စည်းစိမ်ရှင် ဖြစ်ကုန်သော ဘုန်းကံရှိကုန်သော ငါးဦးကုန်သော သဌေးကြီးတို့သည် အထင်အရှားနေ၍ ရှိကုန်၏။ ထိုငါးဦးကုန်သော သဌေးကြီးတို့မှတဦးတယောက်မျှသော သဌေးကြီးကို ပြောဆိုတောင်းယူပြီးသည့်ကာလ သွားအံ့" ဟု အကျွန်ုပ် လာခဲ့ပေသည်။ "ထို ငါးဦးကုန်သော သဌေးကြီးတို့တွင် တဦး တယောက် ရွေးကောက်၍ ထည့်ပေးလိုက်ပါကုန်လော့" ဟု ဆို၏။

ဗိမ္ဗိသာရမင်းကြီးကလည်း "ထိုသဌေးကြီးတို့သည် ကြီးကျယ်ပြန့်ပြောများမြတ်သော ကောင်းမှုဘုန်းကံရှိသော သူတို့ဖြစ်ပေသည်။ ငါတို့သည်

လှုပ်ရှား ပြောင်းရွှေ့ စေခြင်းငှာ မစွမ်းနိုင်ပါ" ဟု ဆိုလျှင် "ငါသည် တဦးတယောက်သော သဌေးကိုမျှ မရသည်ရှိသော် စံတော်မူရာဖြစ်သော သာဝတ္ထိပြည်သို့ မပြန်တော့အံ့" ဟု ကောသလမင်းကြီးက ဆို၏၊ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် အမတ်တို့နှင့်တိုင်ပင်တော်မူ၍–

"ဇောတိက စသော သဌေးကြီးတို့အား ရွှေ့ပြောင်း တုန်လှုပ် စေခြင်းမည်သည် မဟာပထဝီမြေကြီးကို ရွှေ့ပြောင်းတုန်လှုပ်စေ ရသည်နှင့် တူ၏၊ မေဏ္ဍကသဌေးကြီး၏ သားဖြစ်သော ဓနဉ္စယ သဌေးနှင့်တိုင်ပင်၍ သင်မင်းကြီးအား စကားတုံ့ပေးပါအံ့" ဟု ပြောဆိုပြီးလျှင် ဓနဉ္စယ သဌေးကို ခေါ်စေ၍ "အမောင် ကောသလမင်းကြီးသည် 'ဤမှာရှင် သဌေးတယောက်ကို ခေါ်ယူ လို၏' ဟု ပြောဆို၏၊ သင်သည် ထိုကောသလမင်းကြီးနှင့်အတူ လိုက်သွားပါလော့" ဟု ပြောဆို၏၊ ဓနဉ္စယသဌေးသည် 'အရှင် မင်းမြတ်–အရှင်မင်းမြတ်ကို စေလွှတ်သည်ရှိသော် လိုက်သွားပါ အံ့" ဟု သံတော်ဦးတင်လေ၏၊ ဗိမ္ဗိသာရမင်းကြီးသည် "အမောင် ထိုသို့ဖြစ်ပါမူ လမ်းခရိကျွမ်းပြုလုပ်၍ သွားပါလော" ဟု ပြောဆို ၏၊ ဓနဉ္စယသဌေးသည် မိမိပြုလုပ်သင့် ပြုလုပ်ထိုက်သော ပြုလုပ်ဖွယ်ကို ပြုလုပ်လေ၏၊

ဗိမ္ဗိသာရမင်းကြီးသည် ကောသလမင်းကြီးအား ပူဇော် သက္ကာရများစွာပြုပြီးလျှင် "ဤ ဓနဉ္စယသဌေးကို ခေါ်ယူသွား ပါလော့" ဟု ပြောဆိုလေ၏ ကောသလမင်းကြီးသည် ထို ဓနဉ္စယသဌေးကိုခေါ်ယူခဲ့ပြီး အလုံးစုံသောအမှုပ်ဌာနကို တညဉ့် မျှနေ၍ သွားသည်ရှိသော် တခုသော ချမ်းသာသော အရပ်သို့ ရောက်၍နားနေလေ၏၊ ထိုအခါ ဓနဉ္စယသဌေးသည် "ဤအရပ် ကား အဘယ်မင်း၏ နိုင်ငံတော်ပါနည်း" ဟု သံတော်ဦးတင် လေ၏၊ "သဌေး... ငါ၏နိုင်ငံတော်ပေတည်း" ဟု ကောသလ မင်းကြီးက ပြောဆိုသည်ရှိသော်– "သာဝတ္ထိပြည်တော်သည် ဤ နေရာမှ အဘယ်မျှဝေးပါသနည်း" ဟု သံတော်ဦး တင်လေ၏၊

"သာဝတ္ထိမြို့တော်သည် ဤနေရာမှ ၇- ယူဇနာ ဝေး၏" ဟု ကောသလမင်းကြီးက မိန့်၏။ "အရှင်မင်းမြတ်၊ မြို့တွင်းသည် ကား ကျဉ်းမြောင်းလှပါ၏၊ အကျွန်ုပ်၏ အခြေအရံသည် များ ပြားလှပါ၏၊ အရှင်မင်းမြတ် အကယ်၍ နှစ်သက်တော်မူပါမူ ဤ အရပ်၌ပင် နေထိုင်လိုပါသည်" ဟု ဓနဥ္စယသဌေးက သံတော်ဦး တင်လေ၏။ ကောသလမင်းကြီးသည် "ကောင်းပြီ" ဟု ဝန်ခံတော် မူ၍ ထိုအရပ်၌ပင် မြို့ကို ဖန်ဆင်းတည်ထောင်ပေးပြီး သာဝတ္ထိ မြို့တော်သို့ ထွက်ကြွတော်မူလေ၏။ ထိုအရပ်၌ ကိုယ်တိုင် နေရာ အချပ်ကို ယူသောကြောင့် သာကေတမြို့ဟု မြို့အမည် မှည့်ခေါ် လေသည်။

သာဝတ္ထိမြို့တော်၌လည်း မိဂါရ သဌေး၏ သားဖြစ်သော ပုဏ္ဏဝဍ္ဎန သတို့သားသည် အရွယ်ရောက်လေ၏၊ ထိုပုဏ္ဏဝဍ္ဎန သတို့သားကို မိဘတို့က- "ချစ်သား သင် နှစ်သက်သဘောကျ သော သူငယ်မ တယောက်ကို ဆောင်ယူပါ" ဟု ပြောဆိုကြကုန် ၏။ "အကျွန်ုပ် အိမ်ထောင်မပြုလိုပါ" ဟု ပုဏ္ဏဝဍ္ဎနသတို့သားက ပြောဆိုသည်ရှိသော်- "ချစ်သား.... ဤသို့မပြုလုပ်ပါနှင့်၊ သား သမီး မရှိလျှင် အမျိုးအနွယ်သည် ကြာရှည်စွာ မတည်ပါ" ဟု မိဘတို့က ပြောဆိုလေ၏။ ထိုပုဏ္ဏဝဍ္ဎနသတို့သားသည် အထပ် ထပ် အဖန်ဖန် ကောင်းပန် တိုက်တွန်းသည်ရှိသော် ပုဏ္ဏဝဍ္ဎန သတို့သားက ထိုသို့တပြီးကား မိခင်ဖခင်တို့ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော သတို့သမီးကို ရသည်ရှိသော် အသင်တို့ ပြောကြား သော စကားကို မှတ်သား လိုက်နာခြင်းကို ပြုပါတော့အံ့"— ဟု ဝန်ခံ၏။

### မိန်းမတို့ ကောင်းခြင်းလက္ခဏာ ၅-ပါး

"ချစ်သား ငါးပါးကုန်သော ကောင်းခြင်းတို့ဟူသည် အဘယ် သည်တို့နည်း" ဟု မေးသဖြင့်—

သော နေ့၌ သာကေတမြို့သို့ အစဉ်အတိုင်း ရောက်လာကြကုန်သည်ဖြစ်၍ "ယခုနေ့ ငါတို့၏အမှုကိစ္စသည် ပြီးမြောက်ပြီးပြည့်စုံပြီ။ နေ့ ကင်လတ္တံ့" ဟု ကြံဆင်ခြင်ကြကုန်၏။ ထိုသာကေတမြို့၌ နှစ်တိုင်းနှစ်တိုင်း တနှစ်ကို တကြိမ် တကြိမ်"ဝိဝဋနက္ခတ်ပွဲ" မည်သည် ဖြစ်ပေသတတ်၏။ ထိုနက္ခတ်ပွဲ ကြိမ်သော အခါ အပပြင်ဘက်သို့ မထွက်ကုန်သော အမျိုးသမီးတို့သည် အခြံအရံနှင့်တကွ နေအိမ်မှထွက်၍ ရထားစသည်တို့ဖြင့် မပုံးမကွယ် ထင်တယ်စံပယ်သောကိုယ်ရှိသဖြင့် ခြေကျင်သာလျှင် မြစ်ကမ်းဆိပ်သို့ သွားကြကုန်၏။ ထိုနေ့၌ မင်း၊ ပုဏ္ဏား၊ သူကြွယ်အစရှိသည်တို့၏ သားကိုသည်လည်း "မိမိနှင့် တူမျှသော အမျိုးအနွယ်ရှိသော အမျိုးသမီးတို့ကို စိစစ်ရွေးချယ် ကြည့်ရှု တွေ့မြင်သောကာလ ပန်းကုံးဖြင့် ပင်ချရွေးကောက် ကုန်အံ့" ဟု ထိုသို့ သော ခရီးကိုမှီ၍ စောင့်စား ငံ့တည်၍နေကုန်၏။ ထိုပုဏ္ဏားတို့သည်လည်း မြစ်၏ကမ်း၌ တခုသောဇရပ်သို့ ဝင်ရောက်၍ တည်းခိုနေထိုင်ကြကုန်၏။

## သဋေးသမီးဝိသာခါ နက္ခတ်ပွဲသဘင် ထွက်ခြင်း

ထိုအခါ၌ ဝိသာခါသဋေးသမီးသည် တဆယ့်ငါးနှစ်၊ တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သည်ဖြစ်၍ အလုံးစုံကုန်သော ဝန်းဆာတို့ကို ဝတ်ဆင်ပြီးသော် ငါးရာကုန်သော သတို့သမီးငယ်တို့နှင့် ခြံရံလျက် မြစ်ဆိပ်သို့ သွား၍ ရေချိုးအံ့ဟု ဆက်ဆင်း၍ လာခဲ့သဖြင့် ပုဏ္ဏားတို့ တည်းခိုနေထိုင်ရာဖြစ်သော ထိုဇရပ်အနီးသို့ ရောက်လာ၏။ ထိုအခါ ကြီးစွာသော မိုး ကြီးသည် ထ၍ရွာ၏။ [illegible] သခါသဋေးသမီး၏ အခြံအရံ ဖြစ်ကုန်သော ငါးရာကုန်သော သတို့ [illegible] မီးတို့သည် [illegible] ပြေးသွားကြ၍ [illegible] ည်းခိုရာ ဇရပ်သို့ ဝင်ကြကုန်၏။ [illegible] ပုဏ္ဏားတို့သည် [illegible] ၍လာသော သတို့ သမီးတို့၏ [illegible] ကြ [illegible] ခြင်း နှင့် ပြ [illegible] ဝိသာခါ သည်ကား မိုးကြီး [illegible] ပြေး သွား [illegible] သွားပြီး သည်က [illegible] ၏။ [illegible] မိုးစွတ် ကုန်၏။ [illegible] ၏ [illegible] သော ကောင်း

ခြင်းနှင့် ပြည့်စုံသည်တို့ကို မြင်၍ သွားတို့ကို ကြည့်ရှုလိုသောကြောင့် "ဤငါတို့သမီးငယ်သည်ကား ပျင်းရိထိုင်းမှိုင်းသောသဘော ရှိဟန်ရှိချေသည်။ ထိုသတို့သမီး၏ ခင်ပွန်းအရှင်ချစ်လင်များသည် ပအုန်းရေကိုမျှလည်း မရလွယ်မည် ဖြစ်ပေလိမ့်မည်တကား"ဟု အချင်းချင်း ပြောဆိုကြကုန်၏။

**သဋ္ဌေးသမီး ဝိသာခါ ပုဏ္ဏားတို့နှင့် စကားအချေအတင် ပြောဆိုခြင်း**

ထိုအခါ ဝိသာခါက ထိုပုဏ္ဏားတို့ကို "အသင်တို့သည် အဘယ်ကို ပြောဆိုကုန်သနည်း" ဟု မေး၏။ "ချစ်သမီး အသင့်ကို ပြောဆိုကုန်သည်"ဟု ပုဏ္ဏားတို့ကို ဆို၏။ ထိုဝိသာခါ၏ အသံသည်ကား သာယာ၏။ ကြေးခွက်ကို ခေါက်နှက်သောအခါ ထွက်လာသော ကြေးဟိသံနှင့် တူ၏။ ထို့ကြောင့် ဂုဏ်အဋ္ဌကထာ၌—

> မဓုရော ကိရ တဿာ သဒ္ဒေါ၊ ကံသတာလသရော ဝိယ နိစ္ဆရတိ—

ဟု မိန့်၏။

> **အနက်ကား။** ။"တဿာ၊ ထိုဝိသာခါ သတို့ သမီး၏။ သဒ္ဒေါ၊ အသံသည်။ မဓုရော၊ သာယာ၏။ ကံသတာလသရော ဝိယ၊ ကြေးခွက်သံကဲ့သို့။ နိစ္ဆရတိ ကိရ၊ ထွက်သတတ်"။ ဤ**ကားအနက်**။

ထိုသို့ သာယာ ကောင်းမြတ်လှသောအသံဖြင့် တဖန်ထပ်မံ၍ "အသင်တို့သည် အဘယ်အကြောင်းကြောင့် ပြောဆိုကြပါကုန်သနည်း"ဟု မေး၏။ "ချစ်သမီး အသင်၏အခြံအရံဖြစ်ကုန်သော မိန်းမတို့သည် အလုံးစုံသော တန်ဆာတို့ ဆင်ယင်ဝတ်စားလျက်သာ လာကုန်သည်ရှိသော် သည်းစွာသော မိုးကြီးရွာလာသောကြောင့် အဝတ်တန်ဆာတို့ကို မိုးမစွတ်စေမူ၍ လျင်မြန်စွာ ပြေးလာကြ၍ ဇရပ်သို့ ဝင်ရောက်ကြကုန်၏။ အသင်တခုသော်ကား မူကား ဤမျှလောက်သော အရပ်သို့ လျင်မြန်စွာ လာခြင်း မရှိ၊ အဝတ်တန်ဆာတို့ကို မိုးစွတ်စေသဖြင့်သာလျှင် လာသည် ဖြစ်ပေ၏။ ထို့ကြောင့် ငါတို့သည် ပြောဆိုကြကုန်သတည်း"ဟု ပုဏ္ဏားတို့က ပြောဆိုကြလျှင်—

"ဖခင်တို့ ဤသို့သော စကားကို မပြောကြား မဆိုကြပါကုန်လင့်။ ကျွန်တော်မသည် ထိုမိန်းမတို့ထက် ကြီးသောခွန်အား လျင်မြန်သော စွမ်းပကား ရှိပါသည်။ တစုံတရာသော အကြောင်းဖြစ်အင်ကို ထင်မြင်သိရှိပါသောကြောင့် လျင်မြန်သောအဟုန်ဖြင့် မပြေးမသွား နှေးသောသွားလာခြင်း ဖြစ်ပါသည်"–

ဟု ပြောလျှင် "ချစ်သမီး အကြောင်းအဘယ်သို့ ရှိပါသနည်း" ဟု မေးလည်းလေ –

ဖခင်တို့ လောက၌ လေးဦးကုန်သော သူတို့သည် လျင်မြန်စွာ ပြေးသွားသဖြင့် တင့်တယ်ခြင်း မဖြစ်ကြပါ။ ဤလည်း အကြောင်းတပါး ဖြစ်ပါသည်။ ထိုမှတပါးလည်း အကြောင်းတပါး ရှိပါသေးသည်။ ဤသို့သော အကြောင်းတို့ကို ကောင်းစွာ သိရှိသောကြောင့် လျင်မြန်စွာ မသွားပဲ နှေးသောသွားခြင်း ဖြစ်ပါသည်–

ဟု စိသာခါက ဆိုလျှင် "ချစ်သမီး လေးဦးကုန်သော သူတို့သည် လျင်မြန်စွာ သွားလာခြင်းဖြင့် မတင့်တယ်ဟု ဆိုသည်မှာ ထိုလေးဦးသော သူတို့သည် အဘယ်သူတို့ပါနည်း" ဟု မေးလျှင်—

## ပြေးသွား၍ မတင့်တယ်သူ လေးဦး

၁။ "ဖခင်တို့၊ အဘိသိက် သွန်းအပ်ပြီးသော မင်းသည် အလုံးစုံသော မင်းမြောက် တန်ဆာဖြင့် ဆင်ယင်ဝတ်စား ပြီးသောအခါ ခါးတောင်းအောက် ကျိုက်ခြင်းကို ပြု၍ မင်းရင်ပြင်၌ လျင်မြန်စွာ သွားလာသည်ရှိသော် မတင့်တယ်ပါ၊ ဤမင်းသည်ကား သူဆင်းရဲ သားကဲ့သို့ လျင်မြန်စွာ သွားဘိသည်ဟု စင်စစ် ကဲ့ရဲ့ရှုံ့ချခြင်းကို ခံရပါသည်၊ ဖြည်းဖြည်း သာသာ သွားလာသော်သာလျှင် တင့်တယ် ဂုဏ်ယူခြင်းကို ရပါသည်။

၂။ ပြည့်ရှင်မင်းကြီးသည် သုံးဆောင်စီးနင်းကော်မူအပ်သော မင်္ဂလာဆင်တော်သည် တန်ဆာဆင်ယင်လျက် လျင်မြန်စွာ သွားသည်

ရှိသော် မတင့်တယ်ပါ၊ ဆင်ယာဉ်တို့၏ တင့်တယ်စံပယ်ခြင်းဖြင့် သွားသော်သာလျှင် တင့်တယ်ပါသည်။

၃။ ရဟန်းတော် အရှင်မြတ်သည်လည်း လျင်မြန်စွာ သွားသည် ရှိသော် မတင့်တယ်ပါ၊ ဤရဟန်းသည်ကား လူကဲ့သို့ပင် လျင်စွာ ပြေးသွားဘိသည်ဟု သက်သက်ကဲ့ရဲ့ရှုံ့ချခြင်းကိုသာ ခံရပါသည်။ ပကာသိငြိမ်သက်စွာ သွားခြင်းဖြင့်သာ တင့်တယ်ကောင်းမြတ်ပါသည်။

၄။ မိန်းမသည်သည် လျင်မြန်စွာ သွားသည်ရှိသော် မဘင့်တယ်ပါ၊ ဤမိန်းမကား ယောကျာ်းကဲ့သို့ လျင်မြန်စွာ ပြေးသွားလေသည်ဟု ကဲ့ရဲ့ရှုံ့ချခြင်းကိုသာ ခံရပါသည်။ ဖြည်းဖြည်းသာသာ သွားလာခြင်းဖြင့်သာ တင့်တယ်ပါသည်။

"ဖခင်တို့ ဤလေးဦးသောသူတို့သည် လျင်မြန်သော သွားလာခြင်းတို့ဖြင့် မတင့်တယ် မလျောက်ပတ်သော သူတို့ဖြစ်ပါသည်"ဟု ဆိုလျှင် "ချစ်သမီး၊ အသင်က သည့်ပြင်အကြောင်းတပါးလည်း ရှိပါသည်ဟု ပြောသည်မှာ ထိုအကြောင်းကား အဘယ်ပါနည်း"ဟု မေးမြန်းသဖြင့်—

"ဖခင်တို့၊ အမိ အဘတို့မည်သည်ကား မိမိသမီးကို အင်္ဂါကြီးငယ်၊ အသွယ်သွယ် အဝဝတို့ကို လှပတင့်ဟယ် ရှုချင်ဖွယ် ရှိသည်၏အဖြစ်၌ တည်စေလျက် မွေးမြူကုန်၏။ ငါတို့သတို့သမီးကို မိဘတို့မွေးမြူရခြင်းသည်ကား ရောင်းစားခြင်းငှာ ဝယ်ယူ၍ ထားအပ်သော ဘဏ္ဍာနှင့်အလားတူသည်ဖြစ်၍ အရှင်လင်၏ အိမ်သို့ ပို့ခြင်းငှာ မွေးမြူအပ်ကုန်၏။ လျင်မြန်စွာ သွားလာသည် ရှိသော် အဝတ်ပုဆိုးစွန်း၌ ငင်ချိတ်နင်းနယ်မိသည် ဖြစ်၍ လည်းကောင်း၊ မြေကြီး၌ ချွတ်ချော်သည် ဖြစ်၍လည်းကောင်း အကယ်၍ လဲခဲ့သည်ရှိသော် လက်-ခြေ-အင်္ဂါ ကျိုးပျက်သောအခါ၌ အမျိုးမိဘတို့၏စိတ်နှလုံး ပူပန်ညှိုးငယ်ခြင်း တာဝန်သာဖြစ်ခဲ့ရာ၏။ အသျှင်နှုပ်၏ဤအဝတ်တန်းဆာတို့ကို မိုးစွတ်သဖြင့်လည်း ကစုံတရာ

ပျက်စီးဖို့ရာ မရှိ၊ မချွတ် ခြောက်သွေ့လတ္တံ၊ ဤသို့သော အကြောင်းကို သိမြင်သောကြောင့်လည်း လျင်မြန်စွာ သွားလာ ခြင်းကို မပြုပါသည်”–

ဟု ပြော၏။

ပုဏ္ဏားတို့လည်း ဝိသာခါသတို့သမီး စကားဆိုသောကာလ၌ သွား၏ ပြည့်စုံခြင်းကို မြင်ရ၍ “ဤသို့သဘောရှိသော သွား၏ကောင်းခြင်းနှင့် ပြည့်စုံသောသဘောရှိသော သတို့သမီးကို ငါတို့သည် တရံဘခါမျှ မတွေ့ မထင် မမြင်ဖူးချေ” ဟု အချင်းချင်း ပြောဆိုပြီးမှ ထိုဝိသာခါအား ကောင်း ချီး ပေးပြီးလျှင် “ချစ်သမီး ဤရွှေပန်းခိုင်သည် အသင့်အားသာလျှင် သင့်လျော်၏”ဟု ပြောဆို၍ မိမိတို့ ဆောင်ယူလာသော ရွှေပန်းခိုင်ကို ဝိသာခါသတို့သမီးအား ပန်ဆင်ရန် အပ်နှံသောင်နှင်းကုန်၏။

## အဖိုးငွေတသိန်းတန် ရွှေပန်းခိုင်ကို လက်ခံသိမ်းပိုက်ခြင်း

ထိုအခါဝိသာခါက ပုဏ္ဏားတို့ကို“ဖခင်တို့-ဖခင်တို့သည် ဘယ်မြို့ဘယ်ရွာ မှ လာခဲ့ကြ ကုန်ပါသနည်း”ဟု မေးသဖြင့် “ချစ်သမီး၊ ငါတို့သည် သာဝတ္ထိ ပြည်မှ လာခဲ့ပါကုန်သည်”ဟု ဆိုလျှင် “ဖခင်တို့ သဌေးမြို့သည် အဘယ် အမည် ရှိပါသနည်း”ဟု မေးပြန်သောကာလ၊ ချစ်သမီး “မိဂါရသဌေး” မည်ပါသည်ဟု ပြောလျှင် အရှင်သဌေး၏သားသည် အဘယ်အမည်ရှိပါ သနည်းဟု မေးသဖြင့် ချစ်သမီး “ပုဏ္ဏဝဍ္ဍန”သတို့သား မည်ပါသည်ဟု ပြော၏။ဝိသာခါသတို့သမီးသည်လည်း “ငါတို့နှင့်တူမျှသော ဇာတ်ရှိသော အမျိုးဖြစ်ပေသည်”ဟု ရွှေပန်းခိုင်ကို သိမ်းပိုက်ခံယူ ပန်ဆင်ပြီးသော ကာလ “အကျွန်ုပ်တို့အား ရထားကို စေလွှတ်လိုက်ပါလော”ဟု ဖခင် ဖြစ် သော ဓနဉ္စယသဌေးကြီးအား သတင်းစကား မှာကြားစေလွှတ်လိုက်၏။ ထိုစကား မှန်၏၊ ဝိသာခါသည် လာသောကာလက ခြေမြင့်သာလျှင် အကယ်၍လာအံ့၏၊ ယင်းသို့ခြေမြင့်သာလျှင် လာအပ်သော်လည်း ရွှေ န်းခိုင်ကိုခံယူပန်ဆင်သော ကာလမှစ၍ ထိုသို့သော ခြေဖြင့် သွားခြင်းငှာ မိုးခသေ အရှင် ခင်ပွန်းလင်ရှိကုန်သော သတို့သမီးတို့သည်

ရထားစသည်တို့ကိုစီးနင်းလျက် သွားကြကုန်၏။ ဤမှတပါးသော မိန် မတို့သည် ပကတိသော ယာဉ်သို့မူလည်း တက်စီးကုန်၏။ ထီးကိုလည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်းကောင်း အထက်၌ မိုးကြက်ဖြ ဆော င်သည်ကို ပြုကြကုန်၏။ ထိုမျှလောက်ပင် မစွမ်းနိုင်သော သတို့သမီးတို့မှာ ဝတ်ရုံအပ်သော အဝတ်ပုဆိုး၏ အစွန်းကိုပင့်၍ ခေါင်း၌ ပစ်ချတင်ထားရကုန်သည် သာလျှင်တည်း။ ထို့ကြောင့် ဝိသာခါသတို့သမီးသည် ဖခင်အထံသို့ ရထား လွှတ်ရန်ကို စေလိုက်လေသတည်း။

ထိုဝိသာခါ၏ ဖခင်ဖြစ်သော ဓနဉ္စယသဌေးသည် သမီးမှာကြား လိုက်သော သတင်းစကားဖြင့် ငါးရာသောရထားတို့ကို ပို့လွှတ်စေ၏။ ဝိသာခါသည် အခြံအရံနှင့်တကွ ရထားထက်သို့ တက်စီး၍ သွား၏။ ပုဏ္ဏား တို့သည်လည်း အတူတကွသာလျှင် လိုက်သွားကုန်၏။ အိမ်သို့ကျရောက် သောကာလ ဧည့်သည်အာဂန္တုတို့ဝတ်ကို မချွတ်မယွင်း ခင်းကျင်းပြုပြင်၍ ပေးပြီးမှ ထိုပုဏ္ဏားတို့ကို ဓနဉ္စယသဌေးက "ဘယ်အရပ်မှ လာခဲ့ကြပါ သနည်း" ဟု မေး၏။ "သဌေးကြီး အကျွန်ုပ်တို့သည် သာဝတ္ထိပြည်မှ လာခဲ့ကြကုန်ပါသည်"ဟု ပြောလျှင် "အသင်တို့၏ သဌေးသည် အဘယ် အမည်ရှိသနည်း" ဟု မေးသဖြင့် "မိဂါရသဌေး" မည်ပါသည်ဟု ပြော၏။ "အသင်တို့၏ သဌေးသားသည် အဘယ်မည်ရှိသနည်း" ဟု မေးပြန်လျှင် "ပုဏ္ဏဝဍ္ဎန" သတို့သား မည်ပါသည်ဟု ပြော၏။ "အသင်တို့သဌေးအား ပစ္စည်းဥစ္စာ အဘယ်မျှ ချမ်းသာကြွယ်ဝပါသနည်း" ဟု မေးပြန်လျှင် "အရှင်သဌေးမင်း ကုဋေလေးဆယ်မျှသော ဥစ္စာ ကြွယ်ဝချမ်းသာပါ သည်" ဟု ပြောကြားသောကာလ ဓနဉ္စယ သဌေးကြီးက–

"ဤကုဋေလေးဆယ်မျှသော ပစ္စည်းဥစ္စာသည်ကား ငါတို့၏ ဥစ္စာကို ထောက်ဆချင့်တွက် စာနာသည်ရှိသော် တခြင်ရွေးမျှ လောက်သော အဖိုးထိုက်ချေသည်။ သို့သော်လည်း ငါ၏သမီး သည် အစောင့်အရှောက် ရယူသောကာလမှစ၍ တပါးသော အကြောင်းဖြင့်ချွတ်လွဲပြောဆို သွေလှန်သဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း"

ဟု ဝန်ခံ၏၊ ဓနဥ္စယသဌေးကြီးသည် ထိုပုဏ္ဏားတို့အား ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ နှစ်ရက် သုံးရက်ပတ်လုံး နေစေပြီးသော် ပြန်လွှတ်လေ၏။

ထိုပုဏ္ဏားတို့သည် သာဝတ္ထိပြည်သို့ ပြန်သွား၍ "ငါတို့စေလွှတ်ရာပေမှ စေအပ်သောသတို့သမီးကိုရပါ၏လော" ဟု မေးလျှင် "ရပါ၏" ဟု ပြောသဖြင့် "အဘယ်သူ၏ သမီးနည်း" ဟု မေးပြန်လျှင် "ဓနဥ္စယသဌေးကြီး၏ သမီးဖြစ်ပါသည်" ဟု ပြော၏။ မိဂါရသဌေးလည်း "ကြီးကျယ်မြင့်မြတ်သော အမျိုး၏သမီးကို ငါ့ကိုသည် ရအပ်ကုန်၏။ အဆောတလျင် ရှောင်ဟခြင်း လျှင်မြန်စွာ ဆောင်ယူခြင်းငှာ အပ်၏" ဟု ပြောဆိုတိုင်ပင်၍ ထိုအရပ်သို့ သွားခြင်းငှာ သာဝတ္ထိပြည်ကြီးရှင် ဘုရင်ပသေနဒီ ကောသလမင်းအား ကြားလျှောက်၏။ ပသေနဒီကောသလ မင်းကြီးက—

ကြီးကျယ်ပြန့်ပြော များပြားမြတ်သော စည်းစိမ်ချမ်းသာရှိသော ဤသဌေးကြီးကို ငါသည် ဗိမ္ဗိသာရမင်း၏ အထံမှ တောင်းဆို ဆောင်ယူပြီးသည် ကာလ သာကေတမြို့၌ နေစေအပ်၏။ ထိုသဌေးကြီးကို ကောင်းစွာ ချီးမြှင့်ထောက်ပံ့ခြင်းငှာ အပ်၏။ ငါသည်လည်း ဆိုမျက်သွိလိုက်အံ့—

ဟု မိန့်တော်မူ၏။ မိဂါရ သဌေးသည် "အရှင်မင်းမြတ် ကောင်းလှပါပြီ" ဟု ဝန်ခံပြောဆို၍ ဓနဥ္စယ သဌေးကြီး၏ အထံသို့ သတင်းစကား မှာကြား ပေးပို့လိုက်၏။

"ငါသည် လာသည်ရှိသော် သာဝတ္ထိပြည်ကြီးရှင် ဘုရင်မင်းမြတ်သည်လည်း ကြွလာတော်မူပါလတ္တံ့၊ မင်းကြီး၏ စစ်သည်အိုက်ပါသည် အလွန်တရာများပြား၏၊ ဤမျှလောက်သော လူအပေါင်းအား ကောင်းမွန် ကျွေးမွေး ပေးကမ်းနှစ်ခြိုက် ပြုထိုက်သင့်သော အလုပ်ကိစ္စ အဝဝအလုံးစုံကို အကုန်ပြုခြင်းငှာ စွမ်းဆောင်နိုင်ပါလတ္တံ့လော၊ မစွမ်းနိုင်ပါမူ ရှိမည်လော"—

ဟု သတင်းစကား မှာကြား ပေးပို့လိုက်၏။

နေဥ္စယ သဋ္ဌေးကြီးက "တကျိပ်ကုန်သော မင်းတို့သည် စစ်သည်ဗိုလ်ပါ အခြံအရံများစွာတို့နှင့်တကွ လာလိုသော်လည်း လာစေ၊ ငါ့အား အနည်းငယ်မျှ ကြောင့်ကြပူပန်ခြင်း မရှိ"—

ဟု သတင်းစကားကို ပြန်ကြားပို့လိုက်၏။

## ဝိသာခါ၏ လက်ထပ် မင်္ဂလာပွဲ

မိဂါရသဋ္ဌေးကြီးသည် ကြီးစွာသောအခြံအရံဖြင့် မြို့၌ အိမ်စောင့်မျှလောက်ကိုထား၍ ကြွင်းသောလူအပေါင်းကို ခေါ်ယူ၍သွားပြီးသော် ယူ-စနာခွဲမျှသောအရပ်၌ နေ၍ မိမိတို့လာသောသတင်းစကားကို စေလွှတ်၏၊ ဓနဥ္စယသဋ္ဌေးသည် လက်ဆောင်ပဏ္ဏာကိုပို့စေပြီးလျှင်သမီးငယ်ဝိသာခါကို ခေါ်၍ အတူတကွ တိုင်ပင်၏။ "ချစ်သမီး၊ အသင်၏ ယောက္ခမဖြစ်သော မိဂါရသဋ္ဌေးသည် သာဝတ္ထိပြည်ကြီးရှင် ဘုရင်ကောသလမင်းမြတ်နှင့် အတူတကွလာ၏။ ထိုသဋ္ဌေးကို အဘယ်သို့သောအိမ်ကို သုတ်သင်ပြုစု၍ နေထိုင်စေအံ့နည်း။ ပြည့်ရှင်မင်းကြီး၏ အိမ်ရှေ့မင်း စသည်တို့အား အဘယ်သို့ ပြုစုလုပ်ကျွေး အံ့နည်း" ဟု တိုင်ပင်မေးမြန်း၏။ ပညာရှိသော သဋ္ဌေးသမီးသည် ကမ္ဘာတသိန်းကာလပတ်လုံး ကောင့်တပန်ဆင်အပ်သောဆုတောင်းရှိသဖြင့် ဝရဇိန်ပမာ ထက်စွာသော ဉာဏ်ပညာရှိသည်ဖြစ်၍ "ဖခင်၊ အကျွန်ုပ်၏ ယောက္ခမဖြစ်သော သဋ္ဌေးကြီးကို ဤအမည်ရှိသော အိမ်ကိုသုတ်သင်ပြုစုထားပါအံ့၊ ပြည့်ရှင်မင်းကြီးအား ဤအမည်ရှိသောအိမ်ကို၊ အိမ်ရှေ့မင်းအား ဤအမည်ရှိသောအိမ်ကို ပြုစုသုတ်သင်၍ ထားပါအံ့" ဟု ပြောဆိုစီမံ၍ ကျွန်အမှုလုပ်တို့ကို ခေါ်ပြီးလျှင် "ဤမျှလောက်သောအသင်တို့သည် မင်းကြီး၏ ပြုဖွယ်ကိစ္စပူသမျှကို တစမကျန် ပြုစုရွက်ဆောင်ကြကုန်လော့၊ ဤမျှလောက်သော အသင်တို့သည် အိမ်ရှေ့မင်းစသည်တို့အား ပြုစုကြကုန်လော၊ အသင်တို့က ဆင် မြင်းစသည်တို့ကို ပြုစုသုတ်သင်ကြကုန်လော့။ ဆင် မြင်းထိန်းကျောင်း စောင့်ရှောက်သော သူတို့သည်လည်း မင်္ဂလာသဘင် ဆင်ယင်ကျင်းပသည်ကို ကြည့်ရှုလိုကြကုန်လတ္တံ့" ဟု ပြောဆို[illegible]၏။ အဘယ်သို့သော အကြောင်း

ကြောင့် ဂျုံကဲ့သို့ စိမ်းအားထုတ်၍ ထားသနည်းဟူမူကား "ငါတို့သည် ဝိသာခါသဌေးသမီး၏ ဂေလာပွဲရာအရပ်သို့ သွားရောက်၍ တစုံတခုကိုမျှ ကြည့်ခွင့်မရ၊ ခင်မြင်းစသည်တို့ကို စောင့်ရှောက် ထိန်းကျောင်း၍ နေရသည်ဖြစ်သောကြောင့် ချမ်းသာစွာ လှည့်ပတ်ကြည့်ရှုခြင်းကို မရကုန်ဟု အချို့ကုန်သောသူတို့သည် ပြောဆို ဖြစ်တင်ခွင့်ကို မရပါစေသတည်း"ဟု နှလုံးသွင်း၍ ပွဲဇုံစိမ့်ပြီးသည်ကာလ ထားပေသတည်း။

ထိုနေ့၌ပင်လျှင် ဝိသာခါ သတို့သမီး၏ ဖခင်ဖြစ်သော ဓနဥ္စယသဌေးကြီးသည်ငါးရာကုန်သော ရွှေပန်းထိမ်သည်တို့ကိုခေါ်စေ၍ "ငါ၏သမီး ဆင်ယင်ဖို့ရာ မဟာလတာတန်းဆာမည်သည်ကိုပြုကြကုန်လော့"ဟု နိမ့်မြန်းသော ရွှေစင်နိက္ခတထောင်ကိုလည်းကောင်း၊ ထိုရွှေစင်အားထိုက်လျော်လျောက်ပတ်သော ငွေ ပတ္တမြား ပုလဲ သန္တာ ဝရဇိန်အစရှိသည်တို့ကိုလည်းကောင်း ပေးစေ၏။ ပသေနဒီ ကောသလမင်းကြီးသည် သာကေတပြည်သို့ ရောက်၍ နှစ်ရက် သုံးရက်မြောက် ကျရောက်သောကာလ ဓနဥ္စယသဌေးကြီး၏ ထံသို့ တမန်စေလွှတ် ပြောကြားသည်မှာ "သဌေးကြီး၊ ငါတို့၏ စစ်သည် ဗိုလ်ပါတို့သည် များ၏။ အသင်သည် တာရှည်လေးမြင့်စွာ လုပ်ကျွေးပြုစု မွေးမြူခြင်းငှာ မစွမ်းနိုင်လတ္တံ့။ ဤယခုအခါ သတို့သမီးငယ်ကို ထိမ်းမြားလက်ထပ် တည့်ဆပ်ဆောင်နှင်းသောအားဖြင့် သွားအပ်သောအခါကာလကို သိစေလော့"ဟု သတင်းစကားကို ကြား၍ "အရှင်မင်းမြတ်၊ ယခုအခါသည်ကား ဝေဿန်ညှန်စီး လင်းဆိုး၍ကား သိးပြွမ်းဆိုးလှသော မိုးလအခါ ဖြစ်ပါသည်။ လှည့်လည်ပြန်ကြွတော်မူခြင်းငှာ မသင့်ပါသေး။ အရှင်မင်းမြတ်၏ စစ်သည် ဗိုလ်ထုကို ကြည့်ရှုပြုပြင် စီရင်ကျွေးမွေး ပေးကမ်းချီးမြှင့်သောအရာ၌ အကျွန်ုပ်တာဝန်သာ ဖြစ်ပါစေ။ သွားရန် သင့်မြောက်အချိန်ရောက်က အကျွန်ုပ် လျှောက်တင်ပါအံ့။ ထိုအခါကာလမှ ကြွတော်မူပါ"ဟု ပြန်၍ လျှောက်ကြားလိုက်၏။

ထိုနေ့မှစ၍ ဘာဝကတော်မှီအလုံးစုံသည်အမြဲမပြတ်နက္ခတ်ပွဲသဘင်ကဲ့သို့ ဖြစ်လေ၏။ မင်းကြီးကို အစပြု၍ အလုံးစုံသော လူများအပေါင်းတို့အား ပန်းနံ့သာ အဝတ်အသုံးအဆောင် စသည်တို့ကို ခင်ပင်ဝတ်စား သုံး

ဆောင်လျက်သာ လှည့်လည်ပျော်ပါးကုန်၏။ ထိုလူများအပေါင်းတို့သည် "သဌေးကြီးသည် ငါတို့အားသာလျှင် ကြီးစွာပူဇော် ချီးမြှင့်ခြင်းကို ပြုလေဘိသည်"ဟု ကြံစည်အောက်မေ့ မှတ်ထင်ကြရကုန်၏။ ဤသို့ သောနည်းဖြင့် သုံးလတို့ကို လွန်မြောက်ပါသော်လည်း မဟာလ္လတာ တန်ဆာသည် မပြီးဆုံးလေ၊ ထိုထိုသို့သော အမှုကို ပြုစုရွက်ဆောင်ကုန် သော သူတို့သည် လာ၍ "သဌေးကြီး၊အကျွန်ုပ်တို့အား တပါးမရှိသော အရာမည်သည် မရှိပါ၊ စစ်သည်အပေါင်းအား ကျွေးမွေးရန်အလို့ငှာ ချက်ပြုတ်သောအရာမှာသာ ထင်းကိစ္စဖြင့် မလောက်မမျှပါကုန်"ဟု ပြော လျှင်၊ သဌေးကြီးက "အမောင်တို့ သွားကြချေ။ ဤမြို့၏အတွင်း၌ ဟောင်းနွမ်း ဆွေးမြည့်ကုန်သော ဆင်တင်းကုပ် စသည်တို့ကို လည်း ကောင်း၊ ဟောင်းနွမ်းဆွေးမြည့်ပျက်သော အိမ်တို့ကိုလည်းကောင်း ဖျက် ဆီး ဆောင်ယူ၍ ချက်ပြုတ်ကုန်လော့"ဟု ဆို၏။ ဤသို့သဌေးကြီးဆိုတိုင်း ချက်ပြုတ်ကုန်သည်ရှိသော် လခွဲကို လွန်မြောက်လေ၏။ ထိုနောက်တဖန် ထင်းမလောက်ပြန်ပါဟု ပြောကြားကြပြန်လျှင်"ဤမြို့၏အတွင်း၌ ထင်း တို့ကို ရနိုင်ဖွယ်မရှိချေ။ ပုဆိုးဘဏ္ဍာ ကျီကျတိုက်တို့ကို ဖွင့်လှစ်စေ၍ ကြမ်းတမ်းသော ပုဆိုးတို့ကို ဖြစ်ကျင်ပြီးသည့်ကာလ ဆီအိုးစရီးတို့၌ ထည့်၍ ဆီဖြင့်စိုစွတ်စေပြီးသောအခါ ထိုပုဆိုးတို့ဖြင့် ချက်ပြုတ်ခြင်း ကိစ္စကို ပြုကြကုန်လော့"ဟု ဆို၏။ အမှုရွက်ဆောင်သောသူတို့လည်း ထိုသို့ ပြောဆိုတိုင်းကို ပြုသဖြင့် လေးလတို့ကို လွန်မြောက်လေကုန်၏။ ပြုပြင်စီမံသော မဟာလ္လတာတန်းဆာသည်လည်း ပြီးဆုံးခြင်းသို့ ရောက် လေ၏။

## အဖိုးငွေ ကိုးကုဋေထိုက်သော မဟာလ္လတာတန်းဆာ စီရင်ပြုလုပ်ခြင်းအကြောင်း

ထိုမဟာလ္လတာတန်းဆာ၌ ဝရဇိန်လေးကွမ်းစား၊ ပုလဲတဆယ့်တကွမ်းစား၊ သန္တာ နှစ်ဆယ့်နှစ်ကွမ်းစား၊ပတ္တမြားရတနာ သုံးဆယ့်သုံးကွမ်းစားတို့ဖြင့် လည်းကောင်း၊ တပါးကုန်သော ရတနာတို့ဖြင့် လည်းကောင်း ပြုပြင် စီရင်ချယ်လှယ်အပ်သည်ဖြစ်၍ ပြီးခြင်းသို့ ရောက်၏။ ပိုးချည်ဝါချည် တို့ဖြင့်

မရောယှက် သက်သက်သော ခွေချည်ငွေချည်တို့ဖြင့်သာ ချည်ကိုစကို ပြီးစေကုန်၏။ ထိုမဟာလတာတန်းဆာကို ဦးခေါင်းထိပ်မှ စွပ်၍ ချလိုက်သည်ရှိသော် ခြေဖမိုးတိုင်အောင် ဖုံးအံ၏။ ထိုထိုသို့သော နေရာ၌ အကွင်းအချိတ်တို့ကို ရည်၍ပြုအပ်ကုန်၏။ ရွှေဖြင့်ပြီးသော အဖုအဆစ်၊ အကြွစ်ကို ပြုအပ်သည်ဖြစ်၍ ငွေဖြင့်ပြီးသော အကွင်းအချိုကို ဦးခေါင်းထိပ်၌ တချို၊ နားနှစ်ဖက်တို့၌ နှစ်ချို၊ လည်ချောင်းရေ... တချို၊ နှစ်ဖက်သော ဒူးဆစ်နေရာတို့၌ နှစ်ချို၊ နှစ်ဖက်သော ... နှစ်ဖက်သော ပေါင်တို့၌ နှစ်ချို၊ ခါးဘောင်းနှစ်ဖက်တို့၌ နှစ်ချိုအားဖြင့် တဆယ့်နှစ်ချိုကုန်သော လက်စွပ်ကွင်းသကွာန် အချိုရောင်ညီ အကွင်းအချိုတို့ကို ... ညွတ်ကျေး ယှဉ်ကျေးအောင် ပြုလုပ်အပ်ကုန်၏။ ထိုမဟာလတာတန်းဆာ၌ ကခုသော ဥဒေါင်းရုပ်ကိုလည်း ပြုအပ်ကုန်၏။ ထိုဥဒေါင်းရုပ်၏လက်ယာ ... တောင်ရှက် ... ရှက်များ ... မီးလျှံမှာ နီမြန်းသော ... ရောင်ရှိသောရွှေဖြင့် ပြီးကုန်၏။ ... သည် သန္တာဖြင့် ပြီး၏၊ ... ညီဆံ၊ မြီးဆံ ဤသုံးပါး ... ပတ္တမြားဖြင့် ပြီးကုန်၏။ ... ၏အရိုး မြင်းခေါင်းစသော အင်္ဂါတို့သည်ကား ငွေဖြင့်ပြီး ... ခေါင်းရုပ်သည် ဝိသာခါသဌေးသမီး၏ထိပ်ထက် အလယ်၌ တောင် ... ကျေး ... ကောင်း ... ကဆပ်သော ဥဒေါင်း ... ၏အသံသည် ဘုန်းသမ္ဘာကစ်ပ် ... နှင့်ထူးမှားသော နဖ ... သော တူရိ ယကဲ့သို့ လည်း ... ကဲ့သို့ လည်း ... ညွတ်မြောင်း ... ယကဲ့သို့ သော အ ... ဥဒေါင်း စ်မကုဲ ... န်းဆာသည် ... အဖိုးထိုက်ကုန်၏။ ...

သက်န်း ... ရှင်း ...

အဘယ်ကဲ့သို့သော အကျိုးဆက် ... သည်ဖြင့် ဝိသာခါသဌေးသမီး အား ဤ ... တန်းဆာကို ... မြန်းသုံး[redacted]

ကား သဌေးသမီးဝိသာခါသည် ရှေးအခါကာလ၌ ကဿပဘုရား မွင့်တော်မူသော အခါကာလ၌ နှစ်သောင်းမျှလောက်ကုန်သော သံဃာတော်အရှင်မြတ်တို့အား သင်္ကန်းအလို့ငှာ ပုဆိုးတို့ကိုပေးလှူဆက်ကပ်၍ ချည်၊အပ်၊ဆိုးရည်တို့ကိုလည်း မိမိ၏ဥစ္စာဖြင့်သာ ကောင်းစွာပူဇော်လှူဒါန်းပေသတတ်။ ထိုသင်္ကန်းအလှူဒါန၏ အကျိုးဆက်ဖြင့် ဤမဟာလ္လတာတန်းဆာထူးမြတ်ကို ဆင်ယင်ခြင်းငှာ ရအပ်ပေသတည်း။ ထိုစကားမှန်၏။ မာတုဂါမတို့အား အဝတ်သင်္ကန်းအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းပေးကမ်းခြင်း အလှူဒါနသည် မဟာလ္လတာတန်းဆာကို ဆင်ယင်သုံးဆောင်ရသဖြင့် အထွတ်အထိပ်သို့ ရောက်ရပေ၏။ ဒါယကာယောကျ်ားတို့အား တန်ခိုးဖြင့်ပြီးသောသပိတ်သင်္ကန်းကို ဆင်မြန်းသုံးဆောင်ရသဖြင့် အထွတ်အထိပ်သို့ ရောက်ရပေ၏။ ထို့ကြောင့် ဂုဏ်းအဋ္ဌကထာ၌—

"ဣတ္ထီနံ ဟိ စီဝရဒါနံ မဟာလ္လတာ ပသာဓနေန မတ္ထကံ ပပ္ပေါတိ၊ ပုရိသာနံ ဣဒ္ဓိမယပတ္တစီဝရလာဘေန"–

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။ဟိသစ္စံ၊ ထိုစကားသည် ထင်ရှားကေန် မှန်လှပေ၏။ ဣတ္ထီနံ၊ မိန်းမတို့အား။ ဝါ၊ တို့၏။ စီဝရဒါနံ၊ အဝတ်သင်္ကန်း လှူဒါန်းခြင်းဒါနသည်။ မဟာလ္လတာပသာဓနေန၊ မဟာလ္လတာတန်းဆာကို ဆင်မြန်းသုံးဆောင်ရသဖြင့်။ မတ္ထကံ၊ အပြီးအဆုံး အထွတ်အထိပ်သို့။ ပပ္ပေါတိ၊ ရောက်ရလေ၏။ ပုရိသာနံ၊ ယောကျ်ားတို့အား။ ဝါ၊ တို့၏။ စီဝရဒါနံ၊ သည်။ ဣဒ္ဓိမယပတ္တစီဝရလာဘေန၊ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကို ရသဖြင့်။ မတ္ထကံ၊ သို့။ ပပ္ပေါတိ၊ ၏။ ။ဤကားအနက်။

### သမီးဝိသာခါအား ပစ္စည်းဥစ္စာ ရတနာတို့ကို ခွဲဝေပေးခြင်း

ထိုသို့သော [illegible]ဖြင့် သဌေးကြီးသည် လေးလတို့ဖြင့် သမီးငယ် ဝတ်ဆင်ရန် တန်းဆာကို ကောင်းစွာ ပြုပြင်ပြီးမှ ထိုသမီးငယ်အား ပေးကမ်းချီးမြှင့်ဖွယ် ပစ္စည်းအစုတို့ကို ကြည့်ရှုဆောင်နှင်း လိုသည်ဖြစ်၍ အသပြာဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကိုလည်းကောင်း၊ ရွှေခွက်ဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကိုလည်းကောင်း၊

ငွေခွက်ဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကိုလည်းကောင်း၊ ဘလဲ့ခွက်တို့ဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကို လည်းကောင်း၊ ပန္နက္ကတိုင်းမှ ဖြစ်သောပုဆိုး၊ ပိုးချည်နှံဆိုးတို့ဖြင့် ပြည့်သော လှည်းငါးရာတို့ကိုလည်းကောင်း ထောပတ်ဖြင့်ပြည့်သော လှည်း ငါးရာ၊ဆီဖြင့်ပြည့်သော လှည်းငါးရာ၊ သလေးဆန်ဖြင့်ပြည့်သော လှည်း ငါးရာ၊ ကုန်သွား ထွန်တုံးသော အဆောက်အအုံတို့ဖြင့်ပြည့်သော လှည်း ငါးရာအားဖြင့် ဤများစွာကုန်သော အသုံးအဆောင်ပစ္စည်းဥစ္စာတို့ကို ပေးကမ်း ဆောင်နှင်းလိုက်၏။

ဓနဥ္စယသဌေးကြီးသည် ဤမျှလောက်သော ပစ္စည်းဥစ္စာတို့ဖြင့် ကောင်းစွာ ကြီးကျယ်ပေးကမ်းလိုက်ခြင်းသည် ငါ၏သမီးသည် ရောက်ရာ ဒေသရပ်ရွာနှင့် "ဤအမည်ရှိသောဥစ္စာဖြင့် ငါမှာအလိုရှိပါဘိတော့သည်" ဟု ကြံစည်တောင့်တမှုပန်ရသဖြင့် သူတပါး၏အိမ်ရာသို့ မေးငှါးရန် မလေ့လွှတ်ရပါစေသတည်းဟု နှလုံးသွင်းပြီးသည်ကာလ ဆောင်နှင်း ပေးအပ်လိုက်ပေတည်း။ ထို့မှတပါးလည်း တခုတခုသော ရထား၌ အလုံးစုံကုန်သော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်ကုန်သော သုံး ယောက် သုံးယောက်ကုန်သောအမျိုးကျွန်မတို့ကို တင်ထားလျက် ငါးရာ ကုန်သော ရထားတို့ကို ပေးလိုက်၏။ ထိုအမျိုးသမီး ကျွန်တဆောင့်ငါး ရာတို့ကို ပေးအပ်လိုက်ခြင်းမှာ ထိုအမျိုးသမီး ကျွန်မတို့သည် ငါ၏သမီး သွားလာလှည့်ပတ်သောအခါ တမင်းဘောင်၌ ချိုချဉ်အာဟာရ သုံး ဆောင် စားသောက်သောအခါ တန်းဆာဆင်ယင်သောအခါတို့၌ အခြွေ အရံအလုပ်အကျွေး ပြုစုပါစေသောငှာ ပေးထည့်လိုက်ပေသတည်း။

ထိုနောက် သဌေးကြီးသည် ငါ၏သမီးအား နွားတို့ကို ပေးလိုက်အံ့ဟု ကြံ၍ အလုပ်အကျွေး ယောကျ်ားတို့ကို ခေါ်ပြီးလျှင် "အချင်းတို့ သွားတဲ့ ကြချေကုန်။ ခြံ၌တံခါးငယ်တို့ကို ဖွင့်ပြီးသည်ကာလ သုံးဂါဝုတ်ရှိသော အရပ်ဌာနတို့၌ သုံးခုကုန်သော စည်ကြီးတို့ကိုယူ၍ တည်ကြကုန်လော့၊ ထပြန်အကျယ်အားဖြင့် တဥသဘမျှသော အရပ်၌ နှစ်ဘက်သောနံပါး တို့၌ တည်ကြကုန်လော့။ ထိုစည်မှ ကြောင်းကျော်လွန်သော အရပ်၌ တည် ရှိကုန်သော နွားတို့ကို လိုက်သွားအံ့သောအခွင့်ကို မပေးလဲ ဤအရပ်၌

တည်ရှိကုန်သော နွားတို့ကို ထွက်ပြေးလိုက်သွားရန် စည်ဖြင့်အမှတ်ကို ပေးကြကုန်လော့" ဟု စေခိုင်း၏။

ကျွန်အမှုလုပ် ယောကျ်ားတို့လည်း ထိုသဋ္ဌေးကြီး ပြောကြားသော စကားအတိုင်း ပြုကြကုန်၏။ ထိုနွားအပေါင်းတို့သည် ခြံမှထွက်၍ တဂါဝုတ်မျှသောအရပ်သို့ ရောက်သောကာလ၌ စည်အမှတ်ကိုပြုကြကုန်၏။ တဖန်ယူဇနာခွဲသို့ ရောက်သောကာလ၌ စည်အမှတ်ကို ပြုကြကုန်၏။ တဖန်သုံးဂါဝုတ် ပမာဏရှိသောအရပ်သို့ ရောက်သောအခါ၌ ခွန်အားစွမ်းပကားနှင့် ပြည့်စုံကုန်သောယောကျ်ားတို့သည် ခြံတံခါးကို ပိတ်ထားလျက် ကြွင်းကျန်သော နွားတို့သည် မသွားမထွက်ရအောင် တားမြစ်ပိတ်ပင်ကုန်၏။ ဤသို့သောအမှတ်သညာ အခြင်းအရာဖြင့် ပေးအပ်သောနွားတို့သည် အလျားအားဖြင့် သုံးဂါဝုတ်၊ အပြန့်အကျယ်အားဖြင့် တဥသဘရှိသော အရပ်၌ အချင်းချင်းကျောချင်းစပ်ထိကာ တည်ကုန်၏။

## နွားအပေါင်းတို့သည် ခြံကိုခုန်ထွက်၍ လိုက်ကြခြင်း

သဋ္ဌေးကြီးသည် ငါ၏သမီးအား ဤမျှသောနွားတို့ဖြင့် တော်သင့်လောက်ပေပြီ၊ ခြံတံခါးကို ပိတ်ထားစေလော့ဟု စေခိုင်းပိတ်ထားစေ၏။ ထိုသို့ ပိတ်ထားတားမြစ်စေသော်လည်း ဝိသာခါသဋ္ဌေးသမီး ကောင်းမှု၏ အကျိုးဆက်ဖြင့် ခွန်အားကြီးကုန်သော နွားလားတို့သည် လည်းကောင်း၊ နွားမတို့သည်လည်းကောင်း ခုန်ထွက်ကုန်၏။ လူတို့သည် ဟန့်တားပိတ်ပင်စဉ်ပင်လျှင် ခြောက်သောင်းကုန်သော နွားလားတို့သည် လည်းကောင်း၊ ခြောက်သောင်းကုန်သော နွားမတို့သည်လည်းကောင်း၊ ခြောက်သောင်းမျှလောက်ကုန်သော နွားပိုက်တို့သည် လည်းကောင်း ခုန်ထွက်ပြေးသွား၍ လိုက်ကုန်သဖြင့် တဥသဘ မျှပင် ရှိလေကုန်သတည်း။ ထိုတဥသဘမျှလောက်သော နွားတို့သည် တားမြစ်ပိတ်ပင်စဉ် ခုန်ထွက်၍ လိုက်ခြင်းသည်ကား ဝိသာခါသဋ္ဌေးသမီးအား ရှေးကောင်းမှု အကျိုးဆက်ပေတည်း။

ထိုဝိသာခါသဋ္ဌေးသမီးသည် ကဿပ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် လူ့တွင်ထင်ရှား ဘုရားဖြစ်တော်မူသော အခါကာလ၌ ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် သိမ်ငယ်အသွေးဆုံး သံဃဒါသီမည်သော မင်းသမီးဖြစ်၍ နှစ်သောင်းမျှလောက်ကုန်သော သံဃာတော်မြတ်တို့အား ငါးပါးကုန်သော နွားနို့အရသာတို့ကို ပေးလှူဆက်ကပ်သည်ရှိသော် မထေရ်တို့၏လည်းကောင်း၊ သီတင်းငယ်တို့၏ လည်းကောင်း၊ သာမဏေတို့၏လည်းကောင်း သပိတ်ကိုပိတ်ထား၍ တန်ပြီဟု တားမြစ်ပိတ်ပင်ကုန်သော်လည်း—

"ဤအရသာသည်ကား ကောင်းမြတ် ချိုမြိန်လှပါသည်။ ဤအရသာသည်ကား နှစ်သက်မြတ်နိုးဖွယ်ရှိပါသည်။ အလှူခံတော်မူပါဦး၊ ဘုဉ်းပေးသုံးဆောင်တော်မူပါဦး"–

ဟု ထပ်ကာ ထပ်ကာ လှူဒါန်းပေးကမ်း အပ်သည်သာလျှင်တည်း။

ဤသို့ လှူဒါန်းပေးကမ်းအပ်သော ထိုကောင်းမှု၏ အကျိုးဆက်ဖြင့် ဖျက်ဆီးတားဟန့် ကန့်ကွက်ပိတ်ပင်ပါသော်လည်း နွားအုပ်ကြီးတို့သည် ခုန်ထွက်ပြေးလိုက်ကုန်သည်သာ ဖြစ်ပေကုန်၏။

ဤမျှလောက်သော ပစ္စည်းဥစ္စာ ရတနာတို့ကို ပေးအပ်ဆောင်နှင်းသော်ကာလ ဓနဉ္စယသဋ္ဌေးကြီးအား သဋ္ဌေးကတော်ဖြစ်သော သုမနဒေဝီက "အရှင်သဋ္ဌေးမင်း၊ အရှင်တို့သည် ကျွန်တော်မ သမီးငယ်အား ပေးကမ်းဖွယ်အစုစု ပစ္စည်းဝတ္ထုတို့ကို ပြင်ဆင်စီမံအပ်ကုန်၏။ အမှုကြီးငယ်ကို ရွက်ဆောင်လုပ်ကျွေးအံ့သော ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို မစီရင် မဆောင်နှင်း မပေးအပ်ခြင်းသည် အကြောင်းမည်သို့ ရှိပါသနည်း" ဟု ဆို၏။

"ရှင်မ၊ ငါ၏သမီးကို မေတ္တာသက်ဝင်
မေတ္တာမသက်ဝင် မချစ်ခင်သောသူတို့ကို သိလိုသောကြောင့်သာ ဤအမှုကိစ္စ တခုကို မစီရင် မဆောင်နှင်းပဲ ပယ်ရှား၍ ထားပေသည်။ လိုက်သွားလိုသောသူ သဘောမျှသောသူကို လိုက်သွား

ရမည်ဟူ၍ ငါ၏နိုပ်စက်ဖိစီး တိုက်တွန်းစေခိုင်းခြင်းငှာ အလိုမရှိချေ။ ငါ၏သမီးသည် သွားရန်အလို့ငှာ ယာဉ်ထက်သို့ တက်စီးကျရောက် ထွက်သွားသောကာလမှသာလျှင် ငါ၏သမီးနှင့် အတူတကွ လိုက်သွားလိုကြ ကုန်သော သူတို့သည် လိုက်သွားကြစေကုန်သတည်း။ သဘောမနှစ်ခြိုက် မသွားမလိုက်လိုသော သူတို့သည် မသွားမလိုက်စေသတည်း"–

ဟု ပြောဆိုစီရင် ဆောင်နှင်းတော့အံ့ဟု ဆို၏။

## သမီးဝိသာခါအား ဆုံးမလိုက်သော ဩဝါဒစကား ဆယ်ခွန်း

ထိုနောက်မှ ဓနဉ္စယသဌေးကြီးသည် နက်ဖြန်မိုးသောက် လင်းငင်ရောက်က ချီးမြှောက်ဖြင့်ပြီး ငါ၏သမီးသည် ခရီးဝေးကွာ လင့်ရွာလင့်အိမ်သို့ အချိန်သင့်ငြား၊ သွားပေတော့လတ္တံ့ဟု တိုက်ခန်းတွင်းသို့ဝင်၍ ထိုင်နေပြီးသော် သမီးဝိသာခါကို အနီး၌ထိုင်နေစေ၍ "ချစ်သမီး ခင်ပွန်းအရှင်လင်၏ အမျိုးအိမ်၌နေသော သူမည်သည်ကား ဤသို့သောအကျင့်အာစာရကို သင့်လျော်လျောက်ပတ်စောင့်ရှောက်ခြင်းငှာအင်၏"ဟု အဆုံးအမဩဝါဒကို ပေး၏။ ပုဏ္ဏဝဍ္ဎနလုလင်၏ဖခင်ဖြစ်သော မိဂါရသဌေးသည်လည်း အခြားမဲ့ဖြစ်သော တိုက်ခန်းတခု၌နေလျက် ဓနဉ္စယသဌေး၏ဩဝါဒကို ကြားနာ၍နေ၏။ ဓနဉ္စယသဌေးကြီးသည် သမီးဖြစ်သော ဝိသာခါကို—

အမ္မ သသုရကုလေ ဝသန္တိယာ နာမ–
အန္တောအဂ္ဂိ ဗဟိ န နီဟရိတဗ္ဗော၊
ဗဟိအဂ္ဂိ အန္တော န ပဝေသေတဗ္ဗော၊
ဒဒန္တဿေဝ ဒါတဗ္ဗံ၊
အဒဒန္တဿ န ဒါတဗ္ဗံ၊
ဒဒန္တဿာပိ အဒဒန္တဿာပိ ဒါတဗ္ဗံ၊

သုခံ နိသိဒိတဗ္ဗံ၊
သုခံ ဘုဉ္ဇိတဗ္ဗံ၊
သုခံ နိပဇ္ဇိတဗ္ဗံ၊
အဂ္ဂိ ပရိစရိတဗ္ဗော၊
အန္တောဇဒဝတာ နမဿိတဗ္ဗာ -

ဟူသောပါဠိဖြင့် အဆုံးအမဆြဝါဒကို ပေးပေ၏။ ထိုပါဠိ၏ -

အနက်ကား။ ။အမွှ၊ အရွယ်ကျိုး လွန်မကြီးသေးသော ချစ်သမီး ဝိသာခါ။ သသုရကုလေ၊ ခင်ပွန်းအရှင် ချစ်လင်ခင်ပွန်း၏ ယောက္ခမ တို့၏ အမျိုး၌၊ ဝသန္တိယာ နေရသောအမျိုး ချွေးမသည် ကား။ အန္တော အဂ္ဂိ၊ အတွင်းမီးကို။ ဗဟိ၊ အပပြင်ဘက်သို့။ န နီဟရိ- တဗ္ဗော၊ မထုပ်အပ်။ ဗဟိအဂ္ဂိ၊ အပပြင်ဘက်ဖြစ်သော မီးကို။ အန္တော၊ အတွင်း သို့။ န ပဝေသေတဗ္ဗော၊ မသွင်းအပ်။ ဒဒန္တဿေဝ၊ ပေးကမ်းသော သူအား သာလျှင်။ ဒါတဗ္ဗံ၊ ပေးကမ်းအပ်၏။ အဒဒန္တဿ၊ မပေးကမ်းသော သူအား။ န ဒါတဗ္ဗံ၊ မပေးမကမ်းအပ်။ ဒဒန္တဿာပိ၊ ပေးကမ်းသောသူ အား လည်းကောင်း။ အဒဒန္တဿာပိ၊ မပေး မကမ်းသော သူအား လည်းကောင်း။ ဒါတဗ္ဗံ၊ ပေးကမ်းအပ်၏။ သုခံ၊ ချမ်းသာစွာ။ နိသိဒိတဗ္ဗံ၊ ထိုင်နေအပ်၏။ သုခံ၊ ချမ်းသာစွာ။ ဘုဉ္ဇိတဗ္ဗံ၊ စားအပ်၏။ သုခံ၊ ချမ်းသာ စွာ။ နိပဇ္ဇိတဗ္ဗံ၊ အိပ်အပ်၏။ အဂ္ဂိ၊ မီးကို။ ပရိစရိတဗ္ဗော၊ လုပ်ကျွေး အပ်၏။ အန္တောဇဒဝတာ၊ အိမ်တွင်းနတ်ကို။ နမဿိတဗ္ဗာ၊ ရှိသေညွတ် လျှိုး ရှိခိုးအပ်၏။ ဤကားအနက်။

အဓိပ္ပာယ်ကား -

ချစ်ခင်လှစွာသော အမိအဘတို့နှင့် အတူတကွ မနေရမူ၍ ယောက္ခမ အိမ်သို့ လိုက်သွားရတော့မည့်သော ချင့်ချိန်ဘိုင်းတွာ နေ့ရာတဘ်သော အရွယ်မကျရောက် မကြီးမြောက်သေးသော ချစ်သမီးဝိသာခါ ခင်ပွန်း အရှင် ချစ်လင်ခေါ်မြောက် ယောက္ခမတို့၏နေအိမ်သို့ လိုက်ပါနေထိုင် ရမည့်သော အမျိုးချွေးမတို့မည်သည်ကား -

၁။ အတွင်းမီးကို အပပြင်ဘက်သို့ မထုတ်ဆောင်အပ်၊
၂။ အပပြင်ဘက် ဖြစ်သောမီးကို အတွင်းသို့ မသွင်းအပ်၊
၃။ ပေးကမ်းသော သူအားသာလျှင် ပေးကမ်းအပ်၏၊
၄။ မပေးမကမ်းသောသူအား မပေးမကမ်းအပ်၊
၅။ ပေးကမ်းသော သူအား လည်းကောင်း၊ မပေး မကမ်းသောသူအားလည်းကောင်း ပေးကမ်းအပ်၏၊
၆။ ချမ်းသာစွာ နေထိုင်အပ်၏၊
၇။ ချမ်းသာစွာ စားသောက်အပ်၏၊
၈။ ချမ်းသာစွာအိပ်အပ်၏၊
၉။ မီးကိုလုပ်ကျွေးအပ်၏၊
၁၀။ အိမ်တွင်းနတ်ကို ရှိသေညွတ်လျိုးအပ်၏—

ဟု ဤဆယ်ပါးသော အဆုံးအမဩဝါဒကို ပေး၍တဖန်မိုးသောက်ရောက်သောနေ့၌ အလုံးစုံကုန်သော စစ်သည်ဗိုလ်ပါတို့ကို စည်းဝေးစေ၍ မင်းကြီး စစ်သည် ဗိုလ်ပါ ပရိသတ်တို့၏အလယ်၌ အသီးသီးသော အသုံးအဆောင် မြားမြောင်သော ပစ္စည်းဘဏ္ဍာ ဥစ္စာရှိကုန်သော ရှစ်ယောက်ကုန်သော သဋ္ဌေးကြီးတို့ကို ခေါ်ယူပြီးသည်ကာလ မိမိ၏ ကိုယ်စား အရာ၌ာန၌ ထားလျက်– "ရောက်ရာဒေသ၊ ရပ်ဌာန၌ ငါ၏ သမီးအား အပြစ်ဒေါသ ဆုံးမဖွယ်သောအပြစ်သည် အကယ်၍ဖြစ်ခဲ့အံ့။ အသင်တို့သည် ကြည့်ရှုပြုပြင် သုတ်သင်ဆုံးမ ပါကုန်လော့" "ဟု ဆောင်နှင်းအပ်နှံ ပြောဆိုပြီးသော် အဖိုးကိုးကုဋေထိုက်သော မဟာလ္လတာတန်းဆာဖြင့် သမီးကိုဝတ်ဆင်စေ၍ ရေချိုးကသယ်မှုန့် အဖိုး အလို့ငှာ ငါးဆယ့်လေးကုဋေသော ဥစ္စာကိုပေးအပ်၍ ယာဉ်ထက်သို့ တင်စေပြီးလျှင် သာကေတမြို့၏ အနီးဖြစ်ကုန်သော သိဟိုဠ်ကျွန်း၌ အနုရာဓမြို့မျှ ပမာဏကြီးကျယ် ပြန့်ပြော စည်ကားကုန်သော မိမိ၏ ဥစ္စာဖြစ်ကုန်သော ရွာကြီးတဆယ့်လေးရွာတို့၌ ငါ၏သမီးနှင့်အတူတကွ

သွားလိုလိုက်လိုသော သူတို့သည် သွားစေလိုက်စေ ကုန်သည်ဟူသော စည်ကို လည်စေကုန်၏။

## ရွာကြီးတဆယ့်လေးရွာ လူများအားလုံးလိုက်ကြခြင်း

ထိုစည်လည်သောအသံကို ကြားကုန်သော လူများအပေါင်းတို့သည် အရှင်မ ဝိသာခါသည် သွားသောအခါ၌ ကျွန်ုပ်တို့ နေသော်ငြင့် ငါတို့အား မည်သည့်အကျိုးရှိတော့ အံ့နည်းဟု ရွာကြီး တဆယ့်လေးရွာ၌ တစုံတယောက်မျှသော သူသည် မကြွင်းကျန်မူ၍ လိုက်ကြကုန်၏၊ ဓနဉ္စယသူဌေးကြီးသည် ပသေနဒီကောသလမင်းအား လည်းကောင်း၊ မိဂါရသူဌေးကြီးအားလည်းကောင်း ပူဇော်သက္ကာရကိုပြု၍ အနည်းငယ် အစဉ်လိုက်ပို့ပြီးသော် လမ်းသို့ သိကျလျှင် ထိုသူတို့နှင့်အတူတကွ မိမိ၏ သမီးဝိသာခါကို ထည့်၍လွှတ်လိုက်၏။

မိဂါရသူဌေးသည် အလုံးစုံသောသူတို့၏ နောက်မှ တခုသော ယာဉ်၌ စီးနေလျက် သွားသည်ရှိသော် များစွာသော လူထုအပေါင်းကိုမြင်၍ "ထိုသူတို့သည် အဘယ်သို့သော အကျိုးရှိသော သူတို့ပေနည်း" ဟု မေး၏။ "မင်းသမီး [illegible] အမှုလုပ် ဖြစ်ကုန်သော ကျွန်ယောင်းမ ကျွန်ယောက်ျား [illegible]" ဟု [illegible] "ကျွန်မျှလောက်သော [illegible]ကို အဘယ်သူ [illegible] ကျွေးနိုင်ပါ မည်နည်း။ ထိုသူတို့ကို ရိုက်နှက်ဖုတ်ခတ်၍ ထွက် [illegible]" [illegible] ဝိသာခါက [illegible] "[illegible] ကုန် လော့ များ[illegible] [illegible] များစွာသော [illegible] တအပေါင်း [illegible] သည်သော [illegible] [illegible]

ဤသို့ [illegible] ဝိသာခါ [illegible]
မိဂါရသူဌေး [illegible]
ပြင် အသိုက် [illegible] [illegible] သတိ

နည်း”ဟု ဆို၍ ခဲ၊ အုတ်၊ ကျောက်၊ တုတ် ဒဏ် စသည်တို့ဖြင့် ပုတ်ခတ် ရိုက်နှက် ထွက်ပြေးစေပြီးမှ အတန်ငယ်မျှသော သူတို့သည် ကြွင်းကျန်ကုန် သည်ရှိသော် ငါတို့အား ဤမျှလောက်ကုန်သောလူတို့ဖြင့် တော်လျော်သင့် မျှလောက်ပေပြီဟု ထိုမျှလောက်သောလူတို့ကိုယူ၍ သွားလေ၏၊ ထိုနောက် သာဝတ္ထိပြည် မြို့တံခါးသို့ ရောက်သောအခါ၌ ဝိသာခါသူဌေးသမီးသည် ကြံဆင်ခြင်သည်မှာ ဖုံးကွယ် လုံခြုံသောယာဉ်၌ တက်စီး နေသိုင်ပြီး သည်ကာလ မြို့သို့ ဝင်ရအံ့လော၊ သို့တည်းမဟုတ် ရထား၌ စီးနင်း၍ လည်း မြို့တွင်းသို့ ဝင်ရအံ့လောဟု ကြံဆင်ခြင်၏။

ထိုနောက်တဖန် ကြံဆင်ခြင်ပြန်သည်မှာ ဖုံးကွယ်လုံခြုံသော ယာဉ်၌ စီးနင်းပြီးသည်ကာလ မြို့တွင်းသို့ ဝင်သည်ရှိသော် မဟာလတာ တန်းဆာ ၏ ဂုဏ်ထူးဝိသေသသည် မထင်ရှားသည် ဖြစ်ပေလတ္တံ့ဟု ကြံ၍ ဝိသာခါ သည် အလုံးစုံသောမြို့အား မိမိ၏ ကိုယ်ကိုပြလျက် ရထားထက်၌ စီးနင်း ပြီးသည်ကာလ မြို့သို့ဝင်လေ၏။ သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော ပြည်သူ ပြည်သား ယောကျ်ား၊ မိန်းမ အပေါင်းတို့သည် သဌေးသမီး ဝိသာခါ၏ အံ့ဖွယ်မခန်း၊ ထူးဆန်းရိပ်ငြိမ် စည်းစိမ်၏ ပြည့်စုံခြင်းကို မြင် ၍ “ဤသတို့သမီးသည် ဝိသာခါအမည်ရှိပေသတတ်၊ ဤသို့ သဘောရှိ သော စည်းစိမ်ချမ်းသာသည် ထိုဝိသာခါသတို့သမီးအားသာလျှင် တင့် တယ်လျောက်ပတ်ပေ၏”ဟု ပြောဆိုကြကုန်၏။ ဤသို့ လူအပေါင်းတို့ ချီးမွမ်းပြောဆိုစဉ် ကြီးကျယ်စွာသော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်း ဖြင့် မိဂါရသဌေး၏အိမ်သို့ ဝင်လေ၏။

ထိုဝိသာခါ၏ မိဂါရသဌေး၏အိမ်သို့ ရောက်သောအခါ၌ သာဝတ္ထိပြည် ၌ နေလေ့ရှိကုန်သော များစွာကုန်သော သူတို့သည် ဓနဥ္စယသဌေးကြီး သည် မိမိ၏မြို့သို့ လိုက်ပါရောက်သွားကုန်သောငါတို့အား အကြီး တကျယ် မြတ်နိုးနှစ်သက်ဖွယ်သော ပဏ္ဏာသက္ကာရကို ပြုဖူးပေသည်ဟု အစွမ်းသတ္တိ ရှိသည်အလျောက် ချီးမြှောက် ပူဇော်လိုသောကြောင့် လက်ဆောင်ပဏ္ဏာကာရကို ပို့ဆောင်စေလွှတ်ကြကုန်၏။

ဝိသာခါသည် စေလွှတ်ပို့ဆောင်တိုင်းသော လက်ဆောင်ပဏ္ဏာကာရကို ထို

မြို့၌သာလျှင် အချင်းချင်းဖြစ်ကုန်သော အမျိုးတို့၌ရောက်လာတိုင်းသော လက်ဆောင်ပဏ္ဏာကာရတို့ကို လဲလှယ်လျက် "ဤပစ္စည်း ဥစ္စာကို ငါ၏မိခင်အားပေးကမ်းကြပါကုန်လော့၊ ဤပစ္စည်း ဥစ္စာကို ငါ၏ဘခင်အား ပေးကမ်းကြပါကုန်လော့၊ ဤပစ္စည်းဥစ္စာကို ငါ၏မောင်ကြီးအား ပေးကမ်းကြပါကုန်လော့၊ ဤပစ္စည်း ဥစ္စာကို ငါ၏အမအား ပေးကမ်းကြပါကုန်လော့"ဟု ထိုသူတို့၏အရွယ်အား လျော်ကန်စွာ ချစ်ဖွယ်သော စကားကိုဆို၍ လက်ဆောင်ပဏ္ဏာကာရကို တုံ့ပြန်ပို့စေ၏။ အလုံးစုံသော သာဝတ္ထိပြည်၌ နေလေ့ရှိသော လူအပေါင်းအား ဆွေမျိုး ဉာတိကဲ့သို့ ပြုပေ၏။

## အာဇာနည်မြင်းမ သားဖွားခြင်း

ထိုနောက် ဝိသာခါသဋ္ဌေးသမီး အိမ်သို့ရောက်သော ထိုညဉ့်၌ပင်လျှင် အာဇာနည်မြင်းငယ်ကို ကိုယ်ဝန်ဆောင်သော မြင်းမသည် ကိုယ်ဝန်မှ ထမြောက် ဖွားမြင်လေ၏။ ဝိသာခါသည် ကျွန်မတို့နှင့်တကွ မီးရှူးမီးတိုင်တို့ကို ယူစေပြီးသည်ကာလ ထိုမြင်းမရှိရာ မြင်းစောင်းသို့ သွားရောက်၍ မြင်းမကို ရေနွေးဖြင့် ပွတ်သပ်ဆေးကြော သုတ်သင်ပြီးလျှင် ဆီဖြင့်လိမ်းကျံစေ၍ မိမိ၏နေရာ အရပ်သို့သာလျှင် သွား၏။

မိဂါရသဋ္ဌေးသည် မိမိ၏သားအား ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာကို ပြုသည်ရှိသော် မနီးမဝေးသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို နှလုံးသွင်းရှေးရှု သတိမမူပဲ မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး အဝတ်မဝတ်သော အစေလက တက္ကတွန်းတို့၌ ရည်ညွှန်းဆောက်တည် ချစ်ကြည်မြတ်နိုးခြင်းဖြင့် နှီးဆော်ပံ့ထောက် ဆောက်မပံ့ဆင်ခြင်မဲ့သည် ပြု၍၊ "ငါတို့သည် အရှင်ကောင်းတို့အား လည်း ပူဇော်သက္ကာရကို ပြုကုန်အံ့"ဟူ၍ တနေ့သောနေ့၌ တရာမက များပြားလှကုန်သော ထိုးသစ်တို့၌ ရေမရောသော နို့ထမင်းကို ချက်စေ၍

ငါးရာမျှလောက်ကုန်သော အဝတ်မဝတ်သော အစေလကတက္ကတွန်းတို့ကို ပင့်ဖိတ်စေပြီးသော် အိမ်တွင်းသို့ သွင်းစေပြီး၍ ငါ၏ချွေးမသည် ရဟန္တာတို့ကို ရှိခိုးပူဇော်ခြင်းငှါ လာပါစေသတည်းဟု ဝိသာခါအား သတင်းစကား ပြောကြားပေးပို့ရန် စေလွှတ်လိုက်၏။

## တက္ကတွန်းတို့က ဝိသာခါအား နှင်ထုတ်ပြစ်ရန် ပြောခြင်း

သောတာပန်အရိယာ ဖြစ်ပြီးသောဝိသာခါသည် ရဟန္တာဟူသော စကားကိုကြား၍ ရွှင်လန်းနှစ်သက်သော စိတ်ရှိသည်ဖြစ်ရကား ထိုသူတို့၏ ဆွမ်းကျွေးရာအရပ်သို့ လျင်မြန်စွာလာရောက်၍ ထိုအစေလကတက္ကတွန်းတို့ကို ကြည့်ရှုထင်ထင်မြင်တဲ့လျှင် ဤသို့သဘောရှိကုန်သော ရှက်ခြင်း၊ ကြောက်ခြင်း၊ ဟိရိ ဩတ္တပ္ပမှကင်းကုန်သော သူတို့သည် ရဟန္တာမည်သည် မဖြစ်ကုန်၊ အဘယ့်ကြောင့်ငါ၏ယောက္ခမသည် ငါ့ကို ခေါ်သနည်း။ စက်ဆုပ်ရွံရှာဖွယ် ရှိလေစွ၊ စက်ဆုပ်ရွံရှာဖွယ် ရှိလေစွ"ဟု ကဲ့ရဲ့ရှုံ့ချ၍ မိမိ၏နေရာ တိုက်ခန်းသို့ သွားလေ၏။

အလုံးစုံသောအစေလကတက္ကတွန်းတို့သည် ထိုဝိသာခါကိုမြင်၍တပြိုင်နက်တည်းသာလျှင် သဌေးကြီးကို ကဲ့ရဲ့ရှုံ့ချပြီးသည်ကာလ၊ "ဒါယကာ သဌေးကြီး အသင်အားတပါးသောအမျိုးကောင်းသမီးကို မရနိုင်ပါသလော၊ ရဟန်းဂေါတမ၏တပည့်မဖြစ်သော အလွန်ယုတ်မာသော သူယုတ်မာကို အဘယ့်ကြောင့် ဤအိမ်သို့ ခေါ်ယူသွင်းထားပေသနည်း။ လျင်စွာဤအိမ်မှ နှင်ထုတ်စေလော့" ဟု ဆိုကုန်၏။

မိဂါရသဌေးကြီးသည် အရှင်တို့၏ စကားမျှဖြင့်သာလျှင် ကြီးကျယ်ပြန့်ပြော များမြတ်သော စည်းစိမ်ချမ်းသာရှိသော အမျိုးသမီးကို နှင်ထုတ်ခြင်းငှာ မသင့်လျော်မလျောက်ပတ်ဟူ၍ ကြံပြီးသည်ကာလ—

"အရှင်ဘုရားတို့.... အသက်အရွယ် နုနယ်ပျိုမျစ်သော သူတို့မည်သည် ကား သိသည်ဖြစ်၍လည်းကောင်း၊ မသိသည်ဖြစ်၍ လည်းကောင်း ပြု သော်လည်း ပြုတတ်ပါသည်။ ပြောဆိုသော်လည်း ပြောဆိုတတ်ပါသည်။ အရှင်တို့သည် တိတ်တဆိတ် သည်းခံခြင်း ဖြစ်တော်မူကုန်လော့" ဟု တောင်းပန်လျှောက်ကြား၍ ထို တက္ကတွန်းတို့အား လွှတ်လိုက်ပြီးမှ မြတ်သောသူတို့အား ထိုက်သောနေရာ၌ ထိုင်နေလျက် ရွှေခွက်၌ အနည်း ငယ်မျှသာ ရေရှိသော ချိုမြိန်ကောင်းမြတ်သော နို့ထမင်းအဖျော်ကို သုံးဆောင် စားသောက်၍ နေ၏။

## ရဟန်းတော်တပါး ဆွမ်းခံရန် ကြွလာခြင်း

ထိုအခါ ဆွမ်းခံလှည့်လည်လေ့ရှိသော တဦးသောမထေရ်သည် ဆွမ်း အလို့ငှါ လှည့်လည်လျက် ထိုမိဂါရသဋ္ဌေး၏အိမ်သို့ ကျရောက်သောကာလ အိမ်သို့ဝင်၍ ရပ်ခဲ၏။ ဝိသာခါသည်လည်း ယောက္ခမဖြစ်သော မိဂါရ သဋ္ဌေးကို ယပ်ခတ်လျက် ထိုင်နေရာမှ ဆွမ်းရပ်ခဲသော ရဟန်းကိုမြင်၍ "ငါ ၏ယောက္ခမအား ပြောကြားခြင်းငှာ မသင့်လျော်ချေ။ အကြင်သို့သော အခြင်းအရာဖြင့် ပြုသည်ရှိသော် ထိုသဋ္ဌေးကြီးသည် မထေရ်ကို မြင်ရာ၏။ ဤသို့ မထေရ်ကို မြင်လောက်သော အခြင်းအရာဖြင့် ပြုမှသာ သင့်လျော် လျောက်ပတ် ပေလိမ့်မည်" ဟု ကြံ၍ အနည်းငယ် ဖဲသွားပြီးသည်ကာလ တပါးသော အရပ်၌ တည်နေ၏

ထိုမိဂါရသဋ္ဌေးသည်ကား မိုက်မဲတွေဝေသည်၏အဖြစ်ကြောင့် မထေရ် ကို မြင်ပါသော်လည်း မမြင်ဘိသကဲ့သို့ပြု၍ အောက်သို့သာလျှင် မျက်နှာ ချမှု၍ စားနေသလျှင်ကတည်း။ ဝိသာခါသည် မထေရ်ကို မြင်ပါလျက် သော်လည်း ငါ၏ယောက္ခမသည် ကောင်းမှုကိုမပြုလေဟု သိ၍- "အရှင်ဘုရား၊ ကန်တော့ပါသေး၏ဘုရား၊ တပည့်တော်မ၏ယောက္ခမ သည် အဟောင်းကိုသာ စားသောက်ပါသည်" ဟု လျှောက်ချေ၏။

ထိုမိဂါရသဌေးသည် နိဂဏ္ဌတက္ကတွန်းတို့က ပြောဆိုသောကာလ၌ သည်းခံလျက်နေခဲ့ရာ အဟောင်းကိုသာ စားသောက်ပါသည် ဆိုသော ခဏ၌သာလျှင် လက်ကိုပယ်၍– "ဤ နို့ထမင်းကို ဆောင်ယူကြကုန်လော့။ ဤသူယုတ်မကို ဤအိမ်မှ နှင်ထုတ်ကြကုန်လော့၊ ဤသူယုတ်မသည် ဤသို့သဘောရှိသော မင်္ဂလာကို ပြုသောကာလ၌ ငါ့အား မစင်ကို စားသောက်သည်အဖြစ်ကို ပြုလေသည်" ဟု ဆို၏။

## သဌေးကြီးရှစ်ဦးအား တိုင်ကြားပြောဆိုခြင်း

ထိုအခိုက် အနီးအပါးအိမ်၌ တည်ရှိကုန်သော အလုံးစုံသော ကျွန်အမှုလုပ် စသည်တို့သည် ဝိသာခါ၏ ဥစ္စာဖြစ်ကုန်သော ကျွန်အမှုလုပ်တို့သည်သာလျှင်တည်း။ အဘယ်သူသည် ထိုဝိသာခါကို လက်၌လည်းကောင်း၊ ခြေ၌လည်းကောင်း ကိုင်ဆွဲယူငင်ဝံ့အံ့နည်း။ အယုတ်အားဖြင့် နှုတ်စကားဖြင့်သော်လည်း ဝိသာခါကို ပြောဆိုဝံ့သောသူ မည်သည်မရှိ။

ဝိသာခါသည် မိဂါရသဌေး၏ စကားကိုကြား၍– "ဖခင်၊ အကျွန်ုပ်တို့သည် ဤမျှသောစကားကိုပြောဆိုကာ မတ္တမျှဖြင့် မထွက်မသွားနိုင်ပါ။ ကျွန်တော်မသည် အသင်တို့ ရေဆိပ်မှ ခေါ်ငင် ယူဆောင်လာသော အမျိုးကျွန်မကဲ့သို့ အညတရ သာမညမဟုတ်ပါ။ အမိအဘတို့ ထင်ရှားရှိသော သမီး ဖြစ်ပါသည်။ သို့ဖြစ်၍ ဤမျှလောက်သော ပြောဆိုကာ မတ္တမျှဖြင့် မထွက်မသွားနိုင်ပါ။ ထိုသို့သော အကြောင်းဖြင့် ကျွန်မ၏ ဘခင်သည် ဤအရပ်နေအိမ်သို့ လာသောအခါ၌ ရှစ်ယောက်ကုန်သော သဌေးကြီးတို့ကို ခေါ်စေ၍ ငါ၏သမီးအား အပြစ်ဒေါသသည် အကယ်၍ ဖြစ်ခဲ့တုံအံ့၊ အသင်တို့သည် ကြည့်ရှုစီရင် သုတ်သင်ကြပါကုန်လော့ဟု ဆို၍ ကျွန်တော်မကို ထိုသဌေးကြီးတို့၏လက်၌ ဆောင်နှင်းအပ်နှံ၍ ထည့်လိုက်ပါသည်။ ထိုရှစ်ယောက်ကုန်သော သဌေးကြီးတို့ကို ခေါ်ဆောင်စေပြီးသောကာလ ကျွန်တော်မ၏ အပြစ်ရှိသည် မရှိသည်ကို သုတ်သင်ရှင်းလင်းတော်မူပါကုန်ဦး"ဟု ဆို၏။

မိဂါရသင်္ဌေးကလည်း ဝိသာခါသည် ကောင်းမြတ် သင့်လျော်သော အကြောင်းကို ဆိုပလေသည်ဟု အောက်မေ့၍ ရှင်ယောက်ကုန်သော သင်္ဌေးကြီးကိုကို ခေါ်ဆောင်စိတ်ကြား၍ အိမ်သို့ ရောက်လာပြီးသော ကာလ သင့်တင့်သောနေရာ၌ ထိုင်နေစေပြီးလျှင် မိဂါရသင်္ဌေးကြီးက "အချင်းသင်္ဌေးတို့ ကျွန်ုပ်ချွေးမသည် မင်္ဂလာပွဲသော အခါကာလ၌ ထိုင်နေပြီးသောကာလ ရွှေခွက်၌ ခပ်ရေသော နို့အဖျော်ထမင်းကို သုံးဆောင်စားသောက်၍ နေသောငါ့ကို မစင်ကျင်ကြီးကို သုံးဆောင်စားသောက်သည်ဟူ၍ ဆိုလေဘိသည်။ သို့ဖြစ်၍ ဤသို့သောအပြစ်ကို တင်ပြီးသည့်ကာလ ကျွန်ုပ်ချွေးမကို ဤအိမ်မှ နှင်ထုတ်လိုက်တော့ကုန်အံ့" ဟု ပြောဆို၏။

ရှစ်ဦး ကုန်သော သင်္ဌေးကြီးတို့ကလည်း "ချစ်သမီး၊ အသင်သည် ဤသို့ပြောဆိုသော စကားသည် မှန်ပေသလော" ဟု မေး၏။ ဝိသာခါက "ဖခင်ကို ကျွန်တော်မသည် ဤသို့ပြောဆိုရသည် မဟုတ်ပါ။ ဆွမ်းခံ ပုသိုလ်လည်လာသော တပါးသော မထေရ်သည် အိမ်တံခါး၌ ဆွမ်းရပ်ခံလာသည်ကိုသော် ကျွန်တော်မ၏ ယောက္ခမသည် နည်းသော ရေရှိသော ချိုမြိန်သော နို့ထမင်းကိုသုံးဆောင် စားသောက်၍ နေပါလျက် လှူဒါန်း ပေးကမ်းမှုကို အနည်းငယ်မျှ နှလုံးမသွင်းသည် ဖြစ်သောကြောင့် ငါ၏ ယောက္ခမသည်ကား ယခု ပစ္စုပ္ပန်ဖြစ်သော ဤခန္ဓာကိုယ် အတွက် သော်လည်း ကောင်းမှုကိုမပြု၊ ရှေး၌သော ဘဝက ပြုလှူဒါန်းခဲ့သော အဟောင်းဖြစ်သော ကောင်းမှုကိုသာ သုံးဆောင် စားသောက်လေသည် [illegible] အရှင်ဘုရား [illegible] ကြွတော်မူပါ သေး၏။ သည်းခံတော်မူပါဦး၊ [illegible] ကျွန်တော်မ၏ ယောက္ခမကား အဟောင်းကိုသာ သုံးဆောင် စားသောက်ပါသည်" ဟု ပြောဆိုခဲ့ပါသည်။ ဤသို့ပြောဆိုမိရာ၌ ကျွန်တော်မအား အဘယ်ဆိုသော အပြစ်အာ[illegible] ဖြစ်ပါသနည်း" ဟုဆို၏။

ရှစ်ဦး ကုန်သော သင်္ဌေးကြီးတို့ကလည်း "အရှင်သင်္ဌေး ငါတို့သမီးအား တစုံတခု အပြစ်မရှိချေတကား။ ငါတို့၏သမီးသည် သင့်လျော်လျောက်ပတ် ကောင်းမြတ်သည်ကိုသာ ဆိုချေသည်တကား။ အဘယ်ကြောင့် အသင်

သည် အမျက်ထွက်ဘိသနည်း”ဟု ဆို၏။ ထိုအခါ မိဂါရသဌေးက “အရှင်သဌေးမင်းတို့ဤစကားသည်ကား ထင်လျှားသော အပြစ်မဖြစ်ပါလျှင် ရှိပါစေဦးတော့။ ဤဝိသာခါသည် တနေ့သောအခါ၌ ညဉ့်သန်းခေါင်ဖြစ်သော မဇ္ဈိမယာမ်၌ ကျွန်မိန်းမကျွန်ယောကျ်ားတို့ဖြင့်ခြံရံလျက်အိမ်၏အနောက်သို့ ဆင်းသွားပါသည်။ ၎င်းညဉ့်နက်သန်းခေါင် ဆင်းသွားခြင်းသည် ဝိသာခါ၏အပြစ်မဟုတ်ပါလော” ဟု ဆို၏။

ရှစ်ဦးကုန်သော သဌေးကြီးတို့က “ချစ်သမီးဝိသာခါ၊ ဤမိဂါရသဌေးကြီး ပြောဆိုတိုင်းပင် ဟုတ်မှန်ပေသလော ဟု” မေးမြန်းသောကာလ ဝိသာခါကဖခင်တို့ “ကျွန်တော်မသည် တပါးသော အကြောင်းကိစ္စဖြင့် ပြုလုပ်ရန်ရှိသောကြောင့် သက်ဆင်းသွားခြင်းကို ပြုရသည် မဟုတ်ပါ။ ဤအိမ်၌ အာဇာနည်မြင်းမသည် သားပေါက်ဖွားရာ၌ အမှတ်သညာမျှကိုသော်လည်း မပြုပဲနေခြင်းငှာ မအပ်ဟု နှလုံးသွင်း၍ မီးရှူးမီးတိုင်တို့ကို ယူစေပြီးသော် ကျွန်မိန်းမတို့နှင့်အတူတကွ သွားရောက်၍ မြင်းမသားဖွားသော အစောင့်အရှောက် သုတ်သင်ပြုစုခြင်း အမှုကိုပြုမိပါသည်” ဟု ပြော၏။ ရှစ်ဦးကုန်သော သဌေးကြီးတို့က “အရှင်သဌေးမင်း ငါတို့၏ သမီးသည် အသင်၏အိမ်၌ အမှုလုပ်ကျွန်မတို့ပင်သော်လည်း မပြုလုပ်နိုင်သောအမှုကို ပြုပေသည်တကား၊ အသင်သဌေးမင်းသည် ဤမျှလောက်ကိုပင် အပြစ်အာစာရဟူ၍ အောက်မေ့မှတ်ထင်ကြည့်ရှုပါသလော” ဟု ပြောဆိုကြကုန်၏။

## ဩဝါဒစကား ဆယ်ခွန်းကို ရှင်းပြချက်

မိဂါရသဌေးကြီးက “အရှင်သဌေးမင်းတို့ ဤအရာသည်လည်း ဝိသာခါ၏ အပြစ်မဟုတ်ပါမူ ရှိပါစေဦးတော့၊ ဤဝိသာခါ၏အဘ ဓနဥ္စယသဌေးကြီးသည် ဤအိမ်သို့ လာခါနီးအခါ၌ ဤဝိသာခါကို ဆုံးမလျက် လျှို့ဝှက်ဖုံးကွယ်သော နေရာ၌ ဤဆယ်ပါးသော အဆုံးအမ ဩဝါဒကို ပေး၏။ ထိုအဆုံးအမ ဩဝါဒစကားတို့၏ အနက်ကို ငါသည်မသိ၊ ထို အဆုံးအမ ဩဝါဒစကားတို့၏ အနက်ကို ဆိုဦးလော့၊ ဤဝိသာခါ၏အဘ ဓနဥ္စယသဌေးကြီးသည် အတွင်းမီးကို ပြင်ပသို့မထုတ်အပ်ဟု ဆုံး[illegible]။

အသို့နည်း။ ငါတို့သည် အိမ်နီးချင်းဖြစ်ကုန်သော သူတို့အား မီးကို မပေးမကမ်းပဲ နေရမည်လော၊ နေနိုင်ပါအံ့လော" ဟု ဆို၏။ ရှင်ဦးကုန်သော သဌေးကြီးတို့က "ချစ်သမီး ဤသို့ပြောဆိုတိုင်း ဟုတ်မှန်ပေသလော"ဟု မေးပြန်၏။

"ကျွန်တော်မ၏ ဖခင်သည် ဤသို့သောမီးကို ရည်ညွှန်း၍ ပြောဆိုဆုံးမသည် မဟုတ်ပါ။ ချစ်သမီး ယောက္ခမ ချစ်လင်တို့၏ ကျေးဇူးမဲ့ဖြစ်သော အပြစ်ဒေါသကိုမြင်၍ အပပြစ်သော ထိုထိုသို့သော အိမ်၌ မပြောမဆိုပါလေလင့်။ ဤသို့ ယောက္ခမ ချစ်လင်တို့၏ ကျေးဇူးမဲ့အပြစ်ကို ပြောဆိုခြင်းနှင့်တူသော ပလောင်စေတတ်သောမီးသည် လောက၌မရှိဟု ဆိုလိုပါသည်"ဟုဝိသာခါပြန်ကြားပြေဆိုသောကာလ မိဂါရသဌေးကြီးက "အရှင်သဌေးမင်းတို့ ထိုစကားသည် ဤသို့ပြန်ကြားပြောဆိုတိုင်း ရှိပါစေဦးတော့၊ ဤဝိသာခါ၏အဘ ဓနဥ္စယသဌေးကြီးက ပြင်ပမှဖြစ်သောမီးကို အတွင်းသို့ မသွတ်သွင်းရဟု ပြောဆိုမှာထားလိုက်သည်မှာ ငါတို့သည် အိမ်တွင်း၌ မီးမရှိခဲ့သည်ရှိသော် ပြင် ဖက်အပမှဖြစ်သောမီးကို အတွင်းသို့ မဆောင်သွင်းပဲ နေခြင်းငှာ ငါတို့မတတ်နိုင်ချေ"ဟု ဆိုပြန်၏။ရှစ်ဦးသော သဌေးကြီးတို့က "ချစ်သမီး၊ ဤသို့ပြောဆိုတိုင်း မှန်ပေသလော" ဟု မေးပြန်၏။

ဝိသာခါက "ဖခင်တို့၊ ကျွန်တော်မ၏ ဖခင်သည် ဤသို့သဘော ရှိသော မီးကို ရည်ညွှန်းပြီးသည်ကာလ မိန့်ဆိုဆုံးမသည် မဟုတ်ပါ။ အိမ်နီး၌ တည်ရှိကုန်သော ယောကျ်ားတို့သည်လည်းကောင်း၊ မိန်းမတို့သည် လည်းကောင်း ယောက္ခမ ချစ်လင်တို့၏ အကျိုးကျေးဇူးမဲ့ကို ပြောဆိုကုန်သည်ရှိသော် ထိုသူတို့ ပြောဆိုအပ်သော စကားတို့ကို ဆောင်ယူ၍ ဤအမည်ရှိသော သူတို့သည် ဤအမည်ရှိကုန်သော အပြစ်ကျေးဇူးမဲ့ကို ပြောဆိုအပ်သည်ဟု တဖန် ပြန်ကြားပြောဆိုခြင်းကို မပြုလေလင့်၊ ဤသို့ သဘောရှိသော မီးနှင့် တူသော မီးမည်သည် မရှိ၊ ဤသို့သောအကြောင်းကို ရည်ညွှန်းတော်မူ၍ ဆုံးမပါသည်"ဟု ပြေပြန်သောအခါ မိဂါရသဌေးကြီးက "အရှင်သဌေး

မင်းတို့ ဤစကား၌ ပြန်ကြားဖြေဆိုတိုင်းပင် ရှိပါစေဦးတော့၊ ဤဝိသာခါ၏အဘ ဓနဉ္စယသဌေးကြီးက ပေးသောသူအားသာလျှင် ပေးအပ်၏။ မပေးမကမ်းသောသူအား မပေးမကမ်းအပ်၊ ပေးကမ်းသော သူအားလည်းကောင်း၊ မပေးမကမ်းသောသူအား လည်းကောင်း ပေးကမ်းအပ်၏။ ချမ်းသာစွာ နေထိုင်အပ်၏။ ချမ်းသာစွာ စားအပ်၏။ ချမ်းသာစွာ အိပ်အပ်၏။ မီးကို ရှိသေစွာ လုပ်ကျွေးအပ်၏။ အိမ်တွင်းနတ်ကို ရှိသေညွတ်လျှိုး ရှိခိုးအပ်၏ ဟု မှာထားဆုံးမလိုက်သော စကားကို အဘယ်ကို ပြောကြားလေဘိသနည်း။ ၎င်းမှာထားသော စကား၏အလိုတို့ကို ငါတို့ မသိရလေ” ဟု ပြောပြန်သောကာလ ဝိသာခါကလည်း “၎င်းစကားတို့၏ အပြစ်ဒေါသသည် တစုံတခုမျှ မရှိပါ။

ပေးကမ်းသောသူကိုသာ ပေးကမ်းအပ်၏ဟု ကျွန်တော်မဖခင်သည် ဆုံးမလိုက်သည်မှာ မိမိ၏ပစ္စည်းဥစ္စာတို့ကို အလိုရှိ၍ တောင်းဆိုသော အခါကာလ၌ ပြန်၍ပေးသော သူအားသာလျှင် ပေးအပ်၏ဟု ဤကို ရည်ညွှန်း၍ ပြောဆိုဆုံးမလိုက်ပါသည်။

မပေးမကမ်းသော သူတို့အား မပေးမကမ်းအပ်ဟု ပြောဆိုဆုံးမလိုက်သည်မှာ မိမိအလိုရှိ၍ တောင်းဆိုသောကာလ ပြန်၍ပေးကမ်းခြင်းကို မပြုကုန်သောသူတို့အား မပေးမကမ်းအပ်ဟု ပြောဆိုဆုံးမပါသည်။

ပေးကမ်းသောသူအား လည်းကောင်း၊ မပေးကမ်းသော သူအားလည်းကောင်း ပေးကမ်းအပ်၏ဟု ဆိုသည်မှာ ဆင်းရဲငြိုငြင် ပင်ပန်းကုန်သော အဆွေအမျိုး အဆွေခင်ပွန်းတို့သည် ရောက်လာကုန်သည်ရှိသော် ပြန်၍ပေးခြင်းငှာ စွမ်းနိုင်ကုန်သော် လည်းကောင်း၊ မစွမ်းနိုင်ကုန်သော် လည်းကောင်း အထိုက်အလျောက် ချီးမြှောက်ပေးကမ်းခြင်းငှာ အပ်၏ ဟု ဤသို့သောအကြောင်းကို ရည်ညွှန်း၍ ဆုံးမပါသည်။

ချမ်းသာစွာ နေထိုင်အပ်၏ ဟူသောစကားကို ယောက္ခမချစ်လင်တို့ကို မြင်၍ ထအပ်သော နေရာ၌ ထိုင်၍နေခြင်းငှာ မလျောက်ပတ်သည်ကို ရည်ညွှန်း၍ ဆုံးမပါသည်။

ချမ်းသာစွာ စားအပ်၏ ဟူသောဤစကားကို ယောက္ခမ မိဘ အရှင်လင်တို့၏ ရှေးဦးစွာ စားသောက်ခြင်းကို မပြုမူ၍ ထိုယောက္ခမ မိဘအရှင်လင်တို့ကို ပြုပြင်ညွတ်လေး ရှေးဦးစွာ လုပ်ကျွေးပြီး၍ ထိုသူတို့အား ပြည့်စုံလုံလောက်စွာ ရအပ်သည် မရအပ်သည်ကို သိပြီး၍ နောက်မှ စားသောက်ခြင်းကို ပြုခြင်းငှာ အပ်သည်ကို ရည်ညွှန်း၍ ပြောဆိုဆုံးမတော်မူပါသည်။

ချမ်းသာစွာအိပ်အပ်၏ ဟူသော ဤစကားကို ယောက္ခမ မိဘ အရှင်လင်တို့၏ ရှေးဦးစွာ အိပ်ရာသို့တက်၍ မအိပ်မူ၍ ထိုသူတို့အား ပြုခြင်းငှာ သင့်လျော် လျောက်ပတ်သော ဝတ်ကြီး ဝတ်ငယ်ကို ပြုပြီး၍ နောက်မှ မိမိသည်အိပ်ခြင်းငှာ သင့်လျော်သည်ကို ရည်ညွှန်း၍ပြောဆိုဆုံးမပါသည်။

မီးကိုရှိသေစွာ လုပ်ကျွေးရမည် ဟူသော ဤစကားကို အရှင်လင်၏ ဖခင်ကိုလည်းကောင်း၊ မိခင်ကိုလည်းကောင်း၊ မီးပုံကြီးကဲ့သို့လည်းကောင်း အဆိပ်ထန်သော နဂါးမင်းကဲ့သို့လည်းကောင်း ရှိသေကြောက်ရွံ့ခြင်းကို ပြု၍ ကြည့်ရှုခြင်းငှာ သင့်လျော်သည်ကို ရည်ညွှန်း၍ပြောဆို ဆုံးမပါသည်။

အိမ်တွင်းနတ်ကို ရှိသေမြတ်နိုး ရှိခိုးရမည်ဟူသော ဤစကားကို အရှင်လင်၏ မိခင် ဖခင်ကိုလည်းကောင်း၊ အရှင်လင်ကိုလည်းကောင်း၊ နတ်ကဲ့သို့ ရှိသေတုပ်ဝပ်ခြင်းကိုပြု၍ ကြည့်ရှုခြင်းငှာအပ်သည် ကိုရည်ညွှန်း၍ ပြောဆိုဆုံးမလိုက်ပါသည်” ဟု အကျယ်အားဖြင့် ပြန်ကြားပြောဆိုအပ်သော ဤဆယ်ပါးသော စကားအစီပွါယ်တို့ကို ကြားသိသောအခါ မိဂါရသင်္ဌေးကြီးသည် တုံ့ပြန်ပြောဆိုဘို့ရာ တစုံတခုသော စကားမျှကို ကြည့်ရှု၍ မမြင်သောကြောင့် အောက်သို့ချအပ်သော မျက်နှာရှိသည် ဖြစ်၍ နေ၏။

ထိုအခါ ရှစ်ဦးကုန်သော သင်္ဌေးကြီးတို့က မိဂါရသင်္ဌေးကို “အရှင်သင်္ဌေးကြီး၊ အသို့နည်း ထိုမှတပါးလည်းဖြစ်သော ငါတို့သမီးဝိသာခါ၏ အပြစ်ဒေါသသည် ရှိပါသေးသလော”ဟု မေးကြကုန်၏။ “မရှိပါပြီ”ဟု မိဂါရသင်္ဌေးကြီးက ဆိုလျှင် ‘ထိုသို့ အပြစ်မရှိပဲလျက် အကြောင်း

မဟုတ်ပဲ အပြစ်မရှိသော ဤသတို့သမီးကို အဘယ်ကြောင့်အိမ်မှ နှင်ထုတ်ဘိသနည်း” ဟု ပြောဆိုကုန်၏၊ ဤသို့ပြောဆိုသည်ရှိသော် ဝိသာခါက “ဖခင်တို့ ကျွန်တော်မအား ယောက္ခမ၏ နှင်ထုတ်သောစကားဖြင့် သွားခြင်းငှာ မလျောက်ပတ်၊ ကျွန်တော်မ၏ ဖခင်သည် ကျွန်တော်မအား ဤအိမ်သို့ လိုက်ပါလာစဉ်ကာလက ကျွန်တော်မ၏ အပြစ်ကြီးငယ်ကို ကြည့်ရှုသုတ်သင်ရန် ဖခင်တို့၏ထံ၌အပ်နှံ ဆောင်နှင်းလိုက်ပေ၏။ အရှင်ဖခင်တို့သည်လည်း ကျွန်တော်မ၏ အပြစ်အစအန အနည်းငယ်မျှ မရှိသည်ကို သိအပ်ကုန်ပြီ၊ ဤယခုအခါ၌ ကျွန်တော်မသည် သွားခြင်းငှာ သင့်လျော်လျောက်ပတ်ပေပြီ”ဟု ပြော၏၊ ကျွန်ကျွန်းမ ကျွန်ယောကျ်ားတို့ကို “ယာဉ်စသည်တို့ကို စီမံကြကုန်လော့” ဟု စေခိုင်း၏။

## မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား ပြုစုလုပ်ကျွေးခြင်း

ထိုအခါ မိဂါရသဌေးကြီးသည် ရှစ်ဦးကုန်သော သဌေးကြီးတို့နှင့်တကွ ပြောဆိုပြီးသည်ကာလ “ချစ်သမီးငါသည်မသိမသင်မမြင်နိုင်သောကြောင့် ပြောဆိုမိပါသည်၊ ငါ့အား သည်းခံပါလော”ဟု တောင်းပန်ပြောဆို၏။ ဝိသာခါက “ဖခင်တို့ အရှင်တို့ သည်းခံစေအပ်သည်ကို ကျွန်တော်မသည် သည်းခံပါ၏။ သို့သော်လည်း ကျွန်တော်မသည် မြတ်စွာဘုရားသခင်၏ သာသနာတော်၌မတုန်မလှုပ်သက်ဝင်ကြည်ညိုလေးမြတ်သောအမျိုးသမီး ဖြစ်ပါသည်၊ကျွန်တော်မသည် ရဟန်းသံဃာတော်နှင့် ကင်း၍နေခြင်းငှာ မစွမ်းနိုင်ပါ။ကျွန်တော်မ၏ အလိုအလျောက်နှစ်သက်သည်အားလျော်စွာ ရဟန်းသံဃာတော်ကိုပြုစုလုပ်ကျွေးဆည်းကပ်ခြင်းငှာ အကယ်၍ရပါသည် ဖြစ်ခဲ့တုံအံ့။ ဤအိမ်၌ နေပါဦးတော့အံ့”ဟုပြန်ပြောလျှင်မိဂါရသဌေးကြီးက“ချစ်သမီး၊ အသင်သည်အလိုရှိတိုင်း အသင်၏ရဟန်းသံဃာတော်တို့ကို ပြုစုလုပ်ကျွေးပါလော့”ဟု ခွင့်ပေး၏။ဝိသာခါသည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ပင့်ဖိတ်စေ၍ နက်ဖြန်မိုးသောက်ရောက်သောနေ့၌ ကြွတော်မူလာသော မြတ်စွာဘုရားကိုယ်တော်မြတ်ကို သံဃာတော်

ထို့နောင်မှတကွ မိမိအိမ်သို့ ပင့်တင်၏၊ အဝတ်မဝတ် အချည်းနှီးသော အစေ-လကတက္ကတွန်းတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မိဂါရသဌေး၏ အိမ်သို့ ကြွတော်မူသည်၏အဖြစ်ကို ကြားရ၍ သွားရောက်ကြပြီးသည် ကာလ အိမ်၌ ခြံရံလျှည့်ပတ်၍ ထိုင်နေကုန်၏။ ဝိသာခါသည် အလှူ ရေစက် ပေးဆက် လှူဒါန်း၍ အလုံးစုံသော ပူဇော်သက္ကာရကို စီရင်ပြီး သော် "ငါ၏ယောက္ခမသည် ကြွလာ၍ မြတ်စွာဘုရားသခင်ကို ပူဇော်လုပ် ကျွေးတော်မူပါလော့"ဟု သတင်းစကားပြောကြားရန် စေလွှတ်လိုက်၏။

ထိုအခါ သွားခြင်းငှာ အလိုရှိသော မိဂါရသဌေးကြီးကို အာဇီဝက ထက္ကတွန်းတို့က "သဌေးကြီး အသင်သည် ရှင်ကြီးဂေါတမ၏ အထံသို့ မသွားလေလင့်"ဟု တားမြစ်ကြကုန်၏၊ မိဂါရသဌေးကြီးကလည်း "ငါ၏ ချွေးမသည် မိမိ၏အလိုလိုသာ လုပ်ကျွေးလှူဒါန်းပါလေ"ဟု စေလွှတ် ပြန်ကြားလိုက်၏။ ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော် ကို ပူဇော်လုပ်ကျွေးပြီးသောကာလ "ကျွန်တော်မ၏ ယောက္ခမသည် လာ ရောက်၍ မြတ်စွာဘုရား တရားတော်ကို ကြားနာတော်မူပါလော့"ဟု တဖန် သတင်းစကားကို ဖိတ်ကြားစေလွှတ်ပြန်၏။

## မိဂါရသဌေးကြီး သောတာပန်တည်ခြင်း

ထိုအခါ မိဂါရသဌေးကြီးက အာဇီဝကထက္ကတွန်းတို့ကို "အရှင်တို့ ယခုအခါ၌ကား မသွားပဲနေခြင်းငှာ အလွန်လျှင် မသင့်လျော် မလျော်ကန် ပတ်ခြင်း ဖြစ်ပါလိမ့်မည်။ တရားတော်ကို နာခြင်းငှာ အလိုရှိသော် လည်း သွားရောက်မှပင် သင့်လျော်ပါမည်"ဟု ပြော၏။ ယင်းသို့ပြော ဆိုသောကာလ အာဇီဝကထက္ကတွန်းတို့က "ထိုသို့တပြီးကား ဒါယကာ သဌေးကြီး ရဟန်းဂေါတမ၏အထံ၌ တရားကိုနာသည်မှုသော် တင်းတိမ် အကာ၏ ပြင်ဘက်ကနေ၍သာ နာလော့"ဟု မှာကြားလိုက်ကုန်၏၊ မိဂါရသဌေးကြီး မသွားမီ ရှေးဦးကပင်လျှင် သွားရောက်ကြ၍ သဌေး ကြီး နေလတ္တံ့သောနေရာ၌ အကာတင်းထိမ်ကို ကာရံ၍ထားကြကုန်၏။ မိဂါရသဌေးကြီးသည် သွားရောက်၍ တင်းထိမ်အရံ၏အပြင်၌ ထိုင်နေ၏။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က "အသင်သည် တင်းထိမ် အပ၌ တည်နေသည်မူလည်း ဖြစ်စေ၊ တိုက်နံရံခြားသောအရပ်၌ တည်နေ သည် မူလည်းဖြစ်စေ၊ စကြဝဠာတပါး၌ တည်နေသည်မူလည်းဖြစ်စေ ငါသည် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ပြီးသော ဘုရားစင်စစ် ဖြစ်ပေ၏။ ငါ့တရားကို မကြားပဲနေခြင်းငှာ မတတ်ကောင်း ချေ" ဟု မိန့်တော်မူ၍ ကြီးစွာသောသပြေပင်၏ ပင်စည်ကို ကိုင်ငင်၍ လှုပ်ဘိသကဲ့သို့လည်းကောင်း၊ အမြိုက်တရား တည်းဟူသောမိုးကို ဖြိုးဖြိုး သွန်းကာ ရွာစေဘိသကဲ့သို့ လည်းကောင်း တရားတော်ကို ဟောကြား တော်မူခြင်းငှာ အစဉ်သောစကားကို အားထုတ်ကော်မူ၏။

မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်သည် တရားတော်ကို ဟောကြား တော်မူသည်ရှိသော် ရှေ့တည့်တည့်မှ နေကုန်သော်လည်းကောင်း၊ နောက် တည့်တည့်မှ တည်နေကုန်သော်လည်းကောင်း၊ စကြဝဠာ အရာအထောင် ကို လွန်မြောက်၍ တည်နေကုန်သော်လည်းကောင်း၊ အကနိဋ္ဌ ဗြဟ္မာ့ပြည် ၌ တည်နေကုန်သော်လည်းကောင်း "မြတ်စွာဘုရားသခင်သည် ငါ့ကို ကြည့်ရှုပြီးသည်ကာလ ငါ့ကိုသာ တရားဟောကြားတော်မူလေသည် တကား" ဟု ပြောဆိုမြည်တမ်းကြရကုန်၏။ မြတ်စွာဘုရားသခင်သည် ထိုသို့သောသူတို့ကို ကြည့်ရှု၍ ထိုထိုသောသူတို့နှင့် အတူတကွ စကား ပြောဆိုဘိသကဲ့သို့ ဖြစ်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်တို့သည် လမင်းနှင့် တူကုန်၏။ လမင်း သည် ကောင်းကင်လယ်၌ တည်လျက် "ငါ၏အထက်၌ လမင်းတည်ရှိ လေသည်။ ငါ၏အထက်၌ လမင်းတည်ရှိလေသည်" ဟူ၍ အလုံးစုံသော သတ္တဝါတို့သည် ထင်မှတ်ရသကဲ့သို့ ထို့အတူ အမှတ်မထင် အကြင်တစုံ တခုသောအရပ်၌ တည်နေကုန်သော သူတို့အား ရှေ့ရှု၌ တည်နေတိ သကဲ့သို့ မှတ်ထင်ရကုန်၏။ ဤသို့မှတ်ရခြင်းသည် အဘယ်သို့သော ကောင်း မှုကံ၏ အကျိုးအာနိသံဖြစ်လေသနည်း ဟူမူကား ပါရမီဖြည့်တော်မူစဉ်

ကာလ ထိုဘုရားလောင်းတို့အား တန်းဆာဆင်အပ်သော ဦးခေါင်းတော်ကို ဖြတ်ပိုင်း၍ ပေးလှူတော်မူခြင်း၊ မျက်လုံးတော်ကို ထုတ်၍လှူတော်မူခြင်း၊ နှလုံးသားကို ထုတ်၍ လှူတော်မူခြင်း၊ သူတပါး၏ နိုင်းစေရာ ကျွန်အလို့ငှာ ဇာလိမင်းသားနှင့် တူကုန်သော သားတော်တို့ကို ပေးလှူတော်မူခြင်း၊ ကဏှာဇိန်နှင့် တူကုန်သော သမီးတော်တို့ကို ပေးလှူတော်မူခြင်း၊ မဒ္ဒီမိဖုရားနှင့်တူကုန်သော ခင်ပွန်းမယားတို့ကို စွန့်လွှတ်ပေးတော်မူခြင်းအားဖြင့် ဤသို့သောကောင်းမှုကံဟို၏ အကျိုးဆက်အာနိသင်ပေတည်း၊

## မိဂါရ မာတာဟု အမည်တွင်ခြင်း

မိဂါရ သဌေးကြီးသည်လည်း မြတ်စွာဘုရား တရားတော်ကို ကြားနာရ၍ တင်းထိမ်အရံမှ အပအခြားဖြစ်သော နေရာကနေလျက်သာလျှင် နည်းပေါင်းတထောင်တို့ဖြင့် တန်းဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည်လျက် မတုန်မလှုပ် နိုင်နှံ့တည်တံ့သော သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် သုံးပါးကုန်သော သရဏဂုံ၌ ယုံမှားခြင်းကင်းသည်ဖြစ်၍သာလျှင် တင်းထိမ်အရံ ကို ပင့်ကင်ပြီးသောကာလ ချွေးမဖြစ်သော ဝိသာခါ၏အထံသို့ သွားရောက်၍ ချွေးမ၏သားမြတ်ကို ခံတွင်းဖြင့်ယူပြီးသောအခါ "သင်သည် ယနေ့မှစ၍ ငါ၏ အမိ ပေတည်း" ဟု မိခင်အရာ၌ ထား၏။ ထိုဝိသာခါသည်လည်း ထိုနေ့မှစ၍ မိဂါရ မာတာမည်သည် ဖြစ်လေ၏။ ထို့ကြောင့် ရှင်းအဋ္ဌကထာ၌—

"အဇ္ဇာဒိ တံ မာတာ ပဋ္ဌာယ မိဂါရမာတာ နာမ ဇာတာ"•

ဟု မိန့်တော်မူ၏။

အနက်ကား။ ။သာသိ၊ ထိုဝိသာခါသည်လည်း၊ တတော ပဋ္ဌာယ၊ ထိုနေ့သမယ ထိုက ၁ မှစ၍ သာလျှင်၊ မိဂါရမာတာ နာမ၊ မိဂါရမာတာ မည်သည်၊ ငါ၊ မိဂါရသဌေး၏ အမိမည်သည်၊ ဇာတာ၊ ဖြစ်လေ၏။ ။ ဤကားအနက်။

နောက်၌ ဝိသာခါသည် သားကိုဖွားမြင် ရရှိသော်လည်း မိဂါရဟူသောအမည်ကို ပြုလေ၏။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌ပင်—

"ပစ္ဆာဘာဂေ ပုတ္တံ လဘိတွာပိ၊ မိဂါရော တိဿနာမ မကာသိ·

ဟု မိန့်၏။

**အနက်ကား**။ ။သာ၊ ထိုဝိသာခါသည်။ ပစ္ဆာဘာဂေ၊ နောက်အဖို့၌။ ပုတ္တံ၊ သားကို။ လဘိတွာပိ၊ရ၍လည်း။ အဿ၊ထိုသား၏။ မိဂါရောတိ· နာမံ၊ မိဂါရဟူသော အမည်ကို။ အကာသိ၊ ပြုလေ၏။ ။ဤကားအနက်။

မိဂါရ သဋ္ဌေးကြီးသည် ချွေးမ၏ သားမြတ်ကို လွှဲပြီးသော် မြတ်စွာဘုရား သခင်၏အထံသို့ သွား၍ မြတ်စွာသခင်၏ခြေတော်ရင်းတို့၌ ဝပ်စင်းဦးချလျက် ခြေတော်တို့ကို လက်တို့ဖြင့် ပွတ်သပ်လျက်ခံတွင်းဖြင့် နမ်းစုပ်ပြီးလျှင်"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် မိဂါရပါတည်း" ဟု သုံးကြိမ်တိုင်တိုင် အမည်ကို လျှောက်ကြား၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး ဤရတနာသုံးပါး၌ ဆည်းကပ်လှူဒါန်းအပ်သော ကောင်းမှုကံ အကျိုးအာနိသံ ကြီးကျယ်သည်ကို မသိပါ။ ယခုအခါ၌ တပည့်တော်၏ ချွေးမကို အမှီပြုရ၍ သိအပ်ပါပြီ၊ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ်မြောက်ရပေပြီ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ အကျိုးစီးပွား များပြားအံ့သောအလို့ငှာ တပည့်တော်၏ ချွေးမသည် ဤအိမ်သို့ လာရောက်ရပါသည်" ဟု လျှောက်ကြား၍—

သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏှာ ဃရမာဂတာ။

ဟူသော ဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။ဘန္တေ၊ မြတ်ဘုန်းတော်သခင် ရှင်ပင်ဘုရား။ သော· ဟံ၊ မိဂါရဟု နာမတွင်ခေါ် ထိုတပည့်တော်သည်။ ယတ္ထ၊အကြင်အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော အလှူဒါနသည်၊

မဟာပဒ္မလံ၊ ကြီးကျယ်ပြန့်ပြော များမြတ်သော အကျိုးအာနိသံရှိသည်ကို။ အဇ္ဇ၊ ယခု။ ပဇာနာမိ၊ မကြွင်းမကျန် အမှန်ထင်ထင်လျှားလျှား သိရပေ၏။ ဝတ၊ စင်စစ်။ မေ-မမ၊ တပည့်တော်၏။ အတ္ထာယ၊ အကျိုးငှါး ပွားအသိုင်ငှါ။ဘဒ္ဒါ၊ ငါးပါးသော ကောင်းခြင်းရှိသော။ သုဏိသာ၊ ချွေးမ ဝိသာခါသည်။ ဃရံ၊ တပည့်တော်၏အိမ်သို့။ အာဂတာ၊ လာရောက်ပါ ပေ၏။ ။ကျကား အနက်။

ဝိသာခါသည် နောက်တနေ့ အကျိုးငှါလည်း မြတ်စွာဘုရားသခင်ကို ပင့်ဖိတ်၏။ ထို့နောက်တပန် မိုးသောက်ရောက်သော နေ့၌လည်း ထို ဝိသာခါ၏ ယောက္ခမဖြစ်သော သဌေးကတော်သည် သောတာပတ္တိဖိုလ် သို့ ရောက်လေ၏၊ ထိုအခါကာလမှ စ၍ မိဂါရ သဌေးကြီး၏အိမ်သည် သာသနာတော်အား ဟင်းလင်းဖွင့်ထားအပ်သော တံခါးနှင့်တူသည် ဖြစ် လေ၏။

## ချွေးမဝိသာခါအား အထူးဝိသေသပြု၍ ချီးမြှင့်ခြင်း

ထိုနောက်မှ မိဂါရသဌေးကြီးသည် ကြံစည်ဆင်ခြင်သည်မှာ "ငါ၏ ချွေးမသည် ငါ့အား အလွန်လျှင် ကျေးဇူးများလှပေသည်။ထိုချွေးမအား ကြည်ညိုသောအခြင်းအရာကိုပြုအံ့" ဟု ကြံ၏။ "ငါ၏ချွေးမအား ယခု ရှိသော မဟာလတာတန်းဆာသည် ဝန်မလေးသောသဘောရှိသည်။ အမြဲ ကာလပတ်လုံး ဝတ်ဆင်ခြင်းငှါ မစွမ်းနိုင်လတ္တံ့။ နေ့၌သော်လည်း ကောင်း၊ ညဉ့်၌သော်လည်းကောင်း အလုံးစုံကုန်သော သွားလာခြင်း ကိစ္စတို့၌ ဝတ်ဆင်ခြင်းငှါ ခန့်သောတန်းဆာတခုကို ပြုစု၍ ပေးအံ့ဟု ကြံပြီးလျှင် အဖိုးတသိန်းထိုက်သော "ဃနမဋ္ဌက" မည်သော တန်းဆာကို ပြုစေ၍ ထိုတန်းဆာပြီးသည်ရှိသော် ဘုရားအမှူးရှိသော ရဟန်းသံဃာ တော်တို့ကို ပင့်ဖိတ်၍ ရိုသေကောင်းမွန်စွာ ဆွမ်းကျွေးပြီးသော် ဝိသာခါ ကို တဆယ့်ခြောက်လုံးကုန်သော နံ့သာရေအိုးဖြင့် ရေချိုးစေ၍ မြတ်စွာ ဘုရား ရှေ့၌ ထား၍ တန်းဆာကို ဝတ်ဆင်စေပြီးလျှင် မြတ်စွာ ဘုရားသခင်ကို ရှိခိုးစေ၏။ မြတ်စွာဘုရားသခင်သည် အနုမောဒနာကို

ပြုတော်မူ၍ ကျောင်းတော်သို့သာလျှင် ကြွတော်မူ၏။ ဝိသာခါသည်လည်း ထိုအခါမှစ၍ ဒါနစသော ကောင်းမှုတို့ကိုပြုလျက် မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံ၌ ရှစ်ပါးသော ဆုတို့ကိုရ၍ ကောင်းကင်အပြင်၌ လရေးတောက်သကဲ့သို့ အလွန်ထင်ရှားလျက် သားသမီးတို့ဖြင့် ကြီးပွားခြင်းသို့ ရောက်လေ၏၊ ဝိသာခါအား တကျိပ်ကုန်သော သားတို့သည်လည်းကောင်း၊ တကျိပ်ကုန်သောသမီးတို့သည်လည်းကောင်း ဖြစ်ကုန်၏။

## သားသမီးနှစ်ကျိပ် မြေးလေးရာ မြစ်ရှစ်ထောင်

ထိုသားသမီးတို့တွင် တယောက်တယောက်အား တကျိပ်ကုန်သော သားတို့သည်လည်းကောင်း၊ တကျိပ်ကုန်သော သမီးတို့သည်လည်းကောင်း ဖြစ်ကုန်၏၊ ထိုမြေးတို့တွင်လည်း တယောက်တယောက်အား တကျိပ်ကုန်သော သားတို့သည်လည်းကောင်း၊ တကျိပ်ကုန်သော သမီးတို့သည်လည်းကောင်း ဖြစ်ကြကုန်၏။ ဤသို့လျှင် ဝိသာခါအား သား မြေး မြစ် အစဉ်၏ အစွမ်းဖြင့် ရှစ်ထောင်လေးရာ နှစ်ဆယ်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ရှေးသင်္ဂါယနာတင် ဆရာတော်ကြီးတို့သည်—

ဝိသာခါ ဝီသတိပုတ္တာ၊ နတ္တာ စ စတုရောသတာ။
ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋာ။

ဟူသောဂါထာကို မိန့်ဆိုတော်မူခဲ့ကြပေကုန်၏။

အနက်ကား။ ။ဝိသာခါ၊ ဝိသာခါသည်။ ဝီသတိပုတ္တာ၊ နှစ်ကျိပ်သော သားသမီးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နတ္တာ စ စတုရောသတာ၊ မြေးလေးရာရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပနတ္တာအဋ္ဌသဟဿာ၊ မြစ်ရှစ်ထောင် ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်ကျွန်း၌။ သုပါကဋာ၊ အလွန်ထင်ရှားပေ၏။ ။ ဤကားအနက်။

မိမိသည် အသက်တရာ့နှစ်ဆယ် ရှည်၏။ ဦးခေါင်း၌ တခုသောဆံပင်မျှသော်လည်း ဖြူခြင်းမည်သည် မဖြစ်၊ အမြဲသာလျှင် တဆယ့်ခြောက်

နှစ် အရွယ်ကဲ့သို့တည်၏။ ထိုဝိသာခါသည် သား သမီး မြေး ခြံရံလျက် ကျောင်းသို့ သွားသည်ကို မြင်ကုန်သည်ရှိသော် ဤသူတို့တွင် အဘယ် သူသည် ဝိသာခါ ပါလိမ့်မည်နည်းဟု မေးရကုန်၏။ အကြင်သူတို့သည် ဝိသာခါသည် သွားသောအခါ၌ မြင်ရကုန်၏။ "ဤယခုအခါ၌ အနည်း ငယ် သွားပါစေဦး၊ သွားလျက်သာလျှင် ငါတို့၏အရှင်မသည် ကြည့်ရှု ဖွယ် တင့်တယ်လှပသည်"ဟု ကြံကြကုန်၏။ အကြင်သူတို့သည် ရပ်နေ သောအခါ ထိုင်နေသောအခါ အိပ်နေသောအခါတို့၌ မြင်ရကုန်၏။ "ဤယခုအခါ၌ အနည်းငယ် ရပ်ပါစေဦး၊ အနည်းငယ်ထိုင်နေပါစေဦး၊ ရပ်နေသောအခါ ထိုင်နေသောအခါ အိပ်နေသောအခါတို့၌ ငါတို့၏ အရှင်မသည် ကြည့်ရှုဖွယ် သာ၍ပင် တင့်တယ်ပါပေသည်"ဟု ကြံကြကုန်၏။ ဤသို့သောအခြင်းအရာဖြင့် လေးပြားသော ဣရိယာပထ တို့တွင် ဤအမည်ရှိသော ဣရိယာပုထ်၌မူကား၊ မတင့်တယ်ချေသည် ထကားဟု ဆိုဖွယ်မရှိ။

## ဝိသာခါအား ဆင်ပြောင်ကြီးနှင့် တိုက်စေလျက် အားစမ်းခြင်း

ထိုဝိသာခါသည် ဆင်ပြောင် ငါးစီးအားကိုလည်း ဆောင်စွမ်းနိုင်၏။ ပသေနဒီ ကောသလမင်းကြီးသည် ဝိသာခါသည် ဆင်ပြောင်ငါးစီး၏ အားအစွမ်းကို ဆောင်နိုင်သည်ဟု ကြား၍ ထိုဝိသာခါသည် ကျောင်းသို့ သွား၍ တရားတော်ကို ကြားနာ၍ ပြန်လာသောအခါ အားအစွမ်းကို စူးစမ်းလိုသောကြောင့် ဆင်ကိုလွှတ်စေ၏။ ထိုဆင်သည် နှာမောင်းကို ပင့်၍ ဝိသာခါသို့ ရှေ့ရှုပြေးလာ၏။ ဝိသာခါ၏ အခြံအရံဖြစ်ကုန်သော ငါးရာမျှလောက်ကုန်သော မိန်းမတို့သည် ထွက်ပြေးကြကုန်၏။ အချို့ ကုန်သော ရှေ့မှပြန်ပြေးလာကုန်သော မိန်းမတို့ကို ပမ်းဆီး၍ ဤအမှု သည် အဘယ်အမှုနည်းဟု ဆိုသည်ရှိသော် "အရှင်မ၊ မင်းကြီးသည် အရှင်မ အားအစွမ်းကို စူးစမ်းလိုသောကြောင့် ဆင်ကိုလွှတ်စေဘိသည်" ဟု ပြောဆိုကုန်၏။

ဝိသာခါသည် "ဤဆင်ကိုမြင်၍ အဘယ်သို့ ပြေးသွားအံ့နည်း။ ဤဆင်ကို ငါသည် အဘယ်သို့ ဖမ်းရအံ့နည်း။ အကယ်၍ ငါသည် မြဲမြံစွာ ဖမ်းကိုင်ခဲ့အံ့၊ ဤဆင်သည် ပျက်စီးခြင်းသို့ ရောက်ပေရာ၏"ဟု ကြံ၍ နှစ်ချောင်းသောလက်ဘိုဖြင့် နှာမောင်းကိုကိုင်၍ နောက်သို့ညွတ်အောင် တွန်းလိုက်၏။ ဆင်သည် မိမိ၏ကိုယ်ကို တည်တံ့စွာ ရပ်နေခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ မင်းရင်ပြင်၌ ဆောင့်ကြောင့်ဖြစ်၍ လဲလေ၏။ များစွာကုန်သော လူအပေါင်းတို့သည် ကောင်းချီးပေးကြကုန်၏။ ဝိသာခါသည် အခြံအရံတို့နှင့်တကွ ချမ်းသာစွာ အိမ်သို့သွားလေ၏။ ထိုအခါ သာဝတ္ထိပြည်၌ ဝိသာခါမယ်သော မိဂါရမာတာသည် များစွာသော သားရှိ၏။ များစွာသောမြေးရှိ၏။ အနာရောဂါမှ ကင်းရှင်းသော သားသမီးတို့ရှိကုန်၏။ အနာရောဂါ ကင်းကုန်သော မြေးတို့ရှိကုန်၏။ အလွန်မင်္ဂလာရှိသည်ဟု သမုတ်အပ်ကုန်၏။

ထိုမျှလောက်ကုန်သော သားသမီးအထောင်တို့တွင် တစ်ယောက်စသောသူမျှသည်း အကြား၌ သေလွန်သောသူသည် မရှိ။ သာဝတ္ထိပြည်သူပြည်သား များစွာကုန်သော သူတို့သည် မင်္ဂလာတို့၌လည်းကောင်း သဘင်တို့၌လည်းကောင်း ဝိသာခါကို ရှေးဦးစွာဖိတ်မံ၍ ကျွေးမွေးကုန်၏။ ထိုနောက် တစ်နေ့သော သဘင်တစ်နေ့၌ များစွာသော လူအပေါင်းတို့သည် အဝတ်တန်ဆာတို့ကို ကောင်းစွာဝတ်ဆင်လျက် တရားတော်ကို ကြားနာအံ့သောငှာ ကျောင်းသို့ သွားကုန်သည်ရှိသော် ဝိသာခါသည်လည်း ဖိတ်ကြားရာအရပ်၌ စားသောက်ပြီး၍ မဟာလတာတန်ဆာကို ဝတ်ဆင်လျက် များစွာသော လူအပေါင်းတို့နှင့်တကွ ကျောင်းသို့သွားသည်ရှိသော် တန်ဆာကို ချွတ်၍ ထုပ်ပိုးပြီးကာလ ကျွန်မအား ဤအထုပ်ကို ယူခဲ့လော့ဟု ပေး၏။

## ဝိသာခါကဲ့သို့ အားကောင်းသော ကျွန်မ

ဝိသာခါသည် ကျောင်းသို့သွားသည်ရှိသော် ဤသို့သဘောရှိသော အဖိုးများစွာထိုက်သော ဦးခေါင်း၌စွပ်၍ ခြေဖနောင့်တိုင် ရောက်သော

တန်းဆာကို ဆင်ယင်ဝတ်စားပြီးသည်ကာလ ကျောင်းတော်သို့ ဝင်ခြင်းငှာ မသင့်လျော်ဟု ထိုတန်းဆာကို ပြေချွတ်ပြီးသည်ကာလ အထုပ်ကုံ၍ မိမိ၏ ကောင်းမှုကြောင့်သာလျှင် ဖြစ်ပေါ်လာသော ဆင်ပြောင်ငါးစီးအားကို ဆောင်စွမ်းနိုင်သော ကျွန်မ၏လက်၌ ပေးအပ်၏။ ထိုကျွန်မသည်သာလျှင် ဆောင်ယူခြင်းငှာ စွမ်းနိုင်၏။ ထို့ကြောင့် ထိုကျွန်မကို 'မိခင် ဤမဟာလ္လတာတန်းဆာကို သိမ်းယူသိုထားပါလော့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံမှ ပြန်လည်လာသောကာလမှ ဝတ်ဆင်တော့အံ့"ဟု ဆို၍ ထိုမဟာလ္လတာတန်းဆာကို ကျွန်မအား ပေးအပ်ပြီးလျှင် ထနမင္ဂကတန်းဆာကို ဝတ်ဆင်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံတော်သို့ ချဉ်းကပ်၍ တရားတော်ကို နာလေသတည်း။ တရားနာပြီးသည်၏အဆုံး၌ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိခိုးပူဇော်ပြီးသည်ကာလ နေရာမှထ၍ ဖယ်သွားလေ၏။ မဟာလ္လတာတန်းဆာထုပ် သိမ်းဆည်းသော ထိုကျွန်မသည်လည်း သတိလွတ်ကင်းသဖြင့် မေ့လျော့ခဲ့၏။ တရားတော်ကို ကြားနာ၍ ဖယ်သွားသောပရိသတ်သည် ထစုံတခုသော ပစ္စည်းဝတ္ထုသည် အကယ်၍ မေ့လျော့၍ ကျန်ရစ်ခဲ့အံ့၊ ထိုပစ္စည်းဝတ္ထုကို ရှင်အာနန္ဒာ မထေရ်သည် သိမ်းဆည်းသိုမှီး၍ ထားပေ၏၊

ထိုနေ့၌လည်း အရှင်အာနန္ဒာမထေရ်သည် မဟာလ္လတာတန်းဆာကိုမြင်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဝိသာခါသည် မဟာလ္လတာတန်းဆာကို မေ့လျော့၍ သွားပြီ" ဟု မြတ်စွာဘုရားသခင်ကို လျှောက်ထား၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က "ချစ်သား အာနန္ဒာ၊ သင့်ထင့်လျော်ပတ် တစ်ခုသောအရပ်၌ ထားလေကော့" ဟု မိန့်တော်မူသဖြင့် အရှင်အာနန္ဒာမထေရ်သည် ထိုတန်းဆာကို ပင့်ချီယူမ၍ စောင်းတန်းနံပါး၌ တွဲလွဲဆွဲ၍ ထား၏။ ဝိသာခါသည် သုပ္ပိယာ ဒါယိကာမနှင့်ထက္က အတူ ညှိသည် ရဟန်း သူနာ ဧည့်သည်တို့အား ပြုသင့်ပြုထိုက်သော ပေးကမ်းလှူဒါန်းမှုယ် ကို သိမှုအံ့ဟု ကျောင်းတွင်း၌ လှည့်လည်ခဲ့လေ၏။

ထိုစကားမှန်၏၊ ထိုသုပ္ပိယာဥပါသိကာမနှင့် ဝိသာခါဒါယိကာမတို့သည် ကျောင်းသို့ လာရောက်တိုင်း လာရောက်တိုင်းသော အခါတို့၌ ထောပတ် ပျားရည် စသည် လက်စွဲကုန်လျက် ကျောင်း၏အတွင်း၌ အာဂန္တုရဟန်း သူနာရဟန်းတို့ကို လှည့်လည်မေးမြန်းသည်ရှိသော် ထိုသူတို့၏သဒ္ဓါတရား တိုးပွားထက်သန်သည်၏ အဖြစ်ကိုသိ၍ ရဟန်းငယ်တို့သည်လည်းကောင်း၊ သာမဏေတို့သည် လည်းကောင်း ခွက်စသည်တို့ကို လက်စွဲလျက် ချဉ်းကပ်ခံယူခြင်းကို ပြုလေ့ရှိကြကုန်၏။ ဤနေ့၌လည်း ထိုနည်းအတူသာလျှင် ပြုကြကုန်၏။ သုပ္ပိယာဥပါသိကာမသည် တနေ့သောနေ့၌ သူနာရဟန်းကိုတွေ့မြင်၍ "အရှင်ဘုရား၊ အရှင်မြတ်အား အဘယ်ဝတ္ထုဖြင့် အလိုတော် ရှိပါသနည်း" ဟု မေးလျှောက်၏။

သူနာရဟန်းကလည်း "ဒါယိကာမကြီး သားစိမ်းရည်ဖြင့် အလိုရှိပါသည်" ဟု မိန့်တော်မူသည်ရှိသော် "ရှိပါစေတော့၊ အရှင်မြတ်အား တပည့်တော်မသည် စေလွှတ်၍ ပို့လိုက်ပါအံ့" ဟု လျှောက်ပြီးလျှင် နှစ်ရက်မြောက်သောနေ့၌ အိမ်ဈေးစသည်တို့၌ အပ်သော ကပ္ပိယသားစိမ်းကို ရှာကြံ၍ မရသည်ရှိသော် မိမိ၏ ပေါင်သားဖြင့် ပြုဖွယ်ကိစ္စကို မချွတ်မယွင်း ရအောင်ပြု၍၊ နောင်မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ကြောင့် ပကတိအတိုင်း ကျန်းမာစွာဖြစ်၏။ ဝိသာခါသည်လည်း သူနာရဟန်းတို့ကို လည်းကောင်း၊ ရဟန်းငယ် သာမဏေတို့ကိုလည်းကောင်း ကြည့်ရှုပေးကမ်း လှူဒါန်းချီးမြှင့်ပြီးသော် တပါးသောတံခါးဖြင့် ထွက်၍ ကျောင်း၏ဥပစာ၌ တည်ပြီးသည်ကာလ "မိခင် တန်းဆာကို ယူခဲ့လော့၊ ဝတ်ဆင်အံ့" ဟု ဆို၏။ ထိုအခါ၌ ကျွန်မသည် မေ့လျော့၍ လာမိခဲ့သည်၏ အဖြစ်ကို သိ၍ "အရှင်မ မေ့လျော့၍ ကျန်နေခဲ့ပြီ" ဟု ပြော၏။ "ထိုသို့ တပြီးကား သွား၍ဆောင်ယူပြီးသည်ကာလ လာခဲ့လော့၊ [illegible] တန်းဆာကို အရှင်အာနန္ဒာထေရ်သည် ပင့်ချီယူမ၍ [illegible] အကယ်၍ ထားသည် ဖြစ်အံ့၊ မဆောင်ယူခဲ့လေလင့်၊ အရှင်မြတ်အားသာလျှင် ငါသည် ပစ္စည်းကို စွန့်လွှတ်အပ်၏" ဟု ဆို၏။

ဤသို့သောစကားကို မှာထားလိုက်ခြင်းသည်ကား ထိုဝိသာခါသည် မေ့လျော့ကြွင်းကျန်၍ ရှိကုန်သောပစ္စည်းဘဏ္ဍာဥစ္စာကို ရှင်အာနန္ဒာသည် သိမ်းဆည်းသိုမှီး၍ ထားသတည်းဟု သိပေသတတ်၊ ထို့ကြောင့် မှာထားလိုက်၏။ အရှင်အာနန္ဒာ မထေရ်သည်လည်း ထိုကျွန်မကိုမြင်၍ "အဘယ်အကျိုးငှာလာသနည်း"ဟု မေးတော်မူလျှင် အရှင်မ၏တန်းဆာကို တပည့်တော်မ မေ့လျော့၍ သွားမိသောကြောင့် ပြန်လာပါသည်"ဟု လျှောက်သည်ရှိသော် ငါသည် ထိုစောင်းတန်းနံပါး၌ ထားအပ်၏။ သွားတဲ့ချေ၊ ထိုဘဏ္ဍာကို ယူချေလော့"ဟု ဆို၏၊ ကျွန်မကား– "အရှင်ဘုရား၊ အရှင်မြတ်တို့၏လက်ဖြင့် သုံးသပ်အပ်သောဘဏ္ဍာကို ငါ၏အရှင်အား စွန့်လှူပြီးဖြစ်သည်။ မဆောင်ယူခဲ့လေလင့်ဟု မှာကြားလိုက်သည်"ဟု လျှောက်ကြား၍ အချည်းနှီးသော လက်ဖြင့်သာလျှင် သွားရောက်သည်ကာလ ဝိသာခါက "မိခင် အသို့နည်း"ဟု မေးသည်ရှိသော် ထိုအလုံးစုံသော အကြောင်းကို ကြားလေ၏။

ဝိသာခါက "မိခင် ကျွန်မတော်သည် ငါ၏အရှင်ဖြစ်သော အာနန္ဒာမထေရ်သည် သုံးသပ်သောဘဏ္ဍာကို မဝတ်မဆင်တော့အံ့၊ အရှင်အားသာလျှင် နှင်းအပ်ပြီ၊ ယင်းသို့ စွန့်လွှတ်ပေးလှူအပ်သော်လည်း ဤဘဏ္ဍာကို အရှင်တို့သည် စောင့်ရှောက်ထိန်းသိမ်း လုံခြုံစေခြင်းငှာ ခဲယဉ်းကြီးပြင်ပေလတ္တံ့၊ ၎င်းဘဏ္ဍာကို စွန့်လွှတ် ရောင်းချသောကာလ အပ်သော ကပ္ပိယဘဏ္ဍာကို ဆောင်လှူအံ့၊ သွားတဲ့ချေ၊ ထိုဘဏ္ဍာကို ဆောင်ယူခဲ့လော့"ဟု စေလွှတ်ပြန်၏။ ကျွန်မသည် သွားရောက်၍ ဆောင်ယူခဲ့၏။ ဝိသာခါသည် ပန်းထိမ်သည်တို့ကို ခေါ်ပြီးသော် ထိုတန်းဆာကို အဖိုးဖြတ်စေ၏။ ထိုပန်းထိမ်သည်တို့က အဖိုးအားဖြင့် ကိုးကုဋေ ဒိုက်တန်၏၊ လက်ခအားဖြင့် တသိန်းထိုက်၏ဟု ဆိုသည်ရှိသော် တန်းဆာကို ယာဉ်၌ တင်ထားပြီးသည်ကာလ "ရောင်းနိုင်သော သူတို့သည် ဝယ်ယူကြကုန်လော့"ဟု လှည့်လည်၍ ရောင်းချစေ၏။

မဟာလတာ တန်းဆာ ဝတ်ဆင်နိုင်သော မိန်းမသုံးဦး

ထိုမျှလောက်သော အဖိုးဥစ္စာကို ပေး၍ဝယ်ယူနိုင်သောသူ ထို တသောက်ချမှု၊ ထိုမဟာလတာတန်းဆာကို ဝတ်ဆင်ခြင်းငှာ သင့်လျော်

လျှောက်ပတ်ကုန်သော မိန်းမတို့သည်သည် ရခဲကုန်၏။ ထိုစကားမှန်၏။ ဇမ္ဗူဒိပ်မြေဝန်းအပြင်၌ သုံးဦးကုန်သော မိန်းမတို့သည်သာ မဟာလတာ တန်းဆာကို ဝတ်ဆင်ရကုန်၏။ သုံးဦးသော မိန်းမတို့ဟူသည်ကား—

၁။ ဝိသာခါဒါယိကာမကြီး

၂။ ဗန္ဓုလအမည်ရှိသော မလ္လမင်းသားစစ်သူကြီး၏မယား ခင်ပွန်း ဖြစ်သော မလ္လိကာ

၃။ ဗာရာဏသီသဌေးကြီး၏သမီး—

ဤသုံးဦးတို့ပေတည်း။

ထိုသို့ အစုံတယောက်မျှ ဝယ်ယူဝတ်ဆင်နိုင်သောသူ မရှိသောကြောင့် ဝိသာခါသည် ကိုယ်တိုင်သာလျှင် ထိုတန်းဆာ၏ အဖိုးကိုပေး၍ ဝယ်ယူ ပြီးလျှင် တသိန်းအလွန်ရှိသော ကိုးကုဋေသောအသပြာတို့ကို လှည်းထက် သို့တင်၍ ကျောင်းသို့ဆောင်ပြီးသော် မြတ်စွာဘုရားသခင်ကို ကြည်လင် ညွတ်သျှိုး ရှိခိုးပူဇော်ပြီး၍ "အရှင်ဘုရား အလွန်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်အာနန္ဒာမထေရ်သည် တပည့်တော်မ၏တန်းဆာကို လက်တော်ဖြင့် သုံးသပ်၏။ ထိုမထေရ် သုံးသပ်သောကာလမှစ၍ ထို တန်းဆာကို စွန့်လွှတ်ရောင်းချ၍ အပ်သောကပ္ပိယဘဏ္ဍာကို ဆောင်အံ့ ဟု ရောင်းချစေပါသော်လည်း တစုံတယောက်မျှသောသူသည် ဝယ်ယူ ခြင်းငှာ မစွမ်းနိုင်သောကြောင့် တပည့်တော်မသည်ပင်လျှင် ထိုတန်းဆာ ၏အဖိုးကို ယူစေ၍ လာရောက်ခဲ့ပါသည်။ အရှင်ဘုရား ကြီးတော်မူသော မြတ်စွာဘုရား၊ လေးပါးကုန်သော ပစ္စည်းတို့တွင် အဘယ်ပစ္စည်းဖြင့် လှူဒါန်းရပါအံ့နည်း"ဟု လျှောက်၏။ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်က "ဝိသာခါ၊ အသင့်အား မြို့၏အရှေ့မျက်နှာတံခါး၌ သံဃာတော် တို့သီတင်းသုံးနေရာဖြစ်သော ကျောင်းကိုဆောက်လုပ်ခြင်းငှာ သင့်လျော် ၏"ဟု မိန့်တော်မူ၏။

## ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း

ဝိသာခါသည် “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ သင့်လျော်လျောက်ပတ်ပါပြီ”ဟု လျှောက်ကြား၍ နှစ်သက်ဝမ်းမြောက်စွာ ကိုးကုဋေသော အသပြာတို့ဖြင့်မြေကို ဝယ်ယူ၏။ ထပါးလည်း ဖြစ်ကုန်သော ကိုးကုဋေတို့ဖြင့် ကျောင်းကိုဆောက်လုပ်ခြင်းငှာ အားထုတ်၏။ ထိုနောက် တနေ့သောနေ့ မိုးသောက်ယံ၌ မြတ်စွာဘုရားသခင်သည် လောကကို ကြည့်ရှုတော်မူသည်ရှိသော် နတ်ပြည်မှ စုတိစိတ်ကျလာခဲ့၍ ဘဒ္ဒိယမြို့ဝယ် သဌေးမျိုး၌ဖြစ်သော ဘဒ္ဒိယမည်သော သဌေးသား၏ အကြောင်း၏ပြည့်စုံခြင်းကို မြင်တော်မူ၍ အနာထပိဏ် သဌေးကြီးအိမ်၌ ဆွမ်းစားခြင်းကိစ္စကိုပြု၍ မြောက်တံခါးသို့ ရှေးရှုကြွတော်မူ၏။

ပကတိသဘောအားဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဝိသာခါ၏ အိမ်၌ ဆွမ်းကိုခံယူတော်မူပြီးသော် တောင်တံခါးဖြင့် ထွက်ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ အနာထပိဏ်သဌေး အိမ်၌ ဆွမ်းကိုခံယူပြီးသော် အရှေ့တံခါးဖြင့် ထွက်ကြွတော်မူ၍ ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ မြောက်မျက်နှာတံခါးကို ရှေးရှုရသည့်နှင့်ကြွတော်မူသည်ရှိသော်သာလျှင် မြတ်စွာဘုရားကိုမြင်၍ ဒေသစာရီလှည့်လည်ခြင်းကို ပြုကြလတ္တံ့ဟု သိကြရကုန်၏။ ဝိသာခါသည် ထိုနေ့၌ မြတ်စွာဘုရားသခင်သည် မြောက်မျက်နှာတံခါးသို့ ရှေးရှုကြွသွားတော်မူသည်ဟူ၍ ကြားသိသောကြောင့် လျင်စွာလိုက်သွား၍ ရှိခိုးမြတ်နိုး ရှိခိုးပြီးသော် “ဘုန်းတော်ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား၊ အရှင်မြတ်သည် ဒေသစာရီ လှည့်လည် ကြွနိုးတော်မူလိုယောင်တကား” ဟု လျှောက်၏။ ဘုရားကိုယ်တော်မြတ်က “ဪ-ဟုတ်ပေ၏ ဝိသာခါ” ဟု မိန့်တော်မူ၏။ “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမျှလောက်ကုန်သော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ အရှင်မြတ်တို့ သီတင်းသုံးတော်မူရာဖြစ်သော ကျောင်းအာရာမ်ကို ဆောက်လုပ်ပြုစုပါသည်၊ အရှင်ဘုရားသည် ကြွသွားတော်မမူပဲ ဆုတ်နစ်ပြန်လည်တော်မူပါ”ဟု လျှောက်၏။

## အရှင်မောဂ္ဂလ္လာန် စောင့်ရှောက်တော်မူခြင်း

"ဝိသာခါ ငါဘုရားသည် မဆုတ်နစ်သောကြွသွားခြင်း ရှိသတည်း"ဟု မိန့်တော်မူသောကာလ ဝိသာခါသည် ဤသို့ ကြွသွားတော်မူရာ၌ အကြောင်း ဥပနိဿယကုသိုလ် အဆောက်အဦးပြည့်စုံသော တစုံ တယောက်သောပုဂ္ဂိုလ်ကို မြင်တော်မူပေလိမ့်မည်"ဟု ကြံ၍ "ထိုသို့တပြီး ကား၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ပြုအပ်၊ မပြုအပ်၊ လျောက်ပတ်သည် မလျောက်ပတ်သည်ကို ကြည့်ရှုစိစစ်တတ်သော အရှင် မြတ် တပါးကို တပည့်တော်မ အား သနားကယ်မတော်မူသောအားဖြင့် ဆုတ်နစ်ပြန်လည်တော်မူစေ၍ ကြွတော်မူပါဘုရား"ဟု လျှောက်ကြား၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က "ဝိသာခါ အသင်သည် အကြင်ရဟန်း အား နှစ်သက်၏။ ထိုရဟန်း၏ သပိတ်ကို ယူလိုက်လေလော့"ဟု မိန့်တော်မူသောအခါ ထိုဝိသာခါသည် စင်စစ်အားဖြင့် အရှင်အာနန္ဒာ၌ မြတ်နိုးကြည်ညိုခြင်း ရှိပေ၏။ ယင်းသို့ပင် မြတ်နိုးကြည်ညိုခြင်း ရှိသော် လည်း အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် တန်ခိုးအာနုဘော်ကြီး၏။

ထိုအရှင်မောဂ္ဂလ္လာန်ကို အမှီပြုချလျှင် အမှုကိစ္စသည် လျင်မြန်စွာ ပြီးပေလတ္တံ့ဟု ကြံ၍ အရှင်မောဂ္ဂလ္လာန်မထေရ်၏ သပိတ်တော်ကိုယူ၍ အရှင်မောဂ္ဂလ္လာန်သည် မြတ်စွာဘုရားကို မော်၍ကြည့်ရှု၏၊ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားမောဂ္ဂလ္လာန် အသင်၏အခြံအရံဖြစ်ကုန်သော ငါးရာကုန်သော ရဟန်းတို့ကို ယူပြီးသောကာလ ဆုတ်နစ်ပြန်လည်လော့ ဟု" မိန့်တော်မူသဖြင့် အရှင်မောဂ္ဂလ္လာန်သည် မြတ်စွာဘုရား မိန့်တော် မူတိုင်းကို ပြု၏။ ထိုအရှင်မောဂ္ဂလ္လာန်၏ တန်ခိုးအာနုဘော်ဖြင့် ယူဇနာ ငါးဆယ် ခြောက်ဆယ်ရှိသော အရပ်ကိုသို့ သစ်အလို့ငှါလည်းကောင်း၊ ကျောက်အလို့ငှါလည်းကောင်း သွားကုန်သည်ရှိသော် ကြီးကုန်ကြီးကုန် သော သစ်ကျောက်တို့ကိုယူ၍ ထိုနေ့ပင် ပြန်လာကြကုန်၏။ လှည်းထက် သို့သစ်ကျောက်တို့ကို တင်ရာ၌ ပင်ပန်းခြင်းမည်သည် မရှိကုန်။ လှည်းဝင် ရိုး ကျိုးပျက်ခြင်း စသည်ဖြင့် တစုံတရာ ချွတ်ယွင်းခြင်းမည်သည် မရှိ လေ။ မကြာမြင့်မီပင်လျှင် ဘုံနှစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးကို

ဆောက်လုပ်ကုန်၏။ ဆောက်ပြစ်သော ဘုံအဆင့်၌ တိုက်ခန်းငါးရာ အသက်ဖြစ်သော သုံးဆင့်၌ တိုက်ခန်းငါးရာအားဖြင့် ပြာသာဒ်သည်တိုက်ခန်း တထောင်တို့ဖြင့် တန်းဆာဆင်ပေ၏။

ရှစ်ပါယ်မျှလောက်သောအရပ်၌ဆောက်လုပ်သော ပြာသာဒ်ကျောင်းကြီးသည် တဆောင်တည်းဖြင့် မတင့်တယ်ဟုကြံ၍ ထိုပြာသာဒ်ကျောင်းကြီးကို ဝန်းရံပြီးသောအခါ ပြာသာဒ်ငယ် ငါးရာတို့ကိုလည်းကောင်း၊ ကျောင်းငယ်ငါးရာတို့ကိုလည်းကောင်း၊ ရေပ်ရှည် ငါးရာ တို့ကိုလည်းကောင်း ပြုစေ၏။ ထိုနောက် မြတ်စွာဘုရားသခင်သည် ကိုးလတို့ဖြင့် ဒေသစာရီ လှည့်လည်တော်မူ၍ တဖန် သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူလာ၏။ ဝိသာခါ၏လည်း ကျောင်းပြာသာဒ်ဆောက်လုပ်သော အမှုသည် ကိုးလတို့ဖြင့် သာလျှင် ပြီး၏။ ပြာသာဒ်အထွတ်ထုပိကာသည် နီမြန်းသော ရွှေစင်ရွှေနစ် ဖြင့် ပြီး သဖြင့် ခြောက်ဆယ်သောရေအိုး ယူနိုင်လောက်သည်ကိုပြုစေ၏။ ဝိသာခါသည် ကျောင်းကိစ္စပြီးသည်နှင့်ဘုန်းပိုင်နက် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလာသည်ဟု ကြားသိ၍ ခရီးဦးကြိုဆိုပြီးလျှင် မြတ်စွာဘုရားသခင်ကို မိမိ၏ကျောင်းသို့ဆောင်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကျွန်ုပ်မိုးလေးလပတ်လုံး သံဃာတော်တို့နှင့်တကွ ဤကျောင်း၌ သီတင်းသုံးတော်မူအံ့သော ပဋိညာဉ်ကို ပေးသနားတော်မူပါလော့၊ တပည့်တော်မသည် ကျောင်းပွဲသဘင်ကို ပြုပါအံ့" ဟု ကြားလျှောက်သဖြင့် မြတ်စွာဘုရားသခင်သည် သည်းခံတော်မူ၏။

ထိုအခါမှစ၍ ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ကျောင်း၌ သီတင်းသုံးစေတော်မူ၍ အလှူဒါနကို ပေးလှူစွန့်ကြဲ၏။ ထိုအခါ ဝိသာခါ၏ ခင်ပွန်းဖြစ်သော ဒါယိကာမတယောက်သည် အဖိုးတသိန်းထိုက်သော တခုသောကမ္ဗလာကို ယူလာ၍ 'အိုအဆွေခင်ပွန်းမဖြစ်သော ဝိသာခါ၊ ငါသည် ဤကမ္ဗလာကို အသင်၏ကျောင်းပြာသာဒ်၌ မြေအခင်းမှ အပြုဖြစ်ဖြင့် ခင်းလိုပါသည်။ ခင်းဖို့ရာ အရပ်ဌာနတခုကို ငါ့အား ညွှန်ကြားပြသပါလော့"ဟု ဆို၏။ ဝိသာခါကလည်း "အချင်းအဆွေမငါသည် ခင်းဖို့ရာ အရပ် မရှိဟုဆိုသည်ရှိသော် ငါအား အခွင့်မပေးလိုသော

ကြောင့် ပြောဆိုသည်ဟု အသင်မှတ်ထင် အောက်မေ့ပေလိမ့်မည်။ အသင့်ကိုယ်တိုင် ပြာသာဒ်၏ နှစ်ဆင့်ကုန်သော ဘုံတို့ကိုလည်းကောင်း၊တိုက်ခန်းတထောင်တို့ကို လည်းကောင်း ကြည့်ရှုပြီးသည်ကာလ လစ်လပ် ကြွင်းကျန်သော နေရာဌာန၌ ခင်းပါလေတော့" ဟု ဆို၏။

ထိုအဖော်မသည်လည်း အဖိုးတသိန်းထိုက်သော ကမ္ဗလာကို လက်၌ကိုင်ယူလျက် ထိုထိုသို့သော ကျောင်းနေရာတို့ကို လှည့်ပတ်ကြည့်ရှုသည်ကာလ အပြည့်အကြပ်အားဖြင့် ခင်းထားအပ်သော ကမ္ဗလာတို့တွင် မိမိယူလာသောကမ္ဗလာထက်အဖိုးနည်းသော ကမ္ဗလာကိုမမြင်သောကြောင့် ဤကျောင်းပြာသာဒ်၌ ငါသည် ကောင်းမှုအဖို့မရပဲ ရှိချေအံ့ဟု နှလုံးမသက်သာခြင်းသို့ ရောက်သည်ဖြစ်၍ တခုသောနေရာ၌ ငိုကြွေး၍ ရပ်တည်နေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ငိုကြွေး၍နေသော ဒါယိကာမကိုမြင်၍ အသင်သည် အဘယ်ကြောင့် ငိုကြွေး၍နေသနည်းဟု မေးတော်မူသဖြင့် ထိုအကြောင်းကို ကြားလျှောက်၏။ မထေရ်ကလည်း "ဒါယိကာမ မကြောင့်ကြလင့်၊ ငါသည် အသင်၏ကမ္ဗလာခင်းဖို့ရာ အရပ်ကို ညွှန်ပြပြောကြားအံ့" ဟု မိန့်တော်မူပြီးသော် "စောင်းတန်းရင်း ခြေဆေးရာအရပ်၏ အကြားမဲ့ဖြစ်သော ဤနေရာ၌ ခြေသုပ်ပုဆိုးပြု၍ ခင်းလေလော့၊ ရဟန်းတို့သည် ခြေကိုဆေးသောကာလ ရှေးဦးစွာထိုကမ္ဗလာ၌ ခြေကိုသုပ်၍ အတွင်းသို့ ကြွဝင်ကုန်လတ္တံ့၊ ဤသို့ ခင်းအပ်သည်ရှိသော် အသင့်အား အကျိုးကြီးသည် ဖြစ်လတ္တံ့" ဟု မိန့်တော်မူ၏။

## ဝိသာခါ၏ ကျောင်းတော်ပူဇော်ပွဲ

ထိုနေရာသည် ဝိသာခါသည် အမှတ်သညာကို မရ၍ ကြွင်းကျန်ရစ်ခဲ့သော နေရာပေတည်း။ ဝိသာခါသည် လေးလပတ်လုံး ကျောင်း၏ အတွင်း၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား အလှူကို ပေးလှူ၏။ အဆုံးဖြစ်သောနေ့၌ ရဟန်း သံဃာတော်အား သင်္ကန်းလျာ ပုဆိုးကို ပေးလှူ၏။ သီတင်းအငယ်ဆုံးဖြစ်သော သံဃနဝကရဟန်း ရအပ်သော သင်္ကန်းလျာပုဆိုးသည် အဖိုးတသိန်းထိုက်၏။ အလုံးစုံကုန်

သော ရဟန်းတို့၏ သပိတ်တို့ကို ပြည့်စေ၍ ဆေးကိုလည်း ပေးလှူ၏။ ဤသို့အားဖြင့် အသီးသီးသော ဒါနဝတ္ထုကို ပြုစုလှူဒါန်းခြင်းသည် အသပြာကိုးကုဋေမျှကုန်၏၊ ကျောင်းကို ဆောက်လုပ်ရန် မြေကိုဝယ်ယူခြင်းသည်လည်း ကိုးကုဋေပင် ကုန်၏၊ ကျောင်းကို ဆောက်လုပ်ခြင်း၌လည်း ကိုးကုဋေပင် ကုန်ကျ၏။ ကျောင်းဘွင့်ပွဲဧဘော်သဖြင့် ကိုးကုဋေ ကုန်ကျသည်ဖြစ်၍ နှစ်ဆဲ့ခုနစ်ကုဋေကုန်သော အသပြာတို့ကို မြတ်စွာဘုရား သာသနာတော်၌ စွန့်ကြဲလှူဒါန်းပေ၏။ မိန်းမ၏အဖြစ်၌တည်လျက် မိဂ္ဂာဒိဋ္ဌိအိမ်၌ နေပြီးသည်ကာလ ဤသို့သဘောရှိသော စွန့်ကြဲလှူဒါန်းခြင်းသည် ဝိသာခါမှတပါးသော တစုံတယောက်မျှသော မာတုဂါမသည် မရှိလေ။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

"ဗုဒ္ဓဘာသေ ဌတွာ မိဂ္ဂာဒိဋ္ဌိကဿ ဂေဟေ ဝသမာနာယ
ဝေရှပေါ မဟာသရိစ္စာဂေါ နာသ အညိဿာ နတ္ထိ"-

ဟု မိန့်၏။

အနက်ကား။ ။ဗုဒ္ဓဘာသေ၊ မိန်းမ၏ အဖြစ်၌။ ဌတွာ၊ တည်၍။ မိဂ္ဂာဒိဋ္ဌိကဿ၊ မှားသောအမြင်ရှိသော မိဂ္ဂာဒိဋ္ဌိ၏။ ဂေဟေ၊ အိမ်၌။ ဝသမာနာယ၊ နေရလျက်။ ဝါ၊ နေရသော။ ဝေရှပေါ၊ ဤသို့ သဘောရှိသော။ မဟာပရိစ္စာဂေါ နာမ၊ ကြီးကျယ်စွာ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းမည်သည်။ အညိဿာ၊ ဝိသာခါမှ တပါးသောမိန်းမအား။ နတ္ထိ၊ မရှိ။ ။ဤကားအနက်။

## ဝိသာခါကျူးရင့်သော ငါးဂါထာပါဌ်အနက်

ထိုဝိသာခါသည် ကျောင်းပွဲဧဘော်ခြင်း၏ ပြီးဆုံးသောနေ့ ညချမ်းအခါ၌ သား၊ သမီး၊ မြေးအပေါင်းခြံရံလျက်၊ ငါသည် ရှေး၌ တောင့်တ-ပတ္ထနာအပ်သော အလုံးစုံသည် အကုန်ပြီးဆုံး၊ ပြည့်စုံခြင်းသို့ ငါ့အား ရောက်ပေပြီဟု ကျောင်းပြာသာဒ်သို့ အစဉ်လှည့်လည်လျက် သာယာစွာ သောအသံဖြင့်-

ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကာလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။

ကဒါဟံ မဥ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။

ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။

ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။

ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။

ဟူသော ဥဒါန်းငါးဂါထာတို့ကိုရွတ်ဆို ကျူးရင့်၏။

အနက်ကား။ ။ကဒါ၊ အဘယ်သမယ ဘယ်ကာလ၌။ အဟံ၊ ငါသည်။ သုဓာမတ္တိကာလေပနံ၊ ထုံးအင်္ဂတေ မြေညက်ဖြင့် လိမ်းကျံအပ်သော။ပါသာဒံ။ ပြာသာဒ်ကို။ ကတွာ၊ ပြု၍၊ ဝိဟာရဒါနံ၊ ဘုရားမြတ်စွာ သံဃာကိန်းအောင်း ကျောင်းအလှူကို။ ဒဿာမိ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းပါအံ့နည်း။ ဣတိ၊ ဤသို့။ မယှာ၊ ငါသည်။ သက်ပွိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏၊ ဝါ၊ ငါ့အား။ သက်ပွေါ၊ အကြံသည်။ ပူရိတော၊ မချွတ်ကုန်လုံ ပြည့်စုံပေပြီ။

ကဒါ၊အဘယ်နံ့ရေအခါ၌။ အဟံ၊ ငါသည်။ မဥ္စပီဌဉ္စ၊ ညောင်စောင်းအင်းပျဉ်ကိုလည်းကောင်း။ ဘိသိဗိမ္ဗောဟနာနိ စ၊ ဘုံလျှိုအုံးတို့ကိုလည်းကောင်း ။သေနာသနဘဏ္ဍံ၊ ကျောင်း၏ အသုံးအဆောင် ဘဏ္ဍာကို။ ကတွာ၊ ပြု၍။ ဒဿာမိ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းပါအံ့နည်း။ ဣတိ၊ ဤသို့။ မယှာ၊ ငါသည်။ သက်ပွိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သက်ပွေါ၊ အကြံသည်။ ပူရိတော၊ မချွတ်ကုန်လုံ ပြည့်စုံပါပေပြီ။

ကဒါ၊ အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။ သုစိံ မံသုပသေစနံ၊ စင်ကြယ်ထူးပြား ငါးအမဲဖြင့် ပြွမ်းထသော။ သလာကဘတ္တံ၊ စာရေးတံခေါ်မှတ် ဆွမ်းဟူ၍အမှတ်အပ်သော။ ဘောဇနဒါနံ၊ ဆွမ်းအလှူဒါနကို။ ကတွာ၊ ပြု၍။ ဒဿာမိ၊ ကြည်ပြွ ရွှင်လန်း လှူဒါန်းပါအံ့နည်း။ ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ သင်္ကပ္ပိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သင်္ကပ္ပေါ၊ အကြံသည်။ ပုရိတော၊ မချွတ်ကုန်လုံ ပြည့်စုံပါပေပြီ၊

ကဒါ၊ အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။ ကာသိကဝတ္ထဥ္စ၊ ကာသိကရာဇ် တိုင်းဖြစ်ပုဆိုးကိုလည်းကောင်း။ ခေါမကပ္ပါသိကာနိ စ၊ ခေါမတိုင်းဖြစ်ပုဆိုး ဝါချည်ပုဆိုးတို့ကိုလည်းကောင်း။ စီဝရဒါနံ၊ အဝတ်သင်္ကန်းအလှူကို။ ကတွာ၊ ပြု၍။ ဒဿာမိ၊ ကြည်ပြွ ရွှင်လန်း လှူဒါန်းရပါအံ့နည်း။ ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ သင်္ကပ္ပိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သင်္ကပ္ပေါ၊ အကြံသည်။ ပုရိတော၊ မချွတ်ကုန်လုံ ပြည့်စုံပါပေပြီ။

ကဒါ၊ အဘယ်နံ့ရော အခါ၌။ အဟံ၊ ငါသည်။ သပ္ပိနဝနီတဉ္စ၊ ထောပတ်ဆီဦးကို လည်းကောင်း၊ မဓုတေလဉ္စ၊ ပျားရည်ဆီကိုလည်းကောင်း။ ဖာဏိတဉ္စ၊ တင်လဲကိုလည်းကောင်း။ ဘေသဇ္ဇဒါနံ၊ ဆေးအလှူကို။ ကတွာ၊ ပြု၍။ ဒဿာမိ၊ ကြည်ပြွ ရွှင်လန်း လှူဒါန်းပါရအံ့နည်း။ ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ သင်္ကပ္ပိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သင်္ကပ္ပေါ၊ အကြံသည်။ ပုရိတော၊ မချွတ်ကုန်လုံ ပြည့်စုံပါပေပြီ။ ဤကား အနက်။

ရဟန်းအပေါင်းတို့သည် ထိုဝိသာခါ ဥပါသိကာမ၏ ဂါထာရွတ်ဆိုသော အသံကိုကြား၍ "ဘုန်းတော် ကြီးတော်မူပေသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဤမျှလောက်ကာလရှည်မြင့်လှစွာသော ကာလပတ်လုံး သီတင်းသုံးနေကြသည်မှာ ဝိသာခါ ဥပါသိကာမ၏ သီချင်းဆိုသော အသံမည်သည်ကို တရံတခါမျှ မကြားမထင် မမြင်ဖူးပါ။ ထိုဝိသာခါသည် ယနေ့အခါ များစွာကုန်သော သား၊ သမီး မြေးမြစ်

**အပေါင်းတို့ဖြင့်** ခြံရံပြီးသောကာလ သီချင်းကို သီဆိုလျက် ကျောင်းပြသာဒ်ကို **အစဉ်လှည့်လည်ပါသည်၊** အသို့နည်း အရှင်ဘုရား ဝိသာခါ**အား** သည်းချေပျက်ပြားခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ် ရူးသွပ်ခြင်းပင် ဖြစ်လေသလောဟု ကြားလျှောက်ကုန်၏။

မြတ်စွာဘုရားကိုယ်တော်မြတ်က—

ချစ်သားရဟန်းတို့၊ ငါ၏သမီး ဝိသာခါသည် သီချင်းဆိုသည် မဟုတ်၊မိမိအလိုဆန္ဒ အဇ္ဈာသယသည် ပြည့်စုံသည်ဖြစ်၍ ယခုအခါ ငါ၏ တောင့်တရည်ရွယ် ပတ္ထနာခြင်းသည် အပြီးဆုံးသို့ ရောက်ပေပြီဟု နှစ်သက်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ဥဒါန်းကို ရွတ်ဆို ကျူးရင့်ပြီးလျှင် လှည့်လည်လေသည်”—

ဟု မိန့်တော်မူသည်ရှိသော် “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်အခါ၌ တောင့်တပန်ဆင်ခဲ့ပါသနည်း”ဟု ရဟန်းတို့က မေးလျှောက်လျှင် ချစ်သားရဟန်းတို့၊ နာလိုကုန်သလောဟု မိန့်တော်မူသဖြင့် နာကြားလိုပါကုန်သည် အရှင်ဘုရားဟု ရဟန်းတို့က ကြားလျှောက်ဆည်ရှိသော် မြတ်စွာဘုရားသခင်သည် အတိတ်ကိုဆောင်တော်မူ၏။

## ကျောင်းအမကြီး ဝိသာခါ၏ ဆုတောင်း အကြောင်း အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့၊ ရေးလွန်လေပြီးသောအခါ ကမ္ဘာမှ သင်္ချာအရေအတွက် အထက်ကပ် တသိန်းမြောက်၏ အထက်၌ ပဒုမုတ္တရ မည်တော်မူသော လောကထွတ်ထား ဘုရားကိုယ်တော်မြတ်သည် သုံးရပ်သော လောကဓာတ်၌ နေပတ် စက်နှန်းကဲ့သို့ ငိုက်ကုန်ထင်ရှား လှုပ်ခြောက်ချားစေလျက် ဘုရားဖြစ်တော်မူ၏၊ ထိုမြတ်စွာဘုရားသခင်သည် အနှစ်တသိန်း အသက်ပိုင်းအခြား ရှိသောကာလ၌ဖြစ်တော်မူ၏၊ ရဟန္တာ တသိန်း အခြံအရံရှိ၏၊ မြတ်စွာဘုရား ဖွားမြင်တော်မူသော မြို့သည် ဟံသာဝတီ အမည်ရှိ၏။ ခမည်းတော်မင်းကြီးသည် သုနန္ဒမင်းမည်တော်

မှု၏၊ မယ်တော်မိဖုရားကြီးသည် သုဇာတာမည်၏။ ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ မြတ်သော အလုပ်အကျွေးဖြစ်သော ဒါယိကာမ တယောက်သည် ရှစ်ပါးသောဆုတို့ကို တောင်းယူ၍ မိခင်၏အရာ၌ တည်ပြီးလျှင် မြတ်စွာဘုရားသခင်ကို လေးအင်သောပစ္စည်းတို့ဖြင့် မြောက်မြှင့်ကော်ရော်ပူဇော်ညွတ်လေး လုပ်ကျွေးပြုစု သတ်သင်ပေး၏။ ညချမ်းနံနက် ချိန်နှင့်ချက်၌ မပျက်ကွက်စေသောအားဖြင့် ခစားလုပ်ကျွေးခြင်းငှါ သွားရောက်၏။

ထိုအခါ အပေါ်မြင်သော ဒါယိကာမတယောက်သည် ထိုမြတ်စွာဘုရား၊ အလုပ်အကျွေး ဒါယိကာမနှင့် အတူတကွ အမြဲမပြတ် ဘုရားကျောင်းတော်သို့ လိုက်ပါသွားရောက်၏။ ဘုရား၏အလုပ်အကျွေးဖြစ်သော မိမိ၏ အပေါ်မသည် ဘုရားနှင့်အတူတကွ အကျွမ်းဝင်သဖြင့် စကားပြောဆိုကြသည်ကိုလည်းကောင်း၊ အကျွမ်းဝင်သည်၏ အဖြစ်ကို လည်းကောင်း၊ မြင်၍ အံ့သြသော ကောင်းမှုကုသိုလ်ကံကို ဝိမ့်ပြုစုခဲ့ခြင်းကြောင့် ဤသို့မြတ်စွာဘုရား ကိုယ်တော်မြတ်တို့အား အကျွမ်းဝင်ခြင်း၊ ဖြစ်လိမ့်မည်နည်းဟု ကြံ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဤဒါယိကာမသည် အရှင်ဘုရားတို့အား အဘယ်ကြောင့် အကျွမ်းဝင်ပါသနည်း" ဟု မေးလျှောက်၏။

မြတ်သော အလုပ်အကျွေး ဖြစ်ပေသည်ဟု မြတ်စွာဘုရားက မိန့်တော်မူသည် ရှိသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြု၍ အဘယ်မျှလောက်ကာလကြာမြင့်အောင် ဆည်းပူးအားထုတ်ပြုလုပ်ခဲ့သော ဒါယိကာမ အလုပ်အကျွေး မြတ်၏အဖြစ်ကို ရနိုင်ပါသနည်း" ဟု မေးလျှောက်လျှင် ဘုရားရှင် ကိုယ်တော်မြတ်က "ကမ္ဘာ တသိန်းကာလမျှ တောက်ကဆင့်ရသည် ပါရမီ၊ မှန်ကျင့်က ရဆင့်ရထိုက်ပေသည်" ဟု မိန့်တော်မူသောအခါ "အကျွန်ုပ်တော်မ ယခုအားထုတ်ရသော်ရှိသော် ရနိုင်ပါအံ့လော" ဟု မေးလျှောက်ပြန်၏။ ထိုအခါ "ကြည်ညို ရခြင်းငှာ မဲ့နိုင်ပါ လတ္တံ့" ဟု မြတ်စွာဘုရားက မိန့်တော်မူသောကြောင့် ထို တပါးကား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တသိန်းသော သံဃာတော်တို့နှင့်တကွ တပည့်တော်မ၏ဆွမ်းကို အလှူခံတော်မူပါကုန်

ဘုရားဟု ကျော်ကြားပင့်ဖိတ်၏။ ဘုရားသခင် ကိုယ်တော်မြတ်သည်လည်း ဆိတ်ဆိတ်သည်းခံတော်မူ၏။

### ပဒုမုတ္တရမြတ်စွာဘုရားအား သံဃာတော်တသိန်းနှင့်တကွ ဆွမ်းလုပ်ကျွေးရာ ဗျာဒိတ်ကြားတော်မူခြင်း

ထိုဒါယိကာမသည် ခုနစ်ရက်ပတ်လုံး အလှူဒါနကို ပေးကမ်းစွန့်ကြဲလှူဒါန်း၍ အဆုံးဖြစ်သောနေ့၌ သင်္ကန်းလျာပုဆိုးတို့ကို လှူဒါန်းပြီးလျှင် မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်းညွတ်လျှိုး ရှိခိုးပြီးသော် "ဘုန်းတော်အလွန် ကဲမွန်ချုပ်သော အနုတ္တရ လောကထွတ်ထား မြတ်စွာဘုရား တပည့်တော်မသည် ဤအလှူဒါန၏အကျိုးဆက်ဖြင့် နတ်မင်း၏ရိပ်ငြိမ် စည်းစိမ်ချမ်းသာ အစဖြာသော များစွာသော လောကီစည်းစိမ် အပေါင်းတို့တွင် အမှတ်မထင် အကြင်တစုံတရာသော စည်းစိမ်ချမ်းသာကို ရပါစေကြောင်း တောင့်တရည်ရွယ်ခြင်း မရှိပါ၊ အရှင်မြတ်ကဲ့သို့ သဘောရှိသော တဆူသောဘုရား၏အထံတော်၌ ရှစ်ပါးကုန်သော ဆုမြတ်တို့ကို ရပြီးသည့်ကာလ မိခင်၏အရာ၌ တည်ပြီးလျှင် လေးဖြာကုန်သော ပစ္စည်းတို့ဖြင့် ချီးမြှင့်ပေးကမ်း လှူဒါန်းလုပ်ကျွေးခြင်းငှာ စွမ်းနိုင်ကုန်သော သူတို့ထက်မြတ်သော အလုပ်အကျွေးသည် ဖြစ်ရပါလိုသော" ဟူသော ဆုတောင်းပတ္ထနာခြင်းကို ဖြစ်စေ၏။ မြတ်စွာဘုရားသခင်သည် ပြည့်စုံလတ္တံ့လော၊ မပြည့်စုံလတ္တံ့လော၊ လာလတ္တံ့သော အနာဂတ်ကို ကြည့်ရှုဆင်ခြင်တော် မူသည်ရှိသော် ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ "ဥပါသိကာမ ဤကမ္ဘာမှလွန်မြောက် ကမ္ဘာတသိန်းရောက်သည်အဆုံး၌ ဂေါတမ မည်သော ငါ၏ညီတော်ဘုရားသည် ထင်ရှားဖြစ်ပေါ်လတ္တံ့၊ ထိုအခါ အသင်သည် ဝိသာခါမည်သော ဒါယိကာမဖြစ်၍ ထိုဂေါတမဘုရား၏ အထံ၌ ရှစ်ပါးသော ဆုမြတ်တို့ကို ရ၍ မိခင်၏အရာ၌ တည်ပြီးသော ကာလ လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှင့်လုပ်ကျွေးရကုန်သော ဒါယိကာမတို့တွင် အထွတ်အမြတ်ဖြစ်ပေလတ္တံ့" ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဥပါသိကာမသည်လည်း မြတ်စွာဘုရား မိန့်ကြားတော်မူသော စည်းစိမ် ချမ်းသာကို နက်ပြန်ခါ၌ ရတော့မည်ကဲ့သို့ အောက်မေ့မှတ်ထင်၍ ထိုဘဝ ၌ပင် အသက်ရှည်သမျှကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ဆည်းပူးပြုစု ၍ ထိုဘဝမှစုတိမနေ သေလွန်သည်ရှိသော် နတ်ပြည်၌ဖြစ်၍ နတ်ပြည် လူ့ပြည်တို့ဝယ် ကျင်လည်ခံစား၍ လာခဲ့ရာ ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ၌ ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက် တို့တွင် အထွေးဆုံး သံဃဒါသီအမည်ရှိသော မင်းသမီးဖြစ်၍ ခင်ပွန်းအရှင် ချစ်လင်၏နောက် တပါးသောအမျိုးသို့ မသွားမရောက်မူ၍ ထိုအမထော် တို့နှင့် အတူတကွသာလျှင် ပြင့်ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး ဒါန အစ ရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်၍ ကဿပမြတ်စွာ ဘုရား ခြေတော်ရင်း၌လည်း "နောင်လာလတ္တံ့သော အနာဂတ်ဝယ် အရှင်မြတ်ကဲ့သို့သော ဘုရားရှင်၏ မိခင်၏အရာ၌ တည်ပြီးလျှင် ပစ္စည်း လေးပါးတို့ဖြင့် ချီးမြှင့်လုပ်ကျွေးကုန်သော ဒါယိကာမတို့တွင် အထွတ် အမြတ် ဖြစ်ရပါလို၏" ဟူသော ဆုတောင်းပဌနာကို ပြု၏။ ထိုဘဝမှ စု၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ပြောင်းသွား ခံစားလျက်သာ လာခဲ့ ရာ ဤဘဝ၌ကား အင်္ဂဘောဂ၏အပြစ်၌ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေး၏သမီး အဖြစ်ဖြင့်ဖြစ်၍ ငါဘုရား သာသနာတော်၌ များစွာ ကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လေ၏။

ချစ်သားရဟန်းတို့ ဤသို့ပြဆိုခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ငါ၏သမီးတော် ဝိသာခါသည် သီချင်းကို သီဆိုသည်မဟုတ်၊ တောင့်တ ပန်ဆင်အပ်သော ပတ္ထနာပြီးဆုံးပြည့်စုံသည်၏အကြောင်းကို မြင်သောကြောင့် သာ ဥဒါန်းကို ကျူးရင့်ခြင်း ဖြစ်ပေသည်ဟု မိန့်တော်မူပြီး၍ တရား ဟောက်ကို ဟောကြားပြီးသောကြောင့် ချစ်သားရဟန်းတို့ ဥပမာသည်ကား [illegible]း လိမ်မာသမျှသော ပန်းသည်သည် အထုံးထုံး အပြားပြားကုန်သော [illegible] ပန်းတို့၏ကြီးစွာသော အစုကိုပြု၍ [illegible] ဆန်းကြယ်စွာသော [illegible]ကုံးတို့ကို သီကုံးပြုပြင်ဘိသကဲ့သို့ ဤအတူသာ ဝိသာခါသည်လည်း

အထူးထူးအပြားပြား များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုခြင်းငှာ စိတ်သည် ညွတ်လေ၏ဟု မိန့်ဆိုတော်မူပြီး၍—

ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

ဟူသော ဂါထာကို ဟောတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောလူတို့သည် သောတာပန်စသည်တို့သို့ ရောက်ကုန်၏။

အနက်ကား။ ။ပုပ္ဖရာသိမှာ၊ အပွင့်အငုံ ခိုင်ရုံရောပြု ပန်းအစုမှ။ ဗဟူ၊ များစွာ ကုန်သော။ မာလာဂုဏေ၊ ပန်းကုံးတို့ကို။ ကယိရာ ယထာ၊ လိမ်မှာလှသော ပန်းသည်သည် ပြုသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဇာတေန၊ မွေးဖွားသော။ မစ္စေန၊ သတ္တဝါသည်။ ဝါ၊ ဇာတေန၊ အမိဝမ်းဝယ် စွဲလမ်းသန္ဓေ တည်နေတတ်သော။ မစ္စေန၊ စေတွဝေမိန်းမော နှစ်မျော၍သေတတ်သော။ သတ္တေန၊ သတ္တဝါသည်။ ပုပ္ဖရာသိမှာ၊ ပစ္စည်းဥစ္စာ သဒ္ဓါမခန်း ပန်းအစုမှ။ ဗဟုံ၊ များစွာသော။ ကုသလံ၊ ပန်ဆင်တင့်သုံး အံ့မဆုံးသော ကုသိုလ်ပန်းကုံးကို။ ကတ္တဗ္ဗံ၊ မနေမနား ထပ်ပွားအားထုတ် ပြုလုပ်အပ်၏။ ။ဤကားအနက်။

ဓမ္မပဒပုပ္ဖဝဂ်၌ ရှစ်ခုမြောက်သော ဝိသာခါဒါယိကာမကြီး၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၉-ပါပဝဂ် ၉-ကောကသုနခလုဒ္ဒကဒွေးမုဆိုးဝတ္ထု

ယော အပ္ပဒုဋ္ဌဿ– ဤသို့အစရှိသည့် ဓမ္မဒေသနာ ပါဠိဂါထာကို ကိုးဖြာအာဃာတ ဝတ္ထုရသဖြင့် ဒေါသအမျက် မဆွက်သင့်မှု ညာဏ်ဖြင့်

ယှဉ်၍ မမူသတိ ကြံမကြည့်ပဲ အတိကောခ ဒေါမနဿဖြင့် ကောပတင်ပွဲ ရန်ငြိုးချဲ့ကုန်သော နံ့နဲ့ဝေနေ ဗိုလ်ခြေတသင်း ခပင်းဥဿုံ အလုံးစုံ တို့ကို အကုန်မကျန် ကရုဏာရွှေဉာဏ်ဖြင့် သုံးမတတ်သော သကတ်ဂုဏ်ရှင် ဘုရားသခင်သည် ဝန်းကျင်ဗိုလ်လူ သောသောသူလျက် ကြည်နူးရွှင်ပြုံး မျှသုံးနေရာ အဂ်ါသမ္ပတ် သာဝတ္ထိပြည်မြတ်၏ တောင်ရပ်အကွ တည်ရှိအမှန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းစံပယ်တော်မူသောကာလ ကောကအမည်ရှိသော ခွေးမုဆိုးကို အကြောင်းပြုသော အားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား၊ ဤသို့ပေတည်း။

## ပစ္စုပ္ပန်ဝတ္ထု

ထိုမုဆိုးသည် တနေ့သောနံနက်အခါ၌ လေးကိုယူပြီးသည့်ထာလ ခွေးအပေါင်းတို့ဖြင့် ခြံရံလျက် တောသို့သွားသည်ရှိသော် ခရီးအကြား၌ ဆွမ်းအလို့ငှာ ကြွတော်မူသော တပါးသော ရဟန်းကို တွေ့မြင်၍ အမျက်ထွက်ပြီးလျှင် "ငါ့အား ယနေ့ သူယုတ်မာကို တွေ့မြင်ရ၏၊ ယနေ့ တစုံတခုကိုမျှ ရသည်မဖြစ်လတ္တံ့"ဟု ကြံ၍ ပဲသွား၏။

မထေရ်သည်လည်း ရွာ၌ ဆွမ်းအလို့ငှာ လှည့်လည်၍ ပြုအပ်ပြီးသော ဆွမ်းစားခြင်း ကိစ္စရှိသဖြင့် တပန်ကျောင်းသို့ ပြန်ကြွလာ၏။ ခွေးမုဆိုးသည်လည်း တောကိုလှည့်လည်၍ တစုံတခုသော သားကောင်ကို မရသောကြောင့် ပြန်လည်ခဲ့သည်ရှိသော် တပန်မထေရ်ကိုမြင်၍ "ယနေ့ ငါသည် ဤသူယုတ်ကို မြင်ရသောကြောင့် တောသို့သွားသည်ရှိသော် တစုံတခုသော အားကိုမျှ မရ၊ ဤယခုအခါ၌ ငါ၏ထံသို့ ရှေး၌ လာသောအားဖြင့် တွေ့မြင်ရပြန်၏။ သူယုတ်ကို ခွေးတို့ဖြင့် ကိုက်ခဲစေအံ့" ဟု အမှက်ကို ကြံ၍ ခွေးတို့ကို လွှတ်၏။ မထေရ်သည် "ဒါယကာ ဤသို့မပြုပါလင့်"ဟု တောင်းပန်၏။ ငါသည် ယနေ့ အသင့်ကို မျက်မှောက်တွေ့မြင်ရသည့် အပြစ်ကြောင့် တစုံတခုသော သားဟင်းမျိုးကို မရ၊ တဖန်လည်း ငါ၏မျက်မှောက်ဖြစ်၍ လာပြန်ဘိသည်။ အသင့်ကို ခွေးတို့

ဖြင့် ကိုက်ခဲစေအံ့” ဟု ဆို၍ ခွေးတို့ကို လွှတ်သည်သာသျှင်တည်း။ မထေရ်သည် လျင်စွာသောအဟုန်ဖြင့် တခုသောသစ်ပင်သို့ ပြေးတက်၍ တသူမျှပမာဏရှိသော အရပ်၌ ထိုင်နေ၏။

ခွေးတို့သည် သစ်ပင်ကို ဝန်းရံကုန်၏။ မုဆိုးသည် သွား၍“အသင့်အား သစ်ပင်သို့ တက်ပြေးသော်လည်း လွှတ်ခြင်းမရှိ”ဟု ပြောပြီးလျှင် မထေရ်၏ ခြေဖဝါးအပြင်၌ မြားသွားဖြင့် ထိုး၏။ မထေရ်က “ဒါယကာ၊ ဤသို့မပြုပါလင့်။ ငါ့အား သက်သာရာကို ပေးပါလော့” ဟု အဖန်ဖန်အထပ်ထပ် မပြတ်ပြောဆို တောင်းပန်သည်သာတည်း။

## ခွေးစာဖြစ်သောမုဆိုး

ခွေးမုဆိုးသည် မထေရ်၏တောင်းပန်သော စကားကို မနာမယူမူ၍ အဖန်ဖန်အထပ်ထပ် ထပ်ကာယပ်ကာ မြားသွားဖြင့် ထိုး၏။မထေရ်သည် တခုသော ခြေဖဝါးအပြင်၌ မြားသွားဖြင့် ထိုးအပ်သည်ဖြစ်၍ အလွန်ကျင်နာသည်ရှိသော် ထိုခြေကိုပင့်၍ နှစ်ခုမြောက်သော တဘက်သောခြေကို တွဲလွဲဆွဲပြန်၏။ ထိုတွဲလွဲဆွဲအပ်သော ခြေကိုထိုး၍ ကျင်နာပြန်သည်ရှိသော် တဘက်ခြေကိုချ၍ထိုခြေကို တင်ပြန်၏။ ဤသို့သောနည်းဖြင့် ချကာပင့်ကာ လဲလှယ်သောမထေရ်၏ ခြေနှစ်ဘက်တို့ကို မြားသွားဖြင့် ထိုး၏၊ မထေရ်၏ကိုယ်သည်မီးရှူးဖြင့် မြိုက်ဘိသကဲ့သို့ ဖြစ်၏။ မထေရ်သည်လည်း ပြင်းထန်စွာသော ဝေဒနာ ကို ခံစားရသည်ဖြစ်၍ သတိကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်လေ၊ မိမိရုံအပ်သော သင်္ကန်းသည် အရုံပျက်စီး၍ကျွတ်ကျသည်ကိုမမှတ်မိ။ ထိုသင်္ကန်းသည် ကျသည်ရှိသော် ကောက မုဆိုးကို ဦးခေါင်းမှစ၍ လွှမ်းခြုံပြီးလျှင်ကျလေ၏။

ခွေးတို့သည် မထေရ် ကျပြီဟူသော အမှတ်ဖြင့် သင်္ကန်း၏အတွင်းသို့ ဝင်၍ မိမိအရှင်ကို စားသောက်ကိုက်ခဲ၍ အရိုးမျှကြွင်းသည်ကို ပြုကုန်၏။ ခွေးတို့သည် ကိုက်ခဲစားသောက်ပြီးသောအခါ သင်္ကန်းအတွင်းမှထွက်၍ အပပြင်ဘက်၌တည်ကြကုန်၏။ထိုအခါမထေရ်သည် ခွေးတို့အားတခုသော သစ်ခြောက်ကိုင်းကို ချိုး၍ပစ်၏၊ ခွေးတို့သည် မထေရ်ကိုမြင်၍ ငါတို့သည်

"မိမိအရှင်ကိုသာလျှင် ခဲအပ်လေကုန်ပြီ" ဟု သိသောကြောင့်ထောင်လို ပြေးဝင်ကြကုန်၏။

မထေရ်သည် "ငါ၏သင်္ကန်းတွင်းသို့ ဝင်သောကြောင့် ဤဒါယကာ မုဆိုးသည် ဘေးကြေပျက်စီးခြင်းသို့ ရောက်၏၊ အသို့ပေနည်း၊ ငါ၏ သီလသည် အပြစ်အနာအဆာမရှိမူ၍ ဝင်ကြယ်ကောင်းမွန်စွာ တည်ရှိပါဦး မည်လော" ဟု အလိုလိုကို ဖြစ်စေ၏၊ မထေရ်သည် သစ်ပင်မှသက်ဆင်း ၍ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် အစမှစ၍ ထိုဖြစ်ယင်း အကြောင်းကို ရုံးပေါင်းသွတ်တွား လျှောက်ထားပြီးသည့်ကာလ "ဘုန်း တော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ သင်္ကန်းကိုမှီ၍ ထိုဒါယကာသည် ဘေးကြေပျက်စီးရပါသည်၊ အသို့နည်း၊ တပည့်တော် အား ရဟန်းအဖြစ် မရှိပါပြီလော" ဟု မေးလျှောက်၏။

မြတ်စွာဘုရားသခင်သည် ထိုရဟန်း လျှောက်ထားသော စကားကို ကြားတော်မူ၍ "ချစ်သားရဟန်း အသင်၏သီလသည် သစ်နှမ်းကျိုး ပေါက် ပျက်စီးခြင်း မရှိ၊ အသင့်အား ရဟန်းအဖြစ် ရှိ၏၊ ထိုမုဆိုး သည် မပြစ်မှား ထိုက်သောသူအား ပြစ်မှားဖျက်ဆီးခြင်းကြောင့် ပျက်စီး ခြင်းသို့ ရောက်ရလေသည်၊ ထိုမုဆိုးသည် သက်သက် ဤယခုဘဝ၌သာ လျှင် ပျက်စီးခြင်းသို့ ရောက်ရသည် မဟုတ်သေး၊ ရှေးလွန်လေပြီးသော ဘဝ၌လည်း မပြစ်မှားထိုက်သောသူအား ပြစ်မှားဖျက်ဆီးခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ဖူးသည် သာလျှင်တည်း" ဟု မိန့်တော်မူပြီး၍ ထိုအကြောင်းကို ထင်ရှားပြတော် မူလိုသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## ရှေး မုဆိုး အတိတ်ဝတ္ထု

ချစ်သားရဟန်း၊ ရှေးလွန်လေပြီးသော အခါ၌ ကယောက်သော [illegible] သမားသည် [illegible] အမှုကိုပြုစုကုသရန်အလို [illegible] ရွာသို့ [illegible] ရှိသော် တစုံတခု [illegible] ကို မရ [illegible] မှတ်သိပ်ရကာ၊ ငွေ [illegible] ရွာအ [illegible] [illegible] နေကုန်

သော လူငယ်တို့ကို တွေ့မြင်လျှင် ဤသူငယ်တို့ကို မြွေဖြင့် ကိုက်စေ၍ ဆေးအမှုကို ကုစားပြုလုပ်ပြီးကာလ အာဟာရကို ပေးတော့မည်ဟု ကြံ၍ တခုသောသစ်ပင်၏ အရင်း ဖြစ်သော တွင်း၌ ဦးခေါင်းကိုတုတ်၍ အိပ်နေသောမြွေကို ပြပြီးလျှင် အို–အချင်းသူငယ်တို့၊ ဤသည်ကား ဆက်ရက် (ဇရက်) ငယ်တည်း။ ထိုဆက်ရက်ငယ်ကို ဖမ်းယူကြကုန်လော့ဟု ပြော၏။ ထိုအခါ တယောက်သော သူငယ်သည် မြွေ၏လည်ပင်း၌ မြဲစွာကိုင်ဆုပ်မိလျှင် ဆက်ရက်ငယ် မဟုတ်။ မြွေ၏အဖြစ်ကိုသိ၍ ဟစ်အော်မြည်တွန်လျက် မနီးမဝေးသောအရပ်၌ တည်နေသော ဆေးသမား၏ ဦးထိပ်ထက်သို့ ပစ်ချလိုက်၏။ မြွေသည်ဆေးသမား၏ ကျောက်ကုန်းကိုမြဲစွာရစ်ပတ်ပြီးလျှင် ခဲအပ်သည်ဖြစ်၍ထိုနေရာ၌ပင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

## အရဟတ္တဖိုလ် တည်သောရဟန်း

ချစ်သားရဟန်းတို့၊ ဤကောကအမည်ရှိသော ခွေးမုဆိုးသည် ဤသို့သော အခြင်းအရာဖြင့် ရှေးအခါ၌လည်း မပြစ်မှားအပ်သောသူကို ပြစ်မှားဖျက်ဆီးခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ဖူးသည်သာလျှင်တည်းဟု ဤသို့သောအတိတ်ကို ဆောင်တော်မူပြီးလျှင် အနုသန္ဓိကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်–

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
**သုဒ္ဓဿ** ပေါသဿ **အနင်္ဂဏဿ။**
**တမေဝ** ဗာလံ ပစ္စေတိ ပါပံ၊
**သုခုမော** ရဇော ပဋိဝါတံဝ ခိတ္တော။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာ ပါဠိဂါထာ၏အဆုံး၌ ရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။ ထိုရဟန်းမှ တပါးကုန်သော များစွာကုန်သော သူတို့သည်လည်း အကျွတ်တရားကို ရကုန်၏။

အနက်ကား။ ။ယော ဗာလော၊ မသိမလိမ္မာ ပညာကင်းကြိုက် အကြင်မိုက်သောသူသည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားထိုက်သော။ သုဒ္ဓဿ၊ စင်ကြယ်ထသော။ အနင်္ဂဏဿ၊ ကိလေသာဟူ မြူအညစ်အကြေး မရှိထသော။နရဿ ပေါသဿ၊ ရှင်ဦးတင်မှတ် သတ္တဝါဟုဆိုအပ်သော ရဟန္တာအရှင်မြတ်အား။ ဒုဿတိ၊ ပြစ်မှား၏။ ပဋိဝါတံ၊ လေတင် လေညာသို့။ ခိတ္တော၊ ပစ်လွှတ်အပ်သော။ သုခုမော၊ သိမ်မွေ့နူးညံ့သော။ ရဇော၊ မြူသည်။ တမေဝ၊ ထိုပစ်လွှတ်တတ်သော သူသို့သာလျှင်။ ပစ္စေတိ ဣဝ၊ ရွေးရှုလာဘိသကဲ့သို့။ တမေဝဗာလံ၊ ပြစ်မှားတတ်သော ထိုသူမိုက်သို့သာလျှင်။ ပါပံ၊ ယုတ်မာညစ်ကျူ မကောင်းမှုအကျိုးသည်။ ပစ္စေတိ၊ ရွေးရှုလာ၏။ ။ဤကားအနက်။

ဓမ္မပဒ ပါပ-ဝဂ်၌ ကိုးခုမြောက်သော ကောကမည်သော ခွေးမုဆိုး၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ ပြီး၏။

ဥဂ္ဂသေနဝတ္ထု

ကချေသည် ငါးရာတို့သည် တနှစ်သော်လည်းကောင်း၊ ခြောက်လသော်လည်းကောင်း၊ ရောက်လတ်သော် ရာဇဂြိုဟ်ပြည်သို့ သွားကုန်၍ မိမ္ဗိသာရမင်းကြီးအတွက် ခုနစ်ရက်ပတ်လုံး သဘင်ခင်းခြင်းကို ပြုကုန်လျက် ရွှေငွေဥစ္စာ များစွာရကုန်၏၊ ကခုန်နေသည့် အကြားအကြား၌ ချအပ်ကုန်သော ဆုလာဘ်တို့ကား အပိုင်းအခြားမရှိပေ၊ လူအပေါင်းသည် သောင်စောင်းအဆင့်ဆင့် စသည်တို့၌နေ၍ ပွဲသဘင်ကို ကြည့်ကုန်၏။ ထိုအခါ ကျွမ်းဘားကချေသည်၏သမီး ကချေသည်မ တယောက်သည် ဝါးလုံးထိပ်များသို့တက်၍ ထိုဝါးလုံး၏အထက်၌ လှည့်လည်လျက် ထိုဝါးလုံး၏ ထိပ်စွန်းကောင်းကင်၌ ယမ်းလျှောက်ကာ ကလည်းက၏၊ ဆိုလည်းဆို၏၊

ထိုအခါ၌ ဥဂ္ဂသေနမည်သော သဌေးသားသည် မိတ်ဆွေနှင့်အတူ ညောင်စောင်းအဆင့်ဆင့်၌ နေ၍ ထိုကချေသည်ကို ကြည့်ရှုကာ ထိုကချေသည်မ၏ လက်ခြေလှုပ်ရှားခြင်းစသည်တို့၌ ချစ်ခင်ခြင်းဖြစ်ပြီးလျှင် အိမ်သို့သွား၍ "ထိုကချေသည်မကို ရလျှင် အသက်ရှင်အံ့၊မရလျှင် ဤနေရာ၌ပင် ငါ့အား သေခြင်းသည်ဖြစ်လတ္တံ့"ဟု အာဟာရဖြတ်ခြင်းကိုပြုကာ ညောင်စောင်း၌ အိပ်လေ၏၊ အမိအဘတို့သည် "ချစ်သား သင့်အား အဘယ်ရောဂါ နှိပ်စက်သနည်း"ဟု မေးသော်လည်း "အကျွန်ုပ်အား ထိုကချေသည်သမီးကို ရပါလျှင် အသက်ရှိသေး၏၊မရပါလျှင် ဤနေရာ၌ပင် အကျွန်ုပ်အား သေအံ့"ဟု ဆိုသော် "ချစ်သား ဤသို့ မပြုပါလင့်၊ သင့်အတွက် ငါတို့၏အမျိုးစည်းစိမ်နှင့် လျော်ကပ်သော အခြားအမျိုးသမီးတဦးကို ဆောင်ယူကုန်အံ့"ဟု ဆိုကုန်သော်လည်း ရှေးနည်းအတူသာလျှင်ဆို၍ အိပ်လေ၏၊ထိုအခါ ထိုဥဂ္ဂသေန၏ အမိအဘတို့သည် များစွာ တောင်းပန်ကုန်သော်လည်း သားကို ကောင်းစွာ သိစိမ့်သော ငှာ မတတ်နိုင်ကုန်၍ ဥဂ္ဂသေန၏မိတ်ဆွေကို ခေါ်စေကာ အသပြာတထောင်ကို ပေးအပ်ပြီးလျှင် "ဤအသပြာကိုယူ၍ မိမိသမီးကို ငါ့သားအား ပေးစေသတည်း"ဟု ကချေသည်ကြီးအား ပြောရန် စေလွှတ်လေ၏။

ထိုကချေသည်မ၏ဖခင်သည် "ငါသည် အသပြာတို့ကိုယူ၍ သမီးကို မပေးနိုင်၊ ထိုသတို့သားသည် ဤသမီးကို မရလျှင် အသက်ရှင်ရန် မစွမ်းနိုင်ခဲ့မူ ငါတို့နှင့်အတူသာလျှင် သွားလာလှည့်လည်ပါစေ၊ ထိုသတို့သားအား သမီးကို ပေးအံ့"ဟု ဆိုလေ၏၊ အမိအဘတို့သည် သားအား ထိုအကြောင်းကို ပြောကုန်၏၊ ထိုဥဂ္ဂသေနသည် "အကျွန်ုပ်သည် သူတို့နှင့်အတူ သွားလာလှည့်လည်အံ့"ဟု ဆို၍ တောင်းပန်ကုန်သော်လည်း ထိုမိဘတို့၏ စကားကို မယူမူ၍ အိမ်မှထွက်ကာ ကချေသည် အထံသို့သွားလေ၏၊ ထိုကချေသည်ကြီးသည် ထိုဥဂ္ဂသေနအား သမီးကိုပေး၍ ဥဂ္ဂသေနနှင့် အတူတကွသာလျှင် ရွာ နိဂုံး မင်းနေပြည်တော်တို့၌ အတတ်ကို ပြကုန်လျက် လှည့်လည်သွားလာလေ၏။

ထိုကချေသည်မသည်လည်း ဥဂ္ဂသေနနှင့်အတူ ပေါင်းခြင်းကိုစွဲ၍ မကြာမြင့်မီ၌ပင် သားကိုရရှိသဖြင့် ချော့မြှူသည်ရှိသော် "လှည်းစောင့်သမား၏သား, ဥစ္စာထုပ်ထမ်းသမား၏သား, တဏှာမရှိ မတတ်သူ၏သား"ဟု ဆိုလေ၏၊ ထိုဥဂ္ဂသေနသည်လည်း ထိုကချေသည်တို့၏ လှည်းဖြုတ်ခြင်းကိုပြု၍ ထားရာနေရာ၌ နွားတို့အတွက် မြက်ကိုဆောင်ယူရ၏၊ အတတ်ပညာကို ပြသရာ၌ ရသော ဥစ္စာဘဏ္ဍာကို ထမ်းပိုးဆောင်ယူရ၏၊ ထိုအခြင်းအရာကိုသာ ထိုမိန်းမသည် သားကို ချော့မြှူရာ၌ ထိုစကားကိုဆိုသတတ်၊ ထိုဥဂ္ဂသေနသည် မိမိကိုယ်ကို အကြောင်းပြု၍ ထိုမိန်းမ၏ သီဆိုသည့်အဖြစ်ကိုသိ၍ "ငါ့ကိုရည်၍ ဆိုသလော" ဟု မိန်းမကို မေး၏၊ "မှန်၏၊ သင့်ကိုရည်၍ပင် ဆို၏" ဟု ဆိုလျှင် သို့ဖြစ်လျှင် "ငါသည် ထွက်ပြေးအံ့"ဟု ဆိုလေ၏။

ထိုမိန်းမသည် "သင်ပြေးသည်ဖြစ်စေ, လာသည်ဖြစ်စေ ငါ့အား အဘယ်အကျိုး ရှိအံ့နည်း"ဟု ကပ်ကာ ထပ်ကာသာလျှင် ထိုသီချင်းကို သာလျှင် သီဆိုလေ၏၊ ထိုကချေသည် မိန်းမသည်ကား မိမိ၏ အဆင်း၏ ပြည့်စုံမှုကိုလည်းကောင်း၊ ဥစ္စာရှိနေမှုကို လည်းကောင်း စွဲ၍ ထိုဥဂ္ဂသေနကို တစုံတခုမျှ မအောက်မေ့လေ၊ ထိုဥဂ္ဂသေနသည် "ဤမိန်းမသည် အဘယ်ကိုအကြောင်းပြု၍ ဤမာန်တက်ခြင်း ဖြစ်သနည်း"ဟု ကြံစည်သော် "အတတ်ပညာကို အမှီပြု၍ မာန်တက်၏" ဟု သိသဖြင့် "ရှိစေတော့၊ ငါသည် အတတ်ကို သင်အံ့" ဟု ယောက္ခမ ကချေသည်ကို ချဉ်းကပ်၍ ထိုကချေသည်၏ တတ်ထားသမျှအတတ်ကို သင်ယူပြီးလျှင် ရွာ နိဂုံးစသည်တို့၌ အတတ်ကိုပြလျက် အစဉ်အားဖြင့် ရာဇဂြိုဟ်ပြည်သို့ လာ၍ "ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဥဂ္ဂသေန သူဌေးသားသည် မြို့သူမြို့သားတို့အား အတတ်ပညာကို ပြပေအံ့" ဟု ကြေညာကြားစေလေ၏။

မြို့သူမြို့သားတို့သည် ညောင်စောင်းအဆင့်ဆင့် စသည်တို့ဖြင့် ပွဲခင်းကျင်း၍ ခုနစ်ရက်မြောက်သောနေ့၌ စည်းဝေးကုန်၏။ ထိုဥဂ္ဂသေနသည်လည်း အတောင်ခြောက်ဆယ်ရှိသော ဝါးလုံးထိပ်သို့တက်၍ ထိုဝါးလုံး

ထိပ်၌ ရပ်လေ၏၊ ထိုနေ့၌ မြတ်စွာဘုရားသည် နံနက်အချိန် လောကကို ကြည့်ရှုတော်မူသော် ထိုသဗ္ဗေးသားကို ကိုယ်တော်၏ ဉာဏ်တော်ကွန် ယက်အတွင်း ဝင်သည်ကိုမြင်တော်မူ၍ "အသို့ဖြစ်လတ္တံ့နည်း" ဟု ဆင် ခြင်တော်မူလျှင်—

"နက်ဖြန် သဗ္ဗေးသားသည် အတတ်ကို ပြလတ္တံ့ဟု–ဝါးလုံး ထိပ်ဖျား၌ ရပ်လတ္တံ့၊ ထိုသဗ္ဗေးသားကို ကြည့်ရှုရန် လူအပေါင်း သည် စည်းဝေးလတ္တံ့၊ ထိုနေရာ၌ ငါဘုရားသည် လေးပါဒရှိသော ဂါထာကို ဟောကြားအံ့၊ ထိုဂါထာကိုကြား၍ ရှစ်သောင်း လေး ထောင်ကုန်သော သတ္တဝါတို့သည် သစ္စာလေးပါးကို ထိုးထွင်း သိကုန်လတ္တံ့၊ ဥဂ္ဂသေန သဗ္ဗေးသားသည်လည်း အရဟတ္တဖိုလ်၌ တည်လတ္တံ့"–

ဟု မိန့်တော်မူလေ၏။

မြတ်စွာဘုရားသည် နောက်နေ့၌ အချိန်ကို မှတ်တော်မူကာ ရဟန်း သံဃာအပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ဥဂ္ဂသေန သဗ္ဗေးသားသည်လည်း မြတ်စွာဘုရား မြို့တွင်းသို့မဝင်မီ၌ပင် အုတ်အုတ် ကျက်ကျက် ကောင်းချီးပေးရန် လူအပေါင်းအား လက်ချောင်းအမှတ်ကို ပေး၍ ဝါးလုံးထိပ်၌ ရပ်လေ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် မြို့သို့ဝင် တော်မူသော် ပရိသတ်သည် ဥဂ္ဂသေနကို မကြည့်ရှုပဲ ကိုယ်တော်မြတ်ကို သာလျှင် ဖူးမြင်စေရန် ပြုတော်မူလေ၏၊ ဥဂ္ဂသေနသည် ပရိသတ်ကို ကြည့်ရှုသော် "ပရိသတ်သည် ငါ့ကို မကြည့်ရှုပါတကား" ဟု စိတ်နှလုံး မသာယာခြင်းသို့ ရောက်၍—

"ငါသည် ဤအတတ်ပညာကို တနှစ်ပတ်လုံး ပြုလုပ်သင် ကြားအပ်၏၊ မြတ်စွာဘုရား မြို့တွင်းသို့ဝင်သော် ပရိသတ်သည် ငါ့ကို မကြည့်ပဲ မြတ်စွာဘုရားကိုသာလျှင် ဖူးမြော်ကုန်၏၊ ငါ၏ အတတ်ပညာပြသခြင်းသည် အချည်းနှီး ဖြစ်လေစွတကား"-

ဟု ကြံစည်လေ၏။

မြတ်စွာဘုရားသည် ထိုဥဂ္ဂသေန၏စိတ်ကို သိတော်မူ၍ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို သိစေလျက် "မောဂ္ဂလ္လာန်သွားချေ၊ သဌေးသားကို အတတ်ပညာကို ပြစေသတည်း"ဟု မိန့်တော်မူ၏၊ မထေရ်သည် သွား၍ ဝါးလုံး၏အောက်၌ရပ်လျက် သဌေးသားကိုခေါ်ကာ ဤဂါထာကို မိန့်တော်မူ၏။

"တိုက်တွန်းပါ၏–ရှုပါလော့၊ ခွန်အားကြီးငြား သဘင်သည်သား၊ ဥဂ္ဂသေန ပရိသတ်၌ ပွဲသဘင်ကို ပြုပါလော့၊ လူအပေါင်းကို ရွှင်လန်းစေပါလော့"။

ထိုဥဂ္ဂသေနသည် မထေရ်၏စကားကိုကြားလျှင် ဝမ်းမြောက်သော စိတ်ဖြစ်လျက် "မြတ်စွာဘုရားသည် ငါ၏အတတ်ပညာကိုကြည့်ရှုတော်မူလိုဟန်တကား"ဟု ဝါးလုံးထက်၌ တည်လျက်သာလျှင် ဤဂါထာကို ဆိုလေ၏။

"တိုက်တွန်းပါ၏– ရှုပါလော့၊ ပညာကြီးငြား တန်ခိုးတော်ရှင် အရှင်မောဂ္ဂလ္လာန်ဘုရား၊ ပရိသတ်၌ ပွဲသဘင်ကို ပြုပါအံ့၊ လူအပေါင်းကို ရွှင်လန်းစေပါအံ့"။

ဤသို့လျှင် မြွက်ဆိုလျက် ဝါးလုံးထိပ်မှ ကောင်းကင်သို့ ခုန်တက်လျက် ကောင်းကင်၌သာလျှင် တဆယ့်လေးကြိမ် လူးလဲ ကျွမ်းထိုး၍ ဆင်းပြီးလျှင် ဝါးလုံးထိပ်၌သာလျှင် ရပ်လေ၏၊ ထိုအခါ ထိုဥဂ္ဂသေန သဌေးသားကို မြတ်စွာဘုရားသည် "ဥဂ္ဂသေန ပညာရှိသည်သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော 'ခန္ဓာတို့၌ တွယ်တာမှုကို ပယ်စွန့်ကာ ဇာတိ ပဋိသန္ဓေ စသည်တို့မှ လွတ်မြောက်ရန် သင့်ပေ၏"ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူလေ၏။

ဒေသနာတော်

(၃၄၈) လွန်လေပြီးသော ခန္ဓာ၌ တဏှာကို စွန့်လော့၊ နောင်ဖြစ် ပေါ်မည့်ခန္ဓာ၌ တဏှာကို စွန့်လော့၊ ယခုဖြစ်သော

> ပစ္စုပ္ပန်ခန္ဓာ၌ တဏှာကို စွန့်လော၊ အလုံးစုံ (ပစ္စုပ္ပန် အတိတ် အနာဂတ်) ခန္ဓာ၌ တဏှာမှ လွတ်သောစိတ်ရှိလျက် ဘဝသုံးပါး၏အဆုံးသို့ ရောက်သည်ဖြစ်၍ တဖန် အိုခြင်း, နာခြင်းသို့ မကပ်လေလင့်။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းဖြစ်လေ၏၊ သင်္ဘေးသားသည်လည်း ဝါးလုံးထိပ်၌ ရပ်လျက်သာလျှင် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ဝါးလုံးထိပ်မှဆင်းလျက် မြတ်စွာဘုရားအထံသို့သွားကာ ငါးပါးသောတည်ခြင်းဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရဟန်းအဖြစ်ကို တောင်းပန်လေ၏၊ ထိုအခါ သင်္ဘေးသားကို မြတ်စွာဘုရားသည် လက်ယာလက်ရုံးတော်ကို ဆန့်တန်းတော်မူလျက် "ရဟန်းလာစလော့"ဟု "ဧဟိဘိက္ခု" ခေါ်တော်မူ၏၊ ထိုဥဂ္ဂသေနသင်္ဘေးသားသည် ထိုခဏ၌ပင် ပရိက္ခရာရှစ်ပါးတို့ကိုလွယ်လျက် အဝါခြောက်ဆယ်ရသော မထေရ်ကြီးကဲ့သို့ ဖြစ်လေ၏။

ထိုအခါ ဥဂ္ဂသေနမထေရ်ကို ရဟန်းတို့သည် "ငါ့ရှင် ဥဂ္ဂသေန သင့်အား၊ အတောင်ခြောက်ဆယ် ဝါး၏ထိပ်မှ ဆင်းသက်စဉ် ကြောက်ရွံ့ခြင်းမည်သည် မဖြစ်သလော"ဟု မေးကုန်၍ "ငါ့ရှင်တို့ ငါ့အား ကြောက်ရွံ့ခြင်း မရှိပါ"ဟု ဆိုသော် မြတ်စွာဘုရားအား "မြတ်စွာဘုရား ဥဂ္ဂသေနရဟန်းသည် မကြောက်ရွံ့ပါ"ဟု ဆိုပါ၏၊ "မမှန်သည်ကိုဆို၍ အရဟတ္တဖိုလ်ကို ပြောကြားပါ၏" ဟု လျှောက်ကုန်သော် မြတ်စွာဘုရားသည် "ရဟန်းတို့ ငါ့သားတော် ဥဂ္ဂသေနနှင့်တူသော သံယောဇဉ်ကို ဖြတ်ပြီးသော ရဟန်းတို့သည် မကြောက်မလန့်ကြကုန်"ဟု မိန့်တော်မူ၍ ဗြာဟ္မဏအစု၌ ဤဂါထာကို ဟောတော်မူ၏–

> "အကြင်ပုဂ္ဂိုလ်သည် အနှောင်အဖွဲ့ (သံယောဇဉ်) အားလုံးကို ဖြတ်၍ ထိတ်လန့်ပူပန်မှုမရှိ၊ ကပ်ငြိတတ်သည့် ကိလေသာကိုလွန်သော ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏"။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့ သစ္စာလေးပါးကို ထိုးထွင်းသိခြင်း ဖြစ်လေ၏၊ တဖန် နေသည့် ရဟန်းတို့သည် တရားသဘင်၌ "ငါနှင့်တို့ ဤသို့အဋ္ဌဟတ္ထဖိုလ်၏အကြောင်း ဥပနိဿယနှင့် ပြည့်စုံသော ရဟန်းအား ကချေသည် သမီးကိုမှီ၍ ကချေသည်တို့နှင့်အတူ လှည့်လည် နေရခြင်း အကြောင်းကား အဘယ်နည်း၊ အရဟတ္တဖိုလ်၏အကြောင်း ဥပနိဿယနှင့် ပြည့်စုံကြောင်းကား အဘယ်နည်း"ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ "ရဟန်းတို့ ယခု အဘယ် စကားဖြင့် စည်းဝေးကုန်သနည်း"ဟု မေးတော်မူလျှင် "ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏"ဟု လျှောက်ကုန်သော် "ရဟန်းတို့ ဤ နှစ်ပါးစုံသော အကြောင်းကို ဤဥဂ္ဂသေနသည် ပြုခဲ့ပေ၏"ဟု မိန့်တော်မူ၍ ထိုအကြောင်းကို ထင်ရှားစေရန် အတိတ်ကို ဆောင်တော်မူလေ၏။

လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ ရွှေစေတီကို တည် အပ်သည်ရှိသော် ဗာရာဏသီပြည်၌ နေကုန်သော အမျိုးကောင်းသားတို့ သည် ခဲဖွယ်ဘောဇဉ် များစွာကို [illegible] တင်ကုန်၍ "လက်ဆောင်ကို ပြုကုန်အံ့"ဟု စေတီတည်ရာသို့ သွားကုန်သည်ရှိသော် လမ်းအကြား၌ မထေရ်တပါး ဆွမ်းခံဝင်သည်ကို မြင်ကုန်၏၊ ထိုအခါ အမျိုးသမီးတဦး သည် မထေရ်ကို ဖူးမြော်ပြီးလျှင် လင်ယောကျ်ားကို "အရှင်မြတ်သည် ဆွမ်းခံဝင်၏၊ ယာဉ်၌လည်း အကျွန်ုပ်တို့အား ခဲဖွယ်ဘောဇဉ်များစွာရှိ၏။ အရှင်မြတ်၏သပိတ်ကို ယူချေပါလော့၊ ဆွမ်းလှူကုန်အံ့"ဟု ဆို၏၊

ထိုလင်ယောကျ်ားသည် ထိုသပိတ်ကို ယူဆောင်၍ ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်စေပြီးမှ မထေရ်၏လက်၌တည်စေကာ နှစ်ဦးသလုံးတို့သည်ပင် "အရှင် ဘုရား အရှင်တို့ သိအပ်သောတရား၏သဘောကို အဖို့ရှိသူတို့ ဖြစ်ရပါလို ကုန်၏"ဟု ဆုတောင်း ခြင်းကို ပြုကုန်၏၊ ထိုမထေရ်သည်ကား ရဟန္တာ မထေရ်သာလျှင် ဖြစ်လေ၏၊ ထို့ကြောင့် ကြည့်ရှုတော်မူသည်ရှိသော် ထိုသူတို့၏ ဆုတောင်း [illegible] အပြစ်ကို သိတော်မူ၍ ပြုံးရယ် ခြင်းကို ပြုလေ၏၊ ထိုပြုံးရယ်ခြင်းကိုမြင်၍ ထိုမိန်းမသည် လင်ယောကျ်ား ကို "အကျွန်ုပ်တို့၏ အရှင်မြတ်သည် ပြုံးရယ်ခြင်းကို [illegible] ကချေသည်တဦး

ဖြစ်လတ္တံ့ ''ဟု ဆို၏၊ ထိုမိန်းမ၏ လင်ယောကျ်ားကလည်း ''ချစ်နှမ ဤ အတိုင်းဖြစ်လတ္တံ့ ''ဟု ဆို၍ ဖဲခွါသွားကုန်၏၊ ဤကား ထိုသူတို့၏ရွေးကံ ဖြစ်လေ၏၊

ထိုလင်မယားတို့သည် ဗာရာဏသီပြည်၌ အသက်အားလျော်စွာ နေ၍ နတ်ပြည်၌ ဖြစ်ကုန်ပြီးလျှင် ထိုနတ်ပြည်မှ စုတေသော် ထိုမိန်းမသည် ကချေသည် အိမ်၌ ဖြစ်၏၊ ယောကျ်ားသည် သဌေးအိမ်၌ဖြစ်၏၊ ထို ယောကျ်ားသည် '' ချစ်နှမ ဤသင်ဆိုသည့်အတိုင်း ကချေသည်ဖြစ် လတ္တံ့ ''ဟု မယား၏စကားကို ဝန်ခံချက် ပေးမိခြင်းကြောင့် ကချေသည် တို့နှင့်အတူ လှည့်လည်နေရ၏၊ ရဟန္တာမထေရ်အား ဆွမ်းလှူခြင်းကိုမှီ၍ အရဟတ္တဖိုလ်သို့ ရောက်ရ၏၊ ထိုကချေသည် သမီးသည်လည်း ''ငါ၏ လင်ယောကျ်ား သွားရာလမ်းကြောင်းသည် ငါ၏လည်း သွားရာလမ်း ကြောင်းဖြစ်၏''ဟု ရဟန်းပြု၍ အရဟတ္တဖိုလ်၌ တည်လေ၏။

ဥဂ္ဂသေနဝတ္ထုပြီး၏။

မှတ်ချက်။ ။ယသဝဇ္ဇနဝတ္ထု သီးခြားစာအုပ်ရှိသည်။

# စာသင်နည်း

ဘာသာရပ်တိုင်း အတန်းတိုင်းအတွက် သင်ကြားရေးစနစ်မှာ အခြားမဟုတ်၊ အင်းဝခေတ်၌ ထင်ရှားခဲ့သော ရှင်မဟာရဋ္ဌသာရ၏ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ" ဟူသော သင်ကြားနည်းပင် ဖြစ်ပါသည်။ ဤအချက် ရှစ်ချက်သည် အင်းဝခေတ်ဟု ဆိုရစေကာမူ ယနေ့ခေတ် ကမ္ဘာ့တက္ကသိုလ် အသီးသီး၏ ပညာသင်နည်းများကို လွှမ်းခြုံမိလျက်ရှိပါသည်။ ရွှေသည် နှစ်ပေါင်းမည်မျှ ကြာစေကာမူ အမြဲတမ်း အဖိုးတန်နေသကဲ့သို့ ထို အင်းဝခေတ် စာသင်နည်းစနစ်သည်လည်း အမြဲတမ်း ခေတ်မီလျက် ရှိပါသည်။ ထို့ကြောင့် ယခု ပရိယတ္တိစာပေပညာ သင်ကြားနည်း စနစ်သစ်၌ ထိုအချက်ရှစ်ချက်ကို ပြန်လည်ဖော်ထုတ်ပြီး အသုံးပြုသွားကြမည် ဖြစ်ပါသည်။

သု — ဟူသည် သုဏာယ၊ ကြားနာရာ၏၊ နားထောင်ရာ၏။

စိ — ဟူသည် စိန္တေယျ၊ ကြံစည်ရာ၏၊ စဉ်းစားရာ၏။

ပု — ဟူသည် ပုစ္ဆေယျ၊ မေးမြန်းရာ၏။

ဘာ — ဟူသည် ဘာသေယျ၊ ပြောဆိုရာ၏၊ ဆွေးနွေးရာ၏။

ဝိ — ဟူသည် ဝိစာရေယျ၊ ဆင်ခြင်သုံးသပ်ရာ၏။

လိ — ဟူသည် လိခေယျ၊ ရေးသားရာ၏။

သိ — ဟူသည် သိက္ခေယျ၊ သင်ရာ၏၊ ကျင့်ရာ၏။

ဓာ — ဟူသည် ဓာရေယျ၊ ဆောင်မှတ်ဆောင်ထားရာ၏။

(ပရိယတ္တိပညာရေး စီမံကိန်း–မှ)